www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မုတ်ပုတီးအရှုပ်တော်ပုံနှင့် လိမ်လည်နည်းဝတ္ထုတိုများ

၂၀၀၅ –ခုနှစ်

## မာတိကာ

### လိမ်လည်နည်းဝတ္ထုတိုများ


၁၀ သူဌေးကိုလိမ်မောင်ချစ်
ခင်မောင်ထွန်း(လမ်းမတော်)

၂၃ မုတ်ပုတီးအရှုပ်တော်ပုံ
ဝေအိုကို

၃၂ လောဘမှုဆိုးလောဘသားကောင်
မောင်သစ်နွယ်

၄၂ သိမေချင်သည်ထိုအကြောင်း
မောင်မြင့်မား(ဗိုလ်ကလေး)

၅၀ အရွယ်လွန်အမှား
ရထားရဲဝန်ထမ်းတစ်ဦး


၅၆ ဖိုးတူမ်တီး
မောင်မောင်(ပင်ကောက်မြို့)






www.burmeseclassic.com

www.burmeseclassic.com




မာတိကာ

လက်မှတ်သံသရာ ၆၄

ကိုကြီးသန်း (မြင်းခြံ)

လူစိမ်းတစ်ယောက်၊ဆယ်ဘီးကားတစ်စီး၊ ၇၆

ဒီဇယ်ငါးပီပါ

မကွေးလှမြင့်

စိန်နဲ့ကျွပ်တော့စိန်လက်စွပ် ၈၄

အေးချမ်း

ကံကောင်းလို့ ၈၉

ကြယ်ပြာ

ဝါဝါမြင့်တိုင်းရွှေမထင်နဲ့ ၉၄

မောင်မောင်သက်ထွန်း(လှော်ကား)

သော့ပြင်သမားသတိထား ၁၀၁

ရဲကိုကိုတင်

တစ်ကောင်ကျွေး၍ခွချက်ယူ ၁၀၄

နီကြည်ကို

ရန်ကုန်မန္တလေး ဟိုက်ဝေးလမ်းကြား ၁၁၁

တောကျိုးကန်းများ

မောင်သန်းဦး(မကွေး)

အဆိပ်သင့်သွားသောများ ၁၂၂

တပါကြပ်ကြည်ဝင်း

မာစီဒီးနှင့်လူတစ်ယောက် ၁၃၆

မောင်သက်နိုင်(မ/ဥ)

အစစ်ကိုအတုတပ် ကမ္ဘာပျက်၍ ၁၄၆

လိမ်ကြသူများ

သီဟထိပ်တင်စိုးဘ




www.burmeseclassic.com

www.burmeseclassic.com

**စာတည်းမှူးချုပ်**

ထက်ခေါင်

**စာတည်းအဖွဲ့**

ရဲခေါင်ဝင်း(ကျိုက်လတ်)

ဟောင်တွင်း၊မောင်သင်းကျော်

မောင်မောင်သက်ထွန်း(လေးဘက်ကား)

**မျက်နှာဖုံးပန်းချီ**

မောင်ဟောင်သိုက်

**အတွင်းပန်းချီဒီဇိုင်း**

ကျောက်ဆံမြတ်မင်းဟန်၊ဝင်းသိန်း

ကျော်စောအောင်၊ရန်နိုင်ဦး

ဇော်အေးချမ်းဟန်၊အောင်ဆန်းမြင့်

ဝင်းထက်နိုင်၊[illegible]၊ဝင်းချမ်းမိုး

**အတွင်းဒီဇိုင်းမွမ်းမံသူ**

ဝင်းထက်နိုင်

**ထုတ်ဝေသူ**

ထက်ခေါင်

**စာမူခွင့်ပြုချက်အမှတ်** — ၅၀၀၀၂၈၀၅၀၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** — ၅၀၀၁၀၄၀၅၀၁

**မျက်နှာဖုံးကာလာ**


Star

**အတွင်းကွန်ပျူတာစာစီ**

AY ကွန်ပျူတာ

ကိုကိုညီ

စိုးစိုးမောင်




**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

သိန်းသန်းဦးပုံနှိပ်တိုက်

အမှတ်-၁၁၉/၁၂၁၊၃၄လမ်း(လယ်)

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၂၅၂၆၂၀

**ဖြန့်ချိရေး**

ပြုံးပန်းတစ်ရာစာပေ

အမှတ်(၁၅၆)၊(၃၇)လမ်း

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့


ဖုန်း-၂၄၅၃၆၀



www.burmeseclassic.com

www.burmeseclassic.com





**ဝေအိကို**

ဆွဲကြိုးအပျားက
ပုတီးတစ်လုံးကို
သွားနဲ့အဆက်ကလေးကိုကိုက်ဖြတ်ပြီး
မှတ်ကျောက်ပေါ်ပွတ်ချတယ်......



**မောင်သစ်နွယ်**

အဖုံးကို
ဖွင့်ကြည့်လိုက်တော့
တရုတ်ဘာသာနဲ့
ရေးထားတဲ့
သေတမ်းစာတစ်စောင်နဲ့
ရွှေရုပ်ထုတွေအပြင်......



**မောင်မြင့်မား(မိုးပါကလေး)**

ပိတ်စအနီနဲ့
ပတ်မထားရင်တော့
ဘာမှအစွမ်းထက်မှာမဟုတ်ပါဘူး
ပိတ်စအနီနဲ့မြေနိုင်ဂမုန်းဟာ......



www.burmeseclassic.com

www.burmeseclassic.com





**ကိုကြီးသန်း(မြင်းခြံ)**

စာပေးစာယူဌာနမှာ
လုပ်လာတာ
ညွှန်မှူးလက်မှတ်နဲ့
ဦးစီးလက်မှတ်တွေကို
ငါသိနေတာပဲ၊ပြီးတော့ ....

**မကျွေးရှုမြင့်**



ဒီဇယ်ငါးလုံးအတွက်
စရံငွေတစ်သိန်းလောက်
အသုံးယူချင်တယ်
ပြီးမှ ..........



**မောင်မောင်သက်ထွန်း(ကျောက်ဆည်)**

နွမ်းပါးတဲ့အကြောင်း
အသနားခံ အကူအညီ
တောင်းတာဆိုတော့
အဒေါ်ဆွဲကြိုးကို
ခဏချွတ်သွားရင်ကောင်းမယ် ..



www.burmeseclassic.com

www.burmeseclassic.com





မောင်မောင်၏စိတ်ထဲတွင်

ခရီးသွားရသည်နှင့်မတူ၊

**တင်ကြူပါကြည်ခင်း**

ဇနီးမောင်နှံ

ပျားရည်ဆမ်းခရီး

ထွက်ရသည်နှင့်

တူနေတော့သည် .........



**မောင်သန်းဦး(မကွေး)**

မင်းပြောပုံအရဆိုရင်

ဟာဒွန်းဟာ

တောင်ကြီးမှာနေတာပဲဖြစ်ရမယ်

ဒီတော့မင်းရယ်ငါရယ်

တောင်ကြီးကိုဆက်လိုက်ကြမယ်....



**သီဟထိပ်တင်ဇော**

ဒီကိုလာလည်ကြတဲ့

နိုင်ငံခြားသားတိုင်းဟာ

ချမ်းသာကြွယ်ဝလို့ကမ္ဘာလှည့်ပြီး

ဒေသန္တရပဗဟုသုတ

ရှာကြတယ်မထင်လေနဲ့.....



www.burmeseclassic.com

www.burmeseclassic.com



[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံရေးအတွက် ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များချမှတ်ကာ အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်မှလည်း မှုခင်းကျဆင်းရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီဖွဲ့စည်းပြီး ပြည်သူ လူထုနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား မှုခင်းဆိုင်ရာအသိပညာပေးရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာ ပြည်သူလူထုကလည်း ယုံကြည်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် မှုခင်းများ သိသိသာသာ ကျဆင်းခဲ့ပြီး ဒုစရိုက်သမားများအတွက် လှုပ်ရှားမှုနယ်မြေများ ကျဉ်းမြောင်းသွားစေခဲ့ပါသည်။

ထိုသို့ ပြည်သူ့ဘဝ လုံခြုံမှုအတွက် ရဲတပ်ဖွဲ့ဝင်များ စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သော မှုခင်းများအနက် စိတ်ဝင်စားဖွယ် လိမ်လည်နည်း အချို့ကိုစုစည်း၍ မှုခင်းကျဆင်းရေးနှင့် သတင်းထုတ်ပြန်ရေးအစီအစဉ်အဖြစ် မှတ်ပုတီးအရှုပ်တော်ပုံနှင့် လိမ်လည်နည်း ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ပါ တကယ့်ဖြစ်ရပ်မှန်လိမ်လည်နည်းများအား ဖတ်ရှုလေ့လာပြီး ပြည်သူ့အပေါင်း လိမ်လည်ခြင်းဘေးမှ ကင်းဝေးကြစေရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းဖြင့် ဒုစရိုက်သမားများအား တိုက်ဖျက်ချေမှုန်းသွားကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။


စာအုပ်ပြုစုထုတ်ဝေရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူလိမ်ပါ။

ဝန်ခံပါတယ် --- ။

လူတွေကို ကျွန်တော် လိမ်တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ်။ လိမ်တဲ့ ကျွန်တော့်မှာတင် အပြစ်ရှိသလား။

ကျွန်တော် ထင်တယ်လေ၊ လူတိုင်းဟာ အပြစ်မကင်းကြဘူး၊ ကံငါးပါးကို လုံအောင် ထိန်းနိုင်တဲ့လူ ရှားသားပဲ။ ကျွန်တော်လည်း လူသားထဲက လူတစ်ယောက်ပဲ၊ ကံငါးပါး ဘယ်ထိန်းနိုင်မှာလဲ၊ ကျွန်တော်က လူလိမ်၊ လိမ်တယ်ညာတယ် ဆိုကတည်းက 'မုသာဝါဒကံ' ချိုးဖောက်ပြီးသား ဆိုတာ ကျွန်တော် သိပါတယ်။

ဒါကြောင့် ညစဉ် အိပ်ရာ ဝင်ရင် ဘုရားရှိခိုး၊ ပုတီးစိပ်၊ အမျှဝေ၊ သတ္တဝါတွေကို ကုသိုလ်တရားပွားများအောင် လမ်းညွှန်တဲ့ ကုသိုလ်အလုပ် တွေနဲ့ 'မုသာဝါဒကံ' ရဲ့ အပြစ်ဒဏ်က ကျေအောင် ကြိုးစားပြန်ဖြေတယ်။

လူတွေ အကြောင်း ကတော့ မပြောချင်ပါဘူး၊ ဒါပေမယ့် သိချင်လို့ မေးလာတော့လည်း ကျွန်တော့် အကြောင်းလောက်ပဲ ပြောပါရစေ။

ကျွန်တော်နဲ့ ပတ်သက်ခဲ့တဲ့ လူတွေထဲမှာ ဆိုရင် ရာထူးတိုးချင်တဲ့လူတွေ၊ အမှုဖြစ်နေလို့ အမှုက လွတ်အောင် လုပ်ချင်တဲ့ လူတွေ၊ စီးပွားရေး တိုးတက်ချင်သူတွေ၊ သားသမီးစာမေးပွဲ အောင်စေချင်တဲ့သူတွေ၊ အသက်ရှည်ရှည် နေချင်တဲ့ လူတွေ၊ အို . . . စုံလို့ပါပဲ။ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ ဆိုတာလိုပေါ့။ အဲဒီအထဲ က ထူးထူးခြားခြားအများနဲ့ မတူတဲ့ တစ်ယောက်အကြောင်းကို ရင်ဖွင့် ပြောချင်တယ်။

နာမည်ပြောရင် သိကြမလားပဲ။

"ကြည်မေနွယ်လေ"

ရုပ်ရှင်မင်းသမီးလည်း မဟုတ်ဘူး။

စတူရီယို တေးသံရှင် ထင်လို့လား၊ မထင့်လိုက်နဲ့ မှားလိမ့်မယ်။

စာရေးဆရာမလား၊ ပေးပါသေးရဲ့၊ ရှင်း ရှင်းပြောပြပါ့ မယ်။

ကြည်မေနွယ်ဆိုတာ သူဌေးမလေး၊ သူ့ ယောကျ်ားကိုမောင်ကြည်လေ။

ဒီလူက နဂိုက သူဌေး မဟုတ်ပါဘူး၊ ကြေးရတက်ထဲကပဲ၊ ကြည်မေနွယ်နဲ့ရမှ သူလဲ ချမ်း သာသွားတာ၊ ဒါပေမယ့် ဒီလူက ပညာတော့ တတ်တယ်။ သူ့နာမည် နောက်မှာ ဘွဲ့တွေ တစ်သီကြီးပဲ လူကတော့ လူတော်ပါ။ ဒါပေမယ့် လူကောင်း မဟုတ်ဘူး။

ကြည်မေနွယ်လား . . . ။ ဘယ်လောက် ချမ်းသာတယ် ဆိုတာ သူကိုယ်တိုင်တောင် မပြောနိုင်ဘူး၊ ပြောရင် ယုံနိုင် စရာမရှိဘူး။ အံ့ရော --။

ကျွန်တော်နဲ့ စတွေ့တာတော့ သိပ်မကြာသေးပါဘူး။ ပထမအကြိမ် လာတဲ့နေ့က အကျိုးအကြောင်း အစုံအလင်ပြောမပြပဲ သူ့ယောကျ်ား အတွက် ယတြာလုပ်ပေးဖို့ ပြောလို့ လုပ်ပေးခဲ့ပါတယ်။ သူပြန်သွားပြီး သူ့အကြောင်း တွေကို တပည့်တွေက တန်းဆင့်



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းခိုင်းတော့ သူတို့အိမ်ထောင်ရေးအကြောင်းတွေ တော်တော်ပဲ ကြိုသိခဲ့ရတယ်။ နောက်တစ်ခါ ရောက်လာတော့။

"သမီးနာမည် ကြည်မေနွယ်နော်"

တွေ့တွေ့ချင်း သူအံ့ဩလောက်မယ့် သူ့နာမည်ကို ဆီးမေးလိုက်တယ်။ အံ့ဩဝမ်းသာ ဖြစ်သွားတဲ့ သူ့အတွင်းမနေဝှာ သူ့ရဲ့မျက်နှာမှာ တစ်ခါထဲ ပေါ်လာတာပဲ။ ဒါဆို ကျွန်တော့်ကို သူယုံ ကြည်မှုရှိသွားပြီ။ ကျွန်တော် ဆက်လိမ်လို့ ရမယ်ဆိုတာ သေချာပြီဆိုပြီး သူ့မျက်နှာ၊ သူ့စကား၊ သူ့ရဲ့အသံ အရိပ်အကဲ လေ့လာပြီး ကျွန်တော် လိမ်လိုက်တာ နောက်ဆုံးတော့ သူ့ယောက်ျား အငယ်အနှောင်းထားတဲ့ ကိစ္စတွေ ဖွင့်အန်လာတယ်။



သူ့ယောက်ျား သူ့ အပေါ် စိတ်ပြန်လည်လာအောင် ကျွန်တော့်ကို လုပ်ခိုင်းတယ်။ အတွင်းရေးကို ဖွင့်ပြောတယ်။

လူတွေကလည်း ခက်သားပဲ၊ ယောကျ်ားကလည်း ယောကျ်ားပဲ၊ စီးပွားရေးလေး နည်းနည်း ကောင်းလာတာနဲ့ အသောက်အစား၊ အပျော် အပါး၊ ဟော . . . အငယ်အနှောင်းကိစ္စ အရှုပ်အရှင်းလေးတွေ ဖြစ်ကုန်ရော၊ မိန်းမတွေကလည်း ကိုယ့်လင်သား အငယ်အနှောင်းများ ထားတာနဲ့ သူတို့မှာ ဗေဒင်မေးရတာ၊ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ရနဲ့ ဘယ်လောက်ကုန်ကုန် ဘယ်လောက်ခန်းခန်း၊ ဒါကြောင့် ကျွန်တော် တစ်ခါတစ်ခါ အောက် မေ့မိပါရဲ့၊ လူတွေဟာ အချစ်နဲ့ ပတ်သက်ရင် ဘာကိုမှ မမြင်နိုင်ကြတော့ဘူး။ ယောက်ျား တွေကလည်း အငယ်လေးနဲ့

www.burmeseclassic.com



ပတ်သက်ရင် အိမ်က ဇနီးမယားကို အကောင်းမမြင်ကြဘူး။

မိန်းမတွေက ယောကျာ်းအတွက်၊ ဗေဒင် မေး၊ ယတြာချေ။ ဓာတ်ရိုက်ဓာတ်ဆင်လုပ်၊ ရတဲ့ အဆုံးကျတော့ စိတ်လိုက်မာန်ပါတွေဖြစ်၊ အမှုအခင်းတွေဖြစ်၊ ရုံးရောက်၊ ဂါတ်ရောက်ဖြစ်ကုန်ရော . . . ။

ခုလည်း ကြည့်လေ . . . ။ ကြည်မေနွယ် ငယ်ထိပ်မြွေပေါက်ပြီ၊ ကျွန်တော့်ဆီ နောက်တစ် ခေါက်ရောက်လာတယ်။ သူလာကတည်းက အပူနဲ့လာတာ။ သောကကင်းဝေးပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ဆို ကျွန်တော့်ဆီ ဘယ်လာကြမှာလဲ။ ကြည်မေနွယ့် ယောကျာ်း ကိုမောင်ကြည်ရဲ့ အကြောင်းကို ကျွန်တော့် အသိတစ်ယောက်ဆီက စုံစမ်းပြီးသား။ ဒီလူက တော်တော် ခြေရှုပ်တဲ့လူ။ အရင့်အရင်ကိစ္စ ကြည်မေနွယ် သိပုံမရဘူး၊ ခုကိစ္စမှ သိရတာ၊ ထားပါလေ၊ ဒါက သူတို့ အိမ်တွင်းရေးပဲ၊ ကျွန်တော်ပြောစရာ မလိုပါဘူး။ ကျွန်တော် နဲ့ ပတ်သက်တာပဲ ပြောတော့မယ် . . . ။

**ရွှေဆွဲကြိုးလေးတစ်ကုံး လေထဲက ဆွဲယူပြီး ပေးလိုက်တယ်၊ ကြည်မေနွယ်တင်မကဘူး၊ ကျွန်တော့်ရှေ့မှာ ရောက်နေတဲ့ ပရိသတ်ပါ ဟယ်ကနဲ ဟာကနဲ . . .**

ကြည်မေနွယ်က သူ့အခက်အခဲကို ပွင့်ပွင့် လင်းလင်း ပြောပြတယ်။ အကူအညီ တောင်းတယ်။ ကျွန်တော်က လူတစ်ကာကို လိမ်စားနေတဲ့လူပဲ။ သိပ်လျှင်တာပေါ့။ စကားပြောရင်း ကြည်မေနွယ်ဟာ သူ့ပုခုံးချိတ်အိတ် ဟို . . . ဆလင်းဘက်ဆိုတာ အဲဒီထဲက လက်ကိုင်ပုဝါ အထုတ်မှာ ကျွန်တော်လှစ်ကနဲ ကြည့်လိုက်တယ်။ တစ်ထောင်တန်တွေ အထပ်ကြီးဗျ။

ကျွန်တော် အပိုင်တွက်ပြီး ကြည်မေနွယ့်ကို ခေါင်းညိတ်လက်ခံလိုက်တာပေါ့၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာချေစရိတ် တစ်သောင်းကျပ် လောက်တော့ သေချာနေပြီပဲ။ ခက်တာက ကျွန်တော့် လောဘကို မသတ်နိုင်ဘူးလေ။ ဒီတော့ အကြံအဖန်လုပ်ပြီပေါ့။ ကျွန်တော် အိပ်ခန်းထဲဝင် ပြန်ထွက်လာပြီး ကြည်မေနွယ်ကို အယုံသွင်း မကြာပါဘူး။ ကျွန်တော်ဆင်တဲ့ အကွက်ထဲ ဝင်လာတာပဲ။ မယုံမရှိနဲ့ မိန်းမဆိုတာ ယုံလွယ်တာများတယ်။ ခုလည်း ကြည့်လေ . . . ။

"အင်း . . . သမီးက သာမန် မျိုးရိုးထဲက မဟုတ်ပဲကို"

ပြောရင်းနှင့် ကြည်မေနွယ်ကို ကြည့်လိုက်တယ် သူ့မျက်လုံး ဝင်းလက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ အဖေကြီး" ကဲ ကျွန်တော်ပြောတော့ ကျွန်တော့် အလွန်ဖြစ်တယ်။ ကျွန်တော်က လိမ်သာလိမ်နေတာ ကျွန်တော့်ကိုယ်ကျွန်တော် ဗေဒင်၊ နက္ခတ်တို့နဲ့ ပတ်သက်ပြီး ဆရာတစ်ဆူလို့လဲ ဖွင့်မပြောဘူး။ ဘိုးတော် ထွက်ရပ်ပေါက်ဆရာ၊ ဘာမှလဲ မပြောဘူး။ သူတို့ကကို ကဲနေကြတာ၊ ကြာတော့ ဟိုလူက အဖေကြီး၊ ဒီလူက အဖေကြီးနဲ့ စိတ်များတောင် ညစ်ပါရဲ့။ ကျွန်တော့်ဆီမှာလဲ အလိမ်ခံကြသေးရဲ့။ ကျွန်တော့်ကိုလည်း အဖေကြီးလို တစ်မျိုး၊ ဘိုးတော်လိုတစ်မျိုး ခေါ် ကြသေးတယ်။ ကဲ . . . မခက်လား . . .။

"အင်း . . . သမီးက သိုက်ဆက်ပဲသမီး"

"ဟုတ်ကဲ့"

"ကဲ . . . ပြောနေရင် မယုံသကော ရှိနေဦးမယ်၊ လက်တွေ့ပြမှ . . .၊ ကဲ သမီး ဘုရားဝတ်ပြုလိုက် ရတနာသုံးပါးနဲ့ အနန္တော အနန္တ ငါးပါး အာရုံပြု၊ သမီးသိုက်ကိုလဲ အာရုံပြု -

ကျွန်တော် ခိုင်းသည့်အတိုင်း ကြည်မေနွယ်က လိုက်လုပ်သည်။

"ကဲ . . . ဘာမြင်လဲ ပြော"

ကြည်မေနွယ် မျက်စိမှိတ်ရင်း ပြန်ပြော တယ်၊ အသံကတုန်တုန် ရင်ရင်နဲ့ . . .။

"အရောင် ပြိုးပြိုး ပြက်ပြက်နဲ့ အခန်းတွေ လူတွေ အများကြီးပဲ စေတီတစ်ဆူရဲ့ ရှေ့မှာ ဝေယျာဝစ္စ လုပ်နေကြတာ မြင်ပါတယ်။

သူ့မျက်စိမှာ အတွေးပုံရိပ်က ထင်လာတာပါ။ သေချာပါတယ်။ စိတ်ကူးယဉ်တာတွေ ပြန်ပြောနေတာပါ။ စေတီဆိုတာရယ်၊ သိုက်ဆို တာရယ်ကို အခြေခံပြီး သူစိတ်ကူးမြင်ကြည့်ပြီး ပြန်ပြောနေတာ သေချာပါတယ်။ ကျွန်တော်ကလဲ ဒီလိုအကွက်နင်းပြီး ဒီလိုစားခဲ့တာ မဟုတ်လား . . .။

"ကဲ မျက်စိပြန်ဖွင့် ဟောဒီ ရေကလေး သောက်လိုက်"

သူ့စိတ် ကယောက်ကယက်ဖြစ်ကုန်မှာစိုးလို့ မျက်စိဖွင့်ခိုင်းပြီး ရေခရားထဲက ရေတစ်ဖန်ခွက်ကို တိုက်လိုက်ရတယ် . . .။

"ရေလေး သောက်လိုက်ရတာ ရင်ထဲမှာ အေးပြီး လန်းလန်းဆန်းဆန်း ဖြစ်သွားတယ် အဖေကြီးရယ်"

ဖြစ်ရမယ်လေ၊ ရေကရိုးရိုးရေမှမဟုတ်ပဲ၊ ဂလူးကို့စ်နည်းနည်းထည့်ထားတာပဲ၊ ဒီလိုဖြစ်ရမှာပေါ့၊ အချိန်သိပ်ကြာကြာဆွဲထားလို့ မဖြစ်ဘူး။ လုပ်စရာရှိတာ မြန်မြန်လုပ် လိုက်ဖို့လိုတယ် မဟုတ်လား

"ကဲ . . . ဆိုင်ရာပိုင်ရာ အကြီးအကဲများ ကျွန်ုပ်ရှေ့မှာ ရောက်နေတဲ့ တနင်္လာသမီး ကြည်မေနွယ်ဟာ သင်တို့ရဲ့ အဆက်အနွယ်မှန်ရင် သူပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခု ပေးခြင်းဖြင့် သက်သေပြပါ။ ၎င်းတနင်္လာသမီးသည် ကျွန်ုပ်၏ သာသနာ ပြုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မည့် သာသနာပြု ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့် အလျောက် သင်တို့နှင့်လုံး ဝမဆိုင် ကိုင်းကြာသယ် သူပိုင်ပစ္စည်း သူ့ပြန်ပေး ရအောင်ရော့ . . .

www.burmeseclassic.com



ရွှေဆွဲကြိုးလေး တစ်ကုံး လေထဲက ဆွဲယူပြီး ပေးလိုက်တယ်။ ကြည်မေနွယ် တင်မကဘူး၊ ကျွန်တော့် ရှေ့မှာရောက်နေတဲ့ ပရိသတ်ပါ ဟယ်ကနဲ ဟာကနဲ ဖြစ်သွားကြတယ်။ ဆွဲကြိုးကို လေထဲက ဘယ်လို ယူလိုက်တယ်ဆိုတာ အများအမြင် ပဲ။ ဘယ်လိုယူတာဆိုတာ ပြီးတော့ ပြောတာပေါ့ စကားစလေး မပြတ်အောင် ဆက်ပြောမယ်။ ကျွန်တော်ပေးတဲ့ ရွှေဆွဲကြိုးကို မယူသေးဘဲ ကြည်မေနွယ်ဟာ စိုက်ကြည့်တယ်။

"သမီးယူလေ၊ ဒါ သမီးပစ္စည်းမှန်တယ် မဟုတ်လား"

ဒီမေးခွန်းကိုလည်း သူမဖြေဘူး၊ တွေတွေကြီး စိုက်ကြည့်နေတယ်။ ဆွဲကြိုးက ရွှေအစစ်ပါ။ ရွှေမှ ၁၄ ပဲရည် အရောင်တင်ထားတော့ ဝင်းလက် နေတာပေါ့၊ ငါးမူးသား နည်းနည်းလျော့တယ်။ တစ်ရွှေသား ရွှေးတစ်ခြမ်းလားပဲ၊ မေ့တောင် မေ့နေပြီ၊ ရွှေဆိုတော့ ဘယ်သူမဆို လိုချင်တာပေါ့၊ ဘယ်လောက် ချမ်းသာတဲ့ သူဖြစ်ဖြစ် ရွှေဆို မလိုချင်ပဲ နေပါမလား။

"ယူလေ သမီးရဲ့၊ ရော့ သေချာကြည့်ပါဦး၊ သမီးပစ္စည်း ဟုတ်တယ် မဟုတ်လား"

ပြောပြောဆိုဆိုနဲ့ ရွှေကြိုးကို ကြည်မေနွယ် လက်ထဲကို ထည့်ပေးလိုက်တယ်။ ဘာမှ ပြန်မ ပြောဘဲ ကြည်မေနွယ်ဟာ ဆွဲကြိုးကို စိုက်ကြည့် နေရာက ကတုန်ကယင် ဖြစ်လာပုံရတယ်။ မျက် ရည်တွေဝိုင်းလာပြီး ကျွန်တော့်ကို မော့ကြည့် တယ်။

"သမီးပစ္စည်း စစ်တယ် မဟုတ်လား"

နှုတ်ခမ်းလေး ခပ်ဟဟ ပွင့်လာတယ်။ ပြီးမှ ခေါင်းကို ညိတ်တယ် ဆိုရုံလေး ညိတ်ပြသည်။ ဆွဲကြိုးကို ကျွန်တော့်ဆီ ပြန်ပေးတယ် . . .။

"မပေးနဲ့လေ။ သမီးကို သိုက်ကပေးတဲ့ ပစ္စည်းပဲ သမီးယူပါ"

ကျွန်တော်လည်း စွန့်ပြီး ပြောလိုက်ရတာ၊ ရွှေဘုံသာလမ်း ရွှေဆိုင်မှာ ကျွန်တော်ဝယ်တုန်းက ရှစ်သောင်းကျပ် ပေးရတာ။ ဒါပေမယ့် မရှုံးပါဘူး။ အဲဒီနေ့က ငွေကျပ်တစ်သိန်း ကန်တော့သွားတယ်။ နောက်ယတြာ ချေတဲ့နေ့က ကျပ် ၂၅၀၀၀ နောက်တစ်ခါ ၁၆၀၀၀ ကျပ် ခြုံပြောရ ရင်တော့ ကျွန်တော် မြတ်လိုက်တယ်။ နောက်ထပ် ငွေထွက်လာနိုင်တဲ့ လူဆိုရင် ဒီလိုပဲ တန်ဖိုးရှိတဲ့ ပစ္စည်းနဲ့မျှော်ပြီး ယူရတယ်။ ဒါမှ ယုံကြတာပေါ့။

ကျွန်တော်လဲ သင်ထားတဲ့ ဗေဒင်/ယတြာ ပညာ မတောက်တစ်ခေါက်နဲ့ လက်လှည့်ပညာကို သုံးနှစ် တိတိ သင်ပြီးမှ ရန်ကုန်ကို ဆင်းလာတော့ ပညာမျိုးစုံပြီး လိမ်ခဲ့ပါတယ်။ ဒါ ကြောင့် ကျွန်တော့် အကြောင်း နာမည်ကြီးလာတော့တယ်။

သိပ်မကြာပါဘူး။ ကျွန်တော့်ဆီကို လူသုံးယောက် ရောက်လာတယ်။ သူတို့ သုံးယောက်က မှုခင်းဖော် ထုတ်ရာမှာ နာမည်ကြီးတဲ့ ရဲအရာရှိတွေဆိုတာ ကျွန်တော် ကြားဖူးပါတယ်။

အဲဒီသုံးယောက်ဟာ ကျွန်တော့်ရှေ့ ရောက်တော့ ဘုရားစင်ကိုကြည့်ပြီး ဘာအရင်ပြု ကြတယ်။ ကျွန်တော်

www.burmeseclassic.com



နည်းနည်း တုန်လှုပ်မိတယ်။ ဒီသုံးယောက်ဟာ ဘုရားတရားကို ပေါ့ပေါ့ဆဆ မထားပါလား ဆိုတာ လေ့လာမိတယ်။ ဘုရားအလုပ်၊ တရားအလုပ်လုပ်တဲ့ လူချင်းတူတောင်မှ ကျွန်တော်က လူလိမ်၊ သူတော်ကောင်းကျင့်စဉ်ကိုကျင့်ရင်း လိမ်ညာနေတဲ့လူ၊ ဒါ့ကြောင့် ကျွန်တော့်ကို အဲဒီလူသုံးယောက်က နာမည်ပေးထားတယ်လို့ သိရတယ်။

"သူတော်လိမ် မောင်ချစ်တဲ့"

အဲဒီလူသုံးယောက်ဟာ ဘယ်သူလဲဆိုတာ သိမှာပါ။ အခု ကျွန်တော့်ကို စစ်နေတဲ့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ဒုရဲမှူး ဦးခင်မောင်မောင်ရယ်၊ ဒုရဲမှူး ဦးမြင့်ဦးရယ်၊ ဒုရဲမှူး ဦးဇော်ထွန်းရယ်ပေါ့။

လူတွေကို သေချာမမြင်ဖူးပေမယ့်၊ အဲဒီအရာရှိသုံးယောက်ရဲ့ နာမည်တွေကို ကြားဖူးပြီးသားပါ။ ဒါပေမယ့် မျက်နှာချင်းဆိုင် တွေ့တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ ဟန်ကိုယ့်ဖို့ဆိုတာ သတိဝင်လာတယ်။



"ကိုင်း . . . ဆိုစမ်းပါဦး ဘာကူညီရမလဲ"

မျက်နှာကို ကြွေမပျက်အောင် ဂရုစိုက်ပြီး ပြောလိုက်တယ်။ ဦးမြင့်ဦးက ကျွန်တော့်ကို စေ့စေ့စပ်စပ်ကြည့်ပြီး အကဲခတ်နေတယ်။ ဦးဇော်ထွန်းက ပြုံးစေ့စေ့အမူရာနဲ့ ကျွန်တော် ပြောတာကို တစ်လုံးချင်းနားထောင်နေတယ်။ ဦးခင်မောင်မောင်က ဦးဇော်ထွန်းကို လက်ညှိုး ညွှန်ပြရင်း စကားစပြောတယ်-

"ဟောဒီ ဇော်ကြီးက ရှေ့ရေး နောက်ရေးလေး မေးရအောင်လာတာပါ"

မထူးတော့ဘူးဆိုပြီး ကျွန်တော်လည်း ထိပ်တိုက်ဝင်လိုက်တယ်။ သင်ထားတဲ့ ဗေဒင်ပညာနဲ့ အန္တရာယ်ရှိကြောင်းဟောပြီး ယတြာတွေ ပြောပေးလိုက်တယ်။

အံ့ဩသွားမလား၊ ကျွန်တော့်ကို အထင်ကြီးသွားမလားလို့ အကဲခတ်ပေမယ့် မထူးပါဘူး။ သုံးယောက် စလုံးရဲ့ မျက်နှာဟာ အကဲခတ်လို့မရအောင် ဖြစ်နေတယ်။ ဦးခင်မောင်မောင်က ကျွန်တော်တို့ကို အဆောင်လေးဘာလေး တောင်းပေးပါဦးလို့ ပြောပါတယ်။ ကျွန်တော် မလုပ်ရင်လဲ

www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး၊ ဗိပိရိရိပညာပြရ တော့မှာပေါ့

"မေတ္တာစေတနာ အပြည့်နဲ့ အဆောင်လေးတွေ ပေးပါ့မယ့် အမောပြေ ဆေးလိပ် သောက်ပါဦး"

မထင်မှတ် ချိန်မှာ ကျွန်တော် သင်ထားလေ့ကျင့် ထားတဲ့နည်းနဲ့ အစွမ်းပြလိုက်

ဦးခင်မောင်မောင်က ငါးသုံးလုံးဘူးကို လက်ခံပြီး ဖွင့်တယ်။

ငါးသုံးလုံး အစစ်ပါ။

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း ကျွန်တော်ဝယ်သောက် နေကျဆိုင်က ဝယ်ထားတာပဲ။ ကျွန်တော့်ကို အမေးမခံပဲ ကျွန်တော်ကသာ

ကပဲ စရတာပေါ့။

"ကဲ . . ဦးခင်မောင်မောင် မရှိမသေ ဟောဒီ တံစက်မြိတ် အပြင် လမ်းမပေါ်က ကျောက်ခဲ သေးသေးလေး တစ်ခဲလောက် ကောက်လိုက်ပါလား"

ဦးခင်မောင်မောင်က အိမ်ပေါ်ကဆင်းသွားပြီး ခဏနေတော့ ပြန်တက်လာတယ်။ သူ့ လက်ထဲမှာ ငရုတ်ကောင်းစေ့လောက် ကျောက်ခဲလေး တစ်လုံး ပါလာတယ်။

"ဘုရားဝတ်ပြုပြီး အဲဒီ ကျောက်ခဲကို လက်ဖဝါးပေါ် တင်ထားပါ"

ကျွန်တော်ပြောသလိုပဲ ဦးခင်မောင်မောင်ဟာ ဘုရားကို အလျင်ဝတ်ပြုလိုက်တယ်။ နောက် ညာဘက် လက်ဖဝါးပေါ်မှာ

## ကျွန်တော်လိမ်နေတာ ဒီပုဂ္ဂိုလ်သိပါတယ် ဒါပေမဲ့ လိမ်နေတယ်ဆိုတာသာသိတာ ဘယ်လိုလိမ်နေတယ်ဆိုတာတော့သိကြပုံမရဘူး...

တယ်။ ငါးသုံးလုံး အင်တာ နေရှင်နယ်စီးကရက်ဘူး၊ လေထဲ ကပဲ ဖမ်းပြီး ညှော်ခံလိုက်တယ်။ ဘယ်လိုလုပ် လိုက်တယ်ဆိုတာ ပြီးရင်ပြောပါ့မယ်။ သုံးယောက် လုံး ကျွန်တော့်ကို သတိပိုမို ထားကြပြီး လေ့လာ နေပြီဆိုတာ သိပေမယ့် ဟန်မပျက်အောင် ကျွန် တော် ကြိုးစားနေရတယ်။

စကားတွေ မေးခွန်းတွေ ဆက် တိုက်ပြောဖို့တွက် စလိုက်တယ်။

"ရဲအရာရှိတွေ ဆိုတော့ ကိုယ်ခံအဆောင် လေးဘာလေး ထပ်ပေးရမှာပေါ့"

ရဲအရာရှိသုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြတယ်။ သူတို့ စကားမစ တဲ့အဆုံး ကျွန်တော်

ခုနက သူကောက်လာတဲ့ လမ်း ပေါ်က စကျင်ကျောက်ခဲလေး ကို တင်ထားတယ်။ ကျွန်တော် လည်း ဘယ်ဘက်လက်က သူ့ လက်ကောက်ဝတ်ကို ကိုင်၊ ညာဘက်က လက်ငါးချောင်းနဲ့ သူ့လက်ဖဝါးထဲက စကျင် ကျောက်ကလေးကို ငရုတ်ဆုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီး ထောင်းသလို ဇတ်ဇတ်ဇတ်နဲ့ ဆယ့်လေးငါးခါ ထောင်းထည့်လိုက်တယ်။

"ကဲ . . . ပြန်ကြည့်ပါဦး"

ဦးခင်မောင်မောင် လက်ထဲက စက္ကူကျောက်ကလေး မရှိတော့ဘူး။ ကျောက်နီလေး ဖြစ်သွား၏။

အားလုံး နည်းနည်းဆီတော့ အံ့အားသင့် သွားကြမှာပါ။ စက္ကူကျောက်ကနေ ကျောက်နီ ဖြစ်သွားတာ . . .။ ပြီးတော့ ပြောတာပေါ့။

အချိန်လေးရလာတုန်း ကျန်တဲ့ ပုဂ္ဂိုလ်နှစ်ဦးကို ဘာပစ္စည်း အဆောင်ပေးတယ် ဆိုတာ ဆက်ပြောရအောင်။ ဦးမြင့်ဦးကို ဒုတိယလူအနေနဲ့ အရှေ့မှာရှိတဲ့ ရေနွေးခရားထဲက ရေနွေးပန်းကန် တစ်ဝက်လောက် ငှဲ့ထည့်ခိုင်းလိုက်တယ်။ သူ့ကိုလည်း ဘုရားအာရုံပြုပြီး ရေနွေးပန်းကန်ကို နားအနားမှာ ကပ်ခိုင်းထားပြီး မျက်စိမှိတ်တယ်။ ဒုတိယအကြိမ်တွင် ကျွန်တော် ဆက်လိမ်ရပြန်ပြီ။

ပါးစပ်က တွေ့ကရာ ပွစိပွစိ စကားရွတ်ပြီး ဦးမြင့်ဦးကို ရေနွေးပန်းကန်ထဲ ကြည့်ခိုင်းလိုက် တယ်။

ရှင်သီဝလိ ရုပ်ထုလေး။

လက်မဝက် ထက်တောင် သေးသေးတယ်။ မသိရင်တော့ အံ့ဩစရာပေါ့။ ပြီးတော့ ပြောပြမယ်လေ။ သူတို့ကို ကျွန်တော်လိမ်နေတာ ဒီပုဂ္ဂိုလ်တွေ သိပါတယ်။ ဒါပေမဲ့ လိမ်နေတယ် ဆိုတာသာသိတာ ဘယ်လိုလိမ်နေတယ် ဆိုတာတော့ သိကြပုံမရဘူး။ ကျွန်တော့်ကိုတော့ လေ့လာနေ ကြဆဲပါ။

တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် ကျွန်တော့်ကို အကဲခတ်လိုက်နဲ့ ကျွန်တော်လည်း မပိုင်တဲ့လိမ်နည်းကို မသုံးရဲတော့ဘူး။ တစ်ယောက်နဲ့ တစ်ယောက်ကိုလည်းနည်း မထပ်အောင် လိမ်နိုင်မှ ဖြစ်မယ်။ ဒါမှလည်း ကျွန်တော့်ကို သံသယကင်းမှာပေါ့။

ကျန်သေးတဲ့ တစ်ယောက်က ဦးဇော်ထွန်း သူ့ကို တစ်မျိုးလိမ်ရမယ်။ သူ့ကိုကျတော့ ပစ္စည်းမပေးဘူး သူကအသားဖြူတယ်။ သုံးယောက်ထဲ မှာလည်း အသားအရည်က ပါးပါးလျားလျား အရှိဆုံး။ သူ့ကို ကြည့်ပြန်တော့ အင်္ကျီက ဂျာကင် ဝတ်ထားတယ်။ အလယ်က ရှပ်အင်္ကျီအထဲမှာ စွပ်ကျယ်မပါလာဘူး။ ကျွန်တော် လိမ်ရမယ့်နည်းကို အစရှာရမယ်။

နောက်ဆုံးကျတော့ စွန့်စားရတာပဲ၊ သူ့ကို ကျောပေး ထိုင်ခိုင်းပြီး ကျောကို လက်ငါးချောင်းနဲ့ ဖိပြီး ခပ်ပြင်းပြင်း ထောက်လိုက်တယ်။

"ကဲ - အင်္ကျီမပြီး သူငယ်ချင်းတွေကို ပြလိုက် ပါဦး"

ဦးမြင့်ဦးနှင့်ဦးခင်မောင်မောင် ဟာ ဦးဇော်ထွန်းရဲ့ အင်္ကျီကို လှန်ပြီးကြည့် လိုက်တယ်။ ဦးဇော်ထွန်းရဲ့ ကျောပြင်မှာ (စ)သဏ္ဍာန် စမ တစ်လုံး တင် နေတာ တွေ့ကြတာပေါ့။

ကျွန်တော့်ကို ကျေနပ် ကြမယ် မဟုတ်ဘူးဆို တာ ကျွန်တော်လည်း သိပါတယ် လိမ်မှန်းသိလျက်နဲ့ ဘယ် လိမ်လိုက်တယ်ဆိုတာ အ ရှာမရလို့လေ။ ဒါတွေ ဘ



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်မလဲ၊ ကိုယ်ရေးကြုံ တော့ သက်လုံကောင်း ကြစမြဲ မဟုတ်လား။ ပိပိရိရိ လိမ်နိုင်မှ သံသယကင်းကြမှာ မဟုတ်လား။ ဒီလူတွေက ကျွန်တော့်ကို ဓမ်းချင်ဖမ်းမယ့် လူတွေ မဟုတ်လား။

ဒါနဲ့ ဟိုစကား ဒီစကား ပြော ပြန်ကာနီးတော့ သူတို့သုံး ယောက် စီးလာတဲ့ ကားဟာ ဌာန ဆိုင်ရာက ပေးတဲ့ကား မဟုတ်တာကို သတိရလိုက်မိ တယ်၊ နံပါတ်အနီ အငှားကား သည်း ဖြစ်နိုင်တာပဲ။

"အငှားကားနဲ့ လာကြ တာလား"

"ဟုတ်ကဲ့"

ဦးခင်မောင်မောင်ကပဲ သွက်သွက်လက်လက် အဖြေ ပေးတယ်။


"ကဲ ဒါဆို ကားခရှင်း မယ့် ပိုက်ဆံထဲက တစ်ရွက် ခဏ လောက်ပြပါ"

ဦးဇော်ထွန်းက အိတ် ထဲက ငါးရာတန် တစ်ရွက်ကို ထုတ်ပြတယ်။ ကျွန်တော်က လှမ်းယူပြီး ဦးခင်မောင်မောင်ကို ပေးပြီး လက်ထဲမှာ လုံးသွား အောင် ချေခိုင်းလိုက်တယ်။

ငါးရာတန် လုံးကျေ သွားပြီဆိုမှ ကျွန်တော်က ပြန်တောင်းယူပြီး ကျွန်တော့် လက်နဲ့ တစ်ခါ လုံးချေပြန်တယ်။ ကျွန်တော့် လက်ကို အာရုံမပြတ် စိုက်ကြည့်နေတဲ့ ဦးမြင့်ဦးကို ငွေစက္ကူ လှမ်းပေးလိုက်တယ်။

ဦးမြင့်ဦးက ငွေစက္ကူလုံး လေးကို ဖြန့်ကြည့်တယ်။ တစ် ထောင်တန် ငွေစက္ကူဖြစ်နေ တယ်လေ။

ကျွန်တော် ပိပိရိရိ ကွက်လှည့်ကွက် ကို[illegible] ရဲ့အရာရှိ သုံးပေ[illegible] ကြတယ်။ ကျွန်[illegible] ဒီတော့မှ ပင့်သက်ချပြီး အသက် ဝဝရှူနိုင်တော့တယ်။ တကယ့် အကျဉ်းအကျပ် မဟုတ်လား။ လူဆိုးလူလိမ် တရားခံပေါင်း





www.burmeseclassic.com

www.burmeseclassic.com



များစွာကို ဆုံတွေ့ စစ်ဆေးဖူးတဲ့ရဲ အရာရှိတွေပဲ၊ ကျွန်တော်လိမ်တဲ့ သက်တမ်းမှာ စိတ်အပင်ပမ်းဆုံးပါ။

သူတို့ပြန် သွားမှ ကျွန်တော်ဝတ်ထားတဲ့ တိုက်ပုံအင်္ကျီချွတ်လိုက်မှ အထဲက လေ့ကျယ်မှာ ချွေးတွေစိုနေ

အာ-

ဆိုတော့ အုံ့အနှုက ကျွန်တော်မှာပါ။ စကျည်တည်ငြိမ်ငြိမ် မနေနိုင်ဘူး။ သိပ်စိတ်လှုပ်ရှားနေမိတယ်။ တစ်ခုခုကို စိုးရိမ်နေမိတယ်။ ရန်ကုန်မှာ ဆက်နေသင့် မနေသင့်ကိုပါ စဉ်းစားနေမိတယ်။ ညစာတောင် မစားဖြစ်ဘူး။ နောက်တစ်နေ့မှာ ရန်ကုန်က ပြေးတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ည (၁၀)နာရီလောက် ဘုရားဝတ်ပြုအပြီးမှာ အိမ်ရှေ့ကားရပ်သံကြားရပြီး နေ့ခင်းကရဲအရာရှိ သုံးယောက် ရောက်လာတယ်။ နေ့ခင်းကလို အရပ်ဝတ်နဲ့ပဲ။ ကျွန်တော်ခံရပြီ လို့ သိလိုက်ပါတယ်။

"အိပ်ရာထဲ ဝင်နေပြီလားလို့ စိတ်ပူနေတာ မအိပ်သေးတာ တော်သေးတာပေါ့ ခဏလောက် လိုက်ခဲ့ပါ"

ဦးခင်မောင်မောင်နဲ့ အတူရပ်နေတဲ့ ဦးမြင့်ဦးက ပြောလိုက်တယ်။ သူပြောတဲ့ အသံဟာ သာမန်အသံပါ။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကို ချုပ်နှောင်လိုက်သလိုပဲ တင်းတင်းကျပ်ကျပ် ဖြစ်သွားတယ်။

ငြင်းလို့ မရမှန်းသိတာနဲ့ အသာတကြည် လိုက်သွားတယ်။ ကားကို အနီးဆုံးလမ်းက မောင်းနေမှန်းသိရတယ်။ နောက်ဆုံး ဦးဝိစာရလမ်းမကြီးပေါ် ရောက်လာတယ်။

ရဲစခန်းတစ်ခုထဲကို ကွေ့ဝင်လိုက်တယ်။ ရုံးခန်းတစ်ခုထဲမှာ မျက်နှာချင်းဆိုင် တိုင်ကြတယ်။

ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင်ကို မေးကြတယ်။ ကျွန်တော် ဒီတစ်ခါတော့ မလိမ်ရပါဘူး။ အမှန်အတိုင်းတွေပဲ ထွက်ဆိုလိုက်ပါတယ်။ ရာသီဥတုက အိုက်စပ်စပ် ကိုယ်တိုင်အပေါ် အင်္ကျီတွေ၊ ရှပ်အင်္ကျီတွေ ချွတ်လို့ လွတ်လွတ်လပ်လပ် ပါပဲ။

"ကိုမောင်ချစ် အိုက်နေရင် အင်္ကျီတွေဘာတွေ ချွတ်ထားပါလား။ သက်တောင့်သက်သာ နေပါရပါတယ်။ မေးစရာလေးတွေ ရှိလို့ပါ။

ဦးဇော်ထွန်းက သက်တောင့်သက်သာနေဖို့ ပြောပေမယ့် ကျွန်တော်စိတ်တွေ မသက်မသာ ဖြစ်နေပါတယ်။ သူတို့ ညွှန်ခဲ့တဲ့ အအေးလည်း မသောက်နိုင်ဘူး။

ရာသီဥတုက ပိုအိုက်လာတယ်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော်လည်း အင်္ကျီချွတ်ပြီး စွပ်ကျယ် လက်စကလေးနဲ့ပဲ ထိုင်လိုက်တော့တယ်။

အဲဒါ မှားတာပဲပေါ့။

"ကဲ . . . ကိုမောင်ချစ် နေ့ခင်းကလို ငါးသုံးလုံးထောင် ဘာလေး မတိုက်တော့ဘူးလား"

ကျွန်တော် ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်

နောက်ဆုံးမှာတော့ အစပိုင်းမှာ ပြောခဲ့သလို ကျွန်တော် ဝန်ခံပါတယ် ကျွန်တော် မလိမ်ပါ။ ဘူထော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင့်စဉ် ကျင့်ကြံပြီး မုသာဝါဒအပြစ်တွေကို ကျူးလွန်နေတဲ့

"သူတော်လိမ် မောင်ချစ်"

ကျွန်တော် လူလိမ်ဆိုတာ ဝန်ခံပါတယ်။ ကျွန်တော် ဘာဝန်ခံစရာလိုသေးလဲ၊ ဩော် . . . အများပြည်သူ သိရအောင် ကျွန်တော့် လိမ်နည်းလေးတွေကို ပြောရမှာပါလား။

အချိန်တန်ပြီမို့ ပြောပါမယ်။ ဟောဟို အင်္ကျီက မော်လမြိုင် ရင်ဖုံးအင်္ကျီ တိုက်ပုံအင်္ကျီလက်မျိုး ခပ်ပွပွမဟုတ်လား၊ အရာရှိများ မလာခင်က အဆင်သင့်ထည့်ထားတဲ့ ငါးသုံးလုံးစီးကရက်ဘူးကို အင်္ကျီလက်ရဲ့ တံတောင်ဆစ် ကွေးနားမှာထားပြီးလို တဲ့ အခါကျတော့ လက်ဖမိုးကို အောက်ဘက်ကထား လက်ချောင်းလေးတွေ ခပ်ကွေးကွေး အသင့်ထားပြီး လက်ကို လေထဲဝှေ့ဖမ်း ဟန်နဲ့ ဆတ်ကနဲ ဆန့်ထုတ်လိုက်လျှင် စီးကရက်ဘူးက အင်္ကျီလက်အတိုင်း



လျှောအထွက်မှာ အသာကလေး ဆီးဖမ်းထားရုံပါပဲ။

ဗျာ-ကြည့် မနေ့ယ် ဟုတ်လား။ မေ့တောင်မေ့နေတယ်။ သူ့တုန်းက ဆွဲကြိုးကို ဒီအတိုင်း ထုတ်ယူတာပါပဲ။

နေ့လယ်က ကျောက်နီလေးကိစ္စက ရှင်းပါတယ်။ ဟောဒီ ကျွန်တော့် လက်ဆယ်ချောင်းလုံးရဲ့ လက်သည်းခွံတွေဟာ အားလုံးကို ညိုပုပ်နေတာ တွေ့မှာပေါ့။ လက်သည်းအခွံကြားကို ပင်အပ်လေးနဲ့ ဖြည်းဖြည်းချင်း ခြစ်ပြီး အခေါင်းဖြစ်အောင် လုပ်ထားတာပါ။

ဦးခင်မောင်မောင် လက်ထဲက စကျင်ကျောက်ကလေးကို လက်မရဲ့ လက်သည်းခွံကြား ထိုးသွင်းပြီး လက်ညှိုးလက်သည်းခွံထဲမှာ အဆင်သင့်ထည့်ထားတဲ့ ကျောက်နီကလေးကို ကော်ထုတ်လိုက်ပြီး လဲလိုက်တာပေါ့။ လုပ်တာကိုင်တာကတော့ ရှင်သီဝလိ ရုပ်လေးကိုလည်း လက်ခလယ် လက်သည်းခွံ ထဲကနေ လှမ်း

www.burmeseclassic.com



တောက်လိုက်တာပဲ။ ဒီလို ပိပိရိရိ လုပ်နိုင်အောင် ကျွန်တော် သုံးနှစ်တောင် လေ့ကျင့်လာခဲ့တာပဲဗျာ။

နောက်ပြီး ဦးမြင့်ဦးနဲ့ ဘာဝေးမှာမှတ်လို့ နှစ်ပေခွဲလောက်တော့ လက်ကျင့်ရနေပြီ။ လက်ဖက်ရည် ပန်းကန်ထဲကို တည့်တည့်မတ်မတ် ကျရမှာပေါ့။ သုံးနှစ်လောက် ကျင့်ထားရတာပဲ လွယ်တယ်မထင်ပါနဲ့။

အေးဗျာ ကျွန်တော်လည်း ပညာစုံပြရမှာ မို့သာ နေ့ခင်းက ဦးဇော်ထွန်းနဲ့များ သွားသေးလား။ ကျောကုန်းမှာ စ,ပုံ ပေါ်အောင် လုပ်တာလည်း သုံးနှစ်လောက် ကျင့်ရင်ရပါတယ်။

ကျောကို လက်ငါးချောင်းနဲ့ ခတ်ဆတ်ဆတ် ကလေး လှမ်းထောက် လိုက်ပြီး စက်ဝိုင်းပုံ လက်ကိုလှည့်ပြီး အရေပြား ပွန်းသွားအောင် ပွတ်လိုက်တဲ့သဘောပါ။ အသားနုတဲ့ အသားဖြူတဲ့ လူဆိုရင် ပိုပေါ်တာပေါ့။

အရေပြားကို ဖိတွန်းပြီး ပွန်းအောင်လုပ်လို့ အရာထင်တာပါ သုံးလေးရက်ဆို ပျောက်သွား မှာပါ။

ဒီလိုဆိုရင် ပြည့်စုံရောပေါ့။ ဩော် ငွေစက္ကူလဲတာ ကျန်သေးတယ် ထင်တယ်။ အလွယ်ဆုံး လက်လှည့်ပညာပါ ဦးဇော်ထွန်း ဆီကနေ ငါးရာတန်လှမ်းယူတယ်။ ဦးခင်မောင်မောင်ကို လှမ်းပေးလိုက်တယ်။နောက် ကျွန်တော် ယူတယ်။ နောက်ဆုံး ဦးမြင့်ဦးကို လှမ်းပေးလိုက်တယ်။

အခြေခံ အာရုံပြောင်းနည်းကို သုံးတာပါ။ ကျွန်တော် ထိုင်နေကတည်းက ဒူးကွေးပုဆိုးကြားမှာ တစ်ထောင်တန်ကို လုံးပြီးထည့်ပြီးသား။ ကဲ . . . ဘယ်လောက်ရှင်းလဲ။

"ဗျာ . . ."

ကျွန်တော့် အသံတော်စ်တော် ကျယ်သွားတယ် ထင်တယ်။ ဟုတ်ကဲ့။ ပြစ်မှုဆိုင် ရာ ဥပဒေ ပုဒ်မ ၄၂၀နဲ့ အရေးယူမယ်။ အင်းလေ . . . ဒါလည်း ဟုတ်တာပဲ။ ဥပဒေမှ မလွတ်ကင်းပဲကိုး။

ဟို . . . ကျွန်တော် ကြားဖူးတာလေ ဦးခင်မောင်မောင်က ဖြစ်ရပ်မှန် ဝတ္ထုတွေရေးတယ်လို့။ ရေးပါဗျာ ကောင်းပါတယ်။ ကျွန်တော့် အကြောင်းရေးရင် သဘောမတူစရာ မရှိပါဘူးဗျာ။

ဒါမှလည်း အလိမ်လာခံတဲ့ လူတွေ သူတို့ အပြစ် သူတို့ သိပြီး ရှက်နေကြမှာပါ ဒါပါပဲ။

သူတော်လိမ် မောင်ချစ်သည် လိမ်လည်မှုဖြင့် ထောင်ကျသွားခဲ့ပါပြီ -

သူပြောခဲ့သလို အလိမ်ခံချင်ကြသူများ၊ ယုံလွယ်သူများ ရှိနေကြ၍ သူတော်လိမ် မောင်ချစ်လို လူလိမ်များ ပေါ်ပေါက်နေရခြင်း ဖြစ်ပါသည်။

စာဖတ်သူတိုင်း အလိမ်မခံရအောင် သတိတရား လက်ကိုင်ထား၊ ရှောင်ရှား နိုင်ကြပါစေဟု . . .

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့လည်း အခက်သား။ ဘဲဥအစ ရှာရသလို ဖြစ်နေပြီ။ ဒီကောင် တင်ရွှေကို ချုပ်ထားတာ အခုဆို ရီမန် နှစ်ပတ်ပင် ပြည့်တော့မယ်။ အခုထိ သဲလွန်စရှာမရသေးဘူး။ တင်ရွှေဆိုတဲ့ကောင်က လမ်းပွဲစားဖြစ်နေတော့ ပိုဆိုးတာပေါ့။ ဒီပြဿနာကို ဒီကောင် မီးမွှေးတာပဲ။ ဒီကောင်နဲ့ ပတ်သက်သင့်သလောက်တော့ ပတ်သက်

## မှတ်ပုတီးအရှုပ်တော်ပုံ





www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပေမယ့် အမိကကျူး လွန်တဲ့ တရားခံတွေ ပျောက် နေတယ်။ မင်းဒင်နဲ့ လှသိန်းကို နာမည်လောက်ပဲ သိထားတာ ဆိုတော့ အရင်ကတည်းက တင်ရွှေနဲ့ ပတ်သက်ခဲ့ဘူးတာ မဟုတ်ဘူးဆိုတာ ရှင်းတယ်။ တင်ရွှေက သိတဲ့အတိုင်း သူ့မှာ ဘာမှ ကိုယ်ပိုင်ပစ္စည်းရှိတာ မဟုတ်ဘူး။ ပါးစပ်ကလေးနဲ့ အလုပ်လုပ်နေတဲ့ အစားထဲက။ အနီ၊ အပြာ၊ အစိမ်း၊ အရိုင်းယူ မလား၊ လုံးချော့ယူမလား အတွဲ ထုပ်ယူမလား၊ တင်ရွှေမှာတော့ မရှိဘူး။ ဒါပေသိ ဖြစ်တယ်။ ဘယ်လောက်တန် ယူမလဲ။ ကျပ်ကြီးလား၊ ထမင်းစားကျောက် လား၊ အခဲလား၊ အရည်လား၊ အသားလား၊ သည်လိုလိုင်းမှာ တော့ တင်ရွှေက နာမည် တစ် လုံးနဲ့ နေခဲ့တာ။ အမှားအယွင်း မရှိဘူး။ အလုပ်ဖြစ်ရင် သူ့ရာခိုင် နှုန်းကိုတော့ အတိအကျပေး။ ပစ္စည်းမှန်မယ်။ မစိုးရိမ်နဲ့ ဒီမှာ ဘက်က ကျွမ်းပြီးသား။ လုပ်စား တာပဲ၊ အကြီးမတစ်သက်ဆို တော့ နှစ်နှစ်ဆယ်ကိုတောင် သုံးနှစ် လောက်စွန်းချင်နေပြီ။

ဘာပဲပြောပြော တင်ရွှေက ပါးစပ်နဲ့ လုပ်စားရတာဆိုတော့ အပေါင်းအသင်း ဆန့်တယ်၊ လိုင်းပေါင်းစုံကလူတွေနဲ့ သိ နေတာ သိပ်မဆန်းဘူး။

ဆန်းတာက အခုကိစ္စ။

**ပုတီးတစ်လုံးကို**
**သွားနဲ့**
**အဆက်ကလေး**
**ကိုက်ဖြတ်ပြီး**
**မှတ်ကျောက်ပေါ်**
**ပွတ်ချတယ်**
**နောက်တော့ ...**

သူ့လိုင်းမဟုတ်ပေသိ၊ သူ့အတွက် ပွဲခရမယ်ဆိုတော့ သူစိတ်ဝင်စားတာလည်း မများ လောက်ပါဘူး။

ရွှေမှတ်ပုတီးကြိုး ငါးဆယ်ကျပ်သားဆိုတော့လည်း နည်းတဲ့အချိန်လား။ ရာခိုင်နှုန်းနဲ့ ပဲတွက်ဦး ပွဲခနည်းသလား။ ဒီတုန်းက ကာလပေါက်ဈေး တစ်ကျပ်သားမှ နှစ်ထောင် ဝန်းကျင်ပဲဆိုတော့ တစ်သိန်း ကျော်ကျော်၊ ငါးကျပ်နဲ့ပဲတွက်ပါ ပွဲခတင် ငါးထောင် လောက် စီမယ့်ကိန်း။

တင်ရွှေဆီ ရွှေမှတ်ပုတီး ကြိုးရှည်ကြီးကို မင်းဒင်နဲ့လှသိန်း တို့က မလွန်ကျောက်ဝိုင်းမှာ ဆုံကြရင်းက အရောင်းအဝယ် ကိစ္စ စကားစပ်မိရင်းကနေ စိတ် ဝင်စားခဲ့တာ။ တင်ရွှေက ရွှေ နား လည်လို့တော့ မဟုတ်ဘူး ဒါပေသိ ဒီကောင်က ဝယ်လက် ရှာနိုင်တယ်ဆိုတော့ လုပ်ကွက် တစ်ခု ဖြစ်သွားတာပေါ့။

မင်းဒင်နဲ့လှသိန်းတို့ သိသလားဆိုရင် ဟင့်အင်း ကျောက်ဝိုင်းမှာဆုံလို့ တွေ့ဘူး တာ။ ဘယ်နေကြမှန်းတောင် မမေးလိုက်မိပါဘူး။ ဘယ်နေ နေပါ အလုပ်ဖြစ်ဖို့ပဲ အဓိက မဟုတ်လား။ သူတို့ပစ္စည်း ရောင်း လို့ရရင် ပြီးတာပဲ။ တင်ရွှေလည်း ပွဲခရရင် ပြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ တင်ရွှေအိမ်ကို မင်းဒင်နဲ့လှသိန်း ဂျစ်ကား တစ်စီးနဲ့ ပေါက်ချလာတော့တာကိုး။ ဆိုးတော့ မဆိုးဘူး။ တင်ရွှေကို ပြောပါတယ် ဟန်ကိုယ့်ဖို့တော့ လုပ်တတ်သား။ ခပ်တည်တည် မှတ်ပုတီးကြိုးကို ထုတ်ကြည့်တယ်၊ ရွှေရည် ဘယ်နှစ်ပဲ ရှိတယ်ဆိုတာ နားလည်လို့ မဟုတ်ဘူး။ ပွဲစားပီသတာပေါ့လေ။ တင်ရွှေ အပြောအရတော့ အဲဒီတစ်ခါပဲ သည်ဆွဲကြိုးမျိုး မြင်ဘူးသတဲ့။ နှစ်လန်လောက်ရှိမယ်တဲ့။ မှတ်ပုတီးပုံ ရွှေဆွဲကြိုး အရှည်ကြီးကို တွေ့ရသတဲ့။

ဟုတ်ပြီပေါ့။ တင်ရွှေ တာဝန်က ဝယ်လက်ဆီခေါ် သွားဖို့ပဲ။ နားလည်တဲ့ သူတွေ ကြည့်ကြ လိမ့်မပေါ့။ သူတို့နည်း သူတို့ဟန်နဲ့ စစ်ကြလိမ့်မပေါ့။ တင်ရွှေသိထားတဲ့ ရွှေသည်က လည်း မခေလှပါဘူး။ ဝါရင့်ရွှေ သည် ကုလားခင်မောင်ဝင်းပဲ။ လုပ်လာတာပဲ နှစ်နည်းတော့ တာမှ မဟုတ်တာ။ ကြည့်ကြ၊ စစ်ကြ၊ ဈေးဆိုင်ကြပေါ့။ ဒါပဲ ဟုတ်လား။

ပြောလို့ ပြောတာ မဟုတ်ဘူး။ မင်းဒင်က ကုလားခင်မောင်ဝင်း ဆိုင်ရောက်တော့ သူ့ပစ္စည်း အရည်မီကြောင်း ပြောပြီး ရှေ့တင် ဆွဲကြိုးအစဖျား က ပုတီးတစ်လုံးကို သွားနဲ့ အဆက်ကလေးကိုက် ဖြတ်ပြီး မှတ်ကျောက်ပေါ် ပွတ်ချတယ်။ နောက်တော့ အက်ဆစ်နဲ့တို့ တယ်။ ရွှေကို အက်ဆစ်မစား ဘူး။ နောက်ထပ်တစ်ခါ ကြိုးစရဲ့ နောက်တစ်ဖက်က ပုတီးတစ်လုံး ကို ကုလားခင်မောင်ဝင်း လက် ထဲထည့်ပေးပြီး မှတ်တိုက်ခိုင်း။ အက်ဆစ်စား၊ ဘာမှ မဖြစ်ဘူး၊ မပြီးသေးဘူး နောက်တစ်ဆစ် ထပ်လုပ် အက်ဆစ် ထပ်စား သည်အတိုင်းပဲ၊ အမှန်ပေါ့။ ကုလားလည်း ကြိုက်သွားတယ်၊ ချိန်ကြတာပေါ့ အစိတ်သား လေး နှစ်လုံးဆိုတော့ ငါးဆယ် သား။ ဈေးစကား ပြောကြ တော့ ဘောင်ချာမပါတဲ့ ရွှေ လေ။ အမှန်တကယ် ကာလ ပေါက် ဈေးဘယ်ရလိမ့်မလဲ။ ကုလားခင်မောင်ဝင်းလည်း လူလည်ကိုး။ နှစ်ထောင်အောက် ဈေးနဲ့ စပြောတယ်။ ဆိုပါတော့ တစ်ထောင့်ခြောက်ရာငါးဆယ်။ မင်းဒင်တို့က မရောင်းနိုင်ဘူး။ ထပ်တိုးတောင်းတယ်၊ နှစ် ထောင်တိထား၊ မရဘူး။ တင်ရွှေ ဝင်ညှိပြီ။ အလုပ်ဖြစ်ဖို့က အဓိက မဟုတ်လား။ သူ့ဘက် ကိုယ့်ဘက် မျှ ကြားဈေး ၁၈၀၀/- ဖြစ် တယ်။ မင်းဒင်က အင်တင်တင်။ ကုလားက အင်း အဲ လောက်ဆို ရင် ဖြစ်နိုင်တယ်။ ဆိုတော့ တင်ရွှေက အရောင်းသမားကို တိုက်တွန်းရလေပြီ။ သည်လို ပစ္စည်းမျိုးဆိုတာ ဘောင်ချာပါဖို့ လိုတဲ့အကြောင်း၊ တစ်ချို့ဆိုရင် ဘောင်ချာမပါရင် ဝယ်တောင် မဝယ်ဘူးဆိုတဲ့ အကြောင်း၊ ကြားဖူး နားဝရှိတာတွေနဲ့ ထည့် ရတာပေါ့။

မင်းဒင်ကလည်း ဆန် စက် တည်ချင်လို့သာ ရောင်း တောင် မရောင်းချင်ဘူး။ ရှေးရွှေ ဆိုတာသိတဲ့ အတိုင်းပဲလေ ဘာ တွေ ညာတွေပြောပြီး မလွှဲ မရှောင်သာ ရောင်းရတဲ့ပုံစံထည့် တော့ လှသိန်းက ဝင်ထောက် တယ်၊ လုပ်ပစ်လိုက်စမ်းပါကွာ။



www.burmeseclassic.com

www.burmeseclassic.com



သုံးပစ်တာမှ မဟုတ်တာ။ ဆန်စက် အောင်မြင်ရင် ရွှေဆိုတာ ပြန်လုပ်လို့ရတာပဲ၊ လုပ်ငန်းအတွက်ပဲ ဘာပဲညာပဲပေ့ါ ဆိုတော့ အရောင်း အဝယ် ပွဲပြတ်တာ ပေ့ါလေ။

အချိန် ငါးဆယ် သား ဆိုတော့ ငွေကိုးသောင်း၊ ကုလား ခင်မောင်ဝင်းက မှန်ကောင်တာ အောက်က အံဆွဲထဲက ငွေထုပ်ကို ထုတ်ရေတယ်၊ မပြည့်ဘူး၊ ငါးသောင်းရှစ်ထောင်ပဲရှိတော့ ငါးသောင်းယူထားနှင့်၊ ကားနဲ့ အတူ အိမ်ကိုသွားမယ်။ ကျန်တဲ့ လေးသောင်း အိမ်ကယူ။ မင်းဒင် အနေနဲ့ ဘာမှ မဖြစ်စရာမရှိဘူး လိုက်ယူမယ်၊ ဒီလိုကိုး။

ဆိုတော့ ကုလား ခင်မောင်ဝင်းအိမ်ကို မောင်း၊ ကုလားခင်မောင်ဝင်းနေတာက ၈၃ လမ်း ၂၅လမ်း ၂၄ လမ်းကြားမှာ၊ အပေါ်ထပ်မှာနေတာ၊ ကားကို ၈၃ လမ်းပေါ် ရပ်၊ အိမ်ပေါ်လိုက်ယူပေ့ါ။ မင်းဒင် ပီလှပုံပြောပါတယ်၊ ရပါတယ်၊ ကိုတင်ရွှေပဲ လိုက်ယူပေးဖို့ သူအပေါ်ကို မလိုက်တော့ဘူး၊ အောက်ကပဲ စောင့်မယ်၊ သိပ်မကြာစေနဲ့ပေ့ါ။ ဆန်စက်ဆီလည်း သူကြည့်ချင်သေးတယ် ဆိုတာကိုး။

ဖြစ်တယ်၊ ဖြစ်တယ် ကိုတင်ရွှေ လိုက် တက်ယူမယ်၊ မင်းဒင်တို့က အောက်မှာ ကားထဲပဲ စောင့်နေရစ်ကြ။

အဲသည်မှာ မှားတော့တာပဲ။

မှားတာမှ အကြီး အကျယ်မှားတာ။



ကုလားခင်မောင်ဝင်း ကျန်ငွေလေး သောင်းကို တင်ရွှေ လက်အပ်ပြီး အပေါ်ထပ်က ပြန်အဆင်းမှာ။

ဘယ်မလဲ မင်းဒင်တို့ ကားလည်းမရှိ၊ လူလည်းမရှိတော့။

ကုလားခင်မောင်ဝင်း စိတ်ထဲ မသင်္ကာ ဖြစ်ရတော့တာပေ့ါ။ ငွေတစ်ဝက်ပဲ ယူရသေးတဲ့ ဥစ္စာကို ကျန်တဲ့ငွေ မယူတော့ဘဲ ထွက်တာ ထူးဆန်းလှပေ့ါ။ တင်ရွှေလည်း ပြူးတူးကြောင်တောင် ဖြစ်တာပေ့ါ။

ဘယ်လိုဖြစ်ကုန်ကြပြီလဲပေ့ါ။

ကုလားခင်မောင်ဝင်း ကသည်မှာတင် သတိရလိုက်တာ။

ပစ္စည်းတွေ ပြန်စစ်မယ် မှတ်ပုတီးကြိုး အရှည်ကြီးရဲ့ ခါးအလယ် အဆစ်တစ်ဆစ်ကို မှတ်တင် အက်ဆစ်စား၊ သွားရော ဘာမှမကျန်ဘူး အက်ဆစ်က ရွှေရောင်ဝါတာတာလေး တွေကို စားချသွားတာ ဖြူဖွေး ကျန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှတ်ပုတီးဆွဲကြိုး အရှည်ကြီးက အတုကြီးဖြစ်နေရော။

v v v

(၂)

ဂွတော့ကျပြီ၊ ကုလားခင်မောင်ဝင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပြီ။ တင်ရွှေကို ပြန်မလွှတ်တော့ဘူး။ တစ်ခါတည်း သံတဲဂါတ် အမှတ် ၅ ရဲ့စခန်းကို ခေါ်သွားပြီး အမှုဖွင့်တော့တာကိုး

ဒီအမှုကို တပ်ဖွဲ့မှူးက စိတ်ဝင်စားနေ ပြီ။ အမြန်ဆုံး ဖော်ထုတ်ဖို့ ဖိအားပေးလာပြီ။

ဒီမှာ ပွဲစားတင်ရွှေကို အမှုနဲ့ဖမ်း ရိမန်ယူစစ်တော့ ဒီကောင်ဘာမှ မပြောတတ်တော့ဘူး။ လူမြင်ရင်တော့ မှတ်မိတယ်။ နာမည်ကိုတော့ သိတယ်။ မင်းဒင်၊ လှသိန်း အရင်က အဆက်အဆံ မရှိဘူး။ ဂျစ်ကား နံပါတ်ကတော့ ခ/၈၃၄၇၊ မင်းဒင်က အရပ်အမောင်း ကောင်းပြီး အသားလတ်တယ်၊ မျက်ခုံးထူတယ်။ ခြေတံလက်တံ တုတ်တုတ်၊ နှာရှက်ကားကား တံပေါ်တယ်။ ရုပ်ရှင်မင်းသား ကြီးမြင့်အောင် တို့လိုမျိုး လှသိန်းကတော့ မျက်နှာဝိုင်းတယ်၊ ဝက်ခြံဖုတွေ ပါးနှစ်ဖက်မှာ ထူလပျစ်နဲ့၊ သွားတွေက ကွမ်းချေးတက်ပြီး နီကျင်ကျင် ဖြစ်နေတယ်။ အရပ်က ပုတယ်၊ ကိုယ်ကျတော့ ကျစ်ကျစ်၊ အသားအရေကတော့ ခပ်ညိုညိုပါ။ ဒါလောက်ပဲ ပြောနိုင်တယ်၊ ဘယ်လိုလုပ် ဆက်လိုက်လို့ရမလဲ။

တစ်ခုရှိတာ၊ ဂျစ်ကားသမား၊ ဟုတ်တယ် ကားလိပ်စာကို ကြည့်နမှာကြည့် အုံနာ အဆင့်ဆင့် ရှိနေမှာပဲ။ နောက်ဆုံး အုံနာသိရရင် ကားမောင်းသူကို ရှာရတာ လမ်းစပေါ်နိုင်တဲ့ သဘောပဲ။

ထင်သလောက်တော့ မလွယ်လှပါဘူး။

ကားရှာလို့တွေ့ပြီး၊ ဒရိုင်ဘာကို မေးစမ်းလိုက်တော့ သူက အခင်းဖြစ်တုန်းကပေါ့လေ။ ငွေတက်ယူနေတဲ့ အချိန်မှာထောင်ထောင် မောင်းမောင်း လူက လှသိန်းနဲ့ဆန်စက် အရင်သွား ကြည့်မယ်။ ဟိုငွေတက်လိုက်ယူတဲ့လူကို နောက်မှ ပြန်ကြိုကြမယ်ပေါ့။ ဒီလိုနဲ့ ကားဆရာကို မီးလောင် ပြင်ကွက်သစ်လုပ်ထားတဲ့ ချမ်းမြသာစည် လေဆိပ်နားက ကားလမ်းပေါ် ရပ်နေခဲ့ရသတဲ့။ ခဏလေး စောင့်ခိုင်းသေးသတဲ့၊ တစ်အောင့်ကြာတော့ ပုပုလူက ပြန်လာပြီး ပြန်မလိုက်တော့ဘူးပြောလို့ သူလည်း အိမ်ပြန်ခဲ့ရပါသတဲ့။ ဒီလိုပဲ အစစ်ခံတာကိုး၊ ဒါနဲ့ပဲ ချမ်းမြသာစည် မီးလောင်ပြင် ကွက်သစ်ကို သွားစုံစမ်းတာပ။

အဲသည် ရပ်ကွက်ရောက်မှပဲ မင်းဒင်နဲ့ လှသိန်း အတွဲအားလုံး၊ အစပျောက်သွားတော့တာကိုး။ ရပ်ကွက်ကောင်စီကလည်းမသိ ဘယ်သူ့မေးမေး မသိ။ ဟုတ်တော့ နေပြီပေါ့။ ဒါကြောင့်ပဲ တင်ရွှေကို ရိမန်ကုန်အောင် ချုပ်ထားပေမယ့်လည်း သတင်းအစအနပျောက်နေတယ်။ ဘယ်လိုအစ ကောက်ကြမလဲ။ အမှုစစ်ဆရာ ဦးသိန်းကျော် ဦးနှောက်စားနေပြီ။

အလုပ်သင် ဒုရဲအုပ်ကလေးတွေနဲ့လည်း တင်ရွှေကို ဘရိတ်ဒေါင်းစစ်နည်းနဲ့ သုံး



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ဆိုလိုတာက စစ်တဲ့ လူ သာလဲပြီးသွားမယ်။ တရားခံကို အိပ်ဖို့မပြောနဲ့ ငိုက်ခွင့်မပေးဘဲ စစ်ဆေးနည်းပေါ့။ ထူးခြားမလာပါဘူး။ တင်ရွှေက တကယ့်ကို ဘုမသိ၊ ဘမသိ ဖြစ်နေတာကိုး။

မြက်မြက်ကလေးရချင်လို့မှ ဇာတ်ထဲလိုက်ကာမှ နဲ့ တက်နင်းမိတဲ့ကိန်း ကြုံနေရတယ်။ ပွဲခလေး မက်မက် စက်စက် ရပေါက်မို့ ထလုပ်မိတာ အခုတော့ အချုပ်ခန်းထဲရောက်နေရပြီ။ ဒုတိယ ရီမန်စေ့ဖို့ (၃)ရက်လောက်ပဲ လိုတော့တယ်။

အမှုစစ်ဒုရဲအုပ် (စခန်းမှူး) သိန်းကျော် (ယခင်က ကြယ်ပွင့်အောက် အပြာရောင်ဝါရှာခံ) ခေါင်းမီးတောက်နေပြီ။ တိုင်းတပ်ဖွဲ့မှူးက အမှုတိုးတက်မှု အခြေအနေ တင်ပြခိုင်းတော့ သံကဲ့အတိုင်း ထူးခြားမှု တစ်စုံတစ်ရာမရှိပဲ၊ ဒီရီမန် သာကုန် လို့ လမ်းစမရခဲ့ရင်တော့ အိပ်ရာလိပ်ပြင်ရတော့မယ့်အခြေ။

တရားကို နတ်စောင့်တယ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။

ရီမန်စေ့ဖို့ နောက်ထပ် နှစ်ရက်မှ နှစ်ရက်ပဲ ကျန်တော့တယ်။

သည်အချိန်တုန်းက မန္တလေးမှာ ခါးပတ်ကြားလို့ ခေါ်တဲ့ သီတာလှည့်ကင်းပတ်တဲ့ကားတွေ ရှိတယ်ပေါ့။ ဒီကား

ဦးသိန်းကျော်ရဲ့ ခေါင်းကို
ဆေးအကြောင်း ရောက်သွ
ကြရော၊ လွှတ် အံ့ဩစရာပဲ၊
ဒီမှာဖြင့် လိုက်လို
ရတာ ဖတ်ဖတ်ကိုမော။

## ဒီကောင့်အကျင့်က နံပါတ်တစ် မယားအိမ်မှာ မုတ်ပုတီးကို ကိုယ်တိုင်လုပ်တယ်၊ ပြီးတော့ သူ့တပည့်နဲ့ အမဲဖျက်တယ်၊ ပြီးတာနဲ့ . . .

တွေက မန္တလေးမြို့နယ် (ယခင်က ၄ မြို့နယ်သာရှိ) လုံးကို ပတ်လှည့်နေရတယ်။ အမှုတစ်မှုတော့ ရအောင်ရှာရမယ်။ အနည်းဆုံး အရက်ပုန်း အမှုဖြစ်ဖြစ်ပေါ့။ ကြိုတင်ကာကွယ်မှုအတွက်ပေါ့၊ ဒီခါးပတ်ကြားကားကို အရှေ့တောင်မြို့နယ်ထဲက အမှတ်(၁၁)စခန်းက ဒုရဲအုပ်မြင့်ဖေ တာဝန်ကျတယ်။ သည်ကားက အဲသည့်နေ့မှာ အမှတ် (၅) စခန်းကို ခဏလာနားတဲ့ အချိန် ဦးမြင့်ဖေနဲ့ ဦးသိန်းကျော်တို့က အပတ်စဉ်တူ သူငယ်ချင်းတွေကိုး။ ဒီမှာတင် စကားစပ်မိရာက

နို့ပေသိရတဲ့သတင်
အတိအကျ မဟုတ်သေးပါဘူ
ဒီလိုလေ၊ ဦးမြင့်ဖေ
သူတို့စခန်းမှာ ဒီလိုပဲ မုတ်ပု
လိမ်ခဲ့ဖူးတဲ့လူတစ်ယောက်
မိထားသတဲ့။ ဒါပေသိ မု
ပုတီးလိမ်လို့တော့ မဟုတ်
ကျောက်စိမ်းအမှုနဲ့ အ
ခံရတာဆိုပဲ။

ဘာပဲဖြစ်ဖြစ်
ရေနစ်သူအတွက် ကောက်
တစ်မျှင်ဟာ အားမဟုတ်
အချိန် ဆွဲလို့ မဖြစ်ဘူး
သည်မှာရှိနေတဲ့ ပွဲစားတင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်မိန့် ရီမန်စေ့တော့မယ်၊ ဒီကြားမှာ အမှုကို အပြီးအပြတ် လိုက်ရမှာဆိုတော့ ချက်ချင်းပဲ အမှတ် (၁၁) ရဲစခန်းပြေး၊ ကျောက်စိမ်းမှုနဲ့ အဖမ်းခံရတယ်ဆိုတဲ့သူကို တွေ့ရတာ ပေါ့။

တွေ့ကြပြီဆိုပါတော့ အချုပ်ထဲကလူက အကျိုးအကြောင်းမေးတယ်၊ ဖြစ်ပုံ ပျက်ပုံမေး၊ လူပုံသဏ္ဌာန် မေးတယ်၊ နာမည်မေးတယ်၊ လိမ်ပုံလိမ်နည်းလေးကို ပြောခိုင်းတယ်။

ဒီမှာ ပွဲသိမ်းဖို့ လမ်းစ ပေါ်ပြီလေ။

ဒီကောင် မင်းဒင်ရော လှသိန်းရော နာမည်လိမ်ဆိုပဲ။

မင်းဒင်ဆိုတာ နာမည်ရင်းက သိန်းဆန်း၊ လှသိန်းက တင်ညွန့်။

အခုကိစ္စမှာ မင်းဒင်ခေါ် သိန်းဆန်းက ဆရာကြီး။

လုပ်စားလာတာ ဆယ်စုနှစ်တစ်ခုလောက် ရှိရော့မယ်။ ကြာ ကြာလှပြီ၊ ရှင်းပြတော့လည်း ဒီကောင်တွေ လုပ်နည်းက ရိုးရိုးလေးကိုး၊ အဓိကက တော့ ပီယဝါစာ ကောင်းဖို့တော့ လိုတာပေါ့လေ။ အာဝဇ္ဇန်း ရှင်ရှင်နဲ့ တစ်ဖက်လူကို စည်းရုံးတယ်၊ ပြီး သူ့ရဲ့ပစ္စည်းမှာ တကယ်ရွှေမှတ်ပုတီးစေ့သုံး စေ့ထည့်ထားတယ်။ ပြီးသူ့ရဲ့ အံသွားထဲမှာလည်း ပုတီးလုံး စေ့တစ်စေ့ ထည့်ထားသတဲ့ လေ။

အလုပ်လုပ်တော့မယ် ဆိုပါတော့။

တစ်ဖက်ကြီးစက မှတ်ပုတီးစေ့ကို ပါးစပ်နဲ့ ကိုက်ဟန်လုပ် အံသွားထဲက ပုတီးစေ့ ထုတ်ယူ မှတ်တင်၊ အက်ဆစ်စား၊ အဲဒါရွှေအစစ်။ နောက်တစ်ခါ တစ်ဖက်အစက ရွှေအစစ်သုံးစေ့ ပါတဲ့ဘက်ကနေ အစစေ့ကို တစ်ခါ မှတ်ကျောက် တိုက်၊ အက်ဆစ်စားဒါလည်း အစစ်ပဲလေ။ အဲ နောက်တစ်ခါ၊ ဒါဆို သုံးကြိမ်မြောက်နေ၁် ဝယ်သူ့လက်ထဲကိုသူ့ဟာသူ ကိုင်ထားတဲ့ ပုတီးစေ့ကို ထိုးပေးပြီး မှတ်တိုက်ခိုင်း လိုက်တယ်၊ ပြီး အက်ဆစ်နဲ့ စားစမ်းပါ။ ဒါလည်းပဲ ရွှေအစစ် လေ။ ဘယ်မှုမလဲ။

ဒီမှာတင် သူတို့လုပ်ငန်း ပွဲသိမ်းတော့ တာကိုး။

ဝယ်တဲ့လူက ယုံပြီလေ၊ သုံးလေးခါအက် ဆစ်နဲ့စားတာ၊ ရွှေမှရွှေ တကယ့်ရွှေ ချိန်တွယ်၊ ငွေချေ သည်လိုလုပ်စားသွားတာ မနည်းတော့ဘူး။ တစ်ချို့ ရှက်တာနဲ့ ငြိမ်နေကြတာတဲ့ လေ။

မင်းဒင်ခေါ် သိန်းဆန်း သည်လိုလုပ်စား သွားလို့ပဲ မိန်းမ သုံးယောက်တောင် ရှိပြီဆိုပဲ။ အာဂပဲ၊ ခေသူမဟုတ်ဘူး။

ပထမမယားကြီးက အမရပူရမြို့နယ်အပိုင် နန်းတော်ရာ ကွက်သစ်ထဲမှာ၊ ဒုတိယ မယားက စိန်ပန်းထဲမှာ၊ အဲ အငယ်ဆုံး တတိယမြောက်ကတော့ ရွှေဘိုသရက်ခြံမှာ ထားသတဲ့။ ဒီလို (၃) ယောက်ထားတာကလည်း သူ့အတွက် ခြေရာ ဖျောက်လို့ကောင်း အောင်ဆိုပဲ။

ဒီကောင့် အကျင့်က နံပါတ်တစ် မယားအိမ်မှာ မှတ်ပုတီးကို ကိုယ်တိုင်လုပ်တယ်။ ပြီးတော့ သူ့တပည့်နဲ့ အမဲဖျက်တယ်၊ ပြီးတာနဲ့ မယားကြီးဆီ မသွားတော့ဘူး။ ငွေပဲပို့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မယားလတ်ဆီမှာနေပြီး နတ်ကန္တားပေးတယ်၊ ဒီလို နတ်ကန္တားပေးရင်းနဲ့ ဒီကောင် ကိုယ်ရောင်ဖျောက်တယ်။ အလွန်ဆုံး ရက်နှစ်ဆယ်ရက် အစိတ်ပဲ အဲဒီမှာနေပြီး အငယ် ဆုံးရှိတဲ့ ရွှေဘိုကို ရွှေ့သွားတော့ တာပဲတဲ့။

အတော်ကို ညာဏ်သွား တဲ့ကောင်ပဲ။

ရှိမလဲ၊ အလုပ်ဖြစ်သွားပြီကော၊ ဒါပေသိ ဒီအိမ်မှာ လိမ်သွားတဲ့ မုတ်ပုတီးပုံစံနဲ့ တစ်ပုံတည်း မုတ် ပုတီးကြီး ရှည်(၃)ကုံး သိမ်းဆည်း နိုင်လိုက်တယ် ဆိုပါတော့၊ မယားကြီးဆီကနေ ထွက်သွား တာ (၁၀)ရက်လောက် ရှိပြီဆိုရင် လွဲကာမှလွဲ မယားလတ်ဆီမှာ နတ်ကန္တားပေးနေလောက်ပြီ၊ သည်နေ့တစ်ခါတည်းဆက်လိုက်

က အိမ်ရှေ့မှာ၊ နတ်ဆိုင်းထ တဂျိမ်းဂျိမ်း အိမ်ရှေ့တံခါ ပေါက် ပိတ်ထားတယ်။ အိမ်ရှေ့ မှာ ရေကပြင်လုပ် ထားတော့ လှေကားတက်တက်ချင်းမှာ ရေ ကပြင်မှာတင် လူလေးယောက် လောက် နေရာယူလို့ရ တယ်။ တံခါးခေါက်တယ် ဆိုရင်ပဲ မောင်မင်းကြီး သားက၊ ဘယ်ကောင် လဲဟေ့ဆိုပြီး လေသံ ခပ်ထန်ထန် နဲ့ ခရီးဦးကြိုတာကိုး၊ ဘယ်ခေါ် မလဲ မင်းဒင်လို့ သာခေါ်ရင် သည်ကောင်လုပ်လာခဲ့တာ ဒီ ကောင် အသိဆုံးလေ။ ပြေး ပေါက်ပေးသလို ဖြစ်သွားတော့ မှာပေါ့၊ သိန်းဆန်းဆိုမှ သူ လူလို့ထင်မှာပေါ့။

တွက်တာမမှားပါဘူး တံခါးတန်းဖွင့်ပေးတာပဲ။

လျှော့မတွက်နဲ့ ဦး ဒီကောင် ဘယ်လောက်တောင် ပါးနပ်လဲဆို တံခါးဖွင့်ဖွင့်ချင်းပဲ မျက်နှာစိမ်းတွေ တွေ့တာနဲ့ ထုတ်တန်းမှာ တင်ထားတဲ့ ငှက်ကြီး တောင် ပြေးဆွဲတော့ တာကိုး။

သူဦးရင် သူဆော်ပေါ့

ဘယ်သူ အဦးခံမလဲ ဝင်လုံးရတာပေါ့၊ သိတယ်

**အပြောကောင်းမလဲ။ နတ်ကန္တားလည်း ဝရုန်းသုန်းကား ဖြစ်ကရော၊ နတ်ကတော်တွေလည်း ကျိုးတိကြောင်တောင် ဖြစ်ကရော . . .**

အချုပ်ထဲက လူတွေ သူနဲ့လမ်းခွဲခဲ့တဲ့လူ။

ဘယ်လိုကြောင့် ကွဲခဲ့ လဲဆိုတော့ ဒီလူက တစ်စင်ထောင် ခဲ့တာဆိုပဲ။

ထားပါလေ၊ မင်းဒင် လွတ်မသွားဖို့ အဓိကပဲ။

နံပါတ်တစ်မယားအိမ် သွားတော့ မရှိတော့ဘူး။ ဘယ် ရတော့မယ်။ အချိန်ဆွဲလို့မရဘူး၊ ဆွဲဖို့အချိန်လည်း မပေးဘူး၊ စိန်ပန်းအရပ်ထဲရောက်တော့ ည ကိုးနာရီထိုးနေပေါ့။ သေချာ လောက်ပြီ၊ နတ်ကန္တားက ရှိနေ တာကိုး။

သည်ကောင်အိမ်က ခြေတန်ရှည်နှစ်ခန်း ပတ်လည်၊ ထရံကာ သက်ကယ်မိုး၊ နတ်ကန္တား



www.burmeseclassic.com

www.burmeseclassic.com





ဆိုရမှာပေါ့။ လက်မတင်လေး၊ လက်ထဲ ဒါးမရောက်ခင်မှာ ဗွေဆော် အတင်းလုံးလိုက်နိုင်တာ၊ ဘာပြောကောင်းမလဲ။ နတ်ကန္တားလည်း ဝရုန်းသုန်းကားဖြစ်ကရော နတ်ကတော်တွေလည်း ကျီးတိကြောင်တောင်ဖြစ်ကရော၊ အဆင်သင့်ချင်ကာရန်သင့်ချင်တော့လည်း သည်အိမ်မှာပဲ တင်ညွန့်ကိုပါ ဖမ်းနိုင်ခဲ့တယ်ပေါ့၊ တော်တော်သေးတော့ ပွဲစားတင်ရွှေ-

မနက်ဖြန် ရိမန်စေ့သွားပြီ။ အမှုနဲ့ ပတ်သက်ပြီး အပြီးလွှတ်လို့တော့ မရတော့ပေသိ၊ လုပ်ထုံးအရ ခံဝန်လုပ် အာမခံပေးလိုက်ပြီးနောက် ဖမ်းမိတဲ့ မင်းဒင့်ခေါ် သိန်းဆန်းနဲ့ လှသိန်းခေါ် တင်ညွန့်နှစ်ယောက်စလုံး ရိမန်ယူရုံသာ။

ဒါမို့ကြောင့် ပြောကြတာ၊ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။

လွှတ်မှန်တဲ့စကား၊ အမှုစစ်တဲ့ ဒုရဲအုပ် (စခန်းမှူး) သိန်းကျော်ခမြာ ဟင်း၊ မလိပ်ရသေးတဲ့ အိပ်ရာကို အိန္ဒိယအိပ်ရာခင်း အသစ်ကလေးဖြန့်ခင်းပြီး မနေ့က ဒလစပ်လှုပ်ရှားခဲ့တာတွေ တစိမ့်စိမ့်ပြန်တွေး နိုင်တော့ တယ်။

နောက်အပက်ထဲမှာ မှတ်ပုတီးအရှုပ် တော်ပုံကြီးကို တရားစွဲတင်နိုင်မယ်လေ။

ဝေအိကို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



မနေ့က မိုးပြေးလေးတစ်ဖြိုက်နှစ်ဖြိုက်ရွာ၍ သည်ကနေ့ပိတောက်ရနံ့တွေလှိုင်နေပြီ။ဧပြီလ ထဲသို့ရောက်လာကတည်းက စ၍ကြားရသည်။တူးပို့တူးပို့အသံ၊မြန်န္တာအသံ နှင့် ညိုမြအသံတို့သည် ယနေ့ပို၍ကျယ်လာ၏။ ရေပက် ကစားသူများလည်းကစားနေကြပြီလေ။ စင်စစ် သည်နေ့သည် ၂၀၀၄ ခုနှစ်၊ ဧပြီလ၁၂ရက် သင်္ကြန်အကြိုနေ့ပင် . . . . . . . . ။

ဦးခွန်ယုသည် ပြည်လမ်းအတိုင်း သူ့ကားလေးကိုမောင်းလာ၏။သူ့မျက်စိထဲတွင် ရွှေရောင်တွေဝင်းဝင်းလက်လက်ဖြစ်နေသဖြင့် ကားကိုမနည်းပင်သတိထားမောင်းနေရသည်။ သူ့ကားလေးကညီမဝမ်းကွဲတော်သူ နေသည့် လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ပြည်လမ်း(၆)မိုင်သို့ဦးတည်နေ၏။ညီမဖြစ်သူက ရေသန့်ဘူး ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း ဖြင့်အောင်မြင်နေသဖြင့် အားကိုးတကြီး သူလာခဲ့ခြင်းဖြစ်သည်။

"ဩော် . . . အစ်ကိုခွန်ယု လာ . . လာ အိမ်ထဲဝင်"

ဦးခွန်ယုက ညီမဖြစ်သူနှင့် အတူ အိမ်ထဲဝင်ခဲ့ရင်း ဧည့်ခန်းမှာ ထိုင်လိုက်သည်။ ဒေါ်နာကြူက ရေနွေးကြမ်းဓါတ်ဘူးကို ယူ၍ စားပွဲပေါ်တင်ပေးသည်။

"အစ်ကို . . ခဏနေဦးနော် ကျွန်မ ကော်ဖီမစ်ဖျော်လိုက်ဦးမယ်"

"ဟာ မဖျော်နဲ့ဟာ ငါမသောက်ချင်ဘူး၊ ဒါနဲ့ နင့်ယောက်ျားရော"

"အစ်ကို့ ညီ ကိစ္စလေးနဲ့ရှိလို့ အပြင်ခဏသွားတယ် ၊အစ်ကို ဘာပြောစရာရှိလို့လဲ"

"နင့်ဆီက အရေးပေါ် ပိုက်ဆံချေးမလို့ လာတာ . . ဟ။ ယောက်ဖရှိနေတော့လဲ ပိုကောင်းတာပေါ့ဟာ"

"အစ်ကိုက ဘယ်လောက် ယူမှာမို့လို့လဲ"

"သိန်း (၂၀၀)"

"ဟင် . . များလှချည်လားအစ်ကို"

ဒေါ်နာကြူက အံ့အံ့သြသြဖြင့် ဦးခွန်ယုကိုကြည့်သည်။ ဦးခွန်ယုကလည်း ချေးငွေ ကများသဖြင့် သူ့ကိုမယုံကြည်မှာစိုးသည်။

ဒီတော့ . . .

"နင်တို့ငွေကို ငါ အကြာကြီးမသုံးဘူး၊ အခါလွန်တာနဲ့ ပြန်ပေးမှာပါ၊နင့်ငွေကိုလဲ ငါကလက်လွတ်စပယ် မချေးပါဘူး၊အခုငါ စီးနေတဲ့ကား၊ငါ့ဟမ်းမ်ဖုန်းနဲ့၊ ငါနေတဲ့တိုက်ခန်းတွေကို အရောင်းအဝယ်စာချုပ်နဲ့ ခေတ္တလွှဲပြောင်းပေးထားမယ်ဟာ၊ဘယ့်နှယ်လဲ"

"အဲဒါက အကြောင်းမဟုတ်ဘူးအစ်ကို၊ အစ်ကိုဘာလုပ်ဖို့ ဒီလောက်ငွေအများကြီး အရေးတကြီး လိုနေတယ်ဆိုတာတော့ ကျွန်မကိုပြောပြပါ"

သည်ကိစ္စကို မပြောဘဲနေလို့ရလျှင် မပြောချင်ပါ။ဒါပေမယ့် အခုတော့မေးသူက မေးနေပြီ၊ မပြောဘဲနေ၍မရတော့။

ဦးခွန်ယုက သက်မချသည့်အားဘဲ

www.burmeseclassic.com



**စဉ့်အိုးကို ဘယ်သူမှမသိအောင် တိတ်တိတ်ယူပြီး အဖုံးကိုဖွင့်ကြည့်လိုက်တော့ တရုတ်ဘာသာနဲ့ရေးထားတဲ့ သေတမ်းစာတစ်စောင်နဲ့ ရွှေရုပ်ထုတွေ အပြင် ......**

ကိုမျက်လုံးဝေ့၍ မျက်စိကစားလိုက်သေး၏။ သူ့အနေအထား သူပြောမည့် စကားတွေကို သူစိမ်းတွေ ကြားသွားမှာမလိုလားသည့်ဟန်။ စိုးရိမ်သည့်သဘော၊ ဒါကိုဒေါ်နာကြူကလည်း အထာပေါက်သည်။

"ပြောပါအစ်ကို- ဘယ်သူမှမကြားနိုင်ပါဘူး"

"အေး. . . .အေး. . . ."

ဦးခွန်ယုက ကိုယ်ကိုရှေ့သို့ ကုန်း၍ လေသံတိုးတိုးဖြင့်စပြောသည်။

"နိုင်ငံခြားသား . . တရုတ်လူမျိုးတွေ က ရှေးဟောင်း ရွှေတုံးတွေ ငါ့ဆီကိုလာရောင် လို့ဟ. . တန်ဖိုးနည်းတာမဟုတ်ဘူး၊ သိန်း ထောင်ချီရှိနိုင်တယ်၊ သူတို့ . . ငါ့ဆီက ၂၀၀ ပဲတောင်းတယ်လေ၊ အဲဒါတွေကိုအခါလွန် လို ပြန်ထုခွဲလိုက်ရင် အသားတင် ၈၀၀ လောက် သေချာပေါက်မြတ်မယ်ဟ. . . ဒါကြောင့် ငါ နင့်ဆီပြေးလာခဲ့တာ"

ကြားလိုက်ရသည့် စကားကြောင့် ဒေါ် နာကြူ အံ့အံ့သြသြဖြစ်သွားသည်။မျက်စိတွေ မီးဝင်းဝင်းတောက်လာ၏။အံကိုပင် တင်းတင် ကြိတ်သည်ထိပင်။ သူ့နှုတ်မှလည်း. . .

"အဲဒါ အစ်ကို့ကိုလိမ်တာရှင့်. . လိမ် တာ . . မယုံလိုက်နဲ့ ငါးပါးမှောက်သွား မယ်"

"ဟော . ."

ဦးခွန်ယု နှုတ်မှ အာမေဋိတ်သံ၊ပြီး တော့ ဦးခွန်ယု ကဒေါ်နာကြူကို သံသယမျက် လုံးတွေနှင့် ကြည့်လိုက်သည်။ပိုက်ဆံမချေးချင် သဖြင့်ကဖျက်ယဖျက်လုပ်သည်ဟုပင်ထင်လိုက် သေး၏။ ထိုအချိန်မှာပင် ဒေါ်နာကြူခင်ပွန်း ဖြစ်သူ ပြန်ရောက်လာ၏။မောင်နှမနှစ်ယောက် ရှေ့မှာ ဝင်ထိုင်သည်။ဒေါ်နာကြူက အကျိုး အကြောင်းရှင်းပြလိုက်သည်။

"ကျွန်မတို့တုန်းကအကြောင်း အစ်ကို့ ကို ပြောပြလိုက်ပါဦး၊ဒါမှ အစ်ကိုဇာတ်ရည် လည်မယ်လေ. . "

"ဩော်. . အေး. . အေး. . "

ဦးခွန်ယုကတော့ နှမလင်မယားကို တစ်လှည့်စီကြည့်၍ အူကြောင်ကြောင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲ။ ထိုစဉ် ယောက်ဖ ဖြစ်သူက. .

"ဒီလိုဗျ . . အစ်ကိုရဲ့ . . ဒီလို ပြီးခဲ့တဲ့ မတ်လ ၂၃ရက်နေ့ကပေါ့. . . ."

♦ ♦ ♦ ♦ ♦ ♦ ♦ ♦

တီ. . . . . . တီ. . . . . . . တီ. . . .

ကျယ်လောင်စွာ မြည်ဟီးလိုက်သည့် တယ်လီဖုန်းသံကြောင့် ဒေါ်နာကြူဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို. . . ."

ဒေါ်နာကြူတို့အိမ်ကပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"

"အစ်မကြီးရဲ့ ခင်ပွန်းနဲ့ စကားပြောချင်ပါတယ်"

"ဘယ်သူလို့ပြောလိုက်ရမလဲရှင့်"

"လီရှောက်နင်ပါခင်ဗျာ"

ဖုန်းထဲမှာ အသံကစိမ်းနေ၏။မိတ်ဆွေတွေထဲက မဟုတ်သည်မှာ သေချာသည်။ ဒေါ်နာကြူက စကားပြောခွက်ကို လက်နှင့် ပိတ်၍ ခင်ပွန်းဖြစ်သူအား. . . .

"လီရှောက်နင်တဲ့ . . ရှင်နဲ့ပြောမလို့"

ခင်ပွန်းဖြစ်သူက. . ဒေါ်နာကြူလက်ထဲမှ ဖုန်းကိုလှမ်းယူသည်။

"ဟဲလို အမိန့်ရှိပါခင်ဗျာ"

"ကျွန်တော် လီရှောက်နင်ပါ အစ်ကိုကြီးရဲ့ဖုန်းနံပါတ်ကို ကျွန်တော့်အဖေ့ဆီကရလို့ ဆက်တာပါ"





www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ကဲ့ ပြော. . ဘာကိစ္စလဲ"

ကျွန်တော်က. . မြန်မာနိုင်ငံထဲမှာ ရှိတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ မြေတူး မောင်းသမားပါ၊တစ်နေ့လုပ်ငန်းခွင်ထဲမှာ ကျွန်တော်မြေတူးနေရင်း ရှေးဟောင်း စဥ့်အိုး တစ်လုံးကို တူးမိပါတယ်။အဲဒီ စဥ့်အိုးကို ဘယ်သူမှမသိအောင် တိတ်တိတ် ယူပြီး အဖုံးကိုဖွင့် ကြည့်လိုက်တော့ တရုတ်ဘာသာ နဲ့ရေးထားတဲ့ သေတမ်းစာ တစ်စောင်နဲ့ ရွှေရုပ်တုတွေအပြင် တရုတ်နိုင်ငံသုံးငွေစက္ကူ တွေလဲတွေ့ရပါတယ်. . . . အဲဒါကြောင့် ရွှေရုပ်တုတွေဟာ ရွှေအစစ် တွေလား ဆိုတာ ကျေးဇူးပြုပြီး လာရောက် စစ်ဆေးပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ဒေါ်နာကြူ၏ခင်ပွန်းဖြစ်သူမှာအံ့ဩ လွန်းသဖြင့် တယ်လီဖုန်းကိုလက်ကကိုင်၍ ငေးကြောင်တွေဝေစွာ ရပ်နေမိ၏ ။နောက် မှ သတိရလိုက်သဖြင့် ကမန်းကတန်း. . . ၊

"ဟဲလို . . ခင်ဗျားကို ကျွန်တော် ဘယ်မှာလာတွေ့ရမလဲ လိပ်စာပြောဦးလေ"

"ဩော်. ဟုတ်သားပဲခင်ဗျာ ဒီလိုလုပ် ပါ မနက်ဖြန် (၂၄. ၃. ၂၀၀၄)မနက်(၁၁)နာရီ အချိန် မရမ်းကုန်းမြို့နယ်၊ ဂျမ်းရှင်းအိပ်ရှိ ကားမှတ်တိုင်မှာ ဆုံကြမယ်၊ ကျွန်တော် ဘောင်းဘီအနက်နဲ့ စပို့ရှပ်အနီရောင်ဝတ်လာ မယ် နေကာမျက်မှန်လဲ တပ်လာမယ်။ အဲဒါ ဆိုရင် ကျွန်တော်ဆိုတာ သိနိုင်တယ် မဟုတ် လား"

"ရပြီလေ ကျွန်တော် မောင်းလာမယ့် ကား က အဖြူရောင် နံပါတ်၃ခ/. . . . ."

"OK........"

တစ်ဘက်ကဖုန်းချသွားသည်။ရင်ခုန် ၍ ကျန်ရစ်သူက ဒေါ်နာကြူတို့ဇနီးမောင်နှံ။

◆ ◆ ◆ ◆ ◆ ◆

နောက်တစ်နေ့(၂၄. ၃. ၂၀၀၄ရက်နေ့) ဒေါ်နာကြူတို့ ဇနီးမောင်နှံ ကိုယ်ပိုင်ကားကို မောင်း၍ ဂျမ်းရှင်းအိပ်ရှိမှတ်တိုင်သို့ ရောက်ခဲ့ ကြသည်။ဘောင်းဘီအနက်စပို့ရှပ်အနီရောင် နှင့် နေကာမျက်မှန်တပ်ထားသော လူတစ် ယောက်က သူတို့ကားအနီးလာရပ်၍သူ့ကိုယ် သူမိတ်ဆက်သည်။

"ကျွန်တော်က လီရှောက်နင်ပါခင်ဗျာ"

"ဩော်. . . အေး. . အေး. . ကားပေါ် တက်"

လီရှောက်နင်က ကားနောက်ခန်းမှာ ဝင်ထိုင်သည်။

ဒေါ်နာကြူ၏ခင်ပွန်းက ကားကိုဖြည်း ဖြည်းချင်းမောင်းထွက်ခဲ့၏။ကားနောက်ခန်းမှ လီရှောက်နင်က အဝတ်နှင့်ထုပ်ထားသော အထုပ်ကိုဖြေလိုက်သည်။ ကားအတွင်းတိုးဝင် နေသည့် နေရောင်နှင့် မျက်စိကျိန်းစပ်မတတ် ပါပင်။လီရှောက်နင်က ငွေဒင်္ဂါး နမူနာတစ်ချို့ တရုတ်နိုင်ငံသုံးငွေစက္ကူအဟောင်းများနှင့် ရွှေ ရုပ်ထုတစ်ခု၊ ရွှေတုံးတစ်တုံး ကိုပြသည်။

"ဒါတွေ ဟာ ရွှေအစစ်တွေလား အတု တွေလားဆိုတာ စစ်ဆေးပေးပါခင်ဗျာ"

"ဒီအတိုင်းကြည့်လို့ကတော့ ကိုယ် တို့လဲ အတပ်မပြောနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအကြောင်း နားလည်တဲ့ လူကို ပြကြည့်မှပဲ အတိအကျ ပြောလို့ရမယ်"

"ဩော် . . ဟုတ်တာပေါ့ ဒီရွှေတုံးကို ကျွန်တော်ပဲကြည့်မယ်ဗျာ"

လီရှောက်နင်က ရွှေတုံးကိုမရမက ဖွဲ့ သည့် အတော်အကြာကြာဖွဲ့တော့မှ ရွှေစတစ်စပဲ့ပါလာ၏။လီရှောက်နင်ကလှမ်းပေးသည်။

"ပြကြည့်ပေးပါခင်ဗျာ အကယ်၍ အစစ်ဆိုရင် ဈေးဖူးမမေ့ပါဘူး . . ထိုက်ထိုက် တန်တန် ဈေးဖူးဆပ်ပါ့မယ် ကဲ . . ကျွန်တော် ဒီမှာပဲ ဆင်းနေခဲ့တော့မယ်"

ကားကို ရပ်ပေးလိုက်သည်။သူဆင်း သွားသည်မှာ သမိုင်းလမ်းဆုံ. . .

လီရှောက်နင်ပေးလိုက်သောရွှေနမူနာ အား မိတ်ဆွေပန်းတိမ်ဆိုင်မှ ပန်းတိမ်ဆရာ အားပြကြည့်သည်။ပန်းတိမ်ဆရာက စမ်းသပ် စစ်ဆေးကြည့်ပြီးနောက်. . .

"ရွှေအစစ်ပါ. . . အခေါက်ဗျ . . ။ ကောင်းလိုက်တဲ့ရွှေဗျာ အိနေတာပဲ အဲဒီလို ရွှေမျိုးရောင်းမယ်ဆိုရင်တော့ ဘယ်နှစ်ပိဿာ ဖြစ်ဖြစ်ဝယ်ချင်ပါရဲ့ဗျာ. . . ဟဲ. . . ဟဲ့ . . ဟဲ"

ကြားရသည့် သတင်းကြောင့် ဝမ်းသာ သွားသည်။ရင်ထဲမှာ လောဘတွေ ရှန်းကြွ လာ၏။ရွှေတွေကသူနှင့်လည်းဆိုင်နေသလိုပင်။

◆ ◆ ◆ ◆ ◆ ◆

၂၅. ၃. ၂၀၀၄ ရက်နေ့
နံနက် ၉ နာရီ (၃၀) မိနစ်

တီ. . . . တီ. . . . တီ. . . . .

ဒေါ်နာကြူက ဖုန်းကိုကောက်ယူနားထောင် သည်။

"ဟဲလို . . အမိန့်ရှိပါရှင်"

"ကျွန်တော် လီရှောက်နင်ပါအဒေါ် မနေ့က ကျွန်တော်နမူနာပေးလိုက်တဲ့ ရွှေကိုစွ ဘာထူးလဲသိချင်လို့ပါ"

"ဩော် အစစ်လို့ပြောတယ်ကွယ့် မင်း တော့ပွတာပဲဟေ့"

"ဝမ်းသာလိုက်တာအဒေါ်ရယ် . . ကျွန် တော်မနေ့ကပြောတဲ့အထဲမှာ ပါပါတယ် အဒေါ်နဲ့ဦးလေးကို ကောင်းကောင်းဈေးဖူး ဆပ်မယ်ဆိုတာလေ အဒေါ်သတိရတယ်မ ဟုတ်လား"

"ရပါတယ်ကွယ် . . ရပါတယ်"

"ဒါဆိုရင်တော့ . . တိုင်ပင်စရာရှိတာ တိုင်ပင်ရအောင် အဒေါ်တို့ (၈)မိုင်ကားမှတ် တိုင်ကို လာခဲ့ပါလား ခင်ဗျာ. . . "

"ကောင်းပါပြီကွယ်"

◆ ◆ ◆ ◆ ◆ ◆

လင်မယားနှစ်ယောက် ၈ မိုင်ကားမှတ် တိုင်သို့ရောက်သွားသောအခါ လီရှောက်နင် နှင့်အတူ အဖော်တစ်ယောက်ကိုပါတွေ့ရ သည်။ကားရပ်ပေးလိုက်လျှင် နှစ်ယောက်စလုံး ကားပေါ်သို့တက်ထိုင်၏။ကားပေါ်သို့ရောက် လျှင် ရောက်ချင်းမှာပင် လီရှောက်နင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အခေါ်က သူတို့သယ်ဆောင်လာသည့် ရွှေရုပ်တုအကြီး (၈)ခု၊အသေး(၃၀)၊ရွှေတုံး အတုံး(၃၀)၊ငွေဒင်္ဂါး(၁၄)ပြား ၊တရုတ်ဘာသာဖြင့်ရေးသားထားသည့် သေတမ်းစာ (၁)စောင် ၊ တရုတ် နိုင်ငံသုံး ငွေစက္ကူအဟောင်းရှစ်ရွက်ကို ပြပြီး နောက် လီရှောက်နင်က. . . . . .

"ဒီပစ္စည်းအားလုံးရဲ့ စုစုပေါင်းတန်ဖိုးဟာ သိန်း(၁၀၀၀)ကျော်လောက်ရှိပါတယ် ဒီပစ္စည်းတွေကို ရောင်းပေးမယ်ဆိုရင် အကျိုးဆောင်ခအဖြစ် ၅ ပုံ ၁ ပုံပေးပါ့မယ်"

သူတို့အတွက် ပွဲခသိန်း(၂၀၀)လောက် ရမည်မို့ လင်မယားနှစ်ယောက် စလုံးပီတီတွေ ဖြစ်သွားသည်။တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အပြုံးပွင့်တွေ ဝေသည်။ ထိုအချိန်မှာပင် လီရှောက်နင်က သူ့စကားကို ဆက်ပြန်သည်။

"ကျွန်တော် တစ်ခုတော့ တင်ပြပါရစေခင်ဗျာ"

"ဘာများပါလိမ့်ကွယ်. . . ပြောစရာရှိတာအားမနာပါနဲ့"

"ဒီလိုပါခင်ဗျာ သိန်း ၁၀၀၀ ကျော်တန်တဲ့ ရွှေထည်ပစ္စည်းတွေကို ကျွန်တော်က ယုံကြည်စွာအပ်နှံထားစဉ်ကာလ အတွင်းမှာ စရန်ဖြစ် သိန်း(၁၀၀)လောက်တော့ကျွန်တော့်ကို ပေးထားစေချင်ပါတယ်"

သူ့တင်ပြချက်ကတရားမျှတသည်ဟု ထင်သည်။လင်မယားနှစ်ယောက်တစ်ယောက် မျက်နှာတစ်ယောက်ဖျတ်ကနဲကြည့်မိကြရင်းမှ ပြိုင်တူလိုပဲခေါင်းကိုဆတ်ခနဲ ညိတ်လိုက်

"ကောင်းပြီလေ ကိုယ့်အမျိုးသမီး
ကားနဲ့ အိမ်မှာ သွားယူလိမ့်မယ်၊ ကိုယ်ကတော
မင်းတို့နဲ့အတူ ဒီမှာစောင့်နေမယ် ဟုတ်လား

ဒေါ်နာကြူကကားကိုကိုယ်တိုင်မောင်
၍ အိမ်ကိုအပြေးပြန်သည်။ခင်ပွန်းဖြစ်သူနှ
လီရှောက်နင်၏အဖွဲ့ကမြိုင်ဟောဝန်ကားပါကင်
တွင် စောင့်နေကြ၏။မကြာပါ ဒေါ်နာကြ
ပြန်ရောက်လာသည်။ ယူလာခဲ့သည့် ငွေက
သိန်း (၁၀၀)ကို လီရှောက်နင်ကို ပေးလိုက်
ပြီးတော့လမ်းခွဲလိုက်ကြသည်။

◆ ◆ ◆ ◆ ◆ ◆

အိမ်ကိုရောက်လျှင်ရောက်ချင်း
မိတ်ဆွေရွှေပန်းတိမ်ဆိုင်ရှင်ကို ဖုန်းဆက်ခေါ်

**ပွဲခ သိန်း–၂၀၀လောက်ရမည်မို့ လင်မယားနှစ်ယောက်စလုံး ပီတီတွေဖြစ်သွားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အပြုံးပွင့်တွေဝေသွားသည်. . .**

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ရွှေရောင်းရန် ကိစ္စဟုဆိုလိုက်လျှင် ခင် ရွှေပန်းတိမ်ဆိုင်ရှင် အပြေးရောက်လာ တော့၏။ဒေါ်နာကြူတို့က လီရှောက်နင်ထံမှ ယူလာခဲ့သည့် ရွှေရုပ်တုနှင့် ရွှေတုံးများကို ပြသည်။ပန်းတိမ်ဆရာက စစ်ဆေးကြည့်၏။

"ဟာ. . . ဒါတွေက ဟိုနေ့က ရွှေမျိုး မဟုတ်ဘူးဗျ အတုတွေ"

"ဗျာ. . ."

"ရှင်. . ."

လင်မယားနှစ်ယောက်စလုံး ပါးစပ် အဟောင်းသား ဖြစ်သွား၏။သူတို့အလိမ်ခံရ ပြီဆိုခြင်းကို သဘောပေါက်သွား၏။ချက်ချင်း ကားပေါ် ပြေးတက်၍ ၈ မိုင် မြိုင်ဟေဝန် ကိုလာခဲ့ကြသည်။ ဒါပေမယ့် ခြေရာလည်း ပျောက် ရေလဲနောက်ခဲ့ပြီ။

◆ ◆ ◆ ◆ ◆ ◆

"အဲဒါပဲ အစ်ကို ဒီကောင်တွေလူလိမ် တွေဗျ ။ကျွန်တော်တို့ကို လိမ်သွားတာ ရက် ၂၀ လောက်ပဲရှိသေးတယ်။ကျွန်တော်တို့ဆီက သိန်း ၁၀၀ရသွားတာတောင် မကျေနပ်နိုင် သေးဘဲ အခုအစ်ကို့ ကိုထပ်ပြီး လိမ်ဖို့ကြိုးစား မှန်ပြီ။

"ကျွန်မအထင်တော့ ဒီကောင်တွေ ဟာ ကျွန်မတို့ကိုလိမ်သွားတဲ့ အဖွဲ့နဲ့ တစ်ဖွဲ့ ထဲဖြစ်ရမယ်။ အလွတ်ပေးလို့ မဖြစ်ဘူး"

"အေး. . ဟုတ်တယ် သက်ဆိုင်ရာကို တင်ပြပြီး အကူအညီတောင်းရမယ်ကွ။ သိကြ သေးတာပေါ့ကွာ။လူလိမ်တွေရေ သတိသာ ထားနေကြပေတော့. . . . ဟင်း. . . . "

ထိုနေ့ (၁၂. ၄. ၂၀၀၄)ရက်နေ့၊ မွန်းလွဲ ၂ နာရီ . . . . . ။

ရေပက်ခံကားများ နှင့် ရေကစား မဏ္ဍပ်များစည်ကားချိန်. . . . ။

လမ်းမတော်မြို့နယ် (၆)ရပ်ကွက်၊ဘုန်း ကြီးလမ်းရှိ ဦးခွန်ယု ၏နေအိမ်သို့ လူစိမ်း သုံးဦးဝင်ရောက်လာသောအခါ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှုရဲတပ်ဖွဲ့ဝင်များနှင့် လမ်းမတော် ရဲစခန်းမှရဲတပ်ဖွဲ့ဝင်များက သက်သေများ နှင့်အတူ ဝိုင်းဝန်းဖမ်း ဆီးလိုက်သည်။

ဖမ်းဆီးရမိသူ(၃)ဦးအနက် အညို ရောင်လွယ်အိတ်လွယ်ထားသူကို သက်သေ များရှေ့တွင်ရှာဖွေရာ၊တရုတ်နိုင်ငံသုံး ငွေစက္ကူ အဟောင်း(၁၃)ရွက်၊ရွှေ ယောင်းကြေးဒင်္ဂါး (၁၄)ပြား၊ တစ်တုံးလျှင် (၆) ကျပ်ခွဲသားရှိ ရွှေတုံး (၆၁)တုံး၊ ရုပ်တုတစ်ခု လျှင် ၃၀ ဒသမ၆၅ကျပ်သားရှိ အန်းတုန်းရုပ်တု (၁၆) ခုနှင့် နိုင်ငံကူးလက်မှတ် (၃)စောင်အပါ အဝင် အညိုရောင်လွယ်အိတ်တစ်လုံးတို့ကို သိမ်း ဆည်းရမိခဲ့သည်။ဖမ်းဆီးရမိသူများကို လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ခေါ်ခဲ့ ကြသည်။ထို့နောက်. . .

"မင်းနာမည်ပြောပါဦး"

"ကျောက်တုံးလီ"

"နေရပ်လိပ်စာ"

"တရုတ်နိုင်ငံ၊ကျုံရှင်းမြို့၊ကျုံးစင်ကျယ် လမ်းမှာနေပါတယ်"

"အသက်ဘယ်လောက်ရှိပြီလဲ"

"(၃၂) နှစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေနာမည်ကရော"

"ကျောက်စုဝင်းပါ"

"မင်းနဲ့လာတဲ့နှစ်ယောက်က ရောမင်းနဲ့တစ်မြို့တည်းသားတွေလား"

"ဟုတ်ပါတယ် ခင်ဗျာ၊အားလုံး ဟုံရှင်းမြို့သားတွေချည်းပါပဲ ၊တစ်ယောက်က ဝမ်ရှောင်ပင်း (၃၉)နှစ်၊ကျန်တဲ့တစ်ယောက်က ဖူကျင်ဇင်း(၃၄)နှစ်ပါ"

"အင်း ဟုတ်ပြီ မင်းတို့အကြောင်းကို ပြောပါဦး"

"ကျွန်တော်တို့ (၃) ယောက် ၇. ၄. ၂၀၀၄ရက်နေ့က တရုတ်နိုင်ငံကနေပြီး လေကြောင်းခရီးနဲ့ လာခဲ့ကြပါတယ် ။ အခု ကျွန်တော်တို့ဆီက ဆရာတို့သိမ်းဆည်းတဲ့ ပစ္စည်းတွေကိုလဲ တစ်ပါထဲယူခဲ့ကြပါတယ်။ တရုတ်နိုင်ငံမှာတော့ ဒီပစ္စည်းတွေဟာ အသုံးမ ဝင်ပါဘူး၊ဒီကိုယူလာကြတာကတော့ ရောင်း လို့ရရင်ရောင်းမယ်၊လိမ်လို့ရရင်လိမ်မယ်ဆို တဲ့ ရည်ရွယ်ချက်နဲ့ယူခဲ့တာပါ"

"ဦးခွန်ယုကိုမင်းတို့ဘယ်လိုသိတာလဲ"

"ကျွန်တော်တို့ တရုတ်နိုင်ငံ ယူနမ် အမျိုးသား သတင်းစာမှာ ဦးခွန်ယုရဲ့ဖုန်းနံ ပါတ်နဲ့ အိမ်လိပ်စာတွေ့လို့ ဦးခွန်ယုကိုပဲ ကျွန်တော်တို့ ပစ်မှတ်ထားလိုက်တာပါဆရာ"

"လွန်ခဲ့တဲ့လက လှိုင်မြို့နယ်မှာ လိမ်သွားတာ ရော မင်းတို့အဖွဲ့ပဲလား"

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ အဲဒီတုန်းကတော့ ကျွန်တော်တို့လိမ်တာသိန်း(၁၀၀)ရပါတယ်။ဒါကြောင့်လဲ ကျွန်တော်တို့ပိုပြီးအတင့်ရဲလာမိတာပါ"

ကျောက်တုံးလီက ဝန်ခံ၍ ကွင်းဆက်အမှုဟောင်း တစ်ခုကိုပါ ဖေါ်ထုတ်လိုက်နိုင်ခြင်းဖြစ်၏။ ဖမ်းဆီး ရမိသူများ တည်းခိုနေထိုင်သည့် တည်းခိုခန်းကိုလည်း ရှာဖွေကြသည်။ တည်းခိုခန်း မျက်နှာကျက်တွင် ဝှက်ထားသော ရွှေအတုဖြင့် ပြုလုပ်ထားသည့် ရုပ်တု (၇)ခု ၊ရွှေအတု (၃၁)တုံး၊ တရုတ်နိုင်ငံသုံး ရှေးဟောင်းငွေစက္ကူ (၆၆)ရွက်၊ တရုတ်နိုင်ငံရှေးဟောင်းကြေးပြား (၂၃)ပြား၊ သတ္တုပြား(၁၆)ပြားနှင့် တရုတ်လိုရေးသားထားသည့် သေတမ်းစာ (၇) ရွက်ထပ်မံသိမ်းဆည်းရမိ၏။

တရားခံများသည် လိမ်လည်ရန် အလို့ငှာတစ်နိုင်ငံမှတစ်နိုင်ငံသို့ လှည့်လည်လာခြင်းဖြစ်၏။မည်သည့်နိုင်ငံ သွားမဆိုနိုင်ငံကြီး သားပီသသူများရှိ သကဲ့သို့ ဒုစရိုက်သမားများ လည်းရှိသည်။သတိပြုသင့်သည်မှာ အပေါ့မလွှယ်ဖို့ဖြစ်၏။ ယုံလောက်အောင်ပြော၍မက်လုံးပေးလာသော လူလိမ်များ၏ထောင်ချောက်ကို ကျော့ကွင်းဟူ၍မြင်တတ်ပါလျှင်။

◆ ◆ ◆ ◆ ◆ ◆

လောင်း×လောင်း×လောင်းလိုက်ပါ. . ရွှဲ အောင်လောင်းလိုက်ပါ. . . ။

ပက်. . ×. . ပက်. . ×. . ပက်လိုက်ပါ မောင်ကြီးတို့လည်းပါ. . . ။

သင်္ကြန်သီချင်းသံကြားမှ သင်္ကြန်ရေအေးမြမြက သူ့ခန္ဓာကိုယ်ကိုရွှဲရွှဲစိုသွား၏။

နွေအပူနှင့် ရင်အပူသည် ခုမှပင် အေးမြသွားတော့သည်။

အခါကြီးရက်ကြီးဖြစ်ပါလျက် သည်တစ်နေ့လုံးလောဘ ဒေါသ မောဟများဖြင့် ရစ်ပတ်နှောယှက်ခံထားရသော ဦးနှောက်ယူသူ့ကိုယ်သူ နောင်တရမဆုံးတော့၊အရှက်မျက်နှာကို မည်သို့ပြရမှန်းပင်မသိ၊အဆိုးထဲက အကောင်းကိုရှာလျှင် သင်ခန်းစာတစ်ခုတော့ ရလိုက်သည်ပေါ့. .... ။

အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘဲ သူတစ်ပါးဥစ္စာပစ္စည်းကို မတရား လိုချင်သည့် လောဘမုဆိုးများက လိမ်ကြသည်။

ငါးစာကိုသာမြင်၍ ငါးမျှားချိတ်ကို မမြင်သောလောဘ ကြောင့်ပင် အလိမ်ခံရသူသည်လည်း သားကောင်ဖြစ်ရ၏။

စင်စစ်တရားခံသည် လောဘပင် မဟုတ်ပါလား . . . . . ။

မောင်သန်းနွယ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အမည်- ကိုမြတ်ထွန်း
အဘအမည် - ဦးစိုးညွန့်
အမျိုးသားမှတ်ပုံတင်အမှတ် - ဘီဂျီအီး -၀၀၇၇၆၅
အလုပ်အကိုင် - ဆေးရောင်းသည်။

အလုပ်အကိုင် ဆေးရောင်းသည်ဟု ဆိုသောအခါ ကိုသီတာသည် မျက်မှောင်တစ်ချက်ကုပ်လိုက်သော ကိုချိုကြီးကို မေးလိုက်သည်။

"ကိုချိုကြီး ဘာဆေးရောင်းတာလဲဗျ"

"ဘာဆေးလဲဆိုတော့ မြွေဆေးနဲ့ မျက်စဉ်းဆေးပါ"

"ဩော်"

ကိုသီတာသည် ပုံစံတွင် လိုအပ်သည်များ ဖြည့်ပြီးနောက်

"ဘယ်နှစ်ရက်နေမှာလဲ"

"တစ်လလောက်နေမယ်ပြောတယ်"

ဒီလိုဆိုရင် တစ်ပတ်တစ်ခါလောက် လာအကြောင်းကြားဗျာ ပုံစံမှာလဲဖြည့်ပေါ့ ခင်ဗျားနဲ့ ဘယ်လိုတော်တာလဲ"

"သူငယ်ချင်းပေါ့၊ သူက ငယ်အနံ့ မြွေဆေးနဲ့မျက်စဉ်းဆေး လိုက်ရောင်းတာပါ။ တစ်နေရာနဲ့ တစ်နေရာ သိပ်ကြာကြာမနေပါဘူး။ ငယ်ငယ်ကလေးထဲက တစ်ကျောင်းတည်းထွက်သူငယ်ချင်းတွေ ကွဲကွာသွားလိုက်တာ အခုမှလာတွေ့တာပါ။ လာတွေ့တော့လဲ ကြည့်ဦး၊ သူပြနေတဲ့မျက်လှည့်ဝိုင်းကို ဝင်ကြည့်ရင်း ထင်လို့နှုတ်ဆက်ကြည့်တာ သူဖြစ်နေတာနဲ့ အိမ်ကိုလိုက်လာတာပါ"

"မျက်လှည့်လည်းပြတတ်တာကိုး၊ နောက်မှအေးအေးဆေးဆေး မျက်လှည့်ဗဟုသုတလေးဘာလေး ဆည်းပူးရဦးမယ်"

ကိုသီတာသည် ည (၉) နာရီထိုးမှ ဧည့်စာရင်းလာတိုင်သော နှစ်အိမ်ကျော်လောက်မှ ကိုချိုကြီး၏ ဧည့်စာရင်းကို ပုံစံတွင် ဖြည့်ပြီး ရပ်ကွက်ရုံးသို့ ထွက်လာခဲ့သည်။

* * * *

စနေနေ့တစ်နေ့တွင် ကိုသီတာသည် မြို့ထဲတွင် ဝယ်စရာကိစ္စလေးတစ်ခုရှိသောကြောင့် ရုံးမှ နည်းနည်းစောကာ ဆင်းလာခဲ့သည်။ ရုံးမှထွက်၍ မြို့ထဲတွင် တစ်ပတ်ပတ်ပြီး နေထိုင်ရာရပ်ကွက်သို့ ပြန်လာသောအခါ လမ်းထိပ်ဈေးနားက ပလက်ဖောင်းတစ်နေရာ လူတစ်အုပ် ရှုန်းစုရှုန်းစု လုပ်နေသည်ကို တွေ့လိုက်ရသည်။

လူကြားထဲမှ အော်သံတစ်ခုကိုလည်း ကြားလိုက်ရသည်

"ဝင်ကြည့်ခဲ့ပါ အားမနာပါနဲ့၊ မျက်စိမှုန်နေသလား၊ မွဲနေသလား၊ မကြည်မလင်ဖြစ်နေသလား၊ မျက်ရည်ပူတွေကျနေသလား၊ မျက်ဝတ်တွေထွက်နေသလား၊ မျက်ချေးတွေ ပိတ်နေသလား၊ မျက်စဉ်းတစ်ခါခတ်ရုံနဲ့ သိသာသွားစေရမယ်၊ ဒါထက်မက ဆိုးနေတဲ့တိမ်သလ္လာတွေ၊ မျက်စိအတွင်းဒဏ်ရာ ဒဏ်ချက်တွေဖြစ်ပြီး ဝိုးတဝါးဖြစ်နေတဲ့လူတွေ၊ တစ်ဖက်ကွယ်နေတဲ့လူ၊ နှစ်ဖက်ကွယ်နေတဲ့လူတွေ ဒီကျောက်ချဉ်နက်ကို ရေစိမ်ပြီး ခတ်ကြည့်ပါ။ တစ်ပတ်အတွင်း သိသာလာပါလိမ့်မယ်။ ကချင်ပြည်နယ်က တောထဲတောင်ထဲမှာ ခက်ခက်ခဲခဲ ရှာဖွေလာရတဲ့ ကျောက်ချဉ်နက်ပါ။ မမြင်ဖူးရင်



www.burmeseclassic.com


www.burmeseclassic.com

ဟောဒီမှာ ကြည့်ထားကြပါ။ မျက်စိဝေဒနာရှင်တွေအတွက် စေတနာရှေ့ထားပြီး ဆေးဝါးဒါန ပြုပေးတာပါခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တို့လဲ လူသားတွေပါ။ အသက်နဲ့ခန္ဓာ ဆက်လက်တည်တံ့နိုင်ရေးအတွက် အစာအဟာရဖြည့်တင်းရပါတယ်၊ ဒီကျောက်ချဉ်နက်ကို ရဖို့အတွက် ငွေကုန်ကြေးကျ အပင်ပန်းအဆင်းရဲခံပြီး ကချင်ပြည်နယ်ထဲကို သွားရောက်ရပါတယ်။ ဒါကြောင့်မို့ ဝေဒနာရှင်တွေလဲ သုံးနိုင်အောင် ကျွန်တော်တို့အတွက်လည်း ဝမ်းရေးကာမိအောင် တစ်ခုကို အစိတ်နဲ့ရောင်းပါတယ်။ မများပါဘူးခင်ဗျာ အစိတ်ထဲပါ။ မျက်စိဝေဒနာရှင်တွေအတွက် တစ်ခါ ခတ်ကြည့်ရုံနဲ့ ထူးခြားလာပါလိမ့်မယ်"

မျက်လှည့်ပြ၍ရောင်းနေသော အဖွဲ့ဖြစ်သည်။

ကိုသီတာသည် ကျောက်ချဉ်နက်ဆိုသောကြောင့် စဉ်းစားလိုက်သည်။ ကိုသီတာ ယေဘုယျအားဖြင့် သိထားသည်မှာ ကျောက်ချဉ်ဆိုတာ အဖြူရောင်ပဲဖြစ်သည်။ အနက်ရောင်က ရှားပါးသည်ဟုဆို၏။ ရှိသည်ဟု ကြားဖူးသော်လည်း တစ်ခါမျှ မမြင်ဖူးပေ။ အခုတော့ ကျောက်ချဉ်နက်ဆိုတာကို လာတွေ့နေရသည်။

ပြီး - ဆိုသေးသည်။ ကချင်ပြည်နယ်က ရှာဖွေလာသောပစ္စည်းတဲ့။ ထူးထူးဆန်းဆန်းပါလား။ ဆေးရောင်းနေ



သောလူ၏ လက်ထဲကာဗန်းကလေးထဲတွင် မည်းမည်းအတုံးကလေးတွေ တွေ့ရသည်။

"ကဲ - နောက်ထပ်ဆေးတစ်ခုကို ပြောပြလိုပါသေးတယ် ဒါကတော့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး မြွေဆေးပါပဲ။ အခုလို လူကြီးမင်းတို့နေထိုင်ရာ ရပ်ကွက် ချောင်ကြိုချောင်ကြားတွေမှာရှိတဲ့ မြွေဆိုးမြွေဟောက်တွေဟာ လူတွေကို မကြာခဏ အန္တရာယ်ပြုတတ်ပါတယ်။ ဒီမြွေဆိုးတွေကို ကာကွယ်ဖို့အတွက် မြွေဆေးခင်ဗျာ့ ဟောဒီမှာ လက်တွေ့ပြပါမယ်"

ရပ်နေသောလူတစ်ယောက်ကို လက်ပြလိုက်သည်။ ထိုလူက ပခြုပ်ကြီးတစ်လုံးထဲမှ မြွေတစ်ကောင်ကို ခေါင်းမှကိုင်၍ ဆွဲထုတ်လိုက်သည်။ လက်မောင်းလုံးလောက်ရှိသော မြွေဟောက်ကြီးတစ်ကောင်ဖြစ်သည်။ မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်နှင့် မြွေဟောက်ကြီးက ပါးပျဉ်းကြီးထောင်၍ ထလာသည်။

"ဒီမြွေကို အစာမကျွေးတာ နှစ်ပတ်လောက်ရှိပါပြီ။ ဒါကြောင့်မို့ သိပ်ဒေါသကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒေါ်သကြီးမကြီးမယုံရင် ကြည့်ပါ"

ဆေးရောင်းသည့်လူက မြွေဟောက်ကြီးရှေ့တွင် ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လှဲ၍ အရောင်ပြလိုက်သည်နှင့် မြွေဟောက်က ဒူးတစ်ဖက်ကို ဒေါ်သတကြီးနှင့် လှမ်းပေါက်လိုက်သည်။ လွဲသွားသည်။ ထိုလူက မြွေကို ခေါင်းကနေဖမ်းကိုင်၍ ပရိသတ်ဘက်ကို ယူလာသည်။

"တချို့က ပြောကြတယ်၊ မြွေကို အဆိပ်ထုတ်ထားလို့ အစွယ်ချိုးထားလို့တဲ့၊ ဟောဒီမှာ ကြည့်ပါ"

မြွေခေါင်းကို ကိုင်၍ ပါးစပ်ကို ဆွဲညှစ်ပြလိုက်သည်နှင့် အစွယ်နှစ်ချောင်းက ထွက်လာသည်။

"ဒီလိုမြွေဆိုးမြွေဟောက်တွေဟာ နှစ်စဉ် လူပေါင်းမြောက်များစွာကို သေကြေပျက်စီးစေတဲ့ အန္တရာယ်ကို ပေးနေပါတယ်။ ဒီအန္တရာယ်ကို ကာကွယ်ဖို့အတွက် မြန်မာ့ဆေးပင်ဆေးမြစ်တွေထဲက ရှာဖွေထားတဲ့ မြွေနိုင်ဂမုန်းဖြစ်ပါတယ်။ ဒီဂမုန်းပင်ဟာ အပွင့်နီနီကလေးတွေ ပွင့်ပါတယ်။ ဒီဂမုန်းအပင်ကို ယူလာဖို့မလွယ်ပါဘူး။ ဒီမြွေနိုင်ဂမုန်းဟာ ဟောဒီလိုပိတ်စအနီကလေးနဲ့ ပတ်ထားမှသာလျှင် အစွမ်းထက်ပါတယ်။ ပိတ်စအနီနဲ့ ပတ်မထားရင်တော့ ဘာမှအစွမ်းထက်မှာ မဟုတ်ပါဘူး။ ပိတ်စအနီနဲ့ မြွေနိုင်ဂမုန်းဟာ ဓာတ်တူနာမ်တူဆိုတဲ့သဘောပါ။ လူကြီးမင်းများမယုံရင် ဟောဒီပိတ်စအနီကလေးကို ဖြည်ပြီး ဒီဂမုန်းကို ထုတ်လိုက်ပါ။ ဟောဒီလက်ဝါးပေါ်ကိုတင်ပြီး စမ်းသပ်ပြပါမယ်"

ပိတ်စအနီထဲက အရာဝတ္ထုတစ်ခုကို ထုတ်၍ ဆေးရောင်းသူက လက်ဝါးထဲတွင် ထည့်ကာ ပါးပျဉ်းခွက်နေသော မြွေရှေ့တွင် လက်ဝါးဖြန့်ပြလိုက်သည်။ မြွေက လက်ဝါးကို ဒေါ်သတကြီး ပေါက်ချလိုက်သည်။ အရှောင်မြန်၍သာ တော်တော့သည်။

"ကဲ- ဒီတစ်ခါတော့ ဒီဆေးမြစ်ကို ဟောဒီလိုပိတ်စအနီထဲမှာ ပြန်ထည့်လိုက်ပြီး ဒီလိုပြလိုက်မယ်ခင်ဗျာ"

ဆေးမြစ်ကိုယူ၍ ပိတ်စအနီတွင် ကျစ်ကျစ်ပါအောင် ပြန်ထုပ်ကာ ဆေးမြစ်ထည့်ထားသော ပိတ်စအထုပ်ကို လက်ဝါးထဲတွင်ထည့်၍ မြွေရှေ့တွင် ပြလိုက်သည်။

ထိုအခါ ပါးပျဉ်းခွက်နေသောမြွေသည် တစ်ဖက်သို့ ခေါင်းလည်ထွက်သွားသည်။ ခေါင်းလည်နေသောဖက်ကို လိုက်၍ လက်ဝါးကို ထိုးပေးလိုက်သည်။ မြွေက ခေါင်းကျိုးကျသွားကာ မြေကြီးပေါ်တွင် ဝပ်စင်းသွားသည်။ စောစောကလို ဒေါ်သတကြီးပေါက်ဖို့ စိတ်ကူးပင် ထည့်ဟန်မတူ။

ကိုသီတာသည် ဆေးရောင်းနေသောလူ၏ အာဝဇ္ဇန်းရှင်မှုကြောင့် ကျောက်ချဉ်နက်တို့ မြွေနိုင်ဂမုန်းတို့ကို စိတ်ဝင်စားနေသည်။ အထူးသဖြင့် ကျောက်ချဉ်နက်ကို ကိုသီတာ ပို၍စိတ်ဝင်စားနေသည်။ ကျောက်ချဉ်နက် တကယ်အမှန်အကန်ဖြစ်၍ မျက်စိရောဂါများကို တကယ်ပျောက်ကင်းစေပါက ကိုသီတာ ဝယ်ဖို့စိတ်ကူးမိသည်။ ကိုသီတာ တွင် မျက်စိရောဂါစွဲဖေပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မကြာသေး။ စာများများဖတ်၊ စာများများရေးလျှင် မျက်ရည်ပူများကျတတ်သည်။ မျက်ရိုးများကိုက်တတ်သည်။ သို့သော်လည်း ကျောက်ချဉ်နက် တကယ်ဟုတ်မဟုတ်နှင့် မျက်စိရောဂါ ပျောက်မပျောက်ကို ကိုသီတာ လမ်းလျှောက်ရင်း စဉ်းစားပါသည်။ လမ်းဘေးမျက်လှည့်ဝိုင်းကဆေးဆိုတော့လည်း ယုံရအခက် မယုံရအခက်။

****

## တကယ်တော့ ဒါလည်းမျက်လှည့်ဆရာတွေရဲ့ အာဘော်အရ မြေနိုင်ဂမုန်းနဲ့ အဝတ်စအနီဟာ ဆတ်တူနာမ်တူ ဘာညာဆိုတာ လိမ်တာပါပဲ . .

တစ်ပတ်ခန့်ကြာသွားသည်။ ကိုသီတာသည် ရုံးကိစ္စ၊ အိမ်ကိစ္စ၊ လူမှုရေးကိစ္စများဖြင့် မျက်စိရောဂါအကြောင်း သတိမေ့သွားသည်။ ညနေဘက်တွင် ကိုသီတာ့မိတ်ဆွေ ကိုချိုကြီး ရောက်လာသည်။

"ညှော့စာရင်းဆရာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျောက်ချဉ်နက်နဲ့ မြေနိုင်ဂမုန်းရောင်းတဲ့လူတွေ"

"အဲဒါဆိုရင် ကိုချိုကြီးကို မေးရဦးမယ်။ ခင်ဗျား မိတ်ဆွေတွေ ရောင်းတဲ့ ကျောက်ချဉ်နက်က မျက်စိရောဂါတကယ်ပျောက်ရဲ့လား"

"ခြော်- ဟိုမျက်လှည့်ဆရာတွေလား၊ မပြန်သေးဘူးနော်"

"ဟုတ်တယ်ဆရာ၊ တစ်ပတ်တစ်ခါ လာတိုင်ပါဆိုလို့ လာတိုင်တာပါ"

"အေးဗျာ၊ အခုမှသတိရတယ် ဟိုတစ်နေ့က ရုံးကပြန်လာရင်း ဈေးနားမှာ မျက်စဉ်းဆေးနဲ့ မြွေဆေးရောင်းနေတာလေ။ မျက်စဉ်းဆေးက ကျောက်ချဉ်နက်ဆိုလား။ အဲဒီလူတွေလား"

"ဗျာ . . ."

"ကျွန်တော့်မျက်စိမှာ မျက်ရည်ပူတွေကျကျနေလို့ စာများများဖတ်ရင် မျက်ရိုးတွေလဲ ကိုက်တတ်လို့"

ကိုချိုကြီး ဘာမှမပြော ငြိမ်နေသည်။ ကိုသီတာက ကိုချိုကြီးထံမှ အဖြေကို စောင့်နေသည်။ ကိုချိုကြီးထံမှ ဘာသံမျှ ထွက်မလာ။

"ဗျို့-ကိုချိုကြီး၊ ဘာငိုင်နေတာလဲ၊ ခင်ဗျားတို့ဆီက အလကားမတောင်းပါဘူး၊ ပျောက်မပျောက်ဘဲသိချင်တာ"

ထိုအခါကျမှ ကိုချိုကြီးထံမှ သက်ပြင်းချသံနှင့်အတူ စကားသံများ ထွက်လာသည်။

"အေးဗျာ - ကိုသီတာ မေးမှတော့ လိမ်မနေချင်တော့ပါဘူး။ ဒါပေမယ့် ကိုသီတာက စာရေးဆရာဆိုတော့ စာရေးပြီးတော့ အထုပ်မဖြေလိုက်ပါနဲ့၊ ကျွန်တော့်သူငယ်ချင်းတောင် ကျွန်တော့်ကို အတော်ခင်လို့ ပြောပြတာပါ"

ကိုသီတာသည် ကိုချိုကြီး စကားကြောင့် စိတ်ဝင်စားသွား သည်။ အခုထက် ထိတော့ ကိုချိုကြီး၏ ဆိုလိုရင်းကို အမိပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သေး။

"ဆိုစမ်းပါဦးဗျ၊ ခင်ဗျား ကားကို စိတ်ဝင်စားလာပြီ"

"ဒီလိုပါ ကိုသီတာ၊ တကယ်တော့ ကျွန်တော့်သူ ငယ်ချင်းရောင်းနေတဲ့ မျက်စဉ်းဆေးကျောက်ချဉ်နက်နဲ့ မြွေနိုင် မုန်းဟာ တကယ်မဟုတ်ပါဘူး၊ လိမ်တာတွေပါ"

"ဗျာ ---"

"ဟုတ်တယ်၊ လိမ်တာတွေပါ၊ ဒါပေမယ့် ဒီအလိမ်တွေကို ကိုသီတာသိရင် ကိုသီတာ့ စိတ်ထဲမှာဘဲထားပါ။တစ်ခြားလူတွေ မသိပါစေနဲ့၊ စာထဲလဲ ထည့် မရေးပါဘူးလို့ ကတိပေးမလား"

ကိုသီတာစဉ်းစားသည်။ တတိဆိုတာမျိုးက ပေးပြီးလျှင် ဖောက်ဖျက်၍မတောင်း။ ဖောက်ဖျက်ပါကလည်း အချင်းချင်းမျက်နှာပျက်စရာ ဖြစ်လာမည်။ တစ်ခုတော့ရှိသည်။ ကိုသီတာ့အတွက် ဗဟုသုတဖြစ်နိုင်စရာတွေ ပါကောင်းပါမည် ဟု ကိုသီတာတွေးမိသည်။ ထို့ကြောင့် -

"ကဲ- ကဲ၊ ကတိပေးပါတယ်ဗျာ"

"ဒီလိုဆိုရင် ပြောပြမယ်၊ ဒီလိုပါ၊ မျက်စဉ်းဆေးကျောက်ချဉ်နက်က တကယ်မရှိပါဘူး။ ကျောက်မီးသွေးတုံးကလေးတွေကို လွှနဲ့ညီညီဖြတ်ပြီး အတုံးကလေးတွေတုံးထားတာပါ"

"ဗျာ-- ကျောက်မီးသွေးတုံး၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျောက်မီးသွေးတုံးကလေးတွေကို လွှနဲ့ အတုံးကလေးတွေဖြတ်၊ သံပုရာရည် ဒါမှမဟုတ် ရှောက်ရည်ထဲမှာ ၂ ရက် ၃ ရက်စိမ်ထားပြီး တစ်ရက်လောက်နေထုတ်လှန်း၊ တစ်ခါ ၂ ရက် ၃ ရက်ပြန်စိမ်၊ နေပြန်ထုတ်လှန်း၊ ၃ , ၄ ခါ လောက်လုပ်ပြီးရင် ကျောက်ချဉ်နက်ဆိုပြီး ရောင်းလို့ရပါတယ်၊ သူမျက်လှည့်ပြရင်း ညွှန်းတဲ့အတိုင်း မျက်စိမှုန်တာတို့ ဝေတာတို့ မျက်ရည်ပူကျတာတို့ဆိုရင် ဒီကျောက်ချဉ်နက်ကို ရေစိမ်ပြီး မျက်စဉ်းခတ်တော့ ရေထဲမှာ ဒီကျောက်ချဉ်နက်ထဲက သံပုရာရည်၊ ရှောက်ရည်တွေဟာ ပျော်ဝင်ပြီး ဒီရေကို မျက်စဉ်းခတ်တော့ စပ်ဖျဉ်းဖျဉ်းနေတာပေါ့၊ အဲဒါကို မျက်စဉ်းဆေးဆိုပြီး ရောင်းတာပါ"

"ဩော်-- ဩော်-- ဒါဖြင့် မြွေနိုင်ဂမုန်းဆိုတာက ရော"

"အဲဒါလဲ လိမ်တာပါဘဲ၊ အစာမကျွေးဘဲထားတဲ့မြွေဟောက်ကို သူ့ရှေ့မှာ မျက်စိနောက်အောင်လုပ်တော့ စိတ်ဆိုးပြီး ပေါက်မှာပေါ့၊ အစွယ်ချိုးထားတာတို့ အဆိပ်ထုတ်ထားတာတို့တော့မလုပ်ပါဘူး။ မြွေနိုင်ဂမုန်းဆိုတာကတော့ သစ်မြစ်အပိုင်းအစကလေးတွေကို အဝတ်စအနီကလေးတွေနဲ့ ပတ်ထားတာပါ။ တကယ်တော့ ဒါလည်းမျက်လှည့်ဆရာတွေရဲ့ အာဘော်အရ မြွေနိုင်ဂမုန်းနဲ့ အဝတ်စအနီဟာ ဓာတ်တူနာမ်တူ ဘာညာဆိုတာ လိမ်တာပါပဲ။ မြွေက အဝတ်စအနီကိုမြင်ရင် ခေါင်းမထောင်ရဲအောင် လေ့ကျင့်ပေးထားတာပါ ကိုသီတာ။"

"လေ့ကျင့်တာက ဒီလိုပါ၊ မြွေကို အစာမကျွေးဘဲ နှစ်ပတ်လောက်ထားလိုက်တယ်၊ ထားပြီးတော့ တစ်နေ့မှာ မြွေကို ပခြုပ်ထဲကထုတ်ပြီး မြွေနဲ့အရှိုး

www.burmeseclassic.com



[illegible]ချောင်ချောင်ချိချိ ဝင်နိုင်တဲ့ ဝါးလုံး ဒါမှမဟုတ် ပိုက်လုံးထဲကို ခေါင်းသွင်းထိုးထည့်လိုက်တယ်။ မြွေက ပိုက်လုံးအတိုင်း ရှေ့ကဝင်သွားပြီး တစ်ဖက်ကို ခေါင်းထွက်သွားတာနဲ့ အမြီးကနေ ဆွဲထားလိုက်တယ်၊ မြွေက ပိုက်လုံးအတိုင်း နောက်ပြန်မထွက်နိုင်အောင် ခေါင်းကို တစ်ဖက်ကနေဖိထားလိုက်တယ်။ နောက် မြွေရဲ့အမြီးကို အပ်ကလေးနဲ့ပေါက်လိုက်တဲ့အခါ အစာငတ်ခံထားရတဲ့မြွေဟာ ဒေါ်ထလာပြီး ခေါင်းကပါးပျဉ်းထောင်လာရော၊ အဲဒီတော့မှ အရည်ပျော်အောင်အပူပေးထားတဲ့ ဖယောင်းရေပူပူကို အဝတ်စအနီထဲ လောင်းထည့်ပြီး အဝတ်စအနီထုပ်ကလေးကို မြွေရှေ့မှာ ပြလိုက်တဲ့အခါ ဒေါ်ထနေတဲ့မြွေဟာ အနီထုပ်ကလေးကို ပေါက်ထည့်လိုက်တာပေါ့၊ အဲဒီအခါကြတော့ ဖယောင်းရေပူပူထဲ အစွယ်ဝင်သွားတာနဲ့ မြွေဟာ ဖယောင်းပူလောင်တဲ့ဒဏ်ကို မခံမရပ်နိုင်ခံရတော့တာပေါ့။"

"အဲဒီလို မြွေမြီးကနေ အပ်နဲ့ထိုးဆွလိုက် အဝတ်စအနီထုပ်ကလေးပြလိုက်နဲ့၊ မြွေက ပေါက်လိုက်နဲ့ ကြာလာတော့ ဖယောင်းပူခံရတဲ့မြွေဟာ အဝတ်

**အရည်ပျော်အောင်အပူပေးထားတဲ့ ဖယောင်းရေပူပူကို**
**အဝတ်စအနီထဲ လောင်းထည့်ပြီး**
**အဝတ်စအနီထုပ်ကလေးကို မြွေရှေ့မှာ ပြလိုက်တဲ့အခါ**

စအနီမြင်ရင် မပေါက်ရဲတော့ဘူး။ အဲဒီလို တစ်ပတ်လောက် နေ့တိုင်းကျင့်ပေးလိုက်ရင် မြွေဟာ အဝတ်စအနီမြင်တာနဲ့ ဇက်ကျိုးကျသွားတော့တာဘဲ။ မြွေနိုင်ဂမုန်းမို့ အဝတ်စအနီနဲ့ပတ်ပြီး ဓာတ်တူနာမ်တူ ဘာညာဆိုတာကတော့ ဒီအကွက်ထဲဝင်အောင်ပေါ့ ကိုသီတာရယ်၊ သူပြတဲ့မြွေက အဝတ်စအနီကိုမြင်လို့ ဇက်ကျိုးကျ သွားပေမယ့် တစ်ခြားမြွေနဲ့ စမ်းမယ်ဆိုရင်တော့ သိပ်မချောင်ဘူးနော်"

"အဲဒီလိုဆိုရင် မြွေဆေးအစစ်၊ မျက်စဉ်းဆေးအစစ်ထင်ပြီး ဝယ်တဲ့လူတွေ ဒုက္ခမရောက်ဘူးလား"

"ဒါကတော့ သူ့စီးပွားရေ[illegible] လိုင်းကိုး ကိုသီတာရဲ့ ဒါကြောင်[illegible] မို့ ဒီအကြောင်းတွေ မပြောခ[illegible] ကတည်းက ဒီပြင်လူတွေ[illegible] ပြန်မပြောပါနဲ့လို့ ကိုသီတာကို[illegible] ကတိ တောင်းထားတာပေါ့။ တဲ-[illegible] -ကဲ- မိုးချုပ်ပြီ၊ ကျွန်တော်[illegible] ပြန်ဦးမယ် ကိုသီတာ"

ကိုသီတာ့စိတ်ထဲမှာ[illegible] ဘဝင်မကျ။ ကိုချိုကြီးကို ကတိ[illegible] ပေးခဲ့သည်မှာ မှန်သော်လည်း[illegible] မသိနားမလည်သည့် ပြည်သူ[illegible] တွေအပေါ် သည်လိုလိမ်ညာမှု[illegible] မျိုး ဘာမဆိုလုပ်သည့်လူတန်း[illegible] စားတွေကိုတော့ ထုတ်ဖော်သင့်[illegible] သည်ဟု ယူဆမိသည်။

နောက်တစ်နေ့တွင်[illegible] ကိုချိုကြီးအိမ်ရှေ့မှ ကိုသီတာ[illegible] ဖြတ်သွားရင်း

"ကိုချိုကြီး ရှိသလား[illegible]"



www.burmeseclassic.com

www.burmeseclassic.com





"ဟာ ကိုသီတာပါလား၊

ဆို- ဘာကိစ္စ"

"ဩော်- ဟို- ခင်ဗျား

မိတ်ဆွေမျက်လှည့်ဆရာတွေများ

ရှိသလားလို့"

ကိုချိုကြီးက ကိုသီတာ

ကို အကဲခတ်ရင်း-

"ဘာဖြစ်လို့လဲ ကိုသီတာ

ရဲ့"

"ဩော်- ဒီလိုပါ၊ ခင်ဗျား

မနေ့ကပြောသွားတဲ့ ဗဟုသုတ

တွေအပြင် ပိုပြီး စုံစုံစေ့စေ့သိချင်

တာကလေးတွေရှိလို့ မေးကြည့်

တာပါ"

"မနက်ကပဲ အထက်

ဘက်ကို သွားဦးမယ် ဆိုပြီး

အားလုံးပြောင်းသွားကြတာပဲ"

"ဟုတ်လား၊ ဘယ်ကို

သွားမယ်လို့ပြောသွားသေးလဲ"

"သူတို့ကခက်သားလား၊

တစ်မြို့ပြီးတစ်မြို့ မျက်လှည့်ပြ၊

ဆေးရောင်းနဲ့ သွားလာနေတာ

ဆိုတော့ ကျွန်တော်လဲ သေသေ

ချာချာမသိဘူးဗျာ၊ သူတို့က

နေရာအတည်တကျရှိတာမဟုတ်

ဘူး"

"အင်း. . အင်း ဒီလိုဆို

ရင် သွားဦးမယ်ဗျာ"

မည်သို့ဆိုစေ၊ ကိုချိုကြီး

ကို ပေးထားသောကတိပျက်ချင်

ပျက်ပါစေ။ ပြည်သူများသိသင့်

သိထိုက်သောအကြောင်းအရာ

တွေကိုတော့ တစ်ချိန်ချိန်တွင်

ကိုသီတာတတ်နိုင်သည့်ဘက်မှ

စာရေးပြီး တင်ပြရဦးမယ်ဟု

ဆုံးဖြတ်မိလိုက်ပါသည်။ ။

**မောင်မြင့်မား(ဗိုလ်ကလေး)**



www.burmeseclassic.com

www.burmeseclassic.com



အရွယ်လွန်အမှား

# ရထားရဲ့ဝန်ထမ်းတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံန်ရှိ(ဌ)၌ တီဗီပြသနေသော ဇာတ်လမ်းများကိုစိတ်ဝင်တစား ကြည့်ရှုနေသည့် လူငယ်တစ်ဦး၏ အနီးရှိထိုင်ခုံလွတ်နေရာသို့ အသားညိုညိုပိန်ပိန်ပါး ပါးဆံပင်ဖြူအနည်းငယ်ပါရှိသော အသက်(၆၀)ကျော်ခန့်ရှိ လူကြီးတစ်ဦးဝင်ရောက်ထိုင်လိုက်ပါသည်။

အချိန်အနည်းငယ်အကြာတွင်ထိုလူကြီးမှာ အနီးရှိ လူငယ်အား. . . . .

"မောင်ရင်က ဘယ်မြို့ကိုသွားမှာတုန်း . ."

ဟုမေးရာ

"ဩော်. . . ကျွန်တော့်ကိုမေးတာလား၊ ကျွန်တော်က မန္တလေးကိုသွားမှာပါ . ."

"အေး. . အဖော်ရတာပေါ့ကွယ်၊ဘကြီးလဲ မန္တလေးကိုသွားမှာဘဲ . . . . ."

"ဩော်. . ."

"ဘကြီး ကမန္တလေးဘယ်အရပ်ကလဲ . . . ."

လူငယ်က စူးစမ်းချင်သလို မေးမြန်းလာပါသည်။

"ဘကြီးက မျက်ပါးအရပ်ကပါကွယ်. ."

"ကျွန်တော်ကတော့ မန့်တီစုရပ်ကွက်မှာ နေပါတယ်၊ ဘကြီးနဲ့ ခရီးဖော်ရတာပေါ့. ".

"အေး. . သာစုကွယ် သာစု. . သာစု. . . ."

ဘကြီးနှင့်လူငယ်တို့ အလာပသလာပစကားများ ပြောဆိုနေကြပြီးမကြာမီ ဘကြီးဆိုသူသည်ငွေရောင် ဓါတ်ဗူးအသေးထဲမှ ရေနွေး များကို ပလပ်စတစ် ရေခွက်(၂) ခုထဲလောင်းထည့်ပြီး **Super coffee- mix Special** (နှစ်) ထုပ်ကိုဖျော်နေသည် ပြီးလျှင်

"မောင်ရင် ကော်ဖီပူပူလေးသောက်လိုက်ပါဦး ."

ဟုပြောပြောဆိုဆို ကော်ဖီခွက်ကို လှမ်းပေးရာ

"ဟာ နေပါစေ ဘကြီးရယ် အားနာစရာကြီး. . ."

လူငယ်မှာ ထိုသို့ ပြောဆိုလိုက်သော်လည်းကော်ဖီခွက်များကိုမျက်လုံးမှ ရောက်ရှိနေပြီးမခွာနိုင်ဖြစ်ကာဗိုက်ထဲမှလည်း တဂွီဂွီတဂွမ်ဂွမ်ဖြင့်ဆာလောင်မွတ်သိပ်မှုကို တားဆီးမရဖြစ်နေပါတော့သည်။

ကော်ဖီရနံ့လေးမှာလည်း နှာခေါင်းထဲသို့ သင်းတပျံ့ပျံ့ဝင်နေပါသည်။ အချိန်မှာ နေ့လည်(၂) နာရီခန့်ရှိပြီ ဖြစ်သဖြင့်အိပ်ငိုက်နေချိန် အိပ်ချင်ပြေသောက်လိုက်ဦးမှဟု လူငယ်၏စိတ်တွင် ဖြစ်ပေါ်လာသဖြင့် ယူ၍ သောက်လိုက် တော့သည်။

မကြာမီ လူငယ်လည်း အမှတ်(၁)စင်္ကြံန်ရှိ သံဇကာဘောင်ကိုမှီကာ ထိုင်လျက်အိပ်ပျော်သွားသည်။

ဘကြီးဆိုသူမှာ လူငယ်၏ရွှေဆွဲကြိုးကို ဖြုတ်ယူသိမ်းဆည်းလိုက်ပါသည်။ ရွှေလက်စွပ်ကိုလည်းဖြုတ်ယူရာ ကျပ်နေသဖြင့် ဖြုတ်မရဖြစ်နေစဉ်ရန်ကုန်ဘူတာကြီး၌ မှုခင်းကျဆင်းရေးတာဝန် ဆောင်ရွက်နေသော ရဲတပ်သား (၃)ဦးမှမြင်တွေ့သွားပြီးမသင်္ကာဘွယ်တွေ့ရှိ ရသဖြင့် အမူအရာပျက်နေသော ထိုဘကြီးအား ရထားရဲစခန်းသို့ခေါ်ယူစစ်မေးရာ . .

"ဘကြီးမှာ ဘာအပြစ်ရှိလို့လည်း မောင်ရင်တို့ရာ။ ဘကြီးနဲ့ဟောဒီက ဘကြီးနဲ့

www.burmeseclassic.com



တူလေးနဲ့ မန္တလေးကို သွားမလို့ပါကွာ. . . ” ဟု ပြောရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးမှ-

“ကဲ. . ကဲ ဘကြီးရဲ့ တူကိုလည်း နှိုးလိုက်ပါ ရဲစခန်းကြမှပြောကြတာပေါ့. . . ”

“နှိုးလို့မရဘူးကွဲ့ သူကနေထိုင်မကောင်း ဖြစ်နေတော့ အခုလေးတင်ဆေးသောက် ပြီး အိပ်နေပြီကွဲ့. . . ”

“ဒါမျိုး ကျွန်တော် တို့ကို လိမ်လို့ပတ်လို့မရဘူး၊ဘကြီးဘာလုပ်နေတယ်ဆိုတာ ကျွန်တော်တို့ အစအဆုံးမြင်ပြီးသား. . . ”

“ကဲဟေ့. . . လူငယ်ကို တွဲခေါ်လာခဲ့၊သူ့ပစ္စည်းတွေကိုလဲ အလုပ်သမားနဲ့ သယ်လာခဲ့ပါ၊ ရဲစခန်းကျမှ စစ်ဆေးပြီး မှန်ကန်ရင် ပြန်လွှတ်ပေးမယ်. . ”

ရဲစခန်းရောက်သည်အထိ လူငယ်မှာ သတိမရသေးသဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ပို့ပေးလိုက်ရာ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနမှ ဆရာဝန်ကြီးများ၏ ဆေးစာပြန်လာသည်မှာ လူငယ်ဆေးခပ်ခံရကြောင်း လူငယ်၏အစာ၊

> “ ယောကျ်ားပြီ ရှပ်အကျႌလက်ကို ခါးအောက်နားကနေ သီးခြားချုပ်ထားတဲ့ အိတ်ကလေးပါလား ဘာတွေများရှိမလဲ သိရအောင် စမ်းကြည့်ဦးမှ.. ”

အိမ်ထဲတွင်ကော်ဖီ ဖျော်ရည်များနှင့် ( ATIVAN) ဆေးရည်များရောနှောနေကြောင်း သိရှိရပါတော့သည်။

လူငယ်သတိပြန်ရလာသောအခါ သူ့ကို လူကြီးတစ်ဦးမှ ကော်ဖီဖျော် တိုက်ကြောင်[...] သောက်ပြီးနောက် သတိမ[...] တော့ကြောင်း၊ထိုလူကြီးနှင့်[...] ဘာမှမတော်စပ်ကြောင်းပြော[...] သဖြင့် ရထားရဲတပ်ဖွဲ့မှတာဝန်[...] နှင့်နယ်ထိန်းခေါင်းဆောင်တို့မှ[...] သေသေချာချာ စစ်ဆေးပြီး[...] ရဲတပ်ဖွဲ့ဝင်များ၏ပညာသားပါ[...] စစ်မေးချက်များကြောင့် မ[...] မကွယ်ဝှက်နိုင်တော့ဘဲ ဘကြီး[...] ဆိုသူမှာဖြောင့်ချက်ပေးပါတော့[...] သည်။

“ဘကြီး၏အမည်[...] လှမြင့်(ခေါ်)မြင့်လွင်(ခေါ်[...] သန်းထွန်းဖြစ်ပါတယ်။ အသ[...] က(၆၇)နှစ်ပါအဖေရဲ့ အမည်[...] ဦးဘအောင်။ဘကြီးနေတာ[...] အောင်ဇေယျလမ်း(၁၁)ရပ်ကွ[...] မြို့လှပိုင်းခရမ်းမြို့နယ်မှာနေ[...] တယ်ကွယ်။အခုဒီကောင်လေး[...] ကို အဘကပဲ ကော်ဖီမစ်[...] ဆေးခပ်ပြီး တိုက်တာပါကွယ်”

“ကော်ဖီမစ်ထဲ (ATI-VAN)အက်တီဗင်စိတ်ငြိမ်ဆေး[...] (အရူးများကိုတိုက်သောဆေး[...] တွေ ထည့်တိုက်လိုက်ပါတယ်[...] ရွှေဆွဲကြိုးကို အရင်ချွတ်ယူ[...] ရွှေလက်စွပ်ကို ထပ်ချွတ်နေတုန်း[...]



www.burmeseclassic.com

www.burmeseclassic.com



ကျပ်နေလို့ ချွတ်မရဖြစ်နေစဉ်မှာပဲ ဖမ်းမိတာပါကွယ် . . . . .

ဘကြီး၂၀၀၀ခုနှစ်(၈) လပိုင်းတုန်းက အမှတ်(၁၇)အဆန် ဒဂုံမန်းအမြန်ရထားပေါ်မှာ ဆေးခပ်သေးတယ် မဟုတ်လား. . ."

"အမလေး. . ကြံကြီးစီရာကွယ်၊ ဘုရားပေးပေး ကျမ်းပေးပေး မဟုတ်ရပါဘူး။ ဒါမျိုးလည်းဘကြီး မလုပ်တတ်ပါဘူး၊ ဒီတစ်ခါ မှားခဲ့တာပါ၊ ဒါကလဲ ဘကြီးမှာ စားစရာမရှိလို့ ကြံရာမရလို့ လုပ်မိတာပါ. . ."


"ဘကြီး ကျွန်တော်တို့ကို ညာမနေပါနဲ့၊ တရားလိုက ဘကြီးရဲ့ ပုံပန်းသဏ္ဌာန်ကို ကျွန်တော်တို့ကို ပြောပြထားလို့ သိပြီးပါပြီ။ ကွန်ပြူတာနဲ့လည်း ဘကြီးပုံတူကို ရုပ်လုံးဖော်ပြီးပါပြီ။ ဘကြီးရဲ့ပုံတူကို ကြည့်ဦးမလား အရပ် ၅ပေ ၇လက်မ၊ အသားညိုညို၊ ပိန်ပိန်ပါးပါး၊ ဆံပင် အနက်၊ နဖူးမှာ နဖူးအရေးကြောင်း (၃)ခု ပါရှိတယ် လို့ ပြောပြထားပါတယ်။ဘကြီးပုံနှင့် တစ်ပုံထဲတူ နေပါလား၊ အမှာညီအစ်ကိုတော့ မဖြစ်နိုင် ပါဘူး နော် ဟဲဟဲ. . .

ရဲတပ်ဖွဲ့ဝင်များ၏စေ့စပ်သေချာမေးမြန်းမှု ဘရိတ်ဒေါင်း စစ်ဆေးမှုများကြောင့်. .

"ဘကြီး အမှန်အတိုင်း ပြောပါတော့မယ်ကွယ် ဘကြီး ဒဂုံမန်း အမြန်ရထား ပေါ်မှာ ကျူးလွန်ပုံက ဒီလိုပါ . . . . ."

*******

၃၀-၈-၂၀၀၀ နေ့က အမြန်ရထား လက်မှတ်ရုံတွင် အဘိုးကြီးတစ်ဦး တစ်စုံတစ်ယောက်ကို စောင့်မျှော်နေရင်း အမြန်ရထား အထက်တန်းလက်မှတ်ပေါက်ကို လည်း မကြာ,မကြာကြည့်လိုက်၊ လက်မှတ်ရုံအဝင်ဝကို ကြည့်လိုက်နှင့် ဗျာများနေပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မကြာမီလူ(၃) ယောက် ဝင်ရောက်လာပြီး အထက်တန်း အိပ်စင်လက်မှတ်ဝယ်ယူနေသည်ကို ထိုလူကြီးမှာ တွေ့ရှိ၍ လူကြီးမှာ ၎င်းလည်း တစ်ဦးတည်း ဖြစ်နေ၍ တစ်စောင် ဝယ်ယူလိုကြောင်း လက်မှတ်ရောင်းစာရေးကိုပြော ရာ၊(၄)ယောက် အိပ်စင်ဖြစ်၍ တစ်ယောက်လိုနေရာ ယခု(၄) ယောက်ပြည့်သွား၍ လက်မှတ် ရောင်းစာရေးမှ ရောင်းချလိုက် ပါသည်။

အထက်တန်းတွဲ (၃) အထက်တန်းအိပ်စင် အမှတ်(D) ဖြစ်ပြီး ထိုင်ခုံများမှ (D 1)ကို ဦးကျင်မောင် ဆိုသူ ဖြစ်ပြီး (အောက်ခန်း)နေရာ ရရှိပါ သည်။ (D 2)ကို အသက် (၄၀) ကျော်ခန့် ဗလကောင်းကောင်း ဖြူဖြူဝဝလူမှရရှိပြီး (အပေါ် ခန်း)နေရာ ရရှိပါသည်။ (D 3) ကို ဦးသန်းထွန်း (ဘကြီးဆိုသူ လူလိမ်) (အောက်ခန်း) ကို ရရှိပြီး (D 4)ကို ဦးသောင်းဖေ (အပေါ် ခန်း)ကို အသီးသီးရရှိကြပါ သည်။ဦးကျင်မောင်၊ဦးသောင်း ဖေ၊ဦးသန်းထွန်းတို့တစ်လမ်းလုံး စကားလက်ဆုံကျပြီး၊ဘုရားတရား အကြောင်း၊လူမှုရေး၊ စီးပွားရေး အကြောင်းများပြောဆို ဆွေးနွေး ကြပြီး၊ ည(၁၂) နာရီကျော်ခန့် ပျဉ်းမနားဘူတာ အလွန်တွင် ဦးသန်းထွန်းဆိုသူမှ . . . .၊

"ကဲ. . ဦးကျင်မောင်နဲ့ ဦးသောင်းဖေတို့ မုန့်နဲ့လက် ဖက်ရည်လေး အိပ်ချင်ပြေ သုံး ဆောင်လိုက်ကြပါဦး . . . ."

ပြောပြောဆိုဆို မုန့်(၂) ချပ်ကြားတွင် စတော်ဘယ်ရီယို သုပ်ထားသော ပေါင်မုန့်တစ်ချပ် စီကိုဝေပေးရင်း. . .။

* * * * *

လက်ဖက်ရည်ပူပူလေး သောက်လိုက်ပါဦးဟု ပြော၍ ပလပ်စတစ် ခွက်များနှင့် ထည့်၍ တစ်ယောက်တစ်ခွက်စီပေးနေရာ နေရာဦးကျင်မောင်နှင့်ဦးသောင်းဖေ တို့မှာတစ်ခန်းတည်း အတူတူ ရထားစီးနင်း လိုက်ပါလာသူ တစ်ဦး၏လူမှုရေးအရ ဧည့်ခံ မှုကိုငြင်းဆန်ရန် မသင့်သဖြင့် သောက်လိုက်ကြပါသည်။

(D2 )တွင် စီးနင်းလိုက် ပါလာသူ အသားဖြူဖြူဝဝ အသက်(၄၀) ခန့်ရှိသူမှာ အပေါ် ထပ်တွင်အိပ်ပျော်နေ၍မသောက် လိုက်ရပါ။

မကြာမီ နှစ်ယောက် သားလောကကြီးနှင့်ကင်းကွာပြီး အိပ်ပျော်သွားကြပါသည်။

ကိုသန်းထွန်းဆိုသူမှာ ထိုအခါမှ လုပ်ငန်းစပါတော့ သည်။ဦးသောင်းဖေ၏ ကိုယ် နှင့်အပေါ် အင်္ကျီအိတ်ကို ရှာဖွေ ရာ ဘာမှမတွေ့ရှိသဖြင့်. . .၊

"ဟင်းဟင်း တော်တော် လည်တဲ့လူအိတ်ထဲမှာ ခြူးတစ် ပြားတောင် ထည့်မထားဘူး ကြော်. . . . ဒါကြောင့်ဘဏ် မန်နေဂျာ ဖြစ်နေတာပေါ့. . "

ထို့နောက်ဦးကျင်မောင် အင်္ကျီအိတ်ကိုရှာရာ. . .၊

"ဟာ. . ဒီလူတော်တော် လည်တာပဲ၊ အင်္ကျီအိတ်ထဲမှာ မရှိဘူး၊ ကိုယ်ခန္ဓာ ခါးအောက် ပိုင်းကို ရှာဦးမှ. . . . . ."

"ဟော. . . တွေ့ပြီရှပ် အင်္ကျီအိတ်ကို ခါးအောက် နားမှာ သီးခြားချုပ်ထားတဲ့ အိတ် ကလေးပါလား၊ ဘာတွေများရှိ မလဲ သိရအောင် စမ်းကြည့်ဦး မှ. . ."

"ဟာ ရွှေခဲလေးတစ် ခဲပါလား။ တော်တော်အရှိန်



www.burmeseclassic.com

www.burmeseclassic.com





တာပဲ၊ရွှေလက်စွပ်တစ်ကွင်း၊ဟင်
ငွေကျပ် ၅-သောင်းအုပ်ပါလား
တာပဲ. . "ဟု ရှင်လန်းတက်ကြွစွာ
ပြောဆိုယူဆောင်၍ သာစည်
တာသို့ ရောက်သည်နှင့် ဆင်း
နေခဲ့ပါတော့သည်။

နံနက် (၇) နာရီတွင်
န္တလေးသို့ ရထားဆိုက်ရောက်
ဦးသောင်းဖေနှင့်ဦးကျင်မောင်
တို့မနိုးသေးသဖြင့်အပေါ် ခန်းမှ
ဖြူဝဝလူမှအတင်းနှိုးမှ နိုးလာ
ကြပါသည်။

၎င်းတို့နှစ်ဦးမှာ ခေါင်း
ခဲမှ မူးဝေနေကြပြီး လေးဘီး
ငှားကားကို အတူတူပေါင်း၍
ားစီးလာကြရာ ဦးသောင်းဖေ
အစိမ်းရောင်အရည်များအန်ချ
ိုက်ပါသည်။

ဦးကျင်မောင်လည်းနေ
အိမ်ပြန်ရောက်၍ အိမ်အနီးရှိ
ဆရာဝန်အားပြကြည့်ရာ ဆရာ
ဝန်မှ မသက်ာဖြစ်၍ ဆရာဝန်
ညွှန်ကြားချက်အရ တော်ဝင်
အထူးကုဆေးခန်းသို့ သွားပြမှ
ဆေးခပ်ခံရကြောင်း သိရှိကြပြီး
ဆေးဝါးကုသ၍ အိမ်ပြန်လာ
ရာမကြာမီ သတိလစ်သွားပါ
သည်။၅ နာရီ ခန့်ကြာမှာ သတိ
ပြန်လည်ရရှိပြီး၊ မန္တလေးရထားရဲ
စခန်းသို့ အမှုတိုင်ကြားရာ (ပ)
၇၅၂/ ၂၀၀၀ ပြစ် မှုဆိုင်ရာ
ဥပဒေပုဒ်မ ၃၇၉/၃၂၈ ဖြင့်
အမှုဖွင့် အရေးယူခဲ့ပါသည်။

ကိုသဲမောင် (သ)၂၆နှစ်
(ဘ) ဦးစိုးမောင် နေရပ်အမှတ်-
၁၀၆၊၁၇လမ်း၊မုန့်တီစုရပ်ကွက်၊
မန္တလေးမြို့နေသူမှ ရန်ကုန်
ရထားရဲစခန်း တွင် (ပ)၇၉/
၂၀၀၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ
၃၇၉/၃၂၈ဖြင့် လည်းကောင်း
ဦးကျင်မောင် (ခ)ယူဂျကိုပင်
(သ)၇၁ နှစ်၊(ဘ) ဦးစိ သူများ
နေရပ် ၊အမှတ် (၁၁၈)၊၃၉သည်။
မဟာအောင်မြေမြို့နယ် မန္တလေး
မြို့နေသူမှ မန္တလေးရထား
ရဲစခန်းတွင် (ပ) ၇၅၂/ ၂၀၀၀
ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ
၃၇၉/၃၂၈ ဖြင့် လည်းကောင်း၊
လှမြင့်(ခ)မြင့်လွင်(ခ) သန်းထွန်း
(သ)၆၇နှစ်၊(ဘ) ဦးဘအောင်
နေရပ်၊(အမှတ်မရှိ)အောင်ဖေယျ
လမ်း(၁၁)ရပ်ကွက်၊မြို့လှပိုင်း၊
ခရမ်းမြို့နယ်နေသူအား ဖမ်းဆီး
တရားစွဲနိုင်ခဲ့ပါသည်။

ပြည်သူကိုအမြဲကာကွယ်
စောင့်ရှောက်နေသော ပြည်သူ့ရဲ
များ၏စွမ်းစွမ်းတမံ ဆောင်ရွက်
ခဲ့မှုကိုလက်တွေ့ ဖေါ်ဆောင်ခဲ့ပြီး
မဟုတ်ပါတကား. . . . ။

ရထားရဲဝန်ထမ်းတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



" ပစ္စည်းတို့၊ ငွေတို့ကို လိမ်လည်လှည့်ဖြားပြီး၊
ကိုယ်ကျိုးအတွက် သုံးစွဲပစ်သူများကို
အပြစ်ပေး အရေးယူတဲ့ ပုဒ်မပေါ့
အဲဒီလိုလူမျိုးကို၊ လူလိမ်လို့ခေါ်ကြတော့ ပဲ... "





www.burmeseclassic.com

www.burmeseclassic.com



ဖိုးတွမ်တီးဆိုသည်မှာ အင်္ဂလိပ် အသံထွက်စကားကို လိုက်၍ သုံးနေကြခြင်းဖြစ်သည်။ အဓိပ္ပါယ် အပြည့်အစုံကို သိသူများရှိသကဲ့သို့ အများသုံး၍သာ သုံးနေရသည်၊ အဓိပ္ပါယ်အပြည့်အစုံကို မသိရှာပဲ ရောယောင်သုံးနေကြခြင်းလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေ၊ လူအများစု၏ ပါးစပ်များတွင် နှုတ်ကျိုးနေသည်မှာ အမှန်ဖြစ်သည်။

တစ်ခါက စာရေးသူ မွေးရပ်မြေသို့ ရောက်သွားခဲ့သည်။ အမျိုးတော်သူဘကြီးတစ်ယောက်အိမ်သို့ ရန်ကုန်လက်ဆောင်များ သွားပေးခဲ့သည်။ ဘကြီးဖြစ်သူက အသက်(၈၀)ကျော်နေပြီ ဖြစ်သည်။ အလွန်ရိုးသားသည်၊ အသွားအလာနည်းသည်၊ မိမိမြို့ကိုပင် တစ်နှစ်ကြာ၍ တစ်ခေါက်ရောက်ချင်မှ ရောက်သည်။

စာရေးသူရောက်သွားသည့်အခါ အလွန်ဝမ်းသာနေသည်။ ရေနွေးကြမ်းသောက်ကြရင်းက သူသိလိုသည်များကို ဟိုမေး၊ ဒီမေး လုပ်တော့သည်။

“လူလေး မင်းကိုမေးရဦးမယ်၊ တို့ရွာအနောက်ပိုင်းက ညွှန့်သားအကြီးကောင် ညွှန့်ရွှေ ရန်ကုန်မှာ ဖိုးတွမ်းတီးဖြစ်နေတယ်ကြားတယ်၊ မင်းနဲ့ကော တွေ့သေးသလား၊ ဒီကောင် ပညာအရည်အချင်း သိပ်မရှိပါဘူး။ ရာထူးတွေဘာတွေ ရနေတယ်ဆိုတော့ မဆိုးဘူးကွ၊ ဖိုးတွမ်တီးဆိုတာ လခကော ဘယ်လောက်ရသလဲ၊ တော်တော်တော့ ရမယ်ထင်တယ် ဝမ်းသာသကွာ”

ဘကြီးစကား ကြားလိုက်ရသည်မှာ ရယ်ရမလို ငိုရမလို ဖြစ်ခဲ့ရသည်၊ တောရွာမှာနေ တောသဘာဝလုပ်ငန်းများတွင်သာ ကျင်လည်နေခဲ့ရသည်၊ ငယ်စဉ်ကလည်း ပညာကောင်းကောင်း မသင်ခဲ့ရသည့်အတွက် မိမိလက်မှတ်ကိုပင် ကြက်ခြေခတ်ခဲ့ရသည့် ဘကြီးတစ်ယောက် သူများ ဖိုးတွမ်တီးဆို၍သာ ဖိုးတွမ်တီးလိုက်ရသည်။ အဓိပ္ပါယ်ကို ဘာမှမသိရှာ၊ ဖိုးတွမ်တီးဆိုသည်မှာ ရာထူးတစ်ခုဟုပင် ထင်နေခဲ့သည်။ သို့အတွက် ဘကြီးနားလည်စေရန် ရှင်းပြခဲ့ရသည်။

“ဖိုးတွမ်တီးဆိုတာ ရာထူးမဟုတ်ဘူး၊ အဘိုးရဲ့၊ အင်္ဂလိပ်စကားပါ၊ မြန်မာလိုကတော့ (၄၂၀)လို့ ပြောတာ၊ ပြစ်မှုဆိုင်ရာဥပဒေမှာ ပုဒ်မ ၄၂၀ ဆိုတာရှိတယ်၊ အဲဒီပုဒ်မက သူတစ်ပါးထံမှ ပစ္စည်းတို့ ငွေတို့ စသည်များကို လိမ်လည်လှည့်ဖြားပြီး၊ ကိုယ်ကျိုးအတွက် သုံးစွဲပစ်သူများကို အပြစ်ပေး အရေးယူတဲ့ပုဒ်မပေါ့။ အဲဒီလိုလူမျိုးကို လူလိမ်လို့မခေါ်ကြတော့ပဲ၊ ဖိုးတွမ်တီးလို့ခေါ်နေကြတာပါ”

“ဟုတ်ကဲ့လား၊ သိပါဘူးကွာ၊ အဘိုးကတော့ ဖိုးတွမ်တီးဆိုတာ ရာထူးအဆင့်အတန်းပဲလို့ ထင်နေတာ၊ လူလေးပြောပြတော့မှပဲ ရှင်းသွားတော့သကွာ”

အဘိုးက သူ့ဟာသူ သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်နေတော့သည်။

ဖိုးတွမ်တီးဆိုသည်မှာ လိမ်လည်မှုဖြစ်ကြောင်း သိကြသူများထဲတွင် ဂယနဏာသိသူက



www.burmeseclassic.com

www.burmeseclassic.com



နည်းတောင်းနည်းပေလိမ့်မည်။ "လိမ်လည်မှုဆိုတာ လိမ်တာပဲပေါ့ကွာ" ဆိုရုံလောက်နှင့်တော့ လုံလောက်မည်မဟုတ်ဟု ယူဆမိပါသည်။

လိမ်လည်မှုကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၅ တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်-

"မည်သူမဆို တစ်စုံတစ်ယောက်သောသူအား၊ လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခံရသူက သူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ ဆက်လက်ထားရှိသည်ကို သဘောတူရန်ဖြစ်စေ၊ လှည့်ဖြားခံရသူအား လိမ်လည်လှည့်ဖြား

တစ်ပါးသူကို
ယုံကြည်ခြင်း၊ အားနာခြင်း၊
သနားကြင်နာခြင်း၊
မှုစဉ်ကူးသားမျိုး
အတွေ့အကြုံများကို
မထိန်းနိုင် ရှိတတ်ကြပါသည်
၍ အချက်များသည်
လိမ်လည်သူများအတွက်

လိုသော သဘောဖြင့် လည်းကောင်း၊ မရိုးဖြောင့်သောသဘောဖြင့် လည်းကောင်း၊ သွေးဆောင်လျှင် -

သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူအား၊ လှည့်ဖြားခြင်းဖြင့် အကယ်၍ လှည့်ဖြားခြင်းမခံရသော်၊ မိမိပြုလုပ်မည် မဟုတ်သော၊ မိမိပျက်ကွက်မည် မဟုတ်သော အရာကို ပြုစေရန်သော် လည်းကောင်း၊ လှည့်ဖြားခြင်းခံရသူအား၊ တမင်သွေးဆောင်လျှင် -

ထို့အပြင် ထိုပြုလုပ်မှုက၊ ထိုပျက်ကွက်မှုက၊ ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကို ဖြစ်စေ၊ ပစ္စည်းကို ဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်း သော်လည်းကောင်း၊ အန္တရာယ်ကို သော်လည်းကောင်း၊ ဖြစ်စေလျှင် သို့တည်းမဟုတ် ဖြစ်စေတန်ရာလျှင် ထိုသူသည် "လိမ်လည်သည် မည်၏"။

ဤကဲ့သို့ အတိအလင်း ဖော်ပြထားပါသည်၊ ပြစ်မှုထင်ရှားလျှင် "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ခုနှစ်နှစ်ထိ ထောင်ဒဏ်နှင့် ဒဏ်ငွေလည်း ချမှတ်နိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်"။

ဥပဒေက မည်သို့ပင် ပြဋ္ဌာန်းတားမြစ်ထားသော်လည်း၊ သူတစ်ပါးပစ္စည်းကို အချောင်ရယူလိုသူများ၊ လက်ကြောတင်းအောင် လုပ်ကိုင်မစားလိုသူများသည် လိမ်လည်မှုများကို ကျူးလွန်နေကြဆဲသာလျှင် ဖြစ်သည်။ လိမ်နည်းများကလည်း စုံလှသည်၊ ငွေချေး၍ ပြန်မပေးခြင်း၊ ပစ္စည်းယူ၍ ပြန်မပေးခြင်း၊ ရွှေအတုအထုပ်ချ၍ လိမ်လည်ခြင်း၊ ဖဲချပ်များဖြင့် လိမ်လည်ခြင်း၊ စာရွက်စာတမ်းအတု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လိမ်လည်ခြင်း၊ နောက်ဆုံး လက်ထပ်ပါမည်ဟု ယုံကြည်စေရန် လိမ်လည်လှည့်ဖြားပြောဆို၍ ငွေကြေးကို ရယူသည်အထိ ကျူးလွန်တတ်ကြသည်။

လိမ်လည်မှုများနှင့် ပတ်သက်၍ တွေ့စရာလေးများတော့ ရှိပါသည်။ ပြစ်မှုကျူးလွန်သူ (တရားခံ)များအပေါ် သူတစ်ပါးပစ္စည်းကို လုပ်ရက်လေခြင်းဟု အပြစ်ဆိုဘွယ်ရာ ရှိသကဲ့သို့ အလိမ်ခံရသူ (တရားလို)များ အနေဖြင့်လည်း တစ်ဖက်သားကို ယုံလွယ်ခြင်း၊ အားနာခြင်း၊ သနားကြင်နာခြင်း၊ ပုထုဇဉ်လူသားပီပီ အတ္တစိတ်များကို မထိန်းနိုင် ရှိတတ်ကြပါသည်။ ဤအချက်များသည် လူလိမ်များအတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်နေသည်ဟု ဆိုရမည်သာ ဖြစ်သည်။

လိမ်လည်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများကလည်း လူတစ်ဘက်သား ယုံကြည်လာစေရန် အားသာချက်တွေရှိသည်။ အနေအထိုင်၊ အစားအသောက်၊ အပြောအဆို၊ ဆက်ဆံရေးကအစ တစ်ဘက်သား အထင်ကြီးလောက်စေရန် ဖန်တီးထားတတ်ကြသည်။ အရာရာကို တီးမိ ခေါက်မိစေရန် လေ့လာထားကြသည်။ အဆိုးဆုံးမှာ ကြင်နာတတ်ခြင်း၊ အားနာတတ်ခြင်းဟူသည်၊ လုံးဝမရှိသူ ဖြစ်သည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသော လူသားမျိုးသာလျှင် ဖြစ်သည်။

စာရေးသူ မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က၊ လိမ်လည်မှုဖြင့် အကြိမ်ကြိမ် အရေးယူခဲ့ရသော လူတစ်ယောက်ကို ကြုံခဲ့ဖူးပါသည်။

သူ့နာမည်က အီစွပ်ဖြစ်သည်။ လိမ်လည်မှုဖြင့် မကြာခဏ ထောင်ထဲဝင်လိုက်၊ ထွက်လိုက်ဖြစ်နေသူမို့ ဖိုးတွမ်တီးအီစွပ်ဟုပင် နာမည်တစ်လုံးရလာသူဖြစ်သည်။ နောက်ဆုံး ရဲစခန်းတွင် အတ္ထုပ္ပတ္တိရာဇဝင်လူဆိုးဖိုင် ဖွင့်ထားခဲ့ရသည်။

အီစွပ်က မင်္ဂလာတောင်ညွန့်အပိုင်တွင် နေသည်။ ရုပ်ရည်က သန့်သည်၊ နေပုံ၊ ထိုင်ပုံ၊ ဝတ်ပုံ၊ စားပုံက စတိုင်ကျသည်၊ အပြောက ညက်သည်။ အပေါင်းအသင်းဝင်ဆန့်သည်။ နေအိမ်ကိုလည်း အတော်အသင့် အဆင့်အတန်း မြင့်အောင် လုပ်ထားသည်။ ဈေးပေါပေါဖြင့် ကားတစ်စီးကို ဝယ်ရောင်းသဘောမျိုး လုပ်ထားသည်။ ဇနီးက သုံးယောက်ပင်ရှိသည်။

သူကျူးလွန်ခဲ့သော လိမ်လည်မှုများအနက် စိတ်ဝင်စားဘွယ်ရာ ကောင်းသည်ဟုပဲ ဆိုရလေမလား၊ ပြောင်လိမ်ပြောင်စားလို့ပဲ ပြောရလေမလား၊ အမှန်စစ်မှုကို သတိရမိသေးသည်။

သူ့လိမ်ပုံကလည်း ညက်သည်၊ ပထမအယုံသွင်းသည့် အနေဖြင့် တစ်ဘက်လူကို အကျိုးအမြတ် မြက်မြက်ကလေးရစေရန် ဆောင်ရွက်ပေးသည်။ ဒုတိယအကြိမ်တွင် ပို၍ အမြတ်ရရှိစေရန် ဖန်တီးပေးသည်။ နောက်ဆုံး အခြေအနေမပေးလျှင် သူ့အိတ်ထဲမှစိုက်၍ ပေးလိုက်သည်။ တတိယအကြိမ် သူ့ခွင်ထဲဝင်လာသည့်အခါ မြက်မြက်ရမည်ဟု တွက်မိလျှင် ဘယ်သူမှတ်နာမှမထောက် ဒပိုင်ကိုင်ထည့်လိုက်တော့သည်။

တစ်ချိန်တွင် ကျောက်စိမ်းအရောင်း

www.burmeseclassic.com



အဝယ်လုပ်စ၊ အမျိုးသမီးတစ်ဦးနှင့် အဆက်အသွယ်ရသွားသည်။ အထက်တွင်ဖော်ပြခဲ့သည့် နည်းအတိုင်းပင် ပထမ၊ ဒုတိယအကြိမ်များ၌ မြက်မြက်ကလေးရစေရန် ဖန်တီးပေးလိုက်သည်။ ထိုအမျိုးသမီး သဘောခွေ့သွားသည်၊ အီစွပ်မှ အီစွပ်ဖြစ်သွားတော့သည်။

တတိယအကြိမ်တွင် အမျိုးသမီးက ကျောက်စိမ်းလာပြပြန်သည်။ တန်ဖိုးက အတော်လေးများသည်၊ ဤတစ်ကြိမ်တွင် သဘောခွေ့သွားသူမှာ အီစွပ်ဖြစ်သည်။ နောက်တစ်နေ့တွင် သူ့အိမ်သို့ ချိန်းလိုက်သည်။

နေအိမ်ဧည့်ခန်းတွင် အဆင့်မြင့်မြင့် ကျွေးမွေးဧည့်ခံ၍ စကားပြောကြသည်။ အမျိုးသမီးထုတ်ပြသောကျောက်ကို အီစွပ်က ဟိုကြည့် ဒီကြည့်လုပ်သည်၊ ခဏအကြာ သေချာစွာ စစ်ဆေးကြည့်လိုသည်ဆိုကာ ကျောက်ကိုယူ၍ နောက်ဖေးအိမ်ခန်းသို့ ဝင်သွားသည်။

အချိန်အတော်ကြာသည့်အထိ အီစွပ်က ထွက်မလာ၊ အမျိုးသမီးက မနေနိုင်တော့ အီစွပ်ဇနီးကို ခေါ်၍ မေးရသည်။

“ရှင်တို့နှစ်ယောက် ပြောဆိုနေကြတာပဲ၊ ကျွန်မလဲ မီးဖိုခန်းမှာ ချက်ပြုတ်နေရတာ ကျွန်မဘာမှမသိဘူး”

ဒါပဲဖြေလိုက်သည်။

ကျောက်ပိုင်ရှင်အမျိုးသမီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ငိုကြီးချက်မဖြင့် ရဲစခန်းသို့ ရောက်လာတော့သည်၊ အီစွပ်ကတော့ အဝေးတစ်နေရာသို့ ရောက်သွားပြီဖြစ်သည်။ ဤမျှ မျက်နှာပြောင်သော ရက်စက်လွန်းသော အီစွပ်ပင် ဖြစ်သည်။

နောက်တစ်မှုမှာ နယ်စပ်မြို့တစ်မြို့ အဘိုးကြီးတစ်ယောက် ရန်ကုန်သို့ ရောက်လာ သည်။ ထိုပုဂ္ဂိုလ်ကြီးမှာ အီစွပ်နှင့် သိကျွမ်းခဲ့သူ ဖြစ်သည်။ ကိုယ်ပိုင်စီးရန် ကားတစ်စီးဝယ်လို ကြောင်း အီစွပ်နှင့် စကားပြောဖြစ်ကြသည်။

အီစွပ်က သူစီးနေသော ကားလေးတ ငွေကြေးအခက်အခဲရှိနေ၍ ဈေးလျှော့၍ ရောင်းလိုကြောင်း ဆိုလာသည်၊ အဘိုးကြီးက ကားကိုကြည့်သည်။ သဘောကျသည်၊ ဈေးနှုန်းက လည်း ပေါက်ဈေးထက် သက်သာနေသဖြင့် အရောင်းအဝယ်တည့်သွားကြသည်။

အီစွပ်က ကျောင်ကျသော လက်ဖက်ရည် ဆိုင်တစ်ခုသို့ ချိန်းလိုက်သည်၊ ကားအရောင်း အဝယ်အတွက် စာချုပ်အလွတ်နှစ်ခုပါယူ၍ ထိုနေရာသို့ အရောက်သွားခဲ့သည်။

လက်ဖက်ရည်ဆိုင်ထဲတွင် စာချုပ် ရေးသားကြသည် နှစ်ဦးနှစ်ဖက်၊ သက်သေများနှ လက်မှတ်ရေးထိုးကြသည်။ စာချုပ်တ တစ်ယောက်တစ်ရွက်ယူကြသည်။ ငွေပေး သည်၊ အီစွပ်က အသေအချာ ရေတွက်လက် လျက် ငွေများကို ပိုက်ဆံအိတ်အတွင်း ထည့်လို သည်။

လက်ဖက်ရည်နှင့်မုန့်များ မှာယူသော ကြသည်။ အီစွပ်က ကားဝယ်သူထံမှ စာချုပ် အကြောင်းတစ်ခုပြ၍ ခေတ္တတောင်းယူလို သည်။ စာချုပ်သူ့လက်ထဲရောက်သည့်အ စာချုပ် နှစ်ခုစလုံးကို ဆုတ်ဖြဲ ပစ်လိုက် ကားပေါ်သို့ ပြေးတက်၍ မောင်းထွက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com




ဆုတ်ဖြဲပစ်လိုက်သော စာချုပ်အစအနများပင် ပါသွားလေတော့သည်။

ကားဝယ်သူအဘိုးကြီးမှာ ရုတ်တရက် ဖြစ်ခဲ့သည်မို့ ခြေမကိုင်မိ လက်မကိုင်မိဖြင့်သာ ကျန်ခဲ့တော့သည်။ နောက်ဆုံးတော့ ရဲစခန်းသို့ ရောက်ခဲ့ခြင်းသာ ဖြစ်သည်။ အီစွပ်ကတော့ လွတ်ရာကျွတ်ရာသို့ ရောက်သွားပြီဖြစ်သည်။ မော်တော်ကားကိုလည်း သူ့လက်ထဲတွင် ကြာကြာမထား၊ ရရာဈေးနှုန်းဖြင့် အမြန်ရောင်းထုတ်လိုက်သည်။ သို့မှသာ သူ့ကို ဖမ်းမိသည့်အခါ မော်တော်ကားကိုပါ သိမ်းရာတွင် နောက်ဝယ်ထားသူ ခံရမည်သာဖြစ်သည်။ ဤမျှရက်စက်ယုတ်မာသော လူလည်ကျသော အီစွပ်ပင်ဖြစ်သည်။

အီစွပ်တွင် ထူးခြားချက်တစ်ခုရှိသည်။ ဖြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားလျှင်လည်း ကြာကြာနေခြင်းမရှိ၊ ငွေရသွားလျှင် စိတ်ကြိုက်သုံးသည်။ ပစ္စည်းများရသွားလျှင်လည်း အမြန်ထုခွဲရောင်းချလျက် လိုအပ်သည်များ သုံးစွဲပစ်လိုက်သည်။ မကြာမီတွင် ဇနီးသုံးယောက်အနက် တစ်ဦးဦးအိမ်တွင် ဖမ်းမိသည်သာဖြစ်သည်။ အာမခံရရှိရေးအတွက် နည်းမျိုးစုံနှင့် ကြိုးစားသည်။ အာမခံရရှိသွားသည့်အခါ နောက်တစ်ဦးကို လိမ်လည်ရန် အားထုတ်နေသည်သာဖြစ်သည်။ သူများကိုမလိမ်ရလျှင် ကိုယ့်ပေါင်ကိုယ်လိမ်မည့်လူစား အီစွပ်ပင်ဖြစ်သည်။

တစ်ခါက အီစွပ်ရောက်လာသဖြင့် မေးမြန်း ကြည့်ခဲ့ဘူးသည်-

"အီစွပ် မင်းဟာ လိမ်လည်မှုနဲ့ မကြာခဏ အရေးယူခံရတယ် ထောင်လဲကျဘူးတယ်၊ ဖိုးတွမ်တီးအီစွပ်လို့တောင် နာမည်ကြီးနေသူ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ် ဒါလဲ မင်းကတော့ တစ်ယောက်ပြီး တစ်ယောက် လိမ်လို့ရနေတာပဲ၊ ဘာကြောင့်လဲကွ"

"ဒါက မဆန်းပါဘူးဆရာရယ်၊ ကျွန်တော် လိမ်နေတာ တစ်ဦးတစ်ယောက်ထဲမှာသာ မဟုတ်ဘဲ၊ လူဆိုတာကလဲ ရန်ကုန်တစ်မြို့ထဲမှာသာရှိတာမှ မဟုတ်ဘဲ။ မြန်မာပြည်အနှံ့ လူတွေသန်းပေါင်းများစွာ ရှိနေတာပဲမဟုတ်လား။ လောဘရမ္မက်ကြီးသူ၊ ယုံလွယ်တတ်သူများ ရှိနေသ၍ ကျွန်တော့်အဖို့ လိမ်လို့ဘယ်ကုန်နိုင်မလဲ ဆရာရယ်" ဆိုပါကလား။

"ဒါထက် လူတစ်ယောက်ကို မင်းပြောတာ လက်ခံလာနိုင်အောင် လိမ်ညာပြောပုံလေး တစ်ခုလောက် လက်တွေ့ပြနိုင်မလား"

"ရပါတယ်ဆရာ"

အီစွပ်က အဝေးတစ်နေရာသို့ ခေတ္တငေးကြည့်နေသည်၊ ပြီးမှ စာရေးသူဘက်သို့လှည့်၍-

"ကျွန်တော် လိမ်ညာပြပါ့မယ် စီးကရက် တစ်လိပ်လောက်ပေးပါ"

"ဒီမှာအီစွပ် မင်းနည်းက ရိုးနေပါပြီကွာ၊ ငါ့ဆီကစီးကရက်လဲရရော၊ ကျွန်တော်လိမ်ညာပြီး ပါပြီလို့ ပြောမလို့ မဟုတ်လား"

စာရေးသူစကား ကြားလိုက်သည့်အခါ အီစွပ်မျက်နှာတစ်ချက်ပျက်သွားသည်ကို သတိပြုလိုက်မိလိုက်သည်၊ အီစွပ်က မျက်နှာကို ချက်ချင်း ပြင်လိုက်ပြီး ပြုံးစိစိမျက်နှာဖြင့် ဆိုလာပါသည်။

"ဒီသဘော မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော် တစ်ကယ်ခံတွင်းချဉ်လွန်းလို့ စီးကရက် တောင်းမိတာပါ။ ဆရာနဲ့ကျွန်တော်က ရင်းနှီးသူ

**ဒီလိုလေ ဆရာ**

**ပထမနည်းကို သုံးလိုက်တေ**

**ဆရာက ပါးနပ်သူပီ**

**ကျွန်တော့်နည်း**

**ပိတ်ပြောလိုက်တယ**

**ကျွန်တော်က ဒုတိယနည်း**

**ယုတ္တိရှိအောင်သုံးလိုက်တေ**

တွေမို့ တောင်းရဲတာပါ။ တစ်ခြားလူဆို ဘယ်တော ဝံ့မလဲ၊ ကျွန်တော်လိမ်ညာပြဖို့ကလဲ၊ ဆရာလို ကို ဘယ်လိမ်ညာလို့ရမလဲ ဆောရီးပဲဆရ ကျွန်တော် ရဲစခန်းရှေ့က လက်ဘက်ရည်ဆိုင် စီးကရက်ပြေးဝယ်လိုက်ဦးမယ်၊ ခဏလေးနေ ဆရာရော ဘာသောက်မလဲ၊ ကော်ဖီလာ လက်ဘက်ရည်လား၊ ကျွန်တော်တစ်ခါတည် ဝယ်ခဲ့မယ်လေ"

"မသောက်ချင်ပါဘူးကွာ မင်းလဲသွားမေ ပါနဲ့တော့၊ ရော့ မင်းသောက်ချင်တဲ့ စီးကရ ပြောစရာရှိတာ မြန်မြန်ပြောကွာ ငါ့မှာအလုပ် ရှိသေးတယ်"

အီစွပ်က စာရေးသူထံမှ စီးကရက်



www.burmeseclassic.com

www.burmeseclassic.com





လှမ်းယူလျက် မီးညှိပြီး အားရပါးရဖွာထုတ်နေသည်။ တစ်ဆက်တည်းမှာပင် စာရေးသူအား ပြုံးစိစိဖြင့်ကြည့်လျက် -

"ကျွန်တော် လိမ်ညာပြီးသွားပါပြီဆရာ"

"ဘယ်လိုကွ"

"ဒီမှာလေ ဆရာရဲ့"

အီစွပ်က စီးကရက်ကလေးကို ထောင်ပြလိုက်သည်။ စာရေးသူ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။

"ဆရာအံ့သြသွားသလား၊ ဒီလိုလေ ဆရာရဲ့ ပထမနည်းကို သုံးလိုက်တော့ ဆရာက ပါးနပ်သူပီပီ ကျွန်တော့်နည်းကို ပိတ်ပြောလိုက်တယ် ကျွန်တော်က ဒုတိယနည်းကို ယုတ္တိရှိအောင်သုံးလိုက်တော့ ဆရာလက်ခံသွားပြီး စီးကရက်ထုတ်ပေးခဲ့တယ်၊ ဒါပဲပေါ့ဆရာရယ်"

အီစွပ်က အောင်မြင်သောအပြုံးဖြင့် ကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။ အောင့်သက်သက်ဖြင့် ခံခဲ့ရဖူးသည်။ ဖိုးတွမ်တီးဟု ခေါ်ထိုက်သော အီစွပ်ပင်ဖြစ်သည်။

ယခုတော့ ဖိုးတွမ်တီးအီစွပ်လည်း အနိစ္စသဘောဖြင့် ကိစ္စချောခဲ့ပြီဖြစ်ကြောင်း၊ နာရေးကြော်ငြာတွင် ဖတ်လိုက်ရသည်။ သန်းပေါင်းများစွာထဲက လူအချို့အတွက်လည်း လူလိမ်တစ်ယောက်တော့ လျော့နည်းသွားလေပြီဟု ဆိုရမည်သာ --။

***လိမ်လည်မှုဖြင့် ကင်းဝေးနိုင်ကြပါစေ။***

မောင်မောင် (ပိတောက်မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ညီညီမောင်
ဟောဒီ အိုင်းတက်စ် အောင်လက်မှတ်
နှစ်ရွက်ထဲမှာ ထိုးထားတဲ့ ငါ့လက်မှတ်နဲ့
ဟောဒီ စာရေးကြီး လက်မှတ်တွေဟာ . .



ပန်းချီ ကျော်အောင်

# ကိုကြီးသန်း(မြင်းခြံ)

## လက်မှတ်သံသရာ

www.burmeseclassic.com

www.burmeseclassic.com



**ရန်** သူမျိုးငါးပါးအနက် မီး,ဟူသော ရန်သူ သည်လူတို့အား အမြဲတမ်းလောင်မြိုက်လျက်ရှိသဖြင့် ကြောက်စရာအကောင်း ဆုံး ရန်သူဖြစ်သည်။ မီးဟူသောရန်သူမှာ (၁၁)ပါးဖြစ်သော လောဘမီး၊ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ဇရာမီး၊ မရဏမီး၊သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ဒေါမနဿမီးနှင့် ဥပါယာသမီး တို့ဖြစ်လေရာ ထိုမီး(၁၁)ပါးတွင်လည်း 'လောဘမီး'သည်တောက်လောင်ပြင်းလှ၍ လောဘတက်လာပြီဆိုက သူတစ်ပါး၏ ဥစ္စာကို လိမ်လည်ရယူခြင်း၊ခိုးဝှက်ရယူခြင်းစသည့်မသမာသောနည်းများဖြင့် အမျိုးမျိုးအဖုံဖုံ ကြံစည်၍ လောဘရမ္မက်တက်ကာ ရယူကြလေတော့သည်. .

လူသားထဲမှ တစ်ယောက်ဖြစ်သည့် ညီညီမောင် အမည်ရှိသော လူတစ်ယောက်သည် မရှိတောင့်တ ရှိကြောင့်ကျ ဟူ၍ ပြောရမည်လား. . . ထိုသို့မဟုတ်. . .

ညီညီမောင်တစ်ယောက် စိတ်ပျက်အားငယ်စွာနှင့် ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနဝင်းအတွင်းမှ ခေါင်းငိုက်စိုက်ချ၍ထွက်လာခဲ့သည်။

အကြောင်းမှုကားယနေ့ ညီညီမောင် အား အလုပ်မှထုတ်ပယ်ခြင်း ခံရသောကြောင့်ပင်ဖြစ်ပါသည်။

အလုပ်မှ ထုတ်ပယ်ခြင်း ခံရသော အကြောင်းကလည်း ခိုင်လုံလှသည်။ဤအလုပ်ကို ဖခင်ဖြစ်သူ ဦးဘိုအေးမြင့်၏ ဆက်သွယ်ပေးမှုကြောင့် ရလာခဲ့ခြင်းဖြစ်သည်။သူသည် ရက္ခဗေဒနောက်ဆုံးနှစ်ရောက်ချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ မသန္တာဝင်းဆိုသူနှင့် အိမ်ထောင်ပြုလိုက်သဖြင့် မိဘများအနေနှင့် ကျောင်းဆက်ထားနိုင်ခြင်းမရှိသည်ထက် ကျောင်းဆက်ထားရန် တာဝန်လည်း ကုန်သွားပြီဖြစ်သဖြင့် ဖခင်တစ်ယောက်အနေနှင့် အလုပ်ရှာပေးထားခြင်းလည်းဖြစ်ပါသည်။

သူ့ဖခင်၏ မျက်နှာဖြင့် အငယ်တန်းစာရေးဟူသော အဆင့်တွင် ခန့်ထားခြင်းခံရ၍ စာပေးစာယူဌာနတွင် တာဝန်ထမ်းဆောင်ရသည်။လစာ နည်းသော်လည်း အလုပ်မှာ ပင်ပင်ပန်းပန်းလုပ်ကိုင်ရခြင်းမရှိသဖြင့် တစ်ခါတစ်ရံ အပြင်အလုပ်ထွက်လုပ်၏။နောက်ဆုံးသူသည် စာပေးစာယူဌာန၏ စည်းကမ်း (လုံခြုံရေးစည်းကမ်း)ကို ဖောက်ဖျက်လျက် ဦးစီးအရာရှိ၏ လက်မှတ်အတုများကို ထိုးလျက် အကြံအဖန် လုပ်၍ ပိုက်ဆံ ရှာတော့သည်။မကောင်းမှုသည်ဆိတ်ကွယ်ရာမရှိဆိုသည့်အတိုင်းပင် နောက်ဆုံးဦးစီးအရာရှိကိုယ်တိုင် သိသွားသောအခါတွင် ညွှန်ကြားရေးမှူးထံ တင်ပြ၍ ဤအလုပ်မှထုတ်ပယ်သည်အထိ အရေးယူမှုကို ခံရခြင်းဖြစ်ပါသည်။

'မင်းလို တို့ဌာနအပေါ်မှာရော၊ တိုင်းပြည်အပေါ်မှာပါ သစ္စာမရှိတဲ့ ဝန်ထမ်းကို တို့မလိုချင်ဘူး၊ဆက်ထားလို့လည်း မသင့်တဲ့အတွက် ဒီနေ့ကစပြီး မင်းကို အလုပ်က ထုတ်လိုက်ပါတယ်'

ညွှန်ကြားရေးမှူး၏ ပြောစကားကို နားစည်တွင်ပဲ့တင်ထပ်လျက် ကြားယောင်နေမိတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com



ညီညီမောင် ကားအဆင့်ဆင့်စီး၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ ရောက်ရှိလာသည်။ ကားပေါ်မှ ဆင်း၍ အိမ်ဘက်သို့ လျှောက်လာစဉ် ဇနီးဖြစ်သူ သန္တာဝင်းအား မည်သို့ပြောရမည်ကို စဉ်းစားလာခဲ့သည်။စဉ်းစား၍မရ အလုပ်ပြုတ်လာကြောင်း ပြောလျှင်စိတ်မကောင်းဖြစ်တော့မည်။မပြောလျှင်လည်း နောင် သိမည်။

ညီညီမောင် ခေါင်းကို ကုတ်လျက်ရှိပြီး အိမ် ရောက်မှ မီးစင်ကြည့် ကတော့မည်ဟုတွေး၍ အိမ်ဖက်သို့လျှောက်လာခဲ့သည်။

'ဟယ်. . အစ်ကို ဒီနေ့ပြန်လာတာ စောလှချည်လား၊'

'ဟုတ်တယ် ညီမရေ သိပ်နေမကောင်းတာ နဲ့ ခွင့်တိုင်ပြီး ပြန်လာခဲ့တယ်၊'

ညီညီမောင်က စိစဉ်



ထားခြင်းမရှိသော်လည်း ပြောမိပြောရာ ပြောလိုက်သည်။

'အစ်ကို့ကို ဝမ်းသွာစရာ ပြောချင်နေတာ အတော်ပဲ'

'ကဲပြော. .'

သန္တာဝင်းမှ ညီညီမောင်၏နားအနားသို့ကပ်၍ တိုးတိုးလေး ပြောလိုက်သည်။

'ဘာ. .'

ညီညီမောင် ရုတ်တရက်ကြားလိုက်ရသဖြင့် မိမိအလုပ်ပြုတ်လာမှုဖြစ်ရခြင်းဟုစိတ်ကို မထိန်းနိုင်ဘဲအော်လိုက်သည်။

'ဟင် . . ဘာဖြစ်လို့လည်း အစ်ကို'

သန္တာဝင်းက ရုတ်တရက်လန့်သွားပြီးမေးလိုက်သည်

'ဘာမှမဖြစ်ပါဘူး. . . ရုတ်တရက်ဆိုတော့ ဝမ်းသာပြီး အော်လိုက်မိတာပါ၊'

ညီညီမောင်က ဣန္ဒြေဆည်၍ ပြန်ဖြေ လိုက်ရသည်။ စိတ်ကိုလည်း မနည်းပင် ထိန်းထားလိုက်ရသည်။

'အစ်ကိုကလဲ ဘာမှန်းမသိဘူး ညီမဖြင့် လန့်သွားတာပဲ'

သန္တာဝင်းမှာ ခုမှစိတ်အေးသွားဟန်ဖြင့် ရင်ကိုဖိ၍ ပြောလိုက်သည်။

'အစ်ကို့အနေနဲ့ ဝမ်းသာလို့ ရုတ်တရက် အော်မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အစ်ကိုတို့မှာ မိသားစုဝင်တစ်ယောက် တိုးလာတော့မယ်ဆိုတော့ အခုထက်ပိုပြီး အလုပ်ပိုလုပ်ရ တော့မှာပေါ့။ . . အခု လက်ရှိအလုပ်က လစာကနည်းတော့ အစ်ကိုတို့နှစ်ယောက်တောင် မနည်းချွေတာနေရတယ်မဟုတ်လား၊'

ညီညီမောင်က ပြောရာပြောကြောင်း ရှည်လျားစွာ ပြော လိုက်သည်။

'ဒါထက် အစ်ကို ထမင်းစားခဲ့ ပြီလား၊'

'အစ်ကို မဆာလို့မစားခဲ့ပါဘူး. . အခုလဲ ဘာမှ စားချင်စိတ်မရှိပါဘူး။ကဲ. . အစ်ကိုနားချင်ပြီညီမရယ်၊'

ညီညီမောင် ပါးစပ်ကလည်းပြော လူကလည်း ကုလားထိုင်ပေါ်မှထ၍ အိပ်ခန်းတွင်းသို့ ဝင်သွားလေသည်။သန္တာဝင်းလည်း ဘာမှ ဝင်မပြောတော့ပဲ နေလိုက်လေသည်။

ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်အတွင်းသို့ ညီညီမောင်ဝင်လာခဲ့သည်။ဤရပ်ကွက်သည် သူမွေးဖွားခဲ့ရာ ဇာတိဖြစ်သည်။ယခင်က ရွှံ့ဗွက်များဖြင့် လျှောက်လှမ်းနေရသော ဤရပ်ကွက်သည် ယခုအခါနိုင်လွန်ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများဖြင့် ညီညာပြန့်ပြူးလျက်ရှိသဖြင့် ကလေးများပင် လမ်းပေါ်၌ ကစားနေကြသည်ကို တွေ့လိုက်ရသည်။

ရာဇသကြန်လမ်းအတွင်းသို့ ဝင်လိုက်ပြီး သူ့မိဘများအိမ်ပေါ်သို့ တက်လိုက်သည်။ သူ့ဖခင်ဦးဘိုအေးမြင့်သည် ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်၍ နေသည်။

'မင်း ဒီနေ့ အလုပ်မဆင်းဘူးလား'

အိမ်ပေါ်တက်လာသော ညီညီမောင်အား ဦးဘိုအေးမြင့်က မေးလိုက်သည်။

'ကျွန်တော် အလုပ်ပြုတ်လာပြီ . . အဖေ၊'

ညီညီမောင်က ခေါင်းငိုက်စိုက်ချ၍ ပြောလိုက်သည်။

'ဘာဖြစ်လို့ အလုပ်ပြုတ်တာလဲ'

ဦးဘိုအေးမြင့်က သားဖြစ်သူကိုသေသေချာချာကြည့်၍ မေးလိုက်သည်။ ထိုအချိန် ညီညီမောင်၏ မိခင်ဖြစ်သူ ဒေါ်စန်းနွဲ့လည်းသားအသံကြား၍ အိမ်ခန်းထဲမှထွက်လာသည်။

'ပျက်ကွက်ရက်တွေများလို့ပါအဖေ'

'မင်းကဘယ်သွားပြီး ဘာတွေလုပ်နေလို့ ပျက်ကွက် ရတာလဲ။ခွင့် မတိုင် ဘူးလား။ ဝန်ထမ်းတစ်ယောက်မှာ ခွင့်တောင်းပိုင်ခွင့်ရှိတာပဲ'

'တိုင်တဲ့အခါလည်း တိုင်ပါတယ်။မတိုင်ဖြစ်တဲ့အခါလည်း မတိုင်ဖြစ်ပါဘူး။အလုပ်ကလစာက မစားလောက်တော့ အပြင်ဝင်ငွေထွက်ရှာတာပါ'

'အဲဒါ. . မင်းတို့ခက်တာပဲ၊ အလုပ်တစ်ခုရဖို့ မလွယ်ဘူး၊ကဲ. အခု မင်းဘာလုပ်မလဲ'

'လောလောဆယ်ဆယ် အလုပ်ကရှာရဦးမှာမဟုတ်တော့ ရေကြောင်းဦးစီးဌာနမှာဘဲ သင်္ဘောသား ပွဲစားတွေနဲ့ ပေါင်းပြီးကူညီလုပ်ရမှာပဲ'

'အေးလေ. . . သင်္ဘောသားရုံးကြီးက ဒီကိုပြောင်းလာပြီဆိုတော့ မင်းလုပ်ကြည့်ဦးပေါ့။ အေး. . လူလိမ်တွေနဲ့ တွေ့လို့လည်း မင်းပါအချုပ်ထဲရောက်နေဦးမယ်'

www.burmeseclassic.com



ဖခင်ဖြစ်သူက သားအတွက် စိုးရိမ်မိ၍ ပြောလိုက်သော်လည်း ညီညီမောင်မှာ မိမိအရှိက်ကို ထိခိုက်သဖြင့် ရုတ်တရက် နာကျင်သွားသကဲ့သို့ ခံစားလိုက်ရသည်။ မိခင်ဒေါ်စန်းနွဲ့ကမူ ဘာမှဝင်မပြောပဲ သားမျက်နှာကို စိတ်မကောင်းစွာနှင့် ကြည့်နေလိုက်တော့သည်။

***

ညီညီမောင် ရေကြောင်းဦးစီးဌာနဝင်း အတွင်းသို့ မဝံ့မရဲ ဝင်လာခဲ့သည်။ မလှမ်းမကမ်းတွင် ယခင်က သိဖူးသော ကျော်ကျော်မြိုင်ကို လှမ်းတွေ့လိုက်သည်။ ထို့နောက် နှစ်ယောက်ပေါင်း၍ သင်္ဘောသားများ၏ ပွဲစား သဘောမျိုးဖြင့် သင်္ဘောသားများအတွက် လိုအပ်သော စာရွက်စာတမ်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များကို အမှားအယွင်းမရှိ ဖြည့်စွက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ ညီညီမောင်မှာ ယခင်ကတည်းက စာပေးစာယူ ဌာနတွင် အလုပ် လုပ်ကိုင်ခဲ့သဖြင့် ယင်းလုပ်ငန်းများကို အခက်အခဲမရှိ လုပ်ကိုင် နိုင်ခဲ့သည်။ ကျော်ကျော်မြိုင်မှ အခက်အခဲရှိသော သင်္ဘောသားများကို ရှာဖွေပေး၍ ညီညီမောင်က လိုအပ်သည်များကို လုပ်ဆောင်ပေးခဲ့သည်။ထိုသို့ ဆောင်ရွက်ပေးသဖြင့် သင်္ဘောသားတစ်ဦးလျှင် တစ်ထောင်မှ တစ်ထောင့်ငါးရာအထိရရှိကြသည်။သင်္ဘောသားများများ ပြုလုပ်ပေးရသောနေ့ဆိုလျှင် ညီညီမောင်တို့ ဝင်ငွေဖြောင့်သဖြင့် ပျော်ရွှင်လျက်ရှိသည်။ယခင်ကထက် ဝင်ငွေကောင်းနေသဖြင့် ညီညီမောင်တို့မှာ ပျော်ရုံသာမက ယမကာများဖက်၍ လာခဲ့သည်။ဆင်းရဲသည့်ဒဏ်ကို ကြိတ်မှိတ်ခံစားခဲ့သော ညီညီမောင်သည် ဝင်ငွေရွှင်၍ လာသောအခါတွင်ကား ချမ်းသာသောဒဏ်ကို မခံနိုင်သကဲ့သို့ ဖြစ်ရလေတော့သည်။

***

## အခန်း(၂)

'ဟိတ်ကောင်..ဒီနေ့ မင်းနောက်ကျလှချည်လား'

အလုပ်ခွင်သို့ စောစော ရောက်နေသော ညီညီမောင်က ကျော်ကျော်မြိုင်ကို မျှော်နေမိပြီး အခုမှ ကျော်ကျော်မြိုင် ရောက် လာသဖြင့် လှမ်းပြောလိုက်သည်။

'အေးဗျာ..ဒီမှာကို တစ်ခု ခိုင်းထားတာ စောင့်ယူနေ ရလို့ ကြာသွားတယ်'

ကျော်ကျော်မြိုင်က စာရွက်ကို ထောင်ပြရင်း လှမ်း ပြောလိုက်သည်။

'ကဲ..ပြပါဦး၊ဘာတွေ လုပ်ပေးရမှာလဲ'

ညီညီမောင်ကပြောရင်း ကျော်ကျော်မြိုင်ထံမှ စာရွက် ရွက်ကို လှမ်းယူလိုက်သည်။ထို့ နောက် အပြန်ပြန် အလှန်လှန် ကြည့်လိုက်ပြီး 'နားမလည် ဖြင့် ကျော်ကျော်မြိုင်ကို လှမ်း ကြည့်လိုက်သည်။

'အဲဒါတွေကကိုယ် မှတ်တမ်းတွေပါဗျာ၊အဲဒီ နှစ် ယောက်ကို အိုင်းတက်စ် အော လတ်မှတ်လုပ်ပေးရမှာ'

'ဒီလုပ်ငန်းက နဲနဲရယ ရှုပ်တယ်ကွ..နဲနဲတော့ကြာမ ပြီးတော့ အကုန်အကျလဲ နဲ ရှိမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ် အစ်ကို သူတို့က အလုပ်ဖြစ်ရင်ပြီးရော ဘယ်လောက်ကျမယ်ဆိုတာသာပြောလိုက်ပါ'

ကျော်ကျော်မြိုင်၏ ပြောစကားကြောင့် ညီညီမောင် စိတ်ထဲမှ လုပ်ရမည့် လုပ်ငန်းနှင့် ဆောင်ရွက်ရမည့် အခြေအနေကို တွက်ကြည့်လိုက်သည်။ အိုင်းတက်စ် အောင်လက်မှတ်စာရွက်များကို သွားဝယ်ရမည်။ ထို့နောက်အဆင့်ဆင့်လက်မှတ်ထိုးရမည်။နောက်ဆုံး ညွှန်မှူးလက်မှတ်ထိုးရမည်။စသည်ဖြင့် တွက်ကြည့်နေသည်။

'ဓာတ်ပုံတစ်ပုံစီ ယူလာခဲ့မယ်။မနက်ဖြန်ယူလာခဲ့ပေါ့ ကိုယ်အခုပဲ အိုင်းတက်စ် စာရွက်နှစ်ရွက် ဝယ်ထားပြီး ဒီမှာပါတဲ့ ကိုယ်ရေးမှတ်တမ်းကို ဖြည့်ထားလိုက်မယ်'

ညီညီမောင် က လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပြောပြလိုက်သည်။

'ငွေရေးကြေးရေးကကော'

'တစ်ယောက်ကို ရှစ်သောင်းလောက် ကျလိမ့်မယ်. မင်းအတွက်ကတော့ သူတို့ဆီမှာပဲ တောင်းယူလိုက်၊ ဒီရှစ်သောင်းထဲမှာ မင်းအတွက် မပါဘူး၊'

ညီညီမောင်က ခုရုပ်မှ နောင်ရှင်းသဘောမျိုးဖြင့်ပြတ်ပြတ်သားသားပင် ပြောလိုက်သည်။

'ဖြစ်ပါတယ်အစ်ကိုရယ် အစ်ကိုနဲ့ကျွန်တော်ကဘာပြောစရာရှိလို့လဲ၊'

ကျော်ကျော်မြိုင်ကလည်း စာရွက်စာတမ်းကိုပေး၍ ပြန်သွားသည်။ ညီညီမောင်လည်း ဝမ်းသာအားရ ပြေး၍ အိုင်းတက်စ် စာရွက်နှစ်ရွက်ဝယ်လိုက်သည်။ထို့နောက်ပုံစံတွင် လိုအပ်သည်များကို ဖြည့်စွက်ရေးသားလိုက်သည်။ ထို့နောက် စာရွက်နှစ်ရွက်အား သေချာစွာ ပြန်ထည့်လိုက်သည်။ နောက်တစ်နေ့ နံနက်တွင် ဓာတ်ပုံနှစ်ပုံ ကပ်၍ လိုအပ်သော ငွေများသွင်းပြီးလျှင် ညွှန်မှူး လက်မှတ်ရရှိအောင် အဆင့်ဆင့်ဆောင်ရွက်ပြီးပါကအိုင်းတက်စ် အောင်လက်မှတ်နှစ်ခုမှာ အောင်မြင်ချောမောစွာပြီးသွားမည်ဖြစ်သည်။ ညီညီမောင်သည် လုပ်ဆောင်ရမည်ကို အစီအစဉ်တွေးတောလျက် ရေကြေဒ့င်းပို့ဆောင်ရေး ဦးစီးဌာန အတွင်းမှ ထွက်ခွာလာခဲ့လေသည်။

ညီညီမောင် ထိုသို့တွေးလာရင်းငွေရှစ်သောင်း နှစ်ယောက်ပေါင်းတစ်သိန်းခြောက်သောင်းဟူသောအသာဖြံသည် လူ့လောဘမီးကို ဖိတောက်လောင်လာပေတော့သည်။

'ငါ စာပေးစာယူဌာနမှာ လုပ်လာတာ ညွှန်မှူးလက်မှတ်နဲ့ ဦးစီးလက်မှတ်တွေကို ငါသိနေတာပဲ၊ပြီးတော့ နမူနာတွေလဲ ငါ့ဖိုင်တွေထဲမှာ ရှိနေတာပဲ'

လောဘအားကြီးမှုကြောင့်သည် တား၍မရတော့ဘဲ၍အိုင်းတက်စ် လက်မှတ်နှစ်စောင်အား အတုလုပ်၍ ငွေတစ်သိန်းခြောက်သောင်းအား အလွယ်ချောင်ယူရန် အကြံကြီး ကြံစည်လေတော့သည်။

'ဟာ. . .တော်ဆိုးစ်တို့ ရှိသေးတယ်. . ဒီတော့ တော်ဆိုင်ပ်'

www.burmeseclassic.com



တုံး အတုတစ်ခုသွားလုပ်မှပဲ၊'

ညီညီမောင်မှာ တွေးရင်းပင် ချက်ချင်းအကောင်အထည် ဖော်ရန်အတွက်ရန်ကုန်မြို့လယ်ရှိ တံဆိပ်တုံးများလုပ်ရာ နေရာသို့ ဦးတည် လာခဲ့လေတော့သည်။

'ဒီတစ်ကြိမ် အောင်မြင်ရင်တော့ နောက်တစ်ကြိမ်တွေမှာ ဒီထက်မက ပိပိရိရိ ဖြစ်အောင် ကြိုတင်စီစဉ်ထားမယ်'

ညီညီမောင် လိုင်းကားပေါ်တွင် စိတ်ကူးရင်း ပြုံးလိုက်မိပါတော့သည်။

***

'တော့(ပ်) ရာဘာ တံဆိပ်တုံးလုပ်ငန်းသို့ညီညီမောင်ဝင်လိုက်သည်။ရှုဖီးဆိုသူအားတွေ့၍ တံဆိပ်တုံးနှစ်ခု လိုချင်ကြောင်းပြောလိုက်သည်။

'ဒိတ်ဆီး(လ်)ကတော့ အခသင့်ရပါတယ်၊တံဆိပ်တုံးကတော့ ပုဂ္ဂလိကတံဆိပ်တုံးဆိုရင်တော့ ရပါတယ်။ဌာနဆိုင်ရာတံဆိပ်တုံးဆိုရင်တော့. . .'

ရှုဖီးကပြောရင်း ရပ်ထားလိုက်သည်။

'လုပ်ပေးလို့ မရဘူးလား၊'

ညီညီမောင်က စိုးရိမ်စိတ်နှင့် မေးလိုက်သည်။

'ရပါတယ်. . ဒါပေမယ့် ဌာနဆိုင်ရာက တံဆိပ်တုံးလုပ်ပေးဖို့ ထောက်ခံစာ ပါရမယ်။ လာလုပ်တဲ့ လူကလည်း အဲဒီဌာနရဲ့ ဝန်ထမ်းဖြစ်ပြီးတော့ သူ့ကို တံဆိပ်တုံးလုပ်ဖို့ ကိုယ်စားလှယ် လွှဲအပ်ကြောင်းပါရမယ်၊'

ညီညီမောင်သည် ချက်ချင်းပင် ၄င်းအလုပ် ထုတ်ပစ်လိုက်စဉ်က အပ်နှံခြင်းမပြုခဲ့

. . . ဒါပေမယ့် လာရှေးမယ့်
မှာတော့ ဌာနဆိုင်ရာ စာ
ကိုယ်စားလှယ်လွှဲစာယူလာခဲ့
နော်၊'

ရှုဖီးက အတွေ့အကြုံ
ရှိသူပီပီ စေ့စပ်သေချာစွာ ပြော
လိုက်သည်။

'ဒီကောင် တော်တော်
သေချာတာပဲ'ဟု ညီညီမောင်
စိတ်ထဲမှ ကြိတ်၍ ချီးကျူးလို
သည်။ထို့နောက် ဒိတ်ဆီး
နှစ်ခု ဝယ်ယူ၍ ပြန်လာခဲ့သည်

**အလုပ်ကိုထားပါဦးအစ်ကိုရ မနေ့က အစ်ကို လုပ်ပေးလိုက်တဲ့ အိုင်းတက်စ်အောင်လက်မှတ်တွေက အတုတွေဖြစ်နေလို့ အဲဒါ ညွှန်မှူးက ......**

သော ဝန်ထမ်းကဒ်ပြားကိုထုတ်ပြလိုက်သည်။ဌာနဆိုင်ရာ စာကနောက်မှယူလာမည်ဟု ပြောသည်။

'ဒါလောက်ဆိုယုံပါတယ်

'အင်း. . . လိမ်တယ်
ဆိုတာလဲ တယ်မလွယ်ပါလား

ညီညီမောင်က တွေ
တောလိုက်ရင်း မနက်ဖြန်
အတွင်းသို့ဝင်၍ ခေါင်းစီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သေနှိပ်ထားသည့်တံဆိပ်ပါရှိ
သော စာရွက်ကို မည်သို့ယူရ
ည်ကို စဉ်းစားခန်းဝင်လာတော့
ည်။

***

## အခန်း(၃)

ညီညီမောင် ရေကြောင်း
ို့ဆောင်ရေးဦးစီးဌာန ရုံးခန်း အ
တွင်းသို့ ဝင်၍ စာပေးစာယူ
ဌာနရှိ သူနှင့်အတူ လုပ်ကိုင်ခဲ့သူ
များကို ဝင်ရောက်နှုတ်ဆက်
လိုက်သည်။ညီညီမောင်အား
ဌာနမှ အလုပ်ထုတ်ပယ်ထား
သော်လည်း ဝန်ထမ်းဟောင်း
တစ်ဦးဖြစ်၍ မည်သူမျှ သံသယ
ရှိဘဲ သာမန်လာလည်သည်
ု အောက်မေ့သဖြင့် ရယ်ရယ်
မောမော ဖော်ရွေစွာ ဆက်ဆံ
ကြသည်။

'ဘယ်လိုလဲ ငါ့မောင်
င်းသင်္ဘောသား ပွဲစားလုပ်ပြီး
ီးပွားနေတယ်ဆို တို့ကိုလဲ
န့်ကျွေးဦးလေ'

'ရပါတယ် မမဝေရယ်'

ညီညီမောင် ထိုသို့ရယ်
ယ်မောမောနှင့် လိုက်လံနှုတ်
ဆက်ရင်းနှင့်ပင် ဌာနဆိုင်ရာ
တံဆိပ်ပါသော စာရွက်အလွတ်
တစ်ရွက်ကိုအရယူနိုင်ခဲ့သည်။
ထို့နောက် ရန်ကုန်မြို့လယ်ရှိ
ကွန်ပျူတာဆိုင်တွင် အကြောင်း
အရာနေရာ၌ တံဆိပ်တုံးပြုလုပ်
ပေးပါရန်ဟူသော ခေါင်းစဉ်တပ်
၍ အောက်တွင် ရေကြောင်း
ပို့ဆောင်ရေးဦးစီးဌာနတံဆိပ်
တုံးတစ်ခု ပြုလုပ်ပေးပါရန်နှင့်
နမူနာတံဆိပ်တုံးပုံစံကို လက်ဖြင့်
ဆွဲထည့်ပေးလိုက်သည်။
အောက်ခြေတွင် ညွှန်ကြားရေး
မှူး၏ ကိုယ်စားဦးစီးအရာရှိ က
လက်မှတ်ထိုးရမည်ဖြစ်၍
သူ့ဌာနတွင် အလုပ်လုပ်စဉ်က
အလွတ်ရထားသော ဦးစီး
အရာရှိ၏ လက်မှတ်ကို ရေးထိုး
လိုက်သည်။

ညီညီမောင်မှာ သူ၏
လုပ်ရပ်တစ်ခုလုံးအား ခြုံငုံသုံး
သပ်လျက် လက်ထဲမှ ဌာနဆိုင်
ရာစာရွက်ကို ကြည့်၍ ကျေနပ်
စွာ ပြုံးလိုက်လေတော့သည်။

'မင်းဘာပြုံးတာလဲ'

ညီညီမောင်က သူပေး
သော ဌာနဆိုင်ရာ အကြောင်း
ကြားစာ၊စာရွက်ကို ကြည့်၍ပြုံး
နေသောရှဖီးအား မလုံမလဲနှင့်
စိုးရိမ်တကြီးဟန်ဖြင့် ပေးလိုက်
သည်။

'ဪ ခင်ဗျားရဲ့ စေ့စပ်
သေချာမှုကို ကြည့်ပြီး သဘော
ကျလို့ ပြုံးမိတာပါ'

ရှဖီးက ပုံမှန်အတိုင်း ပြန်
ဖြေလိုက်မှ ညီညီမောင်မှ စိတ်
သက်သာရာရသွားတော့သည်။
ညီညီမောင်သည် တံဆိပ်တုံး
ရလျှင်ရခြင်း ရေကြောင်းဦးစီး
ဌာနသို့ ပြန်လာခဲ့သည်။

'အစ်ကိုရာ. . . မျှော်
လိုက်ရတာ. . အစ်ကိုက ဒီနေ့
မှ နောက်ကျနေတာကိုး'

ရေကြောင်းဦးစီးဌာန
ဝင်းအတွင်းသို့ ညီညီမောင် ဝင်
လိုက်လျှင် အသင့်စောင့်နေသူ
ကျော်ကျော်မြိုင်မှ အမောတ
ကော လှမ်းပြောလိုက်သည်။

'လာမှာပေါ့ ညီလေးရာ
ဒါက လုပ်ငန်းပဲ၊ မြို့ထဲခဏဝင်
နေတာနဲ့ကြာသွားတာပါ. . ကဲ
ပေးပေးမင်းလူတွေရဲ့ ဓါတ်ပုံ'

'ပါပါတယ် အစ်ကို
ဓါတ်ပုံတင်မကပါဘူး ၊ငွေပါတစ်
ပါတည်း အကျေယူလာခဲ့တယ်
ရော့ ဓါတ်ပုံနဲ့ ငွေတစ်သိန်း
ခြောက်သောင်း'

ကျော်ကျော်မြိုင်က
ဓါတ်ပုံနှစ်ပုံနှင့် ငွေထုပ်ကိုလှမ်း

www.burmeseclassic.com

ပေးလိုက်သည်။ညီညီမောင်လည်း ကျော်ကျော်မြိုင်ထံမှ ဓါတ်ပုံနှင့်ငွေများကိုယူ၍ ဒဂုံမြောက်အိမ်သို့ ပြန်လာခဲ့တော့သည်။ညီညီမောင်မှာ ယနေ့တွင် မည်သည့် အလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ရသော်လည်း သူလိမ်ထားသောကိစ္စရပ်များကြောင့် မောဟိုက်လျက် ချွေးများ ပြန်လာသည်။

***

'ဟယ်. . အစ်ကို ပြန်လာပြီ. . . အို ချွေးတွေလဲပြန်လို့ဒီနေ့ ပင်ပန်းလာတယ်ထင်တယ်၊'

အိမ်သို့ ရောက်လျှင် ရောက်ချင်း အိမ်ရှေ့တွင် ရှိနေသော ဇနီးဖြစ်သူ သန္တာဝင်းက လှမ်းပြောလိုက်သည်။

'အေးကွာ. . ဒီနေ့သွားရလာရတာ ပင်ပန်းလို့ စောစောပဲ ပြန်လာခဲ့တယ်၊'

ညီညီမောင်က ပြီးစလွယ်ပင် ဖြေလိုက်ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ခဏအကြာတွင် အိမ်ရှေ့ရှိ စားပွဲပေါ်တွင် အိုင်းတက်စ်(မျက်စိစစ်ဆေးသည့်) စာရွက်များအား စားပွဲပေါ်သို့တင်၍ ညွှန်ကြားရေးမှူးနှင့် အောက်ခြေမှ အထက်တန်းစာရေးတို့၏ လက်မှတ်အတိုများပါသော စာရွက်တစ်ရွက်ကို အသင့်ချထားလိုက်သည်။ထို့နောက် စာရွက်အလွတ်ပေါ်တွင် လက်မှတ်များအား မူလလက်မှတ်အားကြည့်၍ကျင့်လေသည်။အသားတကျရှိ၍ မူလလက်မှတ်နှင့်တူမှ အိုင်းတက်စ်(မျက်စိစမ်းသပ်)စာရွက်ပေါ်တွင် လက်မှတ်ထိုးလိုက်သည်။ထို့နောက် ဓါတ်ပုံနှစ်ပုံပေါ်တွင် တံဆိပ်တုံးရိုက် လိုက်သည်။

'သေချာပြီ ဒါဆို ဘယ်သူမှ ခွဲနိုင်မှာ မဟုတ်ဘူး . . . ဒီတစ်ခါ အောင်မြင်လိုက်ရင်. . .'

ညီညီမောင်မှာ သူ့လုပ်ရပ်အား သူ့ဘာသာ သဘောကျကာ ကျေနပ်စွာ ပြုံးလိုက်ပါတော့သည်။

***

'ဘာ. . သဘောကျလို့ပြုံးနေတာလဲအစ်ကို'

ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနအတွင်းသို့ ပြုံး၍ ဝင်လာသူ ညီညီမောင်အား အသင့်စောင့်နေသူ ကျော်ကျော်မြိုင်မှ တွေ့လိုက်သဖြင့် ပြော လိုက်သည်။

'ဪ. . ညီလေး. . ရော့ရော့ မင်းလုပ်ခိုင်းထားတဲ့ အိုင်းတက်စ် အောင်လက်မှတ် နှစ်စောင်၊'

'ကျေးဇူးပဲ အစ်ကို. . သူတို့နှစ်ယောက်ကို ကျွန်တော် သွားပေးလိုက်ဦးမယ်၊'

ကျော်ကျော်မြိုင် လည်း ညီညီမောင်ပေးသော စာ ရွက်နှစ်ရွက်ကိုယူ၍ ထွက်သွား လေတော့သည်။ညီညီမော လည်း ယနေ့အဖို့ မည်သည့် အလုပ်မှ လုပ်လိုစိတ် မရှိသဖြ ဒဂုံမြောက်သို့ ပြန်လာခဲ့တော့ သည်။

***

အခန်း(၄)

'ဟော. . အစ်ကိုလ ဦး. . အစ်ကို့ကို စောင့်နေတာ

ရေကြောင်းဦးစီးဌာ ဝင်းအတွင်းသို့ ဝင်လ ညီညီမောင်အားကျော်ကျော်မြ



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးလှမ်းခေါ်ပြီး ပြောလိုက်သည်။

'ဩော်. . . . ညီလေး ကဲပြော တို့ဒီနေ့ ဘာလုပ်ငန်းရှိသလဲ၊'

'အလုပ်ကိုထားပါဦး အစ်ကိုရ. . မနေ့က အစ်ကို လုပ်ပေးလိုက်တဲ့ အိုင်းတက်စ်အောင်လက်မှတ်တွေက အတုတွေဖြစ်နေလို့. . . အဲဒါ ညွှန်မှူးကသူနဲ့လာတွေ့ဖို့မှာလိုက်တယ်'

ကျော်ကျော်မြိုင်၏ စကားကြောင့် ညီညီမောင်မှာ များစွာတုန်လှုပ်သွားသည်။သို့သော် ညွှန်မှူးမှာ မိမိ၏ဝန်ထမ်းဘဝက အထက်အရာရှိ တစ်ဦးဖြစ်၍ ခွင့်လွှတ်မှာပဲဟု တွေးလိုက်မိသည်။

'ပြီးတော့ ပြန်လာရင် ကျွန်တော်နဲ့လာတွေ့ပါဦးအစ်ကိုဟိုနှစ်ယောက်က သူတို့ငွေတွေပြန်ပေးဖို့ပြောထားလို့ပါ၊'

'အေးပါကွာ. . အစ်ကို ပြန်လာရင်လာတွေ့ပါ့မယ်၊'

ညီညီမောင်ပြန်ဖြေရင်း ရေကြောင်း ပို့ဆောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ ရုံးခန်းဘက်သို့ ညှိုးငယ်စွာနှင့် ခေါင်းငိုက်စိုက်ချကာထွက်လာခဲ့တော့သည်။ညွှန်မှူး၏ရုံးခန်းရောက်လျှင်အခန်းပေါက်ရှိ ဆင်နွဲ့ရွက် တံခါးနှစ်ချပ်အား တွန်း၍ ဝင် သွားလိုက်သည်။

'အော်. . မင်းရောက်လာပြီကိုး. . . ကဲ. . ထိုင်ပါဦး'

ညွှန်မှူးက ပြော၍ ညီညီမောင် ကုလားထိုင်တွင် ဝင်ရောက်ထိုင်ရင်း ကြည့်လိုက်ရာ သူ့ဘေးတွင် အထက်တန်းစာရေးကြီးလည်း ရောက်နေသည်ကို တွေ့လိုက်ရသည်။

'ဒီမှာ ညီညီမောင်ဟောဒီ အိုင်းတက်စ် အောင်လက်မှတ်နှစ်ရွက်ထဲမှာ ထိုးထားတဲ့ ငါ့လက်မှတ်နဲ့ ဟောဒီ စာရေးကြီးလက်မှတ်တွေဟာ အတုတွေ ဖြစ်နေတဲ့အပြင်ဟောဒီ တံဆိပ်တုံးဟာလဲတို့သုံးနေတဲ့ တံဆိပ်တုံး မဟုတ်ဘူး. . . ဒီလက်မှတ်နှစ်စောင်ကို မင်းလုပ်ပေးတယ်ဆိုတာ. . ဟုတ်သလား'

ညွှန်မှူးမှာ သွယ်ဝိုက်၍ ပြောဆိုနေခြင်းမပြုတော့ဘဲ တိုက်ရိုက်ပင်ပြောလိုက်သည်။

'ဟုတ်. . ဟုတ်ပါတယ် ညွှန်မှူး. . ကျွန်တော် မိသားစုစားဝတ်နေရေး. .'

'ဒီမှာ ညီညီမောင် မင်းဌာနမှာ လုပ်နေတုန်းလည်း ဒီလိုပဲ လက်မှတ်ကို အတုထိုးလို့ အလုပ်က ထုတ်ပစ်ခဲ့ပြီးပြီ၊ နောက် သင်္ဘောသား တွေရဲ့ စာရွက်စာတမ်းတွေကို လုပ်ကိုင်ပေးနေလို့ မင်းဝင်ငွေကောင်းပြီး အဆင်ပြေနေတာတွေ့ရလို့ တို့အနေနဲ့ မင်းကို ဘာမှ နှောင့်ယှက်မှု မလုပ်ဘဲ ကြည့်နေခဲ့တယ်။ အခု လုပ်တာက မင်းလောဘတက်ပြီး မလုပ်သင့်တဲ့အလုပ်ကို လုပ်ပြီး ဌာနကို ဒုတိယအကြိမ် သစ္စာဖောက်ခဲ့တာပဲ'

ညွှန်မှူးမှ သူ့စေတနာထားပါလျက် ဤသို့လုပ်ခြင်းအတွက် သည်းမခံနိုင်သည့်အတိုင်း ပြောလိုက်သည်။

'ကျွန်တော်. . နောက်'

'တော်ပြီ. . ညီညီမောင် မင်းဘာမှ ထပ်မပြောနဲ့တော့. . . . ဒါတောင်းပန်ရတဲ့ ကိစ္စမဟုတ်တော့ဘူး'

'ဒီမှာ ညီညီမောင် မင်းဟာ တို့ဌာနကိုပါမကဘဲ နိုင်ငံတော်ကိုပါ သစ္စာဖောက်မိပြီဆိုတာ. . . မင်းသိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



အနီးတွင် ထိုင်နေသော စာရေးကြီးက ပါဝင်ပြောလိုက်တော့သည်။

'ဟော. . . စခန်းမှူးတို့ အဖွဲ့ရောက်လာကြပြီး . . အတော်ပဲ၊'

ညွှန်မှူးရုံးခန်းအတွင်းသို့ ဝင်လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ဝတ်စုံနှင့် စခန်းမှူး အပါအဝင် ရဲအရာရှိနှစ်ယောက်အား ညွှန်မှူးက နှုတ်ဆက်လိုက်သည်။

'ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ ညွှန်မှူး၊'

စခန်းမှူး ရဲအုပ်မောင်မောင်သန်း၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်အေးလွင်၊ အမှုစစ်အရာရှိဒုရဲအုပ်ဆန်းဝင်းတို့မှ ညွှန်မှူးရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

'ဖြစ်ပုံက ဒီလိုဗျ. . .။'

ညွှန်မှူးမှ ဖြစ်ပျက်ပုံ အလုံးစုံကို ရှင်းပြပြီးအိုင်းတက်စ် အောင်လက်မှတ် အတုနှစ်ရွက် ဌာနဆိုင်ရာစာရွက်ပေါ်မှာ ညွှန်မှူးကိုယ်စား ထိုးထားတဲ့ ဦးစီးမှူးရဲ့ လက်မှတ် အတုနဲ့ တကွ ညီညီမောင်ကိုပါ ညွှန်ပြလိုက်သည်။ညီညီမောင်မှာ သူ့အပြစ်နှင့်သူမို့ ခေါင်းမဖော်ဝံ့တော့ချေ။

'အဲဒီကိစ္စကို ဥပဒေအတိုင်း အရေးယူဖို့ ဆရာသန်းတို့ဆီ အကူအညီတောင်းရအောင် လှမ်းခေါ်လိုက်ရတာပါ၊'

**ဟာ. . . .**
**မနည်းပါလား**
**ဒါထောင်**
**ဖိုးတွမ်ကြီး**
**သားတွေက**
**လီမ်ရဲ**
**ဆေးတယ်နော်. .**

'ဟုတ်ကဲ့ ညွှန်မှူးခင်ဗျာ ကျွန်တော်ဥပဒေအတိုင်း အရေးယူပါ့မယ်. . ညွှန်မှူးအနေနဲ့ သူ့ကို အရေးယူဖို့ စာတစ်စောင် ရေးပေးလိုက်ပါခင်ဗျာ၊'

'အဆင်သင့်ရေးထားပြီးပါပြီ ဆရာသန်း၊ မပြည့်စုံရင်တော့ ထပ်ပေးပါ့မယ်၊'

ညွှန်မှူးကပြော၍ ရေးထားသော တိုင်စာ စာရွက်အား စခန်းမှူး ရဲအုပ်မောင်မောင်သန်း ထံပေးလိုက်သည်။

'မလိုပါဘူး. . ညွှန်မှူး အားလုံး ပြည့်ပြည့်စုံစုံရေးထားတာပဲ. . ဒါဆိုရင် ကျွန်တော်တို့ ဒီက ညီလေးကို ဥပဒေအတိုင်း အရေးယူပါ့မယ်၊'

'ဒါထက်. . ကျွန်တော် မသိလို့မေးတာပါနော်၊ သူ့ကို ဘယ်လိုပုဒ်မနဲ့ အရေးယူပြီး ပြစ်ဒဏ်ဘယ်လောက် ကျနိုင်တယ်ဆိုတာ. . ဗဟုသုတအနေနဲ့ပြောပြလို့ရမလား. ဆရာသန်း'

'ဟာ. . ရတာပေါ့ ခင်ဗျာ. . ပြည်သူတွေ ဥပဒေကိုသိအောင် ဆောင်ရွက်ရမယ့် တာဝန်ဟာလဲ ကျွန်တော်တို့ တာဝန်ပါ၊'



www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ. . ပြောပြ ပေးပါဦး၊'

'အခုညွှန်မှူးရဲ့ တိုင်စာက ဒီက ညီညီမောင့်ဟာ ပြစ်မှု နှစ်ခုကို ကျူးလွန်နေကြောင်း တွေ့ရပါတယ်၊ အဲဒီ ပြစ်မှုတွေကတော့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀နှင့် ၄၆၈ တို့ဖြစ်ပါတယ်၊'

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ဆိုတာ ညွှန်မှူးတို့လဲကြားဖူးမှာပါ၊ 'ဒီကောင် ဖိုးတွမ်တီး ဆိုတာလေ၊'

'ဟုတ်တယ်. . . ဟုတ်တယ်. . ဖိုးတွမ်တီးဆိုတော့ အဲဟုတ်တာပေါ့ ပုဒ်မ ၄၂၀ ခုမှ ရှင်းသွားတော့တယ်'

အဲဒီပုဒ်မ ၄၂၀ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကတော့. .

'မည်သူမဆို. . လိမ်လည်ပစ္စည်းတစ်ခုကို ရယူ၍သော်လည်းကောင်း၊အဖိုးတန် စာရွက်စာတမ်းကို လက်မှတ် ရေးထိုးခြင်း၊တံဆိပ်ခပ်နှိပ်ခြင်း သော်လည်းကောင်း၊ အဖိုးတန် စာရွက်စာတမ်း အဖြစ်သို့ပြောင်းလဲ နိုင်တဲ့ အရာအားလုံးကို သော်လည်းကောင်း၊တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း၊ ပြုစေရန် သို့တည်းမဟုတ် ပြင်ဆင်စေရန် သို့တည်းမဟုတ် ဖျက်ဆီးစေရန် သော်လည်းကောင်း၊မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်လျှင် ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။'

'ဟာ မနည်းပါလား. . ဒါတောင် ဖိုးတွမ်တီး သမားတွေက လိမ်ရဲသေးတယ်နော်၊'

ညွှန်မှူးက အံ့သြစွာ ပြောလိုက်ရင်း ညီညီမောင်ကို ရုတ်တရက် လှမ်းကြည့်လိုက်သည်။ညီညီမောင်ကတော့ ဘာမှမသိတော့ခေါင်းငိုက်စိုက်သာ ချနေတော့သည်။

'အဲဒီနောက် ပြစ်မှု ၄၆၈ ဆိုတာကရော ဆရာသန်း'

'ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၆၈ ကတော့. . မည်သူမဆို. . လိမ်လည်ရန် အလို့ငှာလိမ်လည် အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားကို သုံး စွဲစေရန် အကြံဖြင့် လိမ်လည်အတုပြုလုပ်မှုကို ကျူးလွန်လျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်အထိ ချမှတ် နိုင်သည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထား ပါတယ်။'

'အေးဗျာ. . . အခုလို စိတ်ရှည်လက်ရှည် ရှင်းပြတဲ့ အတွက် ဆရာသန်းကို အထူးပဲ ကျေးဇူးတင်ပါတယ်. . ကဲ ဆရာသန်းတို့ ဆက်လက်ဆောင်ရွက်ကြပါ၊'

'ဟုတ်ကဲ့ ညွှန်မှူး. . ကျွန်တော်တို့ကို ခွင့်ပြုပါဦး. .'

စခန်းမှူး ရဲအုပ်မောင်မောင်သန်းနှင့် အဖွဲ့သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀/၄၆၈ ကို ကျူးလွန်သူ ညီညီမောင်အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပိုင် မာဇဒါဂျစ်ဖြင့် ရဲစခန်းသို့ ဦးတည်မောင်းနှင်၍ ခေါ်ဆောင်လာခဲ့ပါတော့သည်။

ကိုကြီးသန်း(မြင်းခြံ)



www.burmeseclassic.com

www.burmeseclassic.com



# မကြွေးလှမြင့်

## လူစိမ်းတစ်ယောက်၊ဆယ်ဘီးကားတစ်စီး၊ဒီဇယ်ဝါးပီပါ




www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီရဲ့ နံနက်
င်းသည် (၁၁)နာရီခန့် ရှိနေ
သော်လည်း အအေးဓာတ်က မ
ယ်လွင့်သေး။ နေခြည်သည်
င်းဝတ်လွှာကို ထိုးဖောက်ဖြာ
င်း၍ ကြည်လင် တောက်ပနေ
သည်။ မကွေးမြို့ မာဃလမ်း
ယ်ဘေး၌ ကျယ်ဝန်းသော ခြံ
င်းတစ်ခုထဲတွင် ဂိုဒေါင်တန်း
ားအချို့သပ်ရပ်စွာ ဆောက်
ပ်ထားသည်။ ထိုခြံဝင်းထဲတွင်
ပစွာဆောက်လုပ်ထားသည့်
ာချင်းတစ်ထပ်တိုက်ကလေးကို
ည်း တွေ့ရ၏။ ခြံဝင်းတံခါး၌
လမင်း'သီးနှံစုံပွဲရုံလုပ်ငန်း
သော ဆိုင်းဘုတ်တစ်ခု တွေ့ရ
။

အရပ်အမောင်းမှာ အ
က်အသင့်ရှိ၍ တည်ငြိမ်ခန့်
ားသောဥပဓိရုပ်ရှိသည့် လူ
စ်ယောက်သည် နို့သာရောင်
ရိန်းရှပ်လက်ရှည်နှင့် ဇက်
ာညွန့်ရောင် ဘောင်းဘီရှည်
ပ်လျက် အတက်ချိုကေ့စ်ကိုင်
 အဆိုပါခြံဝင်းထဲသို့ ဝင်လာ
ည်။ တစ်ထပ်တိုက်ရှေ့၌ အ
ပ်သမားတစ်ယောက်အား. .

"ဒီပွဲရုံကလုပ်ငန်းမန်နေဂျာ နဲ့တွေ့ချင်လို့ပါ"

အလုပ်သမားက လှစိမ်း အားအကဲခတ် ကြည့်ရှုပြီး ကုလားထိုင်တစ်လုံးပေးကာ. . .

"ခဏစောင့်ပါ. . . ကျွန်တော်သွားပြောပေးပါမယ်"

အလုပ်သမားသည် အတွင်းသို့ဝင်သွားပြီးခဏအကြာတွင် ပြန်ထွက်လာကာ. .

"ဝင်လို့ရပါပြီ။အထဲမှာ ဆရာရှိပါတယ်"

လှစိမ်းသည် ဖျတ်လတ်သွက်လက်စွာ တိုက်ထဲသို့ ဝင်သွား၏။ ဧည့်ခန်းဆက်တီတွင် လူတစ်ယောက် ထိုင်လျက် ဖော်ရွေသော အပြုံးဖြင့် ကြိုဆိုလျက်ရှိ၏။

"ကျွန်တော့်နာမည်က နေမျိုးအောင်ပါ။ ကုမ္ပဏီက နယ်လှည့်တာဝန်ခံပါ"

လှစိမ်းက. . သူ့ကိုယ်သူမိတ်ဆက်ကာ လုပ်ငန်းသုံး လိပ်စာကတ်ပြားကလေး ကမ်းပေးလိုက်၏။ ပွဲရုံမန်နေဂျာသည် ကတ်ပြားကိုသေချာဖတ်ကြည့်ပြီး-

"ဟုတ်ကဲ့။ ကျွန်တော့် နာမည် သန်းဆွေပါ။ လာတဲ့ကိစ္စ ပြောပါ"

"ကျွန်တော်တို့ ကုမ္ပဏီက တီဗီ၊ ဗီဒီယို၊ ဗီစီဒီ၊ နိုင်ငံတကာစလောင်းမျိုးစုံနဲ့ အပိုပစ္စည်းများ ရောင်းချပါတယ်။ အထက်မြန်မာပြည်အတွက် ပစ္စည်းတွေ ဆယ်ဘီးကားနဲ့သယ်လာတာ တောင်တွင်း အလွန်မှာ ကားစက်ချို့ယွင်းလာပါတယ်။ သစ်ရာကောက်ရောက်တော့ ကားကိုဆက်မမောင်းဘဲ သစ်ရာကောက်မှာ ရပ်ထားခဲ့ရပါတယ်။ ကားကို အကြီးစားပြင်ဆင်မှ ဖြစ်တော့မယ်။ ဒီတော့ သစ်ရာကောက်မှာ ရပ်ထားတဲ့ ကားပေါ်က ပစ္စည်းတွေကို လုံခြုံစိတ်ချရတဲ့နေရာတစ်ခုမှာ ခဏထားပြီး ကားပြင်မယ်ပေါ့။ ပစ္စည်းတွေကို ထားဖို့ ဒီပွဲရုံက ဂိုဒေါင်ငှားချင်ပါတယ်။ လေးငါးရက်လောက်ပေါ့၊ အလွန်ဆုံး တစ်ပတ်ပေါ့ဗျာ။ ဂိုဒေါင်ငှားခ ကျသင့်တာ ပေးပါ့မယ်"

ပွဲရုံမန်နေဂျာ ဦးသန်းဆွေသည် ဦးနေမျိုးအောင်၏ ပြောစကားကို ခေါင်းတစ်ညိတ်ညိတ် နားထောင်နေရင်းက. .

"ပစ္စည်းထားတဲ့ကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



တော့ဟုတ်ပါပြီ။ ဒီကိစ္စက . . ကျွန်တော်တစ်ယောက်ထဲနဲ့မပြီးဘူး။ ကျွန်တော့်ဦးလေး ပွဲရုံပိုင်ရှင်ရှိသေးတယ်။သူ့ကို တယ်လီဖုန်း ဆက်သွယ်ကြည့်ဦးမယ်"

ဦးသန်းဆွေသည် တယ်လီဖုန်းရှိရာ အတွင်းခန်းသို့ဝင်သွား၏။ ဦးနေမျိုးအောင်သည် ငါးသုံးလုံးစီးကရက်ဗူးနှင့် မီးခြစ်ကိုစားပွဲပေါ် တင်လိုက်ပြီး သူကိုယ်တိုင် တစ်လိပ်မီးညှိသောက်လိုက်သည်။ ခဏအကြာတွင် ဦးသန်းဆွေ အခန်းထဲမှပြန်ထွက်လာပြီးဆက်တီ ကုလားထိုင်ပေါ်ထိုင်လိုက်သည်။

"စီးကရက် သောက်ပါဦး"

ဦးနေမျိုးအောင်က ငါးသုံးလုံးစီးကရက်ဗူးကို ရှေ့သို့တွန်းပေးသည်။ ဦးသန်းဆွေသည် ဦးနေမျိုးအောင်၏ လက်မှသုံးကျပ်သားခန့် ဟန်းချိန်းနှင့် ကျောက်စိမ်းလက်စွပ်ကြီးကို သတိထားကြည့်လိုက်၏။

"ပစ္စည်းထားဖို့ ဂိုဒေါင်ကိစ္စကတော့ အဆင်ပြေပါတယ်။ ငှားရမ်းခ ငွေကြေးက

တော့ တစ်ပတ်စာ အတွက် 'ငါးသောင်း' လို့ ပြောပါတယ်။ နှစ်ရက်သုံးရက် ဆိုလည်း ဒီဈေးပဲ

. . . . . . . . . . . . . . .

**ဒီတော့...**

**ဒီဇယ်ငါးလုံးအတွက်**

**စရန်ငွေတစ်သိန်းလောက်**

**အသုံးယူချင်တယ်**

**ပြီးမှကားငှားခတွေ**

**ဂိုဒေါင်ငှားခတွေ**

**အလုပ်သမားခတွေ**

**ပွဲရုံမန်နေဂျာကြီးအတွက်**

**ပွဲခတွေကိုနုတ်ပြီး...**

. . . . . . . . . . . . . . .

ယူပါတယ်။ အဲဒါ. . . . "

ဦးသန်းဆွေ၏စကားမဆုံးခင် ဦးနေမျိုးအောင်က ကြားဖြတ်၍. .

"ရပါတယ်-ရပါတ[...] အခက်အခဲ ကြုံတွေ့ နေတ[...] အခုလိုငှားတာကိုပဲ ကျေးဇူ[...] လှပါပြီ"

"ကဲ. . ဒီတော့ ဘယ[...] စီစဉ်မလဲ"

"ဩော်-ဟုတ်ကဲ့။ [...] လောဆယ် ပစ္စည်းတွေ [...] ပြောင်းဖို့ ဆယ်ဘီးကား တ[...] နဲ့အလုပ်သမားက(၁၅) ယော[...] လောက် လိုချင်ပါတယ်။အ[...] သမားခ ဈေးနှုန်းကိုလည်း [...] ထိုက်တန်တန်ပေးပြီး ထ[...] လက်ဖက်ရည်လည်း တို[...] မယ်။ တစ်ခု ပြောချင်တာ ဒီ[...] ပေပါ (၅)လုံးကိုတော့ ဆ[...] သယ်ချင်တော့ဘူး။ ခရီးတ[...] တယ်။ မိုင်းရှူး၊ ဖားကန့်၊ မြ[...] နားအထိ ဆိုတော့ ဒီမှာဘဲ[...] ရောင်းထားခဲ့ချင်တယ်။ ပွင့်ပွင့်[...] လင်း ပြောရရင် ဒီမှာဘဲ[...] ဈေးနဲ့ ရောင်းခဲ့လိုက်ချင်တ[...] စက်သုံးဆီ ဝယ်မယ့်ကုန်သ[...] လည်းစပ်ပေးပါ။ ဒီအတွ[...] လည်း ပွဲခပေးပါ့မယ်"

ဦးသန်းဆွေသည် [...] နေမျိုးအောင်၏စကားကို[...] ထောင်ရင်းမျက်နှာတစ်ခုလုံး[...] လက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သမားက တော့ ကျွန်တော့်ပွဲရုံကပဲ ထည့်ပေး လိုက်မယ်။ စက်သုံးဆီ ကိစ္စကို တော့ ဦးယူနွတ်ဆီ ဖုန်းဆက်ပြီး မေးကြည့်ဦးမယ်"

ဟုပြောကာ ဦးသန်းဆွေ သည် အထဲဝင်သွားပြန်၏။ ထို့ နောက်ပြန်ထွက်လာပြီး. .

"ဆီကုန်သည် ဦးယူနွတ် က ယူမယ်လို့ ပြောပါတယ်။ ဆယ်ဘီးကားကလည်း သူ့မှာရှိ တော့ သူ့ဆီကပဲငှားလိုက်တယ်။ ဒီဇယ်ဈေးကတော့ အများဈေး အတိုင်းပဲ တစ်ပေပါကို 'ငါး သောင်း' ပဲပေးပါတယ်။ ဘယ် လိုလဲ. . ရောင်းနိုင်မလား"

အမှန်တကယ် ပေါက် ဈေးက ခြောက်သောင်းကျော် ရှိသည်။ အကျပ်အတည်းတွေ့ နေစဉ် ဈေးနှိမ်လိုက်ခြင်းဖြစ်၏။ ဦးသန်းဆွေသည် အရောင်းဈေး နှင့် ဝယ်ပေးရသည့်အတွက် ဦး ယူနွတ်ဘက်ကလည်း ပွဲခ မြက် မြက်ကလေးရမှာဖြစ်သည်။ ဦး သန်းဆွေ အနေဖြင့် ဒါမျိုးလုပ် စားခဲ့တာ အံတိုနေပြီ မဟုတ် လား။

"ရပါတယ်. . ရပါတယ် ဒီမြို့ပေါက်ဈေးပဲ။ မဆိုး ပါဘူး။ တစ်ခုတော့ပြောချင် တယ်ဗျာ။ ပြောရမှာကလည်းအားနာတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် တစ်လမ်းလုံး ဒီကား ဒုက္ခပေး လာလိုက်တာစရိတ် ပြတ်သ လောက်ဖြစ်နေပြီ။ ဒီကြားထဲ ကျွန်တော့် လက်ထောက် တပည့်တစ်ဦး ညက အပြင်း ဖျား၊ အန်၊ ဝမ်းလျှောနဲ့ သစ်ရာ ကောက်တိုက်နယ်ဆရာဝန်ကို ခေါ်ပြရတယ်။ ဒီတော့ ဒီဇယ် ငါးလုံးအတွက်စရန်ငွေ တစ်သိန်း လောက်အသုံးယူချင်တယ်။ ပြီးမှ ကားငှားခတွေ့ကို ဒေါ်ငှားခတွေ၊ အလုပ်သမားခတွေ၊ ပွဲရုံ မန်နေဂျာကြီးအတွက် ပွဲခတွေ ကို နုတ်ပြီး ပိုငွေရှင်းကြတာပေါ့"

"ရပါတယ်. . ရပါ တယ်။ ကျွန်တော် ဦးယူနွတ်ဆီ





www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်ပါ့မယ်"

ဦးသန်းဆွေ အထဲသို့ ဝင်သွားပြီး ဦးယုန္တတ်ထံဖုန်း ဆက်၍ ပြန်ထွက်လာ၏။

"အဆင်ပြေပါတယ်။ ဦးယုန္တတ်ရဲ့ကား ခဏနေတော့ ရောက်လာပါလိမ့်မယ်"

ဦးနေမျိုးအောင်သည် ဦးသန်းဆွေ၏ ပျာယာခတ်နေသောအမူအရာအား စီးကရက် ဖိမ်ခံသောက်ရင်း ကြည့်နေ၏။

မကြာမီ ဂျီအမ်စီကား ကြီးတစ်စီး ရောက်လာသည်။ ဒရိုင်ဘာသည် အထဲသို့ဝင်လာ ပြီး တစ်ထောင်တန် ငွေစက္ကူတစ် အုပ်ကို တရိုတသေပေးသည်။

"ဆရာ ဦးယုန္တတ်က ဒီ ဝယ်ဖိုးစရန်ငွေ တစ်သိန်း ပေးလိုက် ပါတယ်"

ဦးသန်းဆွေသည် မိမိ ဘယ်လောက်ပိုင်ကြောင်း အမူ အရာနှင့်..

"အေး..ဟုတ်ပြီ ထား ခဲ့။ မင်းအပြင်ကစောင့်။ ခုပဲ သစ် ရာကောက်ကို ထွက်မယ်"

ဒရိုင်ဘာအပြင်သို့ ထွက် သွားသည်။

**ဆယ်ဘီးကားကြီးကတော့**

**သတင်းအစအနမရ**

**ဦးကံမောင်နှင့်**

**အလုပ်သမားတစ်စု**

**တက္ကစီငှား၍လိုက်လာမည်**

**ဦးနေမျိုးအောင်အား**

**စောင့်မျှော်နေကြဆဲ...**

"ကဲ..စရန်တစ်သိန်း။ ရေကြည့်ပါဦး"

"မရေပါဘူးဗျာ။ယုံပါ တယ်။ ဆရာ့အတွက်အကျိုး ဆောင်ခ.."

ဦးနေမျိုးအောင်က ငွေ စက္ကူတစ်ထပ်ကို ဦးသန်းဆွေထံ လှမ်းပေးသည်။ ဦးသန်းဆွေက အိုင်တင်ခံနေလေသည်။

"ယူပါ။ ဘောက်ဆူးပေး တာပါ။ ပြီးမှ ပွဲခ ထပ်ပေးပါ ဦးမယ်"

ထိုစဉ်အတွင်း တယ်လီ ဖုန်းသံမြည်လာ၏။ ဦးသန်းဆွေ အတွင်းသို့ဝင်သွားကာ ဖုန်းနား ထောင်သည်။ နောက်ပြန်ထွက် လာပြီး..

"ဒီနေ့ ပဲတီစိမ်း အိတ် (၃၀၀)ဝယ်ဖို့ လုပ်ငန်းကိစ္စရှိ တယ်။ အဲဒီ ကိစ္စအတွက် အပြင် ထွက်ရဦးမယ်။ သစ်ရာကောက် ကို ကျွန်တော့်ဆီက စာရေးကြီး တစ်ယောက်ထည့်ပေးလိုက်မယ်။ ဦးကံမောင်ရေ..ဦးကံမောင်.. ခဏလာပါဦး"

အသက် ၅၀ ကျော်ခန့် မျက်မှန် ထူထူနှင့် လူတစ် ယောက် ဝင်လာသည်။


"ဦးကံမောင်။ အလုပ်သ မား (၁၅) ယောက်ခေါ်ပြီး ရွှေ မှာရပ်ထားတဲ့ ဂျီအမ်စီကားနဲ့ သစ်ရာကောက်ကို လိုက်သွား ဟိုမှာ ဒီဆရာရဲ့ ဆယ်ဘီးကား ရှိတယ်။ ကားပေါ်က ပစ္စည်းတွေ ကို ဂျီအမ်စီကားပေါ် ပြောင်း တင်။ သေသေချာချာတင်နော် မထိခိုက်ကြစေနဲ့။ ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com





တန်ဖိုး ရှိတယ်။ ဒီဇယ်ပီပါ (၅) လုံးကို ဦးယူနွတ်တိုက်ကို အရင် မောင်းပို့။ ပြီးရင် ကျန်တဲ့ပစ္စည်း တွေကို ကျွန်တော်တို့နောက်ဖေး က ဂိုဒေါင်ထဲ စနစ်တကျထား။ နောက်. . ကျန်တာ ကျွန်တော် ဆက်လုပ်မယ်။ ကဲ. . သွားကြ တော့"

ဦးနေမျိုးအောင်သည် မန်နေဂျာ ဦးသန်းဆွေအား လက်ဆွဲနှုတ်ဆက်ပြီး. .

"ကဲ၊ ကျွန်တော့်ကိုခွင့်ပြု ပါဦး" ဟုပြောကာ အပြင်ထွက်ခဲ့ ကြသည်။ ဂျီအမ်စီကားရှေ့ခန်း သို့ ဦးနေမျိုးအောင်နှင့် စာရေး ကြီး ဦးကံမောင်တို့ အတူထိုင် ကြသည်။ မကွေးနဲ့သစ်ရာ ကောက်က မိုင် (၃၀)သာဝေး သည်။

"ပွဲရုံပိုင်ရှင် သူဌေးက ဘယ်သူလဲဗျ"

ကားစထွက်ထွက်ချင်း ဦးနေမျိုးအောင်က စာရေးကြီး ဦးကံမောင်အား စပ်စုလိုက်၏။

"ဦးငွေသိန်းပါ"

"သူနေတဲ့ တိုက်ဇာ"

"မြို့အထွက် တောင် တွင်းကြီးကားလမ်းဘေးမှာ။ ခု. . ကျွန်တော်တို့သွားရင်း လမ်းမှာ တွေ့မှာပါ"

"ဦးငွေသိန်း တိုက်ရှေ့ ခဏရပ်ပေးပါနော်"

မကြာမီ မြို့အထွက် လမ်းဆုံ မန်းကျည်းပင် ရိပ် ကောင်းကောင်း၌ ဂျီအမ်စီ ကား ကြီးကို ရပ်လိုက်၏။ ဦးကံမောင် က ခပ်လှမ်းလှမ်းရှိ ခြံဝင်းကျယ် ထဲမှ တိုက်တစ်လုံးအား လက် ညှိုးထိုးပြလိုက်၏။

"ခဏနော်. . ဦးငွေ သိန်းကို ဝင်တွေ့လိုက်ဦးမယ်"

ဦးနေမျိုးအောင်က အ တက်ချိကေ့စ်ကို ဆွဲလျက် ဦးငွေ သိန်း တိုက်ခြံဝင်းထဲ ဟန်ပါပါ နှင့် ဝင်သွား၏။ ဆယ်မိနစ်ခန့် ကြာသောအခါ ဦးငွေသိန်းနှင့် ဦးနေမျိုးအောင်တို့ စကား တပြောပြောနှင့် တိုက်ခြံဝင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။ ဦးနေမျိုးအောင်က ဂျီအမ်စီကားဆီ လက်ညှိုးထိုးလျက် တည်ငြိမ်သော အမူအရာနှင့် စကားပြောနေမိ၏။ ထိုအခြင်းအရာကို စာရေးကြီး ဦးကံမောင် ကားခေါင်းထဲမှ အကဲခတ်ကြည့်ရှုနေ၏။ နောက်ဆုံးတွင် ဦးနေမျိုးအောင်သည် ဦးငွေသိန်းအား လက်ဆွဲနှုတ်ဆက်၍ အရိုအသေပေးပြီး ကားဆီသို့ ပြန်ခဲ့သည်။ ဦးငွေသိန်းလည်း တိုက်ထဲ ဝင်သွားသည်။ ကားနားသို့ ရောက်သောအခါ ဦးနေမျိုးအောင်က..

"ကဲ..စာရေးကြီးရေ ရန်ကုန်က ကုမ္ပဏီကို အကျိုးအကြောင်း ဖက်စ်ရိုက်ဖို့ရယ်၊ သစ်ရာကောက်က ဖျားနေတဲ့ လူမမာ အတွက် ဆရာဝန်မှာတဲ့ ဆေးပစ္စည်းတွေ ဝယ်ဖို့ရှိလို့ ကျွန်တော် နေခဲ့မယ်။ သစ်ရာကောက်ရဲစခန်းဘေးမှာ ကုမ္ပဏီကဆယ်ဘီးကားကြီး ရပ်ထားတယ်။ကုမ္ပဏီလို့ စာရေးထားတယ်။ မမှားပါဘူး။ ကျွန်တော် နောက်က တက္ကစီ ငှားပြီး လိုက်ခဲ့မယ်။ ရတယ် မဟုတ်လား။ ခုလည်းဦးငွေသိန်းကို ဖက်စ်ရိုက်ဖို့ ကိစ္စဝင်ပြောပြီးပါပြီ"

စာရေးကြီး ဦးကံမောင်သည် ခပ်ရိုးရိုး ခပ်အေးအေး အလုပ်တာဝန် လေးစားတဲ့လူ ဖြစ်သည်။

"ရပါတယ်..ရပါတယ်။ ဒါဆိုကျွန်တော်တို့ သွားနှင့်မယ်"ဟုပြောကာဆက်၍ထွက်သွားသည်။ဦးနေမျိုးအောင်သည် လက်ပြနှုတ်ဆက် ၍ ကျန်ရစ်ခဲ့သည်။

xxxxxxxxxxxxx

## ဦးသန်းဆွေ၏ ပြင်းထန်လှသော ပေါက်ကွဲမှုနှင့်အတူ နောက်ဆုံးစကားက.. တို့ အလိမ်ခံလိုက်ရပြီ ပြန်ကြစို့ .....

သစ်ရာကောက်ရွာ။

မကွေး-တောင်တွင်း ကားလမ်းပေါ်၌ ရှိ၏။ တိုက်နယ် အဆင့်ရှိ ကျေးရွာ။ အိမ်ခြေ ထောင်ကျော်ရှိ၏။ တိုက်နယ် ဆေးရုံ ရဲစခန်းနှင့် အထက်တန်း ကျောင်းများ ရှိသည်။ ကားလမ်း ဘေးမှာ စားသောက်ဆိုင်များ ဈေးဆိုင် များရှိသဖြင့် အဝေးပြေး ကားများ ရပ်နားသော စခန်း တစ်ခုလည်း ဖြစ်၏။

ဂျီအမ်စီကားကြီးသည် တရိပ်ရိပ်ပြေးလျက် တစ်နာရီခန့် ကြာသောအခါ သစ်ရာကောက် ရွာကိုလှမ်းမြင်ရသည်။ စာရေးကြီး ဦးကံမောင် သည် ရဲစခန်းရှေ့ လှမ်းမျှော်ကြည့်၏။ ဆယ်ဘီး ကားကိုမတွေ့။ ရှင်းနေသည်။ ထော်လာဂျီတွဲထားသောထွန်စက် တစ်စီးကိုသာ တွေ့ရသည်။ ဦးကံမောင်သည် ရဲစခန်းရှေ့တွင် ကားရပ်ခိုင်းပြီး ကားပေါ်မှ ဆင်းကာ ရဲစခန်းထဲဝင်၍ တာဝန်ကျ ရဲတပ်သားတစ်ဦး အားမေးသည်။


"ဒီရှေ့မှာ ဆယ်ဘီး ကားတစ်စီး မရပ်ဘူးလား ကုမ္ပဏီကလေ"



www.burmeseclassic.com

www.burmeseclassic.com





"ရုပ်ထားတာမတွေ့ ...ဘူးခင်ဗျာ"

ဦးကံမောင်သည် အူ ...ကြောင်ကြောင် ဖြစ်နေသည်။ ...ဆက်ပြောရမှန်းမသိ။ ရဲစ ...န်းရှေ့တွင် ဝေ့လည်လည် ဖြစ် ...နေ၏။ကုမ္ပဏီက ဆယ်ဘီးကား ...ကြီး ဘယ်ရှာရပ့်ါမလဲ။

ဦးကံမောင်သည် စား ...သောက်ဆိုင်များ ရှေ့သို့ ...ယောင်မလည် ရောက်သွားပြီး ...ဆယ်ဘီးကားကြီး အကြောင်း ...မေးမြန်း ပြန်သည်။ လူတိုင်းက ...ခေါင်းခါပြကြသည်။ အချိန်သာ ...ရွှေ့ရွှေ့ကုန်ခဲ့သည်။ ဆယ်ဘီး ကားကြီးကတော့ သတင်း အစ အနမရ။ ဦးကံမောင်နှင့် အလုပ်သမားတစ်စု တက္ကစီငှား၍ လိုက်လာမည့် ဦးနေမျိုးအောင် အား စောင့်မျှော်နေကြဆဲ။ ဂျီအမ်စီ မောင်းလာသည့် ဦးယူနွတ်၏ တပည့် ဒရိုင်ဘာ ကလည်း လက်မှိုင်ချလျက်။ ဝမ်းက တကြုတ်ကြုတ်. . ။

ညနေ စောင်းလာပြီး နှင်းမြူတို့ ဝေ့ဝဲကျဆင်းလျက် အမှောင်ရိပ်သန်းလာပြီ။ ဦးနေမျိုးအောင်ကတော့ ပေါ်မလာသေး။ ထိုစဉ် ဆိုင်ကယ်တစ်စီး သစ်ရာကောက်ရဲစခန်းရှေ့ ထိုးရပ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှဆင်းလာသူမှာဦးနေမျိုးအောင်တော့မဟုတ်။ ပွဲရုံမန်နေဂျာ ဦးသန်းဆွေ ဖြစ်၏။

ဦးကံမောင်က ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်၏။

"တောက်"

ဦးသန်းဆွေ၏ ပြင်းထန်လှသော ပေါက်ကွဲမှုနှင့်အတူ နောက်ဆုံးစကားက. .

"တို့ အလိမ်ခံလိုက်ရပြီ ပြန်ကြစို့" ဟူ၏။

မကွေးလှမြင့်



www.burmeseclassic.com

www.burmeseclassic.com






ကျုပ်တကယ့်ရင်နာတယ်၊ ဘယ်နှယ့်ဗျာ သည်လမ်းမှာ ကျုပ်ခြေချလာတာပဲ နည်းတော့တဲ့ နှစ်လား။ ဆယ့်ခြောက်နှစ်သားကတည်းက လမ်းမှာပဲ လုပ်စားခဲ့တာဥစ္စာ၊ အခုအသက်ပဲ ခြောက်ဆယ်ကျော်နေပြီဆိုတော့ ဒီနေရာမှာတင်ပဲ သုံးဆယ့်ခြောက်နှစ် လောက်တောင်ရှိနေပြီ။

ကျုပ်လိုပွဲစားမျိုး ဘယ်နှစ်ခါများ နာမည် ပျက်ရှိဖူးခဲ့လဲ။ မေးကြည့်လိုက်ဦး။ မသိတဲ့သူလည်း မရှိဘူး။ ပြီးမယုံကြည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူလည်းမရှိဘူး။ လှကြိုင်ပစ္စည်းဆို ဘယ်သောအခါကမှ အကြွအဖန် မဖြစ်စေရဘူး။ အားလုံးအမှန်အကန်ပဲ။ ဈေးလည်းမှန်မယ်၊ ပစ္စည်းလည်းမှန်မယ်။ သတိတစ်လုံးအရေး ကြီးတာပဲမဟုတ်လား။

ကျုပ်ကလည်း ဘယ်သောအခါမှ စည်းဖောက်ခဲ့တဲ့လူစားမဟုတ်ဘူး။ ရောင်းသူရော ဝယ်သူပါ စိတ်ချမ်းသာစေတဲ့အလုပ်မျိုးပဲလုပ်တယ်။ သမာသမတ်ပဲ။ အချိုးအတိုင်းပဲ။ ဖြတ်စားလပ်စားဆိုတာ ကျုပ်မှာထုံးစံမရှိဘူး။ မပြေလည်ဘူးနော် တောင်းစားလိုက်မယ်။ တောင်းလည်းမစားခဲ့ရပါဘူး။ သဘောကို ပြောတာပါ။ ရွှေဘုံသာလမ်းတစ်လျှောက်မှာ လှကြိုင်ဆိုရင်အားလုံးက စိတ်ချလက်ချ ရှိကြတာပါ။ နည်းတော့တဲ့လုပ်သက်မှမဟုတ်တာ ဆိုတော့လည်းစိန်လာမလား၊ နီလာလာမလား၊ ပတ္တမြားလား၊ ကျောက်စိမ်းလားတိုက်တာလာခဲ့ပါ။ အားလုံးကျွမ်းကျင်ပြီးသားပဲ။ အမှားအယွင်း မဖြစ်စေရဘူး။

အခုတော့ ကြည့်ပါဦး။ တစ်သက်လုံး နာမည်ပျက်မရှိခဲ့ဖူးခဲ့တဲ့ကျုပ်ကိုမှ လာပြီးလုပ်ရက်ကြတယ်။ သင်းတို့ထစ်တွေ မင်သေလိုက်ချက်ကတော့အံ့ရော။ သင်းတို့လုပ်တာနဲ့ ကျုပ်အခု စိန်ပိုင်ရှင်တွေကို မျက်နှာဘယ်လိုပြရတော့မလဲ။ စိန်လက်စွပ်က ခြောက်ကွင်း၊ နှစ်ကွင်းကတစ်လုံးစိန်၊ နားကပ်က လေးရံတောင် ဟိုခြယ်နားကပ်ကလေးကဆိုရင် ပိုင်ရှင်ကို ဘယ်လိုလုပ်ပြီး တောင်းပန်ရမလဲဆိုတာမသိတတ်တော့ဘူး။

ကျုပ်ကိုကျုပ်ပဲ အပြစ်တင်ရမလားပဲ။

ကျုပ်ကိုပေးခဲ့တဲ့ စရန်ငွေ ၃၀၀၀နဲ့ ဘယ့်နှယ်လုပ်ရှင်းလို့ရမလဲ။ ပြဿနာတော့တက်ပြီ။ သည်အတိုင်းနေလို့ကတော့မဖြစ်သေးဘူး။ ရဲကိုတော့တိုင်ထားမှဖြစ်မယ်။ နည်းတဲ့အဖိုးမှမဟုတ်၊ အားလုံးပေါင်းရင်ပဲတစ်သိန်းလျော့လျော့ရှိနေပြီ။ ရွှေဈေးနဲ့ပဲ တွက်ကြည့်လိုက်ဦး။ ရွှေတစ်ကျပ်သားမှ ထန်ကုန်ငါးထောင်ဆိုတော့ ရွှေနှစ်ဆယ်သားလောက်တောင်ရှိနေပြီ။ ကိုယ်ကျိုးတော့နည်းတော့မယ်။

ကျုပ်ကပဲညံ့လွန်းလွန်းတာလား။

သင်းတို့ကပဲ မှော်အောင်ကြတာလားကွယ်။

* * * *

(နှစ်)

အဖြစ်ကတော့ ဆရာရယ်။ ကျုပ်ပြောရမှာတောင်ခပ်ရှက်ရှက်ပါပဲ။ သင်းတို့တွေကျုပ်အိမ်ကို လွန်ခဲ့တဲ့နှစ်ပတ်လောက်မှာ ရောက်ခဲ့ကြတာပေါ့။ ဘယ်သိပါ့မလဲ ဆရာရယ်။ ဟိုခပ်ပုပု မဲကြုတ်ကြုတ် ဗလသေးနဲ့သူက ကျုပ်အသက်လောက်တော့ရှိရော့မယ်။ ကျုပ်ဆီကို နိုင်ငံခြားဖြစ် မုန့်ပုံးလေးထောင့်တစ်ပုံးဆွဲလို့ပေါ့။ တစ်ယောက်ကတော့ အသက်သုံးဆယ်ကျော်လေးဆယ် လောက်တော့ ရှိရော့မယ်။ အရပ်ထောင်ထောင် မောင်းမောင်းပါပဲ။ ခန္ဓာကိုယ်လည်း နည်းနည်းဖွံ့တယ်ပေါ့။ နှာတံက သူ့ကိုထင်ထင်ရှားရှား ဖြစ်လောက်အောင်ပဲ ကြီးပြီး အဖျားမှာ ကောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဗလံသေးတဲ့လူက အိုစီပိုးနီးယားရှစ်ပင်းလိုင်းက ကပ္ပတိန်တဲ့။ ထောင်ထောင်မောင်းမောင်းကတော့ သူ့လက်ထောက်လို့ဆိုသကိုး။

ကျုပ်အိမ်ကို သင်းတို့ လမ်းမှာလျှောက်မေးရင်းက သိလို့လိုက်လာတာတဲ့။ ကျုပ်တို့နေတဲ့ဖဆပလရပ်ကွက်ကြီးထဲမှာကို အရှာလာတာတဲ့လေ။ ဒါနဲ့ ဘာကိစ္စရှိလို့လဲဆိုတော့ သူတို့က မလေးရှားသင်္ဘောသားလို့ဆိုတယ်။ အဲ ခေသူတော့မဟုတ်ဘူးဆရာ။ အဲဒီကပ္ပတိန်ဆိုတဲ့လူက ဘာသာစကားလေးမျိုးကို ပိုင်ပိုင်နိုင်နိုင်ကြီးကို တတ်သတဲ့လေ။ မြန်မာလို အပြောအဆိုလည်း အတော်ကျွမ်းကျင်ပါတယ်။ အသံတော့ သိပ်မမှန်ဘူးပေါ့လေ။ တော်တော်လေးတော့ တီးမိခေါက်မိနဲ့ ပြောတတ်ဆိုတတ်ပါတယ်။ စကားဝါကျမှန်မှန်မပြောတတ်ပေမယ့်လည်း သူဆိုလိုချင်တာကိုတော့ နားလည်အောင် ပြောနိုင်တဲ့အဆင့်ရှိတယ်လေ။

ဆိုကြပါစို့။ သင်းတို့ ယောက်လာရင်းကိုစွက သင် သဘော် ရန်ကုန်ဆိပ်ကမ်း ကပ်နေတာ လေးငါးရက်ရှိပါ တဲ့။ သည်မှာ ပါလာတဲ့ပစ္စည်း တွေချရင်း စောင့်နေတာတဲ့ လမ်းမှာလျှောက်မေးရင်း လူတစ်ယောက်ညွှန်လိုက် ကျုပ်ဆီရောက်လာခဲ့တာပ ကျုပ်ရဲ့လုပ်ရည်ကိုင်ရည် သိတယ်တဲ့။ ပြီး ကျုပ်က လမ်း တော်တော်လေး နာမည်ရှိတဲ့ လည်း ဖြစ်တာကြောင့် သူတို့ အားကိုးလို့ဆိုသကိုး။ မြန်မာ ပြည်ကနေ သူတို့ စိန်ဝယ်သွား ချင်သတဲ့လေ။ အဲဒါ ပစ္စည်း ခိုင်းတာပေါ့။ ကျုပ်ကို စိတ်ချ တဲ့လေ။ သင်းတို့သင်္ဘော နောက်ထပ်နှစ်ပတ်လောက်ကြာ မှာဆိုတော့ နောက်သုံးလေးရ လောက်ကျ တစ်ခေါက်ထပ်လာ မယ်ပြောပြီး သူတို့မုန့်ပုံး ကျုပ်ဆီပေးခဲ့ပြီး ပြန်သွား တယ်။

ဒီလိုနဲ့ ကျုပ်လည်း သူတို့ထွက်သွားပြီး နောက် တွေကျ၊ ကျုပ်အသိဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



**ကျုပ်ထည့်ထားတဲ့ လက်စွပ်ခြောက်ကွင်းနဲ့ နားကပ်လေးရုံက ဘယ်ဆီဘယ်ဝယ် ရောက်သွားမှန်း မသိတော့ဘူး ၊ ဘူးထဲမှာ ကျောက်ဖြူလေး နှစ်ပွင့်က . . .**

တွဲဆီက ပစ္စည်းလေးတွေစုရ ာပေါ့။ သုံးရက်လောက်ရှိတဲ့ ခါကျ ကျုပ်လက်ထဲမှာ လက်စွပ် ုံးကွင်းရထားတယ်လေ။ နှစ်

ွင်းက တစ်လုံးစိန်ပဲ၊ တစ်ကွင်း ို တစ်သောင်းကျော်ရင်ပဲ င်ရှင်က လက်လွှတ်ပေးမယ်တဲ့ လ။ အရည်အသွေးက ထိပ် န်းပါ။ သူဈေးနဲ့သူက တန်ပါ ယ်။ သင်းတို့လည်း သုံးရက် ာက်ကြာတော့ ကျုပ်အိမ်ကို ပ်ရောက်လာပါတယ်။

ရောက်တယ်ဆိုရင်ပဲ ျုပ်ဆီမှာရှိနေတဲ့ လက်စွပ်သုံး ွင်းကို ကြည့်ကြတယ်လေ။ ျုပ်က ရောင်းဈေးပြောတော့ ူတို့က ကြိုက်ပါတယ်တဲ့။ ူတို့မှာပါလာတဲ့ငွေက မြန်မာ

ငွေမဟုတ်ဘူးတဲ့လေ။ ဒေါ်လာ တွေဖြစ်နေတဲ့အတွက်ကြောင့် အဲဒီငွေတွေကို ထုခွဲလိုက်ဦးမယ် လို့ ဆိုသကိုး။ သင်္ဘောထွက်

ရက်လည်း လိုသေးတာကြောင့် ပစ္စည်းထပ်ရှာပေးဖို့ ကျုပ်ကိုမှာခဲ့ တာပေါ့။ ပြီး ကျုပ်ကို မြန်မာငွေ ၅၀၀ လည်း ထုတ်ပေးခဲ့တယ်။ နောက်ထပ်ပစ္စည်းသန့်သန့်လေး တွေ ထပ်ရှာဖို့အတွက် အသုံးစ ရိတ်ဆိုပြီး ပေးခဲ့တာပေါ့လေ။ ဒီတစ်ခေါက်တော့ နောက် ထပ်လူတစ်ယောက်လည်း တိုး လာပါတယ်။ ဒါလည်း သူတို့လို မျိုးနွယ်တူတွေပါပဲ။ အသား မည်းမည်းနဲ့ပေါ့။

ဒါနဲ့ ကျုပ်လည်းပဲ သူတို့ မှာထားတဲ့အတိုင်း နောက်ထပ်

စိန်ထည်ကို ထပ်ရှာရတော့တာ ပေါ့။ သူတို့နောက်ထပ်တစ် ခေါက်လာရင် အဆင်သင့်ကြည့် နိုင်အောင် စီစဉ်ရတော့တာလေ။

နောက်ထပ်ခုနှစ်ရက် လောက်အရှိမှာ ပထမအကြိမ် ကလာတဲ့ နှစ်ယောက်ပဲ ထပ် လာတယ်။ တစ်ယောက်ပါမ လာတော့ဘူး။ သင်းတို့အပြော ကတော့ ကျန်ခဲ့တဲ့လူက ဒေါ်လာ တွေကို မြန်မာငွေနဲ့လဲနေတာ ကိစ္စမပြတ်သေးလို့ သွားနေတဲ့ အကြောင်းပြောတယ်။ ပြီးမှ ကျုပ်ထပ်ရှာတဲ့ စိန်လက်စွပ် သုံးကွင်းနဲ့ နားကပ်လေးရုံကို တစ်ခုစီ အသေအချာကြည့်ကြ တယ်။ ဖင်ပြန်ခေါင်းပြန် လှန် ကြည့်တယ်။ အပေါ်ကိုထောင်ပြီး လည်းကြည့်တယ်။ အောက်ကို ချပြီးလည်းကြည့်တယ်။ မျက်စိ နားကပ်ပြီး မှန်ဘီလူးနဲ့ထိုးပြီး လည်း ကြည့်တယ်။ လက်ထဲမှာ ပဲ ခွာလိုက် စုလိုက်လုပ်ပြီးလည်း ကြည့်တယ်။ အဲဒီလို တစ်ခုချင်း ကြည့်ပြီး ဈေးစကားပြောတော့ သိပ်တောင် အလျော့အတင်း မလုပ်လိုက်ရပါဘူး။ သူတို့ကြိုက်



www.burmeseclassic.com

www.burmeseclassic.com





သတဲ့လေ။ ဒါနဲ့ အခုသူတို့မှာ ငွေအဆင်သင့်က ပါမလာသေး လို့ ညနေဘက် တစ်ခေါက်လာ မယ်ဆိုသကိုး။ ဒါပေမယ့် အဲဒီနေ့ က ညနေဘက်မှာ သူတို့ရောက် မလာဘူး။ နောက်တစ်နေ့မနက် ကျမှပဲ ရောက်လာကြတယ်။ ရောက်တော့ သူတို့ပစ္စည်းကို ထပ်စစ်တယ်။ ထပ်ကြည့်တယ်။ နောက်ပြီး ကျုပ်ရှေ့မှာတင်ပဲ ဘူးလေးထဲကို အသေအချာ ပြန်ထည့်လိုက်တယ်။

ပြီးတော့ သူတို့က ပစ္စည်းကို [illegible]က်ပြီ။ သူတို့ယူမယ် ဆိုပြီး [illegible]ဘူးကို ပါကင် ထုပ်ပြီး ချိတ်ပါပိတ်လိုက်တယ် လေ။ ပြီးတော့မှ သူတို့က လော လောဆယ် ငွေမပြည့်တဲ့အ တွက် ပစ္စည်းကို ကျုပ်ဆီမှာပဲ ထားခဲ့ပါမယ်။ စရန်ငွေ ၃၀၀၀ တော့ ယူထားပါတဲ့။ ညနေကို အဆင်ပြေတာနဲ့ ကျုပ်ဆီလာခဲ့ မယ်ပြောပြီး ပြန်သွားခဲ့လိုက်တာ နောက်ရက်ကို ကူးလာလည်း သင်းတို့ပေါ် မလာကြတော့ဘူး ဆရာရေ။

ဒီမှာ ကျုပ်စိတ်ထဲ သိပ်မသက်သာချင်တော့ဘူးလေ။ တွက်ကြည့်လေ စရန်၃၀၀၀ကို ဘယ်သူအဆုံးအရှုံးခံနိုင်မလဲ မသကာ ငွေအဆင်မပြေလို့ရှိရင် လည်း အဆင်မပြေတဲ့ အကျိုး အကြောင်း လာပြောမှာပဲမဟုတ် လား။ အခုတော့ တုတ်တုတ်မှ မလှုပ်ဘူးဆိုတော့ စဉ်းစား[illegible] ဖြစ်လာပြီလေ။

ဒါနဲ့ ကျုပ်စိတ်ရှ[illegible] အောင် ပါကင်ပိတ်ထား[illegible] ဗူးလေးကို ပြန်ဖောက်ကြ[illegible] လိုက်တယ်လေ။

လား လား၊ ကိုယ်[illegible] နည်းပြီလေ။

ကျုပ် ထည့် ထား[illegible] လက်စွပ်ခြောက်ကွင်းနဲ့ နား[illegible] လေးရဲက ဘယ်ဆီဘယ်[illegible] ရောက်သွားမှန်းမသိတော့ဘ[illegible] ဘူးထဲမှာ ကျောက်ဖြူ[illegible] နှစ်ပွင့်က ငေါင်းစင်းစင်းလေး ဖြစ်နေတော့တာပေါ့ ဆရာ[illegible]

အဲဒါပါပဲဆရာ၊ လူ[illegible] ကို မြင်ရင်တော့ ကျုပ်အ[illegible] အချာသိပါတယ်။ ဆရာတို့ အားကိုးပါရစေ ဆရာရယ်။

အေးချ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူတို့၏သဘာဝသည် အရာရာကို စူးစမ်းလိုသည်။ စပ်စုလိုကြသည်။ ဆင်ခြင်တုံတရားနှင့် ဖြစ်နိုင်၊ မဖြစ်နိုင်၊ ကောင်းသည်ဆိုးသည်ကိုမူ ချက်ချင်း ဝေခွဲမဆုံးဖြတ်နိုင်သေးသမျှ ကာလပတ်လုံး ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံရမည်မှာ ဧကန်မလွဲပင်။

တဒင်္ဂဖြစ်ပေါ်လာသည့် လောဘ ဒေါသကို ဆင်ထိန်းချွန်းကဲ့သို့ အုပ်နိုင်ခဲ့မည်ဆိုပါက ဒုက္ခသည် အလိုလိုကင်းဝေးလွင့်စင်သွားပေလိမ့်မည်။ သို့သော် လောဘသည် တားရခက်၏၊ ထိန်းရခက်၏။ လောဘနှင့်





www.burmeseclassic.com

www.burmeseclassic.com



အတူ ဒေါသတရားတို့ သည်လည်း ရေသောက် မြစ်ကဲ့သို့ အတူတကွ စီးမျောတတ်ကြသည်မှာ သဘာဝတရားပင်။

ဝါဆိုလ၏မိုးသည် ရွာမလိုနှင့် မှိုင်းအုံ့နေသည်။ ဇီးကုန်းမြို့ စည်ပင်သာယာဈေးသစ်ကြီးသည် ရောင်းသူဝယ်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ ရွာနီးချုပ်စပ်မှ မြို့ပေါ်တက်ဈေးဝယ်လာကြသည့် တောသူတောင်သားတို့၏ သဘာဝ အတိုင်း လှည်းတစ်တန်၊ စက်ဘီးတစ်တန် မမောနိုင် မပမ်းနိုင် ပျားပန်းခတ်မျှ တွေ့ရသည်။

နေမပွင့်မီလာ၊ နေပွင့်တော့ပြန်၊ မောရမှန်းမသိ၊ ပမ်းရမှန်းမသိ၊ တလေးကတစ်ဖက်၊ ဈေးခြင်းကတစ်ဖက်၊ ဘယ်လိုအခက်အခဲတွေ ရှိနေသော်လည်း တစ်ချက်ကလေးမှ မညည်း၊ လုံ့ချည် တိုတို စည်းပြီး ထီးမစောင်းဘဲ မောင်း တင်ကြသူကများသည်။ ရိုးသားသည့် တောသူတောင်သားတို့၏ ခလေ့ကို နားလည်ထားသူ ဒုစရိုက်သမားများအတွက် အကွက်ချရာ စားကျက်တစ်ခုဖြစ်လာသည်။

ဇီးကုန်းမြို့အမှတ် (၁)ရပ်ကွက် ၊အေးရွှေပြည်ရပ်တွင် နေထိုင်သူ ဈေးရောင်းဝယ် လုပ်ကိုင်စားသောက်သူ မခင်သီတာတစ်ယောက် ဈေးဝယ်ရန်ထွက်လာသည်။ နေပွင့်လာသည်နှင့်အမျှ လူကကျဲစပြုလာသည်။ ဈေးအတွင်း လမ်းတစ်

**လက်ထဲတွင်**
**ကျစ်ကျစ်ပါအောင်**
**ဆုပ်ကိုင်လာသော**
**ရွှေဆွဲကြိုး**
**ဘူးကလေးကို ...**

ရာဝင်လိုက်သည်နှင့် မခင်သီတာနှင့်ကပ်လျှ ပါလာသောလူကြီးတစ်ဦးမှ အမှတ်မထင် လ ပေါ်တွင်ကျနေသော ပိုက်ဆံအိတ်အနက်တစ် ကို ကောက်ယူဖွင့်ကြည့်လိုက်သည်။

ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ရာ အဝါရေ ကော်ဗူးလေးတစ်ခု တွေ့လိုက်ရသည်။ မခင်သီ သည် ထိုဗူးလေးကို စိတ်ဝင်စားသွားသည် ထိုလူကြီးသည် ဘေးဘီဝဲယာသို့ တစ်ချ ကြည့်လိုက်ပြီး ဗူးလေးကို ဖွင့်လို သည်။

"ဟယ် ရွှေဆွဲကြိုးတစ် ပါလား၊ ပွတာပဲ"ဟု ရေရွတ် လူကြီးကို ကြည့်လိုက်သ ရွှေချိန် (၃)ကျပ် (၂)ပဲသား တ (၅၆၅၅၀၀/-)ဟု ရေးထားသ ရွှေဆိုင်ဘောက်ချာစာရွက် မခင်သီတာမြင်အောင် ပြလိုက်သည် နှစ်ဦးသား ပြိုင်တူပြုံးလိုက်ကြသ လူကြီးသည် ရွှေဆွဲကြိုးကို ဗူးထဲသို့ပြန်ထည့်နေ တွင် သူတို့အနီးသို့ လူရွယ်တစ်ဦးရောက် သည်။ အခွင့်အရေးကို လက်လွှတ်မခံနိုင်ကြေ သူ့အတွက်ပါ ဝေစုခွဲပေးရမည်ဟု တောင်းဆို သည်။ ထိုအခါ လူကြီးမှ ရသင့်ရထိုက်တာရ ပေါ့ဟု ပြောဆိုတိုင်ပင်ပြီး ဈေးကြီးတော (၃)ဖာလုံခန့်အကွာ မြသိန်းတန်စေတီဘတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ကြသည်။

မလိုလောဘသည် မခင်သီတာ၏ ကျော ခြင်တွင် ကပ်လျှက်ပါလာသည်။ အဝါရောင် ဒုလေးထဲက ဝင်းဝါထိန်တောက်နေတဲ့ ရွှေဆွဲကြိုး ကို မျက်စေ့ထဲရစ်ဝဲပါလာသည်။ ဝမ်းသာရွှင်ပျ သည့်စိတ်သည် ကြိတ်မနိုင်ခဲမရဖြစ်နေသည်။ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးရလာဒ်ကို သူမသိ။

"ကဲ ဘယ်လိုလုပ်ကြမလဲ"

လူသူကင်းဝေးတိတ်ဆိတ်သည့် နေရာ လေးသို့ ရောက်သောအခါ သုံးဦးသား ခေါင်းချင်း ဆိုင်လိုက်ကြသည်။

ပစ္စည်းပိုင်ရှင်ဆိုတာ ဘယ်သူလဲဟုမမေး၊ အမှန်တကယ် ပစ္စည်းကျပျောက်သူ၏ သောက ဆင်းရဲခြင်းကို သူတို့နားမလည်။

"ကိုယ်ထိုက်လို့ ကိုယ်ရတာ၊ ဘယ်သူ့ကိုမှ နားနေစရာမလိုဘူး၊"

"ကိုယ့်ပစ္စည်းကို ဂရုစိုက်ပေါ့၊"ဆိုတဲ့ စတနာစကားတွေမဆိုပဲ လောဘတရားတွေနှင့် အတူ မောဟမီးတွေ တောက်လောင်နေကြသည်။

နောက်မှရောက်လာသူ လူရွယ်က စကား လိုက် သည်။

"ဒါ ကောက်ရတဲ့ပစ္စည်းပဲ၊ တရားသဖြင့် ဝေယူကြမယ်၊ ငွေဘယ်လောက်ပါကြသလဲ"ဟု မေးသည်။

ပိုက်ဆံအိတ်ကောက်ရသူ လူကြီးက ထဲတွင်ဘာမှမရှိကြောင်း ပြောလိုက်သည်။

ထိုအခါ မခင်သီတာက . . .

"ကျွန်မမှာ ဆွဲထားတဲ့ရွှေဆွဲကြိုး (၅)မတ် သားတစ်ကုံး၊ ရွှေလက်စွပ်သေး တစ်ကုံးနဲ့ ငွေတစ် သောင်းခြောက်ထောင်ပါတယ်"ဟု ပြောလိုက် သည်။

လူရွယ်သည် ဘေးဘီဝဲယာသို့ အကဲခတ် လိုက်ပြီး . . .၊

"ကဲကဲ လုပ်စရာရှိတာမြန်မြန်လုပ်ကြရ အောင် "ဆိုပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

"ပစ္စည်းကောက်ရတဲ့အစ်ကိုကြီးကို အစ်မ ကြီးရဲ့ဆွဲကြိုးနဲ့ လက်စွပ်ပေးလိုက်၊ ကျွန်တော်က နောက်မှတွေ့တာဆိုတော့ ငွေတစ်သောင်းခြောက် ထောင်ပဲယူမယ်၊ အစ်မကြီးကတော့ ရွှေချိန် (၃)ကျပ် (၂)ပဲသားရှိတဲ့ တန်ဖိုး (၅၆၅၀၀၀/-)တန် ရွှေဆွဲကြိုးကြီးပဲ ယူလိုက်တော့။"

မခင်သီတာသည် ဆုံးဖြတ်ချက်ကို သဘောတူလိုက်သည်။ သူ့အတွက် ထွက်ပေါ်လာ မည့်ဝေစုက မနည်းပေ၊ ဆွဲကြိုးနှင့်လက်စွပ်ကို ချွတ်၍ ပေးလိုက်သည်။ ပိုက်ဆံအိတ်ထဲတွင် အသင့်ပါလာသော ငွေတစ်သောင်းခြောက်ထောင် ကို လူရွယ်လက်ထဲသို့ ထည့်လိုက်သည်။

မကြာခင် အသီးသီးလမ်းခွဲလိုက်ကြသည်။ မခင်သီတာ၏ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ ပျော်လွန်းသဖြင့် ခြေလှမ်းတွေတောင် မှားနေ သည်။ မြသိန်းတန်စေတီဘက်မှ ခြေဦးပြန်လှည့် လိုက်သည်။ လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ် ကိုင်လာသော ရွှေဆွဲကြိုးဗူးကလေးကို ဖွင့်ကြည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





မခင်သီတာအား အဖြစ်
ပျက်အလုံးစုံကို မေးမြန်း
ဆို၍ ဇီးကုန်းရဲတပ်ဖွဲ့စခန်း
ချက်ချင်း အကြောင်းကြ
လိုက်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့
များသည် သတင်းရလျှ
ရခြင်း အချိန်နှင့်တပြေး
အမြန်ဆုံး ဆောင်ရွက်
သည်။ စခန်းမှူးရဲအ
ထွန်းကြည်သည် မိ
နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ မိနစ်ပိုင်းအတွ
ရောက်လာပြီး အလိမ်ခံရသူ မခင်သီတာ
ပြောပြချက်အရ တရားခံနှစ်ဦးကို သက်သေ
ပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ လိမ္မာပါးနပ် လုပ်
ကျွမ်းကျင်မှုတို့ကြောင့် တရားခံ(၂)ဦးမှာ ပြေး
ပင်မရလိုက်၊ စခန်းမှူး၏ အနီးကပ်စီမံကွပ်
သည် ထိရောက်ခဲ့သည်။

သို့တည်းမဟုတ် အချိန်အနည်းငယ်
လစ်ဟာနောက်ကျမှုရှိခဲ့မည်ဆိုလျှင် တရားခံ
အတွက် ပြေးလမ်းပွင့်သွားနိုင်သည်။ သတင်း
ရလျှင်ရခြင်း တာဝန်နှင့်ဝတ္တရားကို အမြန်
အကောင် အထည် ဖော် ဆောင်ရွက်နိုင်မှုကြော
ပြည်သူအများ၏ဆင်းရဲဒုက္ခကို ကယ်တင်
ခဲ့သည်။ တဒင်္ဂအတွင်း ရင်ထဲက သော
သည်လည်းပြေလျော့ကျဆင်း၍ အေးချမ်း

မခင်သီတာတစ်ယောက် မျက်လုံးပြူးသွား
သည်။

ငယ်ထိပ်မြွေပေါက်ခံရသလို၊ မိုးကြိုးပစ်ခံရ
သလို သတိလစ်သလို ခံစားလိုက်ရပြီးနောက် -

"အောင်မယ်လေး လုပ်ကြပါဦး၊ ကယ်ကြ
ပါဦး၊ ရွှေဆွဲကြိုးအတုကြီး လိမ်သွားပြီ ကယ်ကြပါ
ဦး "-

မခင်သီတာတစ်ယောက် မပဉ္စာ မြေလူး
သလို ငိုလည်းငို၊ အော်လည်းအော်သဖြင့် အနီး
အနားလူများ ရောက်လာကြသည်။ အကျိုး
အကြောင်း မေးသူကမေး . . .

"ဘာဖြစ်တာလဲ"

"ဘယ်သူတွေလဲ"

"ဘယ်နားမှာလဲ "

"ဘယ်ရောက်သွားပြီလဲ. . "

ထိုအချိန်တွင် ရပ်ကွက် လူကြီး ဦးဝင်းမြင့်
နှင့် လူငယ် (၂)ဦး ရောက်လာ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





အနှစ်သာရကို ရရှိခဲ့သည်။

ရွှေအတုကို ယုတ္တိရှိအောင် ပလပ်စတစ်ရွှေခွက်နှင့်ထည့်လျက် ဘောက်ချာအတုနှင့် ပိုက်ဆံအိတ်အတွင်းထည့်ကာ လမ်း၌ချပြီး လိမ်လည်ရန်ကြိုးစားခဲ့သူ တရားခံအောင်ချို(၄၁)နှစ်၊ မြကန်သာရပ်၊ ပြည်မြို့နေသူနှင့် ကောက်ယူရရှိဟန်ဆောင်၍ ပူးပေါင်းလိမ်လည်ကြံစည်သူ ဦးသိန်းအေး(၅၂)နှစ်၊ ဆင်စုရပ်ကွက်၊ ပြည်မြို့နေသူတို့အား စခန်းမှူးရဲအုပ်ထွန်းကြည်မှ တရားလိုပြုလုပ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၆၈/၄၂၀)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

တရားခံ(၂)ဦးကို ထိရောက်သောပြစ်ဒဏ်ရရှိနိုင်ရေးအတွက် ရဲလုပ်ငန်းများဆောင်ရွက်ပြီးချိန်တွင် စခန်းမှူးရဲအုပ်ထွန်းကြည်သည် မိမိမြို့နယ်ကျေးရွာအတွင်း ယခုကဲ့သို့ မှုခင်းများထပ်မံဖြစ်ပေါ်မလာရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဟောပြောပို့ချခဲ့သည်။

ပြစ်မှုများမဖြစ်ပွားရန် ကြိုတင်ကာကွယ်ခြင်းသည် အထိရောက်ဆုံးဖြစ်သည်။ ယခုကဲ့သို့ မခင်သီတာ၏အဖြစ်မျိုး လောဘကျော့ကွင်းမသက်ဆင်းမိကြရန်နှင့် ဒုစရိုက်သမားတို့၏ ထောင်ချောက်အတွင်း မရောက်မိစေရန် လောဘကို ချုပ်တည်းလျှက် သတိတရားလက်ကိုင်ထားမှသာလျှင် မိမိဘဝသာယာအေးချမ်းနိုင်မည်ဖြစ်ပါတော့သည်။


ကြယ်ပြာ



www.burmeseclassic.com

www.burmeseclassic.com






စိတ်ဓာတ်

အောက်တန်းကျသူ

အများစုသည်

ဒုစရိုက်လုပ်ငန်းကိုသာ

ခင်တွယ်မက်မောတတ်ကြသည်

ထို့ကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com



လူ ဆိုသည်မှာ ကိုယ်ကျင့်တရားသိက္ခာ သမာဓိစိတ်ရိုက်လက္ခဏာ
င့်စိတ်ဓာတ်အရပါ ကွဲလွဲ
ရှိကြသည်။ လူတစ်ဦး၏
အတွင်းစိတ်ကို ပုံဖော်အကဲစမ်း
န် အလွန်ခက်ခဲသည်။ စိတ်
ကောင်း စေတနာရှိမှု၊ မရှိမှု၊
တ်ယုတ်စိတ်မာထားမှု မထားမှု
တို့သည် မည်သည့်နည်းစနစ်
င့်မှ ခန့်မှန်းတိုင်းတာ တွက်ချက်
၍ မရနိုင်။ ကောင်းမှုမကောင်း
ဟူသည်လည်း မွေးဖွားပြီးက
ည်းက သဒ္ဓေတည်လာခဲ့ခြင်း
င်ဖြစ်သည်။

စိတ်ဓာတ်ကောင်းမွန်
သူနှင့် စိတ်ဓာတ် အောက်တန်း
ကျသူတို့သည် နေ့စဉ်ယှဉ်တွဲ
အတူ တကွသွားလာနေကြသူ
များ ဖြစ်သည်။ စိတ်ဓာတ်
အောက်တန်းကျသူအများစုသည်
စရိုက်လုပ်ငန်းကိုသာ ခင်တွယ်
က်မောတတ်ကြသည်။ ထို
ကြောင့် ဒုစရိုက်ကျူးလွန်သူ
အများစုအနေဖြင့် လူတစ်ဦး၏
အားနည်းချက်၊ အားသာချက်၊
စ်ဟာမှု၊ လစ်ဟင်းမှုတို့
အပေါ်တွင် အခွင့်ကောင်းယူ
တတ်ကြသည်။

ဤသည်မှာ ဖြစ်မှုကျူးလွန်တတ်သူ ဒုစရိုက်သမားအချို့၏ လက်ကိုင်အခွင့်အရေးတစ်ခုပင်ဖြစ်သည်။ အရာရာကိုအကောင်းမြင် ရှုထောင့်မှ ကြည့်တတ်ကြသည့်လူကောင်းများအတွက်သော်လည်းကောင်း၊ တစ်ဖက်သားအပေါ်တွင် [illegible]နာခြင်း အလွယ်တကူ ကျေးဇူးတင်တတ်သူများအတွက် လည်းကောင်း၊ ဗဟုသုတ နည်းပါး၍ အတွေ့အကြုံမရှိကြသည့် ပြင်ပနှင့် အဆက်ပြတ်နေသူများအတွက် လည်းကောင်း ဒုစရိုက်သမားတို့၏ လိမ်လည်နည်းအမျိုးမျိုးမှ လိမ်လည်မှုမခံရစေရေးအတွက် တကယ့်ဖြစ်ရပ်မှုခင်းအမှန်အား အသိပညာပေးအဖြစ် တင်ပြ လိုက်ပါသည်။

* * * *

နေရောင်ခြည်သည် အရှေ့ဆီမှ ထိုးထိုးထောင်ထောင်နှင့် အရိပ်အရောင်ပေးပြီး ထွက်လာသည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် ဩကာသ လောကကြီးတစ်ခုလုံး အသက်ဝင်ပြန်လည် လှုပ်ရှားလာသည်။ ရုံးတက် ကျောင်းသွား အလုပ်သွားသူများနှင့် အနီရပ်ကွက်လေးသည် နံနက်ခင်း နေခြည်အောက်တွင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

ကျွန်တော်သည်လည်း ရုံးဝန်ထမ်းတစ်ဦး ဖြစ်သည့်အလျောက် အချိန်နှင့် တပြေးညီ ပြေးလွှား လှုပ်ရှားရသည်။ စောစောအိပ်၊ စောစောထ၊ ထမင်းချိုင့်ဆွဲ ရုံးချိန်အမီပြေးရသည်။ ဤကိစ္စသည် နိစ္စဓူဝမို့ နာရီလက်တံတွေလို မရပ်မနားလည်ပတ် နေခြင်းဖြစ်သည်။

ကျွန်တော်နေထိုင်ရာ ရပ်ကွက်လေးသည် မြို့သစ်တစ်ခုတော့ မဟုတ်ပေ။

မြို့လည်ခေါင်တစ်ခုနီးနီးဖြစ်လာသည့် မြောက်ဥက္ကလာပမြို့သည် ယခုအခါ လမ်းသစ်များ၊ ဈေးသစ်များ၊ အဆောက်အဦသစ်များ၊ တိုက်တာကြီးများနှင့် စည်ကားနေသည်။ လိုင်းပေါင်းစုံ မော်တော်ယာဉ်များလည်း ကားစီးရေများစွာ ပြေးဆွဲနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားစီးရေများသလို လူဦးရေပါ တစ်နေ့တစ်ခြားများလာခဲ့သည်။

ယခုဆိုလျှင် အဝေးပြေးကားဂိတ်တစ်ခု ဖွင့်လှစ်လိုက်သဖြင့် ဥက္ကလာပမြောက်ပိုင်း၏ လူနေမှုအဆင့်အတန်းက ဘွားကနဲပေါ်လာတော့သည်။ ရပ်ကွက်အတွင်း၌လည်း ကိုယ်အားကိုယ်ကိုး ကတ္တရာလမ်းများ ခင်းကြသည်။ စေတနာသဒ္ဒါတရားရှိသူတို့၏ ရေကောင်းမှုကုသိုလ်ဒါနအဖြစ် စက်ရေတွင်း ရေအုတ်ကန်များ လမ်းတိုင်းလိုလို တွေ့နေရသည်။

သာသာယာယာနှင့် စိတ်ချမ်းသာမှု အပြည့်အဝ ရရှိရခြင်း အကြောင်းတရားသည် နိုင်ငံတော်မှထားရှိသည့် မေတ္တာစေတနာကြောင့်ပင် ဖြစ်သည်။

ကျွန်တော်တို့ရပ်ကွက်လေးသည် အေးချမ်းသာယာမှု အတိ ရှိလှသည်။ ကိုယ်ပိုင်လုပ်ငန်းများ၊ ကိုယ်ပိုင်ဆိုင်ခန်းလေးများ၊ ဈေးဆိုင်ခန်းများ အပြင် ကလေးကစားစရာ အရုပ်လေးကအစ အနီးအနားဝယ်ယူလို့ရသည်။ ညရေးညတာ အရေးပေါ်ကိစ္စရှိလျှင်လည်း အလွယ်တကူ သွားလာနိုင်သည်။

ကျွန်တော်တို့လမ်းထိပ်တွင် ထောင့်ကျကျ ဖွင့်လှစ်ထားသော ကုန်စုံဆိုင်လေးတစ်ဆိုင်ရှိသည်။ ဆီ၊ ဆား၊ ငရုပ် ကြက်သွန် အမွှေးတိုင် ဖယောင်းတိုင် ဆပ်ပြာကအစ လိုလေသေးမရှိ တင်ထားသည်။ ပစ္စည်းပစ္စယစုံသလောက် ဝယ်သူကလည်း စုံသည်။

ဆိုင်ရှင်အမည် ဒေါ်တင်စိန်ဖြစ်သည်။ သမီး သားတွေလည်းရှိသည်။ မိသာ ကုန်စုံ ဆိုင်လေးသည် နေ့စဉ် အမျှ လက်မလည်အော ရောင်းကောင်းသမျှ သဘော လည်းကောင်းသည်။ ဈေးလည ချိုသည်။ လိုအပ်လျှင် အကြွေ လည်းရောင်းပေးတတ်သည ထို့ကြောင့်ပင် ဒေါ်တင်စိန် မိသားစုသည် တစ်ရပ်ကွက် နှင့် ရင်းနှီးကျွမ်းဝင်သည်။

အားကိုးအားထာ ခင်ပွန်းမရှိတော့သော်လည





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်စိန်၏ ဘဝစိန်ခေါ်မှု တစ်ရပ်ကို ချိုးကျိုးမိသည်။

ကျွန်တော်ရုံးသွားသည့်အခါ ဒေါ်တင်စိန်၏ဆိုင်ရှေ့မှ နေ့စဉ်ဖြတ်လျှောက်သဖြင့် ဒေါ်တင်စိန်နှင့် မျက်မှန်းတန်းနေမိသည်။ ကျွန်တော်တို့လို အစိုးရဝန်ထမ်း ရုံးသူရုံးသားများကို ကြည့်ပြီး ကွယ်လွန်ခဲ့ပြီးသော ခင်ပွန်းဖြစ်သူကို ပြန်လည် သတိရနေတတ်သည်။

ဒေါ်တင်စိန်၏ခင်ပွန်းဖြစ်သူမှာ ယခင်က ဌာနဆိုင်ရာမှ အရာရှိ တစ်ဦးဖြစ်ကြောင်းနှင့် ကွယ်လွန်သည်မှာ တစ်နှစ်မပြည့်သေး။

ဤသို့ ခင်မင်ရင်းနှီးစွဲရှိကြပြီး တစ်ဦးအကြောင်း တစ်ဦး သိခဲ့ရသည်။

**"မသင်္ကာလို့ ပိုက်ဆံအိတ်ထဲက အထုပ်ကို ဖွင့်ကြည့်လိုက်တော့ ဆွဲကြိုးနဲ့ လက်ကောက် မဟုတ်တော့ဘဲ ...**

တစ်နေ့တွင် ကျွန်တော် ရုံးဆင်းပြီး အိမ်ပြန် ရောက်သောအခါ ဧည့်ခန်းတွင် ထိုင်နေသော ဒေါ်တင်စိန်ကို အခန့်သင့်တွေ့လိုက်ရသည်။ ဒေါ်တင်စိန်မှ ကျွန်တော့်ကိုမြင်သည်နှင့် ပြုံး၍ နှုတ်ဆက်သည်။ ကျွန်တော်ကလည်း ပြန်လည် နှုတ်ဆက်လိုက်သည်။ ဇနီးဖြစ်သူမှ ရေနွေးကြမ်းဖြင့် တည်ခင်းဧည့်ခံထားသည်။

"ဒေါ်တင်စိန်က အစ်ကိုနဲ့စကားပြောချင်လို့တဲ့"

ဇနီးဖြစ်သူမှ ကျွန်တော့်ကို အရိပ်အကဲကြည့်ပြီး ပြောလိုက်သည်။ ဖွင့်ပြောလို့ကောင်း မကောင်း၊ သင့်မသင့် ချင့်ချိန်နေဟန်တူသည်။ ဟန်ဆောင်ဖုံးကွယ်ထားသော်လည်း ဒေါ်တင်စိန်၏မျက်နှာတွင်မှု စိုးရိမ်ကြောင့်ကျမှုလက္ခဏာကို တွေ့ရသည်။

"ပြောပါအဒေါ် အားမနာပါနဲ့၊ ပွင့်ပွင့်လင်းလင်းသာ ကိုယ့်တူလိုသဘောထားပြီးပြောပါ။ ကျွန်တော် ဘာအကူအညီပေးရမလဲဆိုတာကိုပေါ့"

ကျွန်တော်က ရဲရဲတင်းတင်းလမ်းဖွင့်ပေးလိုက်သည်။ တစ်ဖက်လူ၏ ရင်တွင်းခံစားချက် တစ်ခုခုကို တစ်ဦးတစ်ယောက်ထံ ရင်ဖွင့်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

"ဒီလိုပါကွယ် -ဒီနေ့ မနက် အဒေါ်ဈေးသွားတော့ လမ်းမှာလူရွယ်တစ်ယောက်နဲ့တွေ့တယ်၊ အဒေါ့်ကိုသူကပဲစပြီး နှုတ်ဆက်တာ --"

"ဟုတ်ကဲ့ ပြောပါ အဒေါ်"

"လူပုံက လူရည်သန့်ထဲကပဲ၊ အဒေါ့် အထင် မောင်ရင်တို့လောက်ပဲ ရှိမယ်ကွဲ့။ သေဆုံးသွားတဲ့အဒေါ့်ခင်ပွန်းနဲ့ တစ်ရုံးထဲလို့ပြောတယ်"

"အဲဒီလူနဲ့ ယခင်က အဒေါ် သိကျွမ်းဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ အဒေါ် သူ့ကို လုံးဝမသိဘူး၊ မြင်လည်း မမြင်ဖူးဘူး။"

"အဒေါ့်အိမ်ကိုရော လာဖူးလား"

"မလာဖူးဘူး"

"ဆက်ပြောပါဦး အဒေါ်၊ အဒေါ်နဲ့ဘာ ဖြစ်လာသလဲ"

"အဒေါ်ဆိုင်ဖွင့်ထားတာလည်း သူကသိနေတယ်၊ ခင်ပွန်းဖြစ်သူနဲ့ တစ်ရုံးတည်း ဆိုတော့ ဝမ်းသာအားရဖြစ်မိတာပေါ့ကွယ်၊"

"ဟုတ်တာပေါ့"

"အဒေါ့်ကို နေကောင်းလား၊ ဈေးရောင်းဝယ်ရော အဆင်ပြေရဲ့လားတဲ့၊ အဒေါ့် ခင်ပွန်းက သဘောထားကြီးပြီး အများနဲ့ခင်မင်ပုံ၊ အကူအညီ ပေးတတ်ပုံ၊ စီကာပတ်ကုံး ပြောနေတော့ အားနာပြီး နားထောင် နေလိုက်တယ်၊"

"လူမှုရေးအရ အားနာတာလည်း ပါတာပေါ့ကွယ်၊"

ပြဿနာတစ်ခုခုကို ရင်ဆိုင်လာရပြီဟု ကျွန်တော် ကြိုတင် ကောက်ချက်ချလိုက်သည်။ ကျွန်တော်၏ စိတ်ထဲတွင်လည်း စိုးရိမ်မကင်းဖြစ်သွားသည်။ ဒေါ်တင်စိန်၏ မျက်နှာသည် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

"သူကပြောတယ်၊ အဒေါ့်ဆိုင်မှာ ဆီတို့ ဆပ်ပြာတို့ ဖယောင်းတိုင်တို့ ရောင်းလားတဲ့ အဒေါ်က ရောင်းတဲ့အကြောင်း ပြောပြတော့ သူက ဒီလိုဆိုရင် ဂျီအီးစီဆိုင်မှာ ကျွန်တော့်မိတ်ဆွေတစ်ဦးရှိတယ်၊ ကျွန်တော် စာရေးပေးလိုက်မယ်၊ အဒေါ် ငွေပါရင် အခုချက်ချင်း အချိန်မီ သွားထုတ်ပါလို့ပြောပြီး စာတစ်စောင်ရေးပေးတယ်။

"အဒေါ်လည်း ဝမ်းသာသွားတာပေါ့ကွယ်၊ ကျေးဇူးတင်ကြောင်း၊ အိမ်ကိုလည်း ဝင်ပါ ထွက်ပါလို့ ဧည့်ဝတ်စကားပြော ခဲ့မိပါတယ်။"

"အဲဒီတော့ သူက ဘာ ဆက်ပြောလဲ"

ကျွန်တော်ကဝင်၍ စကား ထောက်ပေးသည်။ ဒေါ်တင်စိန်သည် စကားပြော လိုက်ရသဖြင့် မောသွားဟန်တူ သည်။ ဇနီးဖြစ်သူငှဲ့ထားသော ရေနွေးကြမ်းကို အနည်းငယ် ယူသောက်လိုက် သည်။

ဇနီးသည်က အနီးတွင် ထိုင်ပြီး ကျွန်တော်တို့နှစ်ဦး ပြောဆိုနေကြသည်ကို စိတ်ဝင် တစား နားထောင်နေသည်။

"အဒေါ်လည်း သူ့ထံ နှုတ်ဆက်ပြီး ထွက်သွားမယ် အလုပ်မှာ သူက --"

"အဒေါ် ခဏ၊ အဒေါ် က မုဆိုးမတစ်ဦးဖြစ်ပြီး နွမ်းပါး အကြောင်း အသနားခံ အ အညီ တောင်းထားတာဆိုတော့ အဒေါ့်ဆွဲကြိုးကြီးကို ခ ချွတ်သွားရင်ကောင်းမယ်လို့ အ ပေးတယ်။"

"နောက်ပြီး လ ကောက်နှစ်ကွင်းပါ ချွတ်ခိုင် လိုက်တယ်။"

"အဒေါ်လည်း သ အကြံပေးတာကို သဘောတူ သူ့ရှေ့တင် ဆွဲကြိုးချွတ်လို တယ်၊

သူက ကျွန်တော်စ နဲ့လုံအောင် ထုပ်ပေးမယ် ပြီး အဒေါ့်လက်ထဲက ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



တောင်းယူပြီး ထုပ်ပေးလိုက်တယ်။"

"အဒေါ့်ပစ္စည်းတွေကို ဂရုစိုက်ဦးပြောပြီးပိုက်ဆံအိတ်ထဲကို သေသေချာချာ သူပဲထည့်ပေးလိုက်တာ --၊"

"အဒေါ်လည်း သူရေးပေးလိုက်တဲ့စာကိုယူပြီး ဝမ်းသာအားရနဲ့ ဂျီးအီးစီကို အရောက်သွား တာပေါ့ကွယ်၊ ဟိုရောက်လို့ စုံစမ်းကြည့်တော့ သူရေးပေးလိုက်တဲ့အမည်ဆိုတာ ဒီဆိုင်မှာ မရှိကြောင်း၊ သိလည်း မသိကြောင်း ပြောလိုက်ရော အလိမ်ခံလိုက်ရပြီဆိုတာ သိလိုက်ရတယ်၊"

"မသင်္ကာလို့ ပိုက်ဆံအိတ်ထဲကအထုပ်ကို ဖွင့်ကြည့်လိုက်တော့ ဆွဲကြိုးနဲ့လက်ကောက် မဟုတ်တော့ဘဲ ကျောက်ခဲလုံးတွေဖြစ်နေတယ်၊"

ဒေါ်တင်စိန်သည် ပြောလည်းပြော ဝမ်းလည်းနည်း ငိုလည်းငို၊ ရင်ဘတ်ကို လက်နဲ့ ဖိပြီး အကူအညီပေးရန် ပြောသည်။ ရှက်လွန်းသဖြင့် မည်သူ့ကိုမျှ ဖွင့်ပြောပြခြင်းမရှိသေးကြောင်း သိရတော့သည်။



ကျွန်တော်သည် ဒေါ်တင်စိန်ကိုကြည့်ပြီး သနားလည်းသနား၊ စိတ်မကောင်းလည်း ဖြစ်မိသည်။ အားကိုးရာမဲ့ မုဆိုးမတစ်ဦးဘဝဖြင့် ရိုးသားစွာ လုပ်ကိုင်စားနေသူကိုမှ အကွက်ချလိမ်လည် သွားကြသည်။ မသိနားမလည်သူများကို "အခွင့်ကောင်းယူ လိမ်လည်သွားကြသည်။ ဒုစရိုက်သမားတို့သည် သားကောင်ကို အလစ်ချောင်းနေ သူများဖြစ်သည်။

ဒေါ်တင်စိန်သည် အချိန်နှင့်တပြေးညီ တိုင်ကြားခဲ့ခြင်းမရှိသဖြင့် လိမ်လည်သူ ဒုစရိုက်သမားတို့ကို အခွင့်အရေးပေးလိုက်သည်နှင့် တူသည်။ မြန်မာလူမျိုးတို့၏ အရှက်အကြောက် ကြီးပုံကြောင့် တကယ့်ဖြစ်ရပ်မှုခင်းများတွင် သက်ဆိုင်ရာသို့ အသိမပေး ဖုံးကွယ်ထားမှုများလည်း ရှိကြပေမည်။

ဤကိစ္စမျိုးသည် ထိန်ဝှက်မထားသင့်ပါ။ တစ်မှုပေါ် နှစ်မှုဆင့်တတ်သည်။ လွတ်ထွက်နေသော ဒုစရိုက်သမားတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် နောက်တစ်ကြိမ် အခွင့်အရေးယူလာနိုင်သည်။

ဤသို့မဖြစ်တန်ရာ၊ ပြစ်မှုဆိုသည်မှာ မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ပြစ်မှုဖြစ်ပွားပြီးမှ စုံစမ်းဖော်ထုတ်ရခြင်းမှာ တာဝန်တစ်ခုဖြစ်သော်လည်း မိမိကိုယ်ကိုမိမိ ကြိုတင်ကာကွယ်ခြင်းမှာ မည်သည့် အခါမှ အချည်းနှီးမဖြစ်ပေ။

ဒုစရိုက်သမားတို့သည် ဆင်လိုကြံတတ်သည်။ မြွေခွေးလို ကောက်ကျစ်စဉ်းလဲတတ်သည်။ ကျားသတ္တဝါလို သနားမညာတာ ရက်စက်ကြမ်းကြုတ်တတ်သည်။ လူတွေနှင့်ရောထွေးပူးယှက် ရင်ဘောင်တန်းသွားလာနေကြသူများ ဖြစ်သည်ကို သတိရှိရန် လိုပေသည်။

ထို့ကြောင့် လောဘ ဒေါသ မောဟတို့သည် လောကလူသားတို့အတွက် ကောင်းကျိုးမပေး၊ လောဘကို အတောမသတ်သူတို့အတွက် တစ်နေ့တွင် သောကနှင့် ကြုံတွေ့ရတတ်သည်။ ဆင်ခြင်တုံတရားနှင့် သတိကင်းလွတ်မဖြစ်ကြစေရန် အသိပညာ၊ ဗဟုသုတများစွာကို လက်လှမ်းမီသမျှ ရှာဖွေဖတ်မှတ်ကြဖို့ လိုအပ်သည်။

သို့ဖြစ်ရာ ဒေါ်တင်စိန်သည် အလွယ်တကူ ယုံကြည်နားဝင်တတ်ပြီး လောဘကို ရှေ့တန်း တင်မိသည့် အမှားကြောင့် ဒုက္ခနှင့်တွေ့ရသည်။

ကျွန်တော်သည် ဒေါ်တင်စိန်ကို အကျိုးအကြောင်း၊ အဆိုးအကောင်း နားဝင်အောင် ပြောပြသည်။ မသမာသူလက်ထဲသို့ ပါသွားသော ရွှေထည်ပစ္စည်းများနှင့် အတူ တရားခံကို အမြန်ဆုံး ဖမ်းဆီးနိုင်ရေးသည် အရေးကြီးကြောင်း ပြောပြ သည်။

ထို့ကြောင့် ပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုသာ အားကိုးရတော့မည်ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နေ့မအား ညမနား တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ လည်း ဒုစရိုက်သမားများကို အမြန်ဆုံး ဖော်ထုတ် ဖမ်းဆီးပေးနိုင်မည် ယုံကြည်လျှက်ရှိသည်။

ကျွန်တော်သည် ညှိုး ငယ်နွမ်းလျ စိတ်သော ရောက်နေရှာသူ ဒေါ်တင်စိန် အားပေး စကားပြောပြီး သ ဆိုင်ရာရဲစခန်းသို့ အမြန်ဆုံး သတင်းပေးတိုင်ကြားရန် ဆုံး ဖြစ်လိုက်လေတော့သည်။

*လူကိုမြင်တိုင်းလည်း*
*မခင်လိုက်ပါနဲ့ --*
*ဝါဝါမြင်တိုင်းလည်း*
*ရွှေမထင်လိုက်ပါနဲ့ -*

မောင်မောင်သက်ထွန်း
(လော့်ကား)



www.burmeseclassic.com

www.burmeseclassic.com



# ရဲကိုကိုတင်

## သော့ဖြင့်သမားသတိထား






www.burmeseclassic.com

www.burmeseclassic.com



# ရန်

ရန်ကုန်မြို့လယ် အနော်ရထာလမ်းနှင့် (၃၈) လမ်းထောင့် လူသွားလမ်းစင်္ကြံ တစ်လျှောက် လူများ စည်ကားလျှက်ရှိ၏။ (၃၈)လမ်းထောင့်ရှိ လေးထပ်တိုက်တစ်လုံး၏ အောက်ခြေ လှေကားထစ်ဘေးတွင် သော့ပြင်သမား ယူနွတ်တစ်ယောက် သော့များ ပြင်နေ၏။



ယူနွတ်၏ ခေါင်းပေါ် တစ်ပေခန့်အကွာတွင် "သော့အမျိုးမျိုးပြင်သည်" စာတန်းပါ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။

နေ့လည် ၁၂ နာရီအချိန်ခန့်တွင် ယူနွတ်၏ သော့ပြင်ဆိုင်ရှေ့သို့ ဆန်နီပစ်ကပ်အဖြူရောင်ကားလေးတစ်စီး ထိုးဆိုက်လာ၏။

မော်တော်ကားပေါ်
သားသားနားနားဝတ်စား
သည့် လူရွယ်တစ်ယော
ဆင်းလာပြီး ယူနွတ်သော့
ဆိုင်ရှေ့သို့ လမ်းလျှောက်
ရောက်လာ၏။

အဆိုပါလူရွယ်က-

ဒီမှာ --- သော့ပြင်ဆ
အားသလား?

ယူနွတ်က-

အားပါတယ်ဆရာ

အဆိုပါလူရွယ်က-

ဒါဖြင့် ကိုယ်သော့
ပျောက်သွားလို့ သော့ခလော
ဖျက်ဖို့ ခဏလိုက်ခဲ့ပါ။

ယူနွတ်လည်း- ဟုတ်
ဆရာဟု ပြောပြောဆိုဆို
သော့ပြင်သေတ္တာကိုယူပြီး လူ
၏နောက်သို့ လိုက်သွား၏။

ဆန်နီပစ်ကပ် အ
ရောင်ကားကလေးသ
ဗိုလ်ချုပ်အောင်ဆန်းလမ်း
တစ်ဆင့် ၄၈ လမ်း (အထက်)
ကွေ့ဝင်လိုက်၏။

လေးထပ်တိုက်တစ်
ရှေ့အရောက်တွင် မော်တေ
ကားရပ်လိုက်ပြီး မော်
ကားပေါ်မှ သော့ပြင်သမ



www.burmeseclassic.com

www.burmeseclassic.com





ယူနွတ်နှင့် လူရွယ်တို့ ဆင်းကြ၏။

လူရွယ်ကယူနွတ်အား-

ဒီတိုက် အလယ်လှေခါး က တက်သွားပါ။ ဒုတိယထပ် အခန်း ၁၉က တံခါးမကြီးရဲ့ခတ်ထားတဲ့သော့ကြီးကို ဖျက်ပေးပါ။ ကျွန်တော် အောက်ကလက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်။

ယူနွတ်လည်း အခန်း ၁၉ ရှိရာသို့တက်သွား၏။ ထို့နောက် လူဝင်တံခါးမကြီးတွင် ခတ်ထားသည့် တရုတ်နီသော့ကြီးကို ဖျက်ရာ နာရီဝက်ခန့်ကြာ၏။

ယူနွတ်သည် သော့ခလောက်အဖျက်ကိုယူပြီး လူရွယ်ရှိရာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်၏။

လူရွယ်က ယူနွတ် ကို- ကျေးဇူးတင်ပါတယ်ဟု ပြောပြောဆိုဆိုဖြင့် ငွေ ၁၀၀၀/- ထုတ်ပေးလိုက်၏။

ယူနွတ်လည်း ဝမ်းသာအားရပင် ငွေ ၁၀၀၀/- ကို ယူပြီးနောက် အနော်ရထာလမ်းအတိုင်း ၃၈ လမ်းသို့ လမ်းလျှောက်ပြန်လာခဲ့၏။

အချိန်ကား ညနေ ၆ နာရီခန့်ဖြစ်၏။

၄၈ လမ်း လေးထပ်တိုက် ဒုတိယထပ် အခန်း ၁၉ နေ ဦးသန်းထွဋ်နှင့် ဇနီးဒေါ်စန်းဝင်းတို့သည် ဗိုလ်ချုပ်ဈေးရှိ ရွှေဆိုင်ခန်းများပိတ်ပြီးနောက် မိမိတို့ တိုက်ခန်းသို့ ပြန်လာကြ၏။

ဦးသန်းထွဋ်တို့လင်မယားသည် မိမိတို့၏အခန်းရှေ့သို့ ရောက်သည်နှင့်တစ်ပြိုင်နက်တည်း-

ဒေါ်စန်းဝင်းက-

"အမလေး --- အခန်းသော့ကြီးမရှိတော့ဘူး၊ ပစ္စည်းတွေကုန်ပြီထင်ပါရဲ့"ဟု အော်ပြောလိုက်၏။

ဦးသန်းထွဋ်လည်း ကပျာကယာပင် တံခါးမကြီးကို ဖွင့်လိုက်၏။

ပြီးမှ တိုက်ခန်းထဲရှိ အိမ်ထောင်ပစ္စည်းများကို တစ်ခန်းဝင် တစ်ခန်းထွက် ဝင်ကြည့်ကြ၏။

ထိုအခါမှ တီဗီ၊ ကက်ဆက်၊ အောက်စက်၊ တိုင်ကပ်နာရီ၊ စောင်၊ ခြင်ထောင် အဝတ်အစားနှင့် ငွေများ စုစုပေါင်း တန်ဖိုး ကျပ်သုံးသိန်းဖိုးခန့် ပျောက်ဆုံးသွားတော့၏။

ဩော်- ရန်ကုန်ဆိုသည့် မြို့ကြီးများတွင် သော့ပြင်သမားတစ်ယောက်ကို ခုတုံးလုပ်ပြီး ကောက်ကျစ်လှည့်စားတတ်မှုများကို သတိမူရမည် မဟုတ်ပါလား . . . . ။

ရဲကိုကိုတင်

www.burmeseclassic.com






ရန်ကုန်မြို့၏ ဆင်ခြေဖုံး ရပ်ကွက်တစ်ခု တွင် "အေးနန္ဒာ" စိန်ရွှေရတနာဆိုင်သို့ ရွှေအ ရောင်းအဝယ်လုပ်သူများ၊ ပစ္စည်း ကောင်း အရည်အသွေးကောင်း ဝယ်ချင်သူများ မြို့ထဲကပင် တကူးတက လာဝယ်ကြသည်။ "အေးနန္ဒာ" ဆိုတာက အသက် (၆၀)ခန့်ဝဝမည်းမည်း ဒေါ်အေးနန္ဒာ၏ အမည်ကို ဆိုင်အမည် တပ်ထားခြင်း ဖြစ်သည်။ မိဘဘိုးဘွား



www.burmeseclassic.com

www.burmeseclassic.com



ာက်ထက် ကတည်းက ရွှေပန်း
ိမ်လုပ် ကာရွှေအကြောင်း
ာကျေ နေအောင် သိသူကား
ဒါ်အေးနန္ဒာ၏ ခင်ပွန်း
ကြိုင်မောင်ပင် ဖြစ်သည်။

ဦးကြိုင်မောင်က တရုတ်
ပြား ဖြူဖြူချောချော၊
ဒါ်အေးနန္ဒာကဝဝမည်းမည်း
တော့ လိုက်ဖက်ညီသော
တွဲဟု ဆိုရမည်။ ရွှေပန်းတိမ်
ပ်ငန်းဖြင့် စီးပွားရေး အဆင်
ပြကြသည်။

တစ်ရက်တွင်
ဒါ်အေးနန္ဒာ ရွှေဆိုင်သို့
သွားညိုညို၊ အဝတ်အစား
ပ်သပ်ရပ်ရပ်နှင့် အသက်
၀)ခန့်လူတစ်ယောက် ရောက်
ာသည်။ သူရောက်လာချိန်၌
ိုင်တွင် လူရှင်းနေသည်။
ဒါ်အေးနန္ဒာက

"ထိုင်ပါ ငါ့တူ ဘာလို
င်လို့လည်း"

လူရွယ်က မရဲတရဲဖြင့်

"ဒီလိုပါ အဒေါ်၊
ဒေါ်တို့ဆိုင်က ဝယ် ထားတဲ့
ည်းကို ပြန်ရောင်းရင် ရမလား
ချင် လို့ပါ"

ဒေါ်အေးနန္ဒာက လူ
ယ်ကို အကဲခတ်၍

"ကြည့်ဦးမယ်လေ ဒီ
ရက်မှာ ရွှေဈေးက ကျနေတော့"

လူရွယ်က လက်ကိုင်
ပုဝါဖြင့် ထုပ်ထားသော ရွှေ
ထည်ပစ္စည်းများကို လက်ကိုင်
အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။
တစ်ကျပ်သားခန့်ရှိ ရွှေ ဆွဲကြိုး
တစ်ကုံး၊ တစ်ကျပ်သားခန့်ရှိ
လက်ကောက် နှစ်ကွင်းနှင့်
ပတ္တမြား လက်စွပ်နှစ်ကွင်းတို့
ဖြစ်သည်။ ဒေါ်အေးနန္ဒာက
ပစ္စည်း ဝယ်ယူထားသော
ဘောင်ချာကို မိမိဆိုင်က ဟုတ်
မဟုတ်ကြည့်ပြီး မိမိထက် ရွှေ
အကြောင်း နားလည်သော
သူခင်ပွန်း ဦးကြိုင်မောင်ကို ခေါ်
လိုက်သည်။

ဦးကြိုင်မောင်သည် ရွှေ
ထည်များကို ကြည့်လိုက်သည်
နှင့် မိမိတို့ရွှေဆိုင်က ဝယ်ထား
သော ပစ္စည်းမှန်း တန်းကနဲ
သိလိုက်သည်။ ပတ္တမြားလက်စွပ်
နှစ်ကွင်းကမိမိတို့ဆိုင်ကမဟုတ်။

"ဒီလက်စွပ်နှစ်ကွင်းက
ဦးတို့ဆိုင်က မဟုတ်ဘူး"

"မှန်ပါတယ် ဦး၊ ဒါက
ကျွန်တော့်မိဘ လက်ထက်က
ပစ္စည်းပါ၊ ဦးတို့ဆီက ဝယ်ထား
တဲ့ ဆွဲကြိုးနဲ့ လက်ကောက် နှစ်
ကွင်းကို ပြန်ရောင်းချင်လို့ပါ"

"အခု မရောင်းပါနဲ့ဦး
လား ငါ့တူ၊ ရွှေဈေးတွေ ကျနေ
တယ်"

"ဗျာ . . . တက်နေတာ
မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မနေ့ကမှ
စပြီးကျတာ"

"မသိပါဘူးဦးရယ်၊
ကျွန်တော်က သူများ အပြောနဲ့
ပြောရတာ"

"ဦးလေးက စေတနာနဲ့
ပြောတာပါ၊ နောက်တစ်ပတ်မှ
လာခဲ့ပေါ့"

"ဒီလိုပါဦး၊ ကျွန်တော်
က ကားပွဲစား၊ ဆိုင်ကယ်ပွဲစား
လုပ်တယ်၊ လက်လွှဲရောင်းပွဲခ
ရတာထက် ငွေရှိရင် ဝယ်ထား၊
အောင်းထားလိုက်၊ ကြိုက်တဲ့
လူနဲ့တွေ့ရင် ကြိုက်ဈေးခေါ်
အဲဒီလို လုပ်တာပါ။ ဒီပစ္စည်း
တွေက ကျွန်တော့်မိဘကွယ်
လွန်သွားလို့ အမွေရထားတာ
တွေပါ။ ဒီဘောက်ချာထဲက
ဒေါ်အေးတင် ဆိုတာ ကျွန်တော့်
အမေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ မကျန်းမာက
တည်းက ကျွန်တော်တို့ မောင်နှမ
သုံးယောက်ကို အမွေခွဲပေးခဲ့
တာ၊ ဒါတွေက ကျွန်တော်ရတဲ့
ပစ္စည်းတွေပါ၊ ဒီပတ္တမြား လက်စွပ်
နှစ်ကွင်းကိုတော့ အမေမသေ
ခင် တဖွဖွ ပြောခဲ့တယ်၊ တန်ဖိုး
အရမ်းများတယ်တဲ့၊ ချင့်ချိန်ပြီး
သုံးပါတဲ့"

"အဲဒါ စောစောက ပြန်
ဆက်ရရင် ကျွန်တော့်လက်ထဲ
မှာ ငွေကိုင်ပြီး ဝယ်ရောင်းရောင်း
ချင်တာဆိုတော့ ပစ္စည်းတွေကိုင်
ထားတာထက် ငွေကိုင်ထားတာ
မှ အကျိုးရှိမှာမို့လို့ပါ"

"ဦးတို့ဆိုင်က ဝယ်ထား
တဲ့ ပစ္စည်းဖြစ်လို့ ဦးတို့ ပြန်ယူပါ
မယ်၊ ဒါပေမယ့် ပတ္တမြား
လက်စွပ် နှစ်ကွင်းကိုတော့ ဦး
မယူချင်ဘူး"

"ဘာဖြစ်လို့လည်း ဦး"

ဦးကြင်မောင်က ရွှေ
အကြောင်း ကောင်းကောင်း
နားလည်သလို ကျောက်အ
ကြောင်းလည်းအတော် တီးမိ
ခေါက်မိထားပြီ ဖြစ်သည်။
လက်စွပ်နှစ်ကွင်းကို ပြူတင်း
ပေါက်နား ကပ်ကြည့်ပြီး စိတ်ထဲ
က သိပ်မတွေ့၊ ပတ္တမြားဆို
သော်လည်း ခပ်ညံ့ညံ့ပတ္တမြား
သာဖြစ်သည်။ ဒါပေမယ့် ပိုင်
ရှင်ရှေ့မှာ ခပ်ညံ့ညံ့လို့ ပြောရမှာ
အင်မတန် ခက်နေသည်။ သို့
သော် မယုတ်မလွန် တစ်ခု
တော့ ပြောလိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြော
ရရင် မောင်ရင့် မိဘတွေအ
သူတို့အသိစိတ်ထဲမှာ ဒီပတ္တ
တွေဟာ တန်ဖိုးအရမ်းများ တ
လို့ အရိုးစွဲအောင် မှတ်ထား
ဆိုတော့ အတော်ခက်တ
ဒီခေတ်မှာ တိုင်းတာတဲ့
တွေ အများကြီးရှိတယ်၊
အမြင်ကတော့ ဒီပစ္စည်း
ဒီလောက် မဟုတ်ဘူး"

"ဟုတ်ကဲ့ ပြောပါဦး"

"ရွှေကတော့ ၁၅ ပဲ
ရှိတယ်၊ မောင်ရင့် စိတ်ကျေ
အောင် ဦးပြောတာ ဟုတ်မဟု
တစ်ခြား ကျောက်ရောင်းဝယ်
တွေဆီ ပြကြည့်ပါဦး"

"ကျွန်တော့်မိဘလ
ထက်က သူတို့ပြော လို့
ရတာပါ။ ကျွန်တော်လ
ကျောက်အကြောင်း နားလ
တာ မဟုတ်ဘူး။ ကျွန်
မှာလည်း အဲဒီလို နားလည်
သူတွေဆီ လိုက်ပြဖို့ အ
မရှိဘူး၊ ဦး ကျွန်တော့်ကို
ကြည်ရင် ဒီပစ္စည်းတွေကို
မှာ ထားခဲ့မယ်။ ဦးက အ





www.burmeseclassic.com

www.burmeseclassic.com



ဝယ် လုပ်နေတာဆိုတော့ ယ်လက် တစ်ယောက်ယောက် တွေ့ခဲ့ရင် ကျွန်တော့်ကို အကြောင်းကြားပေးပါ။ ဦး ပွဲခရပါမယ်။ ဒါ ကျွန်တော် ပွဲစားလုပ်နေတဲ့ လိပ်စာ ကတ်ပြားပါ။ ကျွန်တော် (၃)ရက် (၄)ရက်လောက် တစ်ခေါက် လာကြည့်ပါဦးမယ်။"

ဒေါ်အေးနန္ဒာက သူ့ဆိုင်က ဝယ်သွားတဲ့ ရွှေများအတွက် မောင်ဝင်းမောင်ဆိုသော လူငယ်အားခြောက်သောင်းနီးပါး ငွေချေလိုက်သည်။ ရွှေတွေကို အရောင်ပြန်တင်ပြီး ပြန်ရောင်းပါက တစ်သိန်းနီးပါး မြတ်နိုင်သည်ကို တွေးပြီး စိတ်ထဲက ပြုံးနေသည်။

× × ×

မောင်ဝင်းမောင် ဆိုသော လူငယ်သည် သုံးလေးရက်တစ်ခေါက် ရွှေဆိုင်ကို ရောက်လာတတ်သည်။ တစ်ခါတစ်ရံ ဆိုင်ကယ်နှင့် တစ်ခါတစ်ရံ ပါပလေကားလေးနှင့် ဒါမှမဟုတ် စူပါရှနှင့် ဦးကြင်မောင်ကတော့သူလာတိုင်း ခေါင်းခါပြဆဲ။ ပြန်ယူရန် တိုက်တွန်းသော်လည်း မောင်ဝင်းမောင်က မယူ။ အမှန်တကယ် ဦးကြင်မောင်တွင် ကျောက်အရောင်းအဝယ်သမားတွေ အများကြီးရှိသည်။ ကျောက်က ညံ့နေသဖြင့် မပြခြင်း ဖြစ်သည်။

မိဘလက်ထက်က ပစ္စည်းဖြစ်၍ ကာယကံရှင်က ဘယ်လောက်တန်ဖိုးရှိရှိ အရည်အသွေး စစ်ကြည့်လျှင် ပေါ်လာတာပဲ ဖြစ်သည်။

**"ခင်ဗျားတို့ဆီမှာ သိန်းချီတန်တဲ့ ပတ္တမြား အဆင့်လောက် မရှိဘူးလား။ ကျုပ်ဆီ ရောက်လာတာတွေက သိပ်အဆင့်မရှိတဲ့ဟာတွေ၊ အကြိုက်မတွေ့သေးဘူး.."**

နှစ်ပတ်ခန့်ကြာသော အခါ ဦးကြင်မောင်ထံ သို့ ကျောက်ပွဲစား ဦးတင်ဆိုသူ ရောက်လာသည်။ ဦးကြင်မောင်နှင့်တော့ သိနေတာကြာပြီ။ ဦးကြင်မောင်ဆီကလည်း ကျောက်ရောင်းဘူး၊ ဝယ်ဘူးသည်။

ဦးတင် က ဦးကြင်မောင်အား ( )ဟိုတယ်တွင်တည်းနေသော နိုင်ငံခြားသားတစ်ယောက်က အနီ (ပတ္တမြား)တွေ လက်တို့ပြီး ဝယ် နေကြောင်း၊ သူလည်း ပွဲခယူ၍ ပတ္တမြားတစ်လုံး ရောင်းပေး လိုက်ကြောင်း၊ ဦးကြင်မောင်ဆီ မှာ ပတ္တမြားရှိရင် သူလိုက်ပို့ပေး မည်ဖြစ်ကြောင်း သတင်းလာ ပေးသည်။

ဦးကြင်မောင်က သူ့တွင် သိမ်းထားသော ကျောက်ချည်းသက်သက် ပတ္တမြားနှစ်လုံး နှင့် မောင်ဝင်းမောင်ပေးထားသော ပတ္တမြား လက်စွပ်နှစ်ကွင်းကို ယူ၍ ဦးတင်နှင့်အတူ လိုက်လာသည်။

မြန်မာပြည်ကို မကြာခဏ လာဘူးနေဟန် တူသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားဆိုပေမယ့် မြန်မာစကားကို ပီအောင်ပြောနိုင်သည်။ ကျောက်အကြောင်းလည်း အတော်ကျွမ်းသည်။

ဦးကြင်မောင်က သူ့တွင်ပါလာသော သုံးသောင်းလောက်တန်သည့် ပတ္တမြားနှစ်လုံးကို ရှစ်သောင်းဖြင့် ဈေးခေါ်လိုက်သည်။ နိုင်ငံခြားသားက ပြုံးသည်။ သူ့ကို အချဉ်လာမဖမ်းနဲ့ဟု ပြောချင်သည့်သဘော။ တစ်ခွန်းပဲ ပြောသည်။ "သုံးသောင်းပေးမည်ဟု" ဆိုသည်။ ဦးကြင်မောင် အံ့သြသွားသည်။

ထို့ကြောင့် သူ့တွင်ပါလာသော မောင် ဝင်းမောင်၏လက်စွပ်နှစ်ကွင်းကို ထုတ်မပြရဲ။ အရည်မမီသောကြောင့် ထိုပစ္စည်းမျိုး ထုတ်ပြလျှင် အထင်သေးသွားနိုင်သောကြောင့် ဖြစ်သည်။ ( ) ဟိုတယ်၏ ဘီယာခန်းမတွင် ဘီယာသောက်ကြရင်း နိုင်ငံခြားသားက . . . ။

"ခင်ဗျားတို့ဆီမှာ သိန်းချီတန်တဲ့ ပတ္တမြားအဆင့်လောက် မရှိဘူးလား။ ကျုပ်ဆီရောက်လာတာတွေက သိပ်အဆင့်မရှိတဲ့ဟာတွေ၊ အကြိုက်မတွေ့သေးဘူး. ."

"ပါတော့ ပါတယ်၊ လူကြီးမင်း အကြိုက်မတွေ့မှာစိုးလို့ မပြတာပါ"

"ပြပါလေ . . . အကြိုက်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး၊ ကိုယ်ကြိုက်ပေမယ့် သူကြိုက်ချင်မှကြိုက်တာ၊ သူမကြိုက်ဘဲ ကိုယ်ကြိုက်ချင် ကြိုက်တတ်တာ. . . ."

ဦးကြင်မောင်က မဝံ့မရဲဖြင့် လက်စွပ်နှစ်ကွင်းကိုထုတ်ပြလိုက်သည်။ နိုင်ငံခြားသားက သေသေချာချာကြည့်သည်။ ကြည့်နေရင်း မျက်နှာကတစ်ဖြည်းဖြည်း ပြုံးလာသည်။

"ကျုပ်က - အဲဒါမျိုးမှကြိုက်တာဗျ - ဒါတွေက ရှေးဟောင်း ပစ္စည်းတွေ၊ စောစောက အဲဒါမျိုးပြရင် ပြီးရောဗျာ။ ခင်ဗျားတို့က ကျုပ်ကို မဝယ်နိုင်ဘူးထင်လို့လား"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး အဲဒီလို ကြိုက်မယ်မထင်လို့ပါ"

ဦးကြင်မောင်လည်
စီးပွားရေးသမား လူပါး
ခေါင်းထဲမှာ အတွေးမျ
အစီအရီဖြင့် ကျက်လိုက်သည်
စောစောက သိန်းချီကျောက်
ဘူးလားဟုမေးသည်။ ပြလို
တော့ ဝမ်းသာအားရဖြင့် ဒါမျိ
ကြိုက်တာဟု ပြောသည်
ဦးကြင်မောင် အံ့သြရသည်
သူပြောသလို အကြိုက်ခြင်
ဆိုတာ တစ်ဦးနဲ့တစ်ဦး မတူ
ဆိုတာ မှန်သည်။

သို့သော်လည်း ကျော
အကြောင်း အတော်ကျွမ်းတ
သော ဦးကြင်မောင်ပင်
လက်စွပ်မှ ကျောက်များ
တစ်လုံးလျှင် အလွန်ဆုံးတန်
နှစ်သောင်းဟု သတ်မှတ်ထာ
သည်။ သူနှင့် ပတ်သက်သေ
တစ်ခြားကျောက်ပွဲစားမျ
လည်း သူပြထားပြီး ဖြစ်သည်
တစ်ယောက်မှ စိတ် မဝင်စ
ကြ။ နှစ်သောင်းပင် မတန်
ဆိုကြသည်။

"ကဲ . . ဈေးပြော. . .



www.burmeseclassic.com

www.burmeseclassic.com



ဦးကြင်မောင် က အတော်ကြာအောင် စဉ်းစား၍ ...တ်ကို ငြိမ်ငြိမ်ထားကာ . . .

"တစ်လုံးကို ငါးသိန်းရ ...င် ရောင်းမယ်. ."

"ကျုပ် တစ်ခွန်းဈေးပဲ ပြောမယ်၊ သုံးသိန်း ရရင်ယူမယ် ...ရန်တစ်ခါထဲ ပေးထားမယ်"

ဦးကြင်မောင် ရင်တွေ တထိတ်ထိတ် ခုန်နေသည်။

"သုံးသိန်းဆိုရင်တော့ ကျွန်တော် ပိုင်ရှင်နဲ့ ပြန်ညှိ လိုက်ပါဦးမယ်၊ မနက်ဖြန် အကြောင်းပြန်ပါ့မယ်"

ဦးကြင်မောင်သည် အပြန်တွင် မောင်ဝင်းမောင် ပေးထားသော လိပ်စာကတ်အတိုင်း ကားပွဲစားတန်းသို့ ရောက်လာသည်။ မောင်ဝင်းမောင် မရှိ။ ကားတစ်စီး အရောင်းအဝယ်ပြုလုပ်ရန် ထွက် သွားကြောင်းသိရသည်။ သူပြန်လာရင် လာခဲ့ဖို့ မှာထားကာ အိမ်ပြန်ခဲ့သည်။



ည (၈)နာရီခွဲလောက်တွင် မောင်ဝင်းမောင် ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာသည်။ အဖော်တစ်ယောက်ပါလာသည်။ ဦးကြင်မောင်က မောင်ဝင်းမောင်ကိုတွေ့တော့ အားရဝမ်းသာဖြင့်

"မောင်ဝင်းမောင်ရေ မင်းလဲ ဦးဆီ ခဏ ခဏ လာနေရတာများနေပြီ။ ဒီတစ်ခါတော့ မောင် ဝင်းမောင် ကံကောင်းတယ်။ ဦးလည်း ကြားကနေ လှော်လိုက်တာ ဦးမိတ်ဆွေ တစ်ယောက်က စိတ်ဝင်စား သွားတယ်။ နှစ်ကွင်းစလုံး ယူမယ်တဲ့ ကဲ မောင်ရင် ဈေး ပြောတော့"

"ရှေ့က တစ်မတ်သား လောက်စီရှိတယ် ဆိုတော့ တစ်ကွင်းကို တစ်သိန်းခွဲလောက်

www.burmeseclassic.com





ရရင် ရောင်းမယ် . . ဖြစ်နိုင်ပါ့မလားဦး"

"အေး . . ဖြစ်နိုင်ပါတယ်"

"ဦးအတွက် ပွဲခက"

"၅ ရာခိုင်နှုန်းပါ"

မောင်ဝင်းမောင်က စဉ်းစားပြီး စိတ်တွက်နဲ့ တစ်စုံ တစ်ခုကို တွက် နေကာ ---

"ဦး - ဒါဆို ရင် ကျွန်တော် အခု ဗီလာတဲ့ ဆိုင်ကယ် ကလေးကို စရံ ပေးထားပြီး ဆွဲ လိုက်မလို့ ဦး နှစ်သိန်းခွဲလောက် ခဏပေးပါ။ ကျွန်တော် တစ်ခါထဲ ငွေချေ လိုက်မလို့ ကျန်တာတော့ နောက်နေ့မှ ဦးနဲ့ ကျွန်တော် ရှင်း ကြတာပေါ့"

"အေး ရပါ တယ်ကွာ"

ဦးကြင်မောင် ထံမှ ရသော ငွေနှစ်သိန်းခွဲကို ပါလာသော လူ တစ်ယောက် လက်ထဲသို့ မောင်ဝင်းမောင်က ထည့်လိုက်သည်။

"ကျေးဇူးပဲဦး မနက်ဖြန်မှ ကျွန်တော် တစ်ခေါက် လာခဲ့မယ်"

"အေး . . အေး"

နောက်နေ့တွင် ဦးတ ကိုခေါ်၍ ဦးကြင် မောင်ဝ နှစ်ယောက် ( )ဟိုတယ် သွားကြသည်။ ဟိုတယ်တွ ဦးကြင်မောင်ပြောသော နိုင် ခြားသားဆိုသူ မနက်ကပ သော့အပ်ထွက်သွား ကြောင် ပြောသည်။

အမှန်က ထိုနိုင်ငံခြာ သားသည် မြန်မာပြည်ဖြ နိုင်ငံခြားသား။

သူ့အိမ်ကို နေ့ တစ်နေ့ လာခဲ့မယ်ဆို သေ မောင်ဝင်းမောင်ကို လည် ကားပွဲစား တန်းတွင် ရှာလှ မောရုံသာရှိမည်။

ပွဲခရော၊ ပွဲညွှန့်ပါ မ များရလိုသော ဦးကြင်မော တစ်ယောက် . . . ။

နီကြည်



www.burmeseclassic.com

www.burmeseclassic.com



# မောင်သန်းဦး (မကွေး)

## ရန်ကုန်၊ မန္တလေး ဟိုက်ဝေးလမ်းကြား တောကျီးကန်းများ



www.burmeseclassic.com



(၁)

"ကလင် . . ကလင် . . ကလင်"

ကောင်တာစားပွဲပေါ်ရှိ တယ်လီဖုန်းမဲ မဲကလေးမှ စူးစူးရှရှအသံမြည်းဟီးလာသည်။

"ဟုတ်ကဲ့ခင်ဗျ၊ ပြောပါ၊ ရှမ်းပြည်နယ် ကားဂိတ်ကပါ"

ဖုန်း၏တစ်ဖက်မှလေသံများ ရောထွေး လျှက်ရှိပြီး စကားပြောသံများ မသဲမကွဲ တရှဲရှဲနှင့် ကြားနေရ၏။

"ခပ်ကျယ်ကျယ်လေးအော်ပြောပါ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ မြင်းခြံက ဘယ်သူ။ သြော် . . သိပြီ . . ဈေးမြောက်ဘက်၊ အ. ထ. ကကျောင်း တံတားနားလေးက ဆီစက်မှတ်လား။ ဦးတုလား ကြီးလား ပြောပါ။ ဆီပေပါ ဘယ်နှစ်လုံး။ အလုံး နှစ်ဆယ်နော်၊ နောက်ရော၊ အပေါ်ကုန်က ကြက်သွန်ဖြူနော်။ ကုန်ချိန်နှစ်ထောင်၊ ဒါဆို ကားတစ်စီးစာပဲပေါ့။ ရပါတယ်။ ကားလည်းရှိပါ တယ်။ မြင်းခြံကိုလာတင်ပေးရမှာပေါ့။ ဟုတ်ကဲ့ ခင်ဗျ။ မော်လမြိုင်ထိဆိုရင်တော့ တစ်ပိဿာကို ငါးကျပ်နှုန်းပါပဲ အန်ကယ်က်လည်း ပိုပြောရမယ့် လူတွေမှ မဟုတ်တာ။ ဈေးမှန်ပါပဲ။ ဝေါ်ဗီဆို တစ်ဆယ်နှုန်းတောင်ယူပါတယ်။ တစ်ခြားဂိတ် တွေလည်း မေးကြည့်ပါအန်ကယ်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အခု မနက် ၁၀ နာရီဆိုတော့ ကားကို ကျွန်တော် ဘယ်အချိန်လောက် အန်ကယ့်ဆီ လွှတ်ပေးရမလဲခင်ဗျာ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်။ ကားနံပါတ်လား . . အင်း မော်လမြိုင်သွားမယ့် ကားက သုံးစီးတောင်ရှိနေတာဆိုတော့ ကျွန်တော် ကားသမားနဲ့ပြန်ညှိလိုက်ဦးမယ်လေ။ အဆင်ပြေ တဲ့ကားကို စီစဉ်ပေးလိုက်မယ်လေ။ စိတ်ချပါ အန်ကယ်၊ ကျွန်တော်တို့ဆီကလူလည်း ထည့်ပေး လိုက်ပါ့မယ်။ အန်ကယ်တို့ပစ္စည်းသာ အရန်သင့် ဖြစ်အောင်လုပ်ထားပေါ့နော့။ ကားသေချာပြီဆို တာနဲ့ လွှတ်လိုက်ပြီဆိုတဲ့အကြောင်း အန်ကယ် ဆီအကြောင်းပြန်လိုက်မယ်လေ။ ဂိတ်ကနေ စာတစ် စောင်ထည့်ပေးလိုက်မယ်။ ဟုတ်ကဲ့၊ စိတ်ချ၊ စိတ်ချ အဲဒီကသာ စောင့်နေလိုက်ပါ အန်ကယ်"

တယ်လီဖုန်းစကားပြောခွက်ကလေးတို ပုခက်အိမ်အတွင်းသို့ နေသားတကျ ပြန်တင်ထား လိုက်သည်။

မေမေသည် မီးဖိုခန်းမှ အိမ်ရှေ့အလုပ်ခန်း ဆီ ကူးလာပြီး

"သားရေ . . ဘာတဲ့လဲ . . မနေ့ကတော့ ၁၈ လမ်းမှာ ကားတစ်စီးက မေမေ့ဆီလာမေးနေ သေး . . မော်လမြိုင်ကုန်ဆိုရင် တင်ချင်တယ်ပြော တယ်။ ဖိုးသာတင့်ကားနံပါတ် မှတ်ထားတယ်မှတ် လား။ အဲဒီကျောက်သင်ပုန်းအောက်နားတ ( /၅၀ ၃၉)ဆိုတဲ့ကားပေါ့။ ၁၈လမ်းဝပ်ရှော့မှာ ကားထိုးထားတယ်ပြောတယ်၊ ကားဆရာတ ကုလားပဲ။ ကိုဟာဒွန်းတဲ့၊ သူနဲ့မတွေ့ရင်လည်း စပယ်ယာလေးရှိနေမယ်ပြောတယ်။ သားသွားမေး လိုက်ပလား။ အပြန်မှ ထမင်းစားလိုက်တော့ ညီသန်း အဲဒီနေရာသိတယ် သူ့ခေါ်သွားလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



မေမေညွှန်သောကားဆီသို့ သွားရန်အတွက် ကျွန်တော်၏ညီတစ်ဝမ်းကွဲဖြစ်သူ ညိုသန်းနှင့်အတူ ၁၈ လမ်းဆီသို့ ထွက်လာခဲ့၏။

၁၈ လမ်းဝပ်ရှော့၌ ( /၅၀၃၉)ကားသည် ဂျီအမ်စီရုပ်နှင့် အီဇူဇူကားခေါင်းနီ ရပ်ထားသည်ကို တွေ့ရသည်။

ကားဆရာကိုဟာဒွန်းကို မတွေ့ပါ။ ကားစပယ်ယာကလေးကိုသာ မေးရ၏။

"ကိုဟာဒွန်း ဘယ်အချိန်ပြန်လာမလဲ"

"နေ့လည်ခင်း ၃ နာရီလောက်တော့ ရောက်မယ်ထင်တယ်။ ဆရာကတော့မှာထားပါတယ်။ မော်လမြိုင်ဖြစ်ဖြစ်၊ တောင်ကြီးဖြစ်ဖြစ်ရှိရင် ကုန်ချိန်ဘယ်လောက်ရှိလည်းဆိုတာ မေးထားလိုက်လို့ပြောပါတယ်။"

"အေး- အဲဒါဆိုကွာ မော်လမြိုင်ကုန်ပဲ။ မြင်းခြံကိုသွားတင်ရမှာ ကုန်ချိန်က လေးထောင်ကျော်ငါးထောင်လောက်ရှိလိမ့်မယ်။ အောက်ခံက ဆီပေပါအလုံးနှစ်ဆယ်နဲ့ အပေါ်ကုန် ကြက်သွန်ဖြူ အိတ်လေးငါးဆယ်လောက်ရှိမှာပေါ့။ ငါးကျပ်နှုန်းပြောထားတယ်။ မင်းဆရာလာရင် ဂိတ်ကိုလွှတ်လိုက်ပေါ့၊ အကျိုးအကြောင်းပြန်ဦးနော် မင်းတို့မသေချာဘူးဆိုရင် တစ်ခြားကားနဲ့ စီစဉ်လိုက်ရအောင်၊ တော်နေ အချိန်မမီပဲဖြစ်မှာစိုးလို့နော့"

"အား - စိတ်ချအစ်ကို ကျွန်တော်လာပြောမယ်။ မနေ့ကတင် အစ်ကို့အမေဆီ ဆရာမှာလို့ လာပြောထားတာပဲ။ အစ်ကို ဂိတ်ကသာစောင့်ပါ။ ဟုတ်ပြီလား"

ကျွန်တော်သည် စပယ်ယာဖြစ်သူ အသားညိုညို၊ ကိုယ်ထည်ကခပ်ကျစ်ကျစ်၊ အရပ်ပုပု အသက်နှစ်ဆယ်ကျော်ဟန်မရှိသေးသော ဆံပင်ကောက်၍ နှာခေါင်းပွယောင်းယောင်း၊ ကျောက်ပေါက်စက်ခပ်ကျဲကျဲနှင့်သူကို မှာထားခဲ့ပြီးနောက် ကျွန်တော်ထံပြောထားသော အခြားကားသုံးစီးထံ ဆက်မသွားတော့ပဲ မနက်စာစားရန်အတွက် အိမ်သို့ပြန်လာခဲ့၏။

ထိုနေ့က စနေနေ့ဖြစ်၍ ကျွန်တော် ကျောင်းတက်ရန်အကြောင်း မရှိတော့ပါ။

* * * *

(၂)

"ညိုသန်းရေ ကိုဟာဒွန်းရဲ့မှတ်ပုံတင်နံပါတ်ယူထားလိုက်ဦး ကုန်တွေရောစုံပြီလား၊ ကြက်သွန်ကုန်ချိန်ဘယ်လောက်ပါလာလဲ တစ်အိတ်ကို အချိန်သုံးဆယ်ဆိုတော့ အိတ်ငါးဆယ်က တစ်ထောင့်ငါးရာ ဆီပေပါက အလုံးနှစ်ဆယ်က နှစ်ထောင် စုစုပေါင်းကုန်ချိန် သုံးထောင့်ငါးရာဆိုတော့ အားလုံးကားခ တစ်သောင်းခုနှစ်ထောင့်ငါးရာမှာ တို့ဂိတ်ကြေးနှစ်ရာနဲ့ အလုပ်သမားခတစ်ရာပေါင်းသုံးရာကို ကိုဟာဒွန်းဆီက တောင်းယူထား၊ ပြီးရင် ဒီဘောက်ချာ သူ့ကိုပေးလိုက် မော်လမြိုင် မှာ ကုန်ချမယ့်နေရပ်လိပ်စာနဲ့ စာအိတ်ကိုလည်း တစ်ခါထဲထည့်ပေးလိုက်ဦး ဟုတ်ပြီလား"

မေမေက တူဖြစ်သူညိုသန်းကို လုပ်ရမည့် အလုပ်များ တစ်ခုစီအစီစဉ်တကျ မှာကြားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညိုသန်းက

"ဒေါ်လေးသန်း ကိုဟာဒ္ဒန်းညာဖက်လက်ကောက်နားကနေ လက်ပြတ်နေတယ်ဗျ။ ကားမောင်းကတော့ ကျွမ်းသလားမမေးနဲ့၊ စတီယာတိုင်ကိုကိုင်တာ လက်ကောင်းတဲ့သူတွေထက်တောင်မှ ပိုင်သေးသဗျ၊ သိလား ဒေါ်လေးရာ။ ကျွန်တော်တို့ ညောင်ပင်သာမှာပဲ ထမင်းစားခဲ့တယ်။ ဟိုမှာကုန်တွေက အဆင်သင့်ပဲ။ ဦးကုလားကြီးကလည်း မော်လမြိုင်ကို စာအိတ်တစ်အိတ်ပေးလိုက်သေးတယ် အဲ့ဒီစာကိုလည်း ကိုဟာဒ္ဒန်းနဲ့ပဲ ထည့်ပေးလိုက်တယ်"



"အေး - ဒါဆိုလဲပြီးတာပဲ။ ထမင်းခူးထား ပြီးပြီ။ မင်းအစ်ကိုလည်း ကျောင်းကပြန်လာကာနီး မင်းအစ်ကိုကြီးအတွက် ဟင်းသပ်သပ်ဖယ်ထား လိုက်ဦးနော် ပဲအိုးကပ်က ဒယ်အိုးထဲကထ အကုန်ပဲ ဦးစံထွန်းကိုလည်း တစ်ခါတည်း မင်းတို့ ပေါင်းစားခိုင်းလိုက်တော့"

မေမေက ညိုသန်းကို မှာပြီးနောက် နာတာ ရှည်ရောဂါဖြစ်နေသော ဖေဖေ့အား ဆေးတိုက်ရ အိမ်အပေါ်ထပ်သို့ တက်သွားပါတော့သည်။

* * * *

(၃)

"ဟုတ်ကဲ့- ပြောပါ။ မန္တလေးကပါ။ ဘြော မြင်းခြံကလား ဟုတ်၊ အန်ကယ်တို့ကုန်တွေတင်ထ ကားထွက်သွားတာ အဲဒီကကုန်တင်ပြီး ဒီတို့ ပြန်လာပြီး နောက်ရက်မှာ ထွက်သွားပါတယ် ဟာ-- အန်ကယ် အခုမှကားထွက်တာ ငါးရက် ရှိသေးတာပဲ။ ဒီနေ့လောက်မှ ရောက်မှာပေါ့၊ အဲ တစ်ခုတော့ရှိတာပေါ့လေ၊ ကားများလမ်းမှာ တစ်ခုခုဖောက်နေရင်တော့ တစ်ရက် နှစ်ရက်တော့ နောက်ကျတတ်ပါတယ် အန်ကယ်၊ စိတ်ချပါ ကျွန်တော် မော်လမြိုင်ကို လှမ်းမေးပေးပါမယ် အန်ကယ်"

ကိုဟာဒ္ဒန်းထွက်သွားသည်မှာ ယခုနေ့ အထိဆိုလျှင် ခြောက်ရက်မြောက်ဖြစ်သော်လည်း မော်လမြိုင်သို့ မရောက်သေး။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးကုလားမှ ဂိတ်ကို လှမ်းမေးခြင်းသာ။

တစ်ခါတစ်ရံ ကာရန်မသင့်လျှင် ကား တစ်စုံ တစ်ရာ ချို့ယွင်းသွားခဲ့လျှင် တစ်ရက်တန် နှစ်ရက်တန် ရောက်သင့်သည်ထက် နောက်ကျ တတ်စမြဲ။ ဟိုက်ဝေးခရီးလမ်းသည် ပုံသေမှန်း တွက်၍ မရတတ်။

"မေမေ ကိုဟာဒွန်း မော်လမြိုင် မရောက် သေးဘူး။ လမ်းမှာဘာများဖြစ်နေလဲမသိဘူးနော်။ ကားများ တစ်ခုခုဖြစ်နေသလား။ အရင်တစ်ခေါက် ကိုစိန်ထွန်းတို့ကား ဆဲဗင်းနော့(စ်)နိုင်းတူး၊ ကာဘိုး ကြီးကတော့ မောင်းသလားမမေးနဲ့ သုံးညအိပ် လေးရက်နဲ့တင် ရောက်သွားတာနော် မေမေ။ အခု ဘယ်မှာများ သွားဖောက်နေသလဲမသိဘူး။ နောက်တစ်ရက် နှစ်ရက်နေလို့မှ မရောက်သေးဘူး ဆိုရင်တော့ မော်လမြိုင်ဂိတ်တွေ မေးကြည့်ရမယ်။ လမ်းမှာတွေ့ခဲ့လားလို့၊ ဘာဖြစ်နေလဲသိရအောင် စုံစမ်းကြည့်ရမယ်နော့"

ကျွန်တော့်စိတ်တွင် ကိုဟာဒွန်းကားသည် လမ်း၌ တစ်ခုခုဖြစ်နေလောက်ပြီဟု သိနေသော် လည်း မကြာခဏဆိုသလိုပင် ရောက်ရမည့်ရက် ထက် နောက်ကျပြီးရောက်တတ်စမြဲမို့ စိုးရိမ်ပူပန် စိတ် အလျဉ်းမရှိသော်ငြား ကိုဟာဒွန်းကားအပေါ် အခြေအနေအရပ်ရပ်ကို သိနှင့်နေသလိုပင်။

ယခုတွက်ကြည့်သော် ကိုဟာဒွန်းကား သည် မန္တလေးမှထွက်ခဲ့သည်မှာ ရက်နှစ်ဆယ်တိုင် သော်လည်း မော်လမြိုင်သို့ ရောက်ရှိသွားခြင်းမရှိ သေး။ လမ်းတစ်လျှောက် ကားပျက်များတွေ့မိလို တွေ့မိငြား မေးသော်လည်း ဘာအကြောင်းမှ ထူးမလာခဲ့။

ပြဿနာစလေပြီ။

မြင်းခြံမှကုန်ပိုင်ရှင်က ဂိတ်ကို တရားစွဲ တော့သည်။

ဂိတ်မှလည်း ကိုဟာဒွန်းကို အမှုဖွင့်ရ တော့သည်။

လောလောဆယ်တွင် တရားခံ ကိုဟာဒွန်း ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ကို မသိ။ စဉ်းစားစရာက ကားတစ်စီးလုံးကိုတော့ အိတ်တစ်ခု နဲ့ ခေါက်ထည့်သို့ဝှက်၍ မရနိုင်ပါ။

ထိုကားပေါ်တွင်ပါသော ကုန်ပစ္စည်း တန်ဖိုးက မသေးလှ။ အနည်းဆုံး နှစ်သိန်း လောက်တန်သဖြင့် ကိုဟာဒွန်းတစ်ယောက် အပိုင် ပေါက်ထုသွားပြီ။

ဟိုက်ဝေးလမ်းပေါ် တောကျေးကန်းတို့ပျံ လေပြီ။

ကိုဟာဒွန်းကို ကျွန်တော်မမြင်ဘူးပါ။ သူ့ပုံသဏ္ဌာန်သည် ညီဖြစ်သူအပြောအရဆိုလျှင် အရပ်အမောင်း ထောင်ထောင်မောင်းမောင်းရှိပြီး၊ အသားညိုမဲ၍ ဆံပင်များကောက်ကွေးနီကျင် နေသူဖြစ်ပြီး၊ သွားများမှာ ကွမ်းချေးများတက်နေ၍ ညစ်ထေးနီကျင်နေသူ။ မျက်ခုံးမွေးသန်ကဲထူထဲသူ၊ မျက်လုံးအရောင်တောက်ပြီး မသိမသာကလေး စွေနေသူ။ နှာတံပေါ်လွင်၍ အဖျားကွေးနေသူ။ ကျောက်ပေါက်စက်ကလေးများ သဲ့သဲ့မျှပါကာ မေးရိုးကား၍ မျက်နှာအသွင်လေးထောင့်စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



ကျချင်နေပြီး သူ၏ အထူးခြားဆုံးက ညာဖက်လက်ကောက်ဝတ်မှနေ၍ တိတိရိရိပြတ်တောက်နေသည့် လက်ပြတ်ဟာဒွန်းပင်တည်း။

သူ၏မှတ်ပုံတင်နံပါတ်အရ ပျော်ဘွယ်ဖြစ်ကြောင်းသိရသဖြင့် ကျွန်တော် အဖော်မပါပဲ ကျောင်းမှ ခွင့်ရက်ရှည်ယူ၍ ကိုဟာဒွန်းနောက်ကို ခြေရာခံထွက်ခဲ့သည်။

တောကျီးကန်းသိုက်မြုံ ဘယ်ချောင်မှာ လိုက်ဆုံမလဲ။

ပြေးနေနှင့်ဦးပေါ့ တောကျီးကန်းမဲတွေ။

****

(၄)

ပျော်ဘွယ်တွင် ဟာဒွန်းရှိမနေတော့ပါ။ လွန်ခဲ့သော ၁၅ နှစ်ခန့်ကပင် ထွက်ခွာသွားပြီဖြစ်ကြောင်းသိရ၏။

ကျွန်တော် အကြံအိုက်တော့၏။ ဘယ်သို့ ဆက်ရမည်မသိ။ မန္တလေးသို့ ပြန်ရတော့မည်လား။ ကားစီးရန် လွယ်လွယ်ကူကူဖြစ်စေရန်အတွက် မြို့ဝင်ဘီးခွန်ကောက်သည့်နေရာရှိ ယာဉ်ထိန်းရဲထံ အကူအညီတောင်းရာမှ စကားစမြည်းပြောဖြစ်လိုက်သောအခါ ထိုဘီးခွန်အဆောက်အဦထံ အတန်ကြာမျှ ထိုင်မိလိုက်၏။

လမ်းမကြီးပေါ်တွင် ကုန်ကားကြီးများ ဥဒဟို သွားလာနေကြသည်။ တောင်မှသည် မြောက်၊ မြောက်မှသည်တောင် မကြာခဏဆိုသလို ကုန်စည်အပြည့်အမောက်နှင့် ဆင်ဟိုင်းကြီးတစ်ကောင်နှယ် အိအိပွဲပွဲ၊ တကျိကျိမြည်းဟီး

**ကားမောင်းကတော့**

**ကျွမ်းသလားမမေးနဲ့**

**စတီယာတိုင်ကို ကိုင်တာ**

**လက်ကောင်းတဲ့**

**သူတွေထက်တောင်မှ**

**ပိုင်သေးသဗျ . . .**

သွားလာ နေကြ၏။

ထိုဆင်ဟိုင်းကြီးများသည် ဘီးခွန်ဆော[illegible] ရန် ရောက်လာကြပြီးနောက် ယာဉ်ထိန်းရဲ[illegible] ကားနံပါတ်နှင့် သွားမည့်မြို့၊ ထွက်လာသည့်မြို့[illegible] စာရင်းကို ရေးသွင်းလေ့ရှိသည်ကို တွေ့သော[illegible] ကျွန်တော်၏ဦးနှောက် အာရုံကြောများကို လှုပ်[illegible] ကျင်စက်နှင့် တို့ထိလိုက်သည့်နှယ် သိမှုဆဲလ်[illegible] ကယာဉ်ထိန်းရဲ၏ ကားမှတ်တမ်းစာအုပ်[illegible] မျက်ကြည့်ရောက်သွားစေသည်။

"ဆရာကြီးခင်ဗျာ- လွန်ခဲ့တဲ့ရက်နှစ်ဆ[illegible] ကျော်ကျော်လောက်က (/၅၀ ၃၉)ဆိုတဲ့ ဂျီအ[illegible] ခေါင်းနီကားတစ်စီး ရန်ကုန်ဖက်သွားတာများ [illegible] ကျွန်တော်သိချင်လို့ ကြည့်ပေးနိုင်မလားခင်[illegible]

ဆိုတော့၊ ယာဉ်ထိန်းရဲက



www.burmeseclassic.com

www.burmeseclassic.com



"အား ရပါတယ်မောင်ရင်ရယ်၊ မင်းက ဘာလုပ်မလို့လဲ ရက်ကောမှတ်မိသလား"

"ဟုတ်ကဲ့- မန္တလေးက ထွက်တာတော့ လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးရက်ကပါ။ ဆီနဲ့ကြက်သွန်တင်တဲ့ကားပဲ ကားမောင်းသမားက ကုလားပဲ ညာဘက်လက် ကောက်ဝတ်တစ်ဖက် ပြတ်နေတယ်။ ဆရာကြီးရဲ့ ကားမှတ်တမ်းကို တဆိတ်ကျွန်တော့်ကို ကြည့်ပေးပါ။ အဲသည်ကားမှာ ကျွန်တော် ကုန်တင်ပေးလိုက်လို့ပါ။ ဘယ်နေ့လောက်များ သည်မြို့ကို ဖြတ်သွားသလဲ သိချင်လို့ပါ"

ထိုယာဉ်ထိန်းရဲကြီးက စာအုပ်ကို လွှန်ခဲ့သောရက်များက မှတ်တမ်းများသိနိုင်ရန် တစ်ရွက်ချင်းလှန်ပြီး အနီးစပ်ဆုံးရက်များတွင် စူးစူးစိုက်စိုက်ရှာဖွေပြီး

"ဟော့- ဒီမှာ တွေ့တယ်ဟေ့ (/၅၀၃၉) နော်၊ ဟုတ်တယ် ရန်ကုန်ဖက်ကိုသွားတာ လွန်ခဲ့တဲ့ နှစ်ဆယ်ရက်မတိုင်ခင်ပဲကွ၊ အင်း နေဦးကွ ဒီမှာက (/၅၀၃၉)ဆိုတဲ့ကားပဲမောင်။ ကုန်တွေမပါတော့ဘူး၊ ခါလီပဲ မိတ္ထီလာကိုဆိုပြီး ပြန်လာတယ် ရက်လည်းသိပ်မကြာသေးဘူး လွန်ခဲ့တဲ့သုံးရက်လောက်ပဲ ရှိသေးတယ် မောင်ရင် မိတ္ထီလာကို သွားစုံစမ်းကြည့်ပေါ့ကွာ"

"ဟုတ်ကဲ့- ကျေးဇူးပါပဲခင်ဗျာ"

မိတ္ထီလာအဝင် ကန်ဘောင်တွင်ရှိသော ဂိတ်ခွန်အကောက်ဌာနရှိ ယာဉ်ထိန်းရဲအား သိလိုသော (/၅၀၃၉) ကားအားရှာရာတွင် လွန်ခဲ့သော သုံးရက်ခန့်က မိတ္ထီလာမြို့သို့ ခါလီပြန်ဝင်လာကြောင်း သိရ၏။

ခြေရာကိုကောက်၍ ရတော့မည်ဟု စိတ်မှာတွက်မိသည်။ အတန်ငယ်အားတက်သွားခဲ့သေး၏။ မိတ္ထီလာမြို့မဈေးနားတစ်ဝိုက် လိုက်၍ ဆိုင်များ၊ ပွဲရုံများကို လျှောက်ကြည့်သည်။ ကားများ လူများ ကုန်စည်များ ရှုပ်ထွေးနေသေး၏။ ပထမဈေးတစ်ပတ် ပတ်မိသော်လည်း တောကျီးကန်းကိုမူ မတွေ့ရပါ။ သိန်းငှက်၏မျက်ကြည့်မျိုးနှင့် ဖြန့်ကျက်ခဲ့သော်လည်း ထူးခြားမှုကား မရခဲ့ပါ။

အညာနွေသည် ခပ်ကြမ်းကြမ်းပြင်းပူလှ၏။ ထိုဒဏ်ကြောင့်ပင် တစ်ကိုယ်လုံးရေချိုးထားသည်နှယ် ချွေးတို့ကား ရွှဲရွှဲစိုနေတော့၏။ စိတ်က စောနေသောကြောင့် လူသည် ပို၍ပင် မောဟိုက်နွမ်းလျလာ၏။

ဈေးထောင့်မန်ကျည်းရိပ်အောက်တွင် ရှိသော ကြံရည်ဆိုင်မှ ဇီးကြံရည်တစ်ခွက် အေးအေးလေးမှာပြီး စီးကရက်တစ်လိပ် ရှိုက်ဖွာ၍ စိတ်အမော၊ လူအမောတို့ကို စီးကရက်မီးခိုးတန်းတစ်လျှောက် မျှောစီးကာ နားလိုက်၏။

ဇီးကြံတစ်ကျိုက်၊ စီးကရက်တစ်ရှိုက်ဖွာရင်းက ဟာဒွန်းကား မည်သည့်နေရာသို့သွားနိုင်မည်ကို စဉ်းစားတွက်ဆကြည့်သည်။

မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ ထွက်နိုင်သလို၊ မြင်းခြံဖက်သို့လည်း သွားနိုင်၏။ မန္တလေးကို နောက်တစ်ကြောင်း ပြန်လှည့်နိုင်သကဲ့သို့ တောင်ကြီးဖက်သို့လည်း ရှောင်နိုင်ပြန်ပါသည်။

ကျွန်တော်မှန်းကြည့်၏။ မန္တလေးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြင်းခြံကြောင်းသို့ ပြန်ရှိုးမဟုတ်နိုင်၊ သူစသည့် မီးရှိရာသွားမည်မထင်။ ဆိုလျှင် ကျောက်ပန်းတောင်းဖက်နှင့် တောင်ကြီးနှစ်ကြောင်းကို မည်သို့ဝေခွဲရမည်မသိတတ်။ တစ်ချက်ရှိသည်မှာ မိတ္ထီလာမြို့၏ သဘောသဘာဝအရမူ ကုန်ကားများသည် အများအားဖြင့် ဒီမြို့တွင် သူတို့၏ ကားကြွံခိုင်ရေးအတွက် အမြဲတစေ ပြုပြင်စစ်ဆေး လေ့ရှိတတ်ကြသည်။ ဒီအချက်ကို ထောက်၍ လက်လှမ်းမီသလောက် ကားဝပ်ရှော့များတွင် စနဲနာကြည့်လျှင် အကျိုးမယုတ်တန်ရာ။

နောက်ဆုံးတစ်ကျိုက်မျှရှိသော ဇီးကြံရည်သောက်ပြီးနောက် အအေးဆိုင်၏ ညာဖက်ဘေးကိုက်နှစ်ဆယ်အကွာတွင်ရှိသော ကုန်ကားဝပ်ရှော့နှင့် တွင်ခုံဆိုင်သို့ ဦးတည်ရန် ဆိုင်မှထွက်လာခဲ့သည်။

ဆိုင်ရှေ့တွင် စက်ဆီများပေကျံနေပြီး အင်ဂျင်ဘလောက်တုံးတစ်ခုကို ပယ်ပယ်နှယ်နှယ် ဆေးကြောနေသော အလုပ်သမားတစ်ဦးထံသွား၍

"အစ်ကိုကြီး ( /၅၀၃၉)ကားများ ဒီကို ရောက်လာသေးလားခင်ဗျာ" ဆိုတော့

ထိုသူက သံဘရပ်(ရှ်)နှင့် အင်ဂျင်အတွင်းပိုင်းကို ဓာတ်ဆီနှင့် ပွတ်တိုက်ရင်းက ကျွန်တော့်ထံ မျက်လှန်ကြည့်ပြီး

"အော်- ဟို ဂျီအမ်စီရုပ်နဲ့ကားကို ပြောတာထင်တယ်။ ကားဆရာက ညာဖက်လက်ကောက်ဝတ်နားက ပြတ်နေတာလေ။ ဟုတ်တယ်မှတ်လား"

ကျွန်တော် ရင်ထဲမှာ စူးစူးနစ်နစ်လေး လှိုက်ဖိုသွား၏။

"ဟုတ်တယ်အစ်ကိုကြီး အဲဒီကားပေါ့ဗျာ ကျွန်တော့်အဖေက ဝယ်မယ်လို့ပြောတော့ ဈေးစကားတွေဘာတွေ ပြောကြတဲ့အခါ နှစ် လောက်ကွာသွားတယ်ဗျာ အင်ဂျင်က အီဇူဇူး အဖေက အခုမထူးပါဘူးကွာ နှစ်ခုလောက်နဲ့ သာလည်းခံ၊ နာလည်းခံပေါ့ဆိုပြီး၊ ကျွန်တော့် သူပြောတဲ့ဈေးနဲ့ပဲယူမယ်၊ လိုင်စင်အချိန်းအပြောင်း ကိုတော့ ပြီးစီးအောင်လုပ်ပေးဖို့ကို ပြောခိုင်းလိုက် တာ သူပေးထားခဲ့တဲ့လိပ်စာက ပျော်ဘွယ်လိပ်စာ ဆိုတော့ဗျာ ကျွန်တော် ပျော်ဘွယ်ကို ရောက်ခဲ့ပြီး မတွေ့တာနဲ့ ကျွန်တော်လည်း မန္တလေးပြန်တော့ မလို့ အစ်ကိုကြီးတို့ဝပ်ရှော့ကို တွေ့တော့ ကုန်ကား တွေ ပြင်ဆင်တာများတာနဲ့ သိများသိမလားလို့ ဒါမှ မေးကြည့်တာ အဲဒီကား ဘယ်ပြန်သွား လည်း သိရင်ပြောပြပေးပါလားဗျာ"

မဆိုင်းမတွပဲ ပေကျံစိုရွှဲနေသော လက် ကြီးများကို ပုဆိုးစုတ်မဲတူးတူးနှင့် အားပါးတရ သုတ်သင်ပြီး. . . .

"ဟုတ်တယ်ဗျာ အင်ဂျင်က အီဇူဇူးဆို တော့ မဆိုးပါဘူးဗျာ နဲနဲပါးပါးတော့ လိုက်ရမှာ ပေါ့။ သိပ်လည်းလုပ်စရာမလိုပါဘူးဗျာ ဒါနဲ့နေပါဦး ဒီလူ နာမည်တောင်ပြောသွားပါသေးတယ် ကိုဟာဒွန်းတဲ့။ အေးဗျ မနေ့ကပဲ သည်လူကားနဲ့ တောင်ကြီးတက်သွားလေရဲ့။ တောင်ကြီးမှာ သူ့မိန်းမရှိတယ်လို့ ပြောသွားတယ်။ မြို့မရပ်ထဲမှာ ဆိုပဲ။ ခင်ဗျားတို့ချင်း ပြောထားဆိုထားပြီ ဆိုရင် တော့ တောင်ကြီးလိုက်သွားလိုက်ပေါ့ဗျာ ကား



www.burmeseclassic.com

www.burmeseclassic.com





နေနဲ့ ရုပ်တော့မရှိလှဘူးပေါ့။ အင်ဂျင်အမိကပါ
ဘော်ဒီက နဲနဲပါးပါးပြန်လုပ်လိုက်ရင် ခိုင်းစား
ရနေမှာပဲဥစ္စာ။ ဒီလူပြောသွားသေးတယ်ဗျ၊
နာမည်ကို မြို့မရပ်ထဲမှာမေးရင် မသိတဲ့လူမရှိ
တဲ့ဗျ။ အဆင်ပြေမှာပါ လိုက်သာသွားလိုက်ပေါ့
”

အမှန်ပြောရရင် အတိုင်းအဲဆမသိအောင်
းသာသွားမိတာပဲ။ ပျောက်နေတဲ့ခြေရာကို
ာက်မိပြီမှတ်လား။ ဝပ်ရှော့ဆရာကမူ
န်တော်၏မြှုပ်ကွက်ကို ရိပ်မိလိုက်ဟန်မတူ။
ာ်ရင်ဖြင့် ဒီနှယ်ပြောဘွယ်မရှိနိုင်။ ကားဝယ်

သူတစ်ဦးအနေကြောင့်သာ ကားအနေအထားကို
ပါ သာသာထိုးထိုးပြောပြလိုက်ခြင်း ဖြစ်ဟန်တူ၏။

ယခုတော့ ကိုဟာဒွန်းတစ်ယောက်
တောင်ကြီးဖက်ကို ရွေ့သွားခဲ့ပြီပဲ အတောင်မ
ညောင်းသရွေ့ ပျံလေဦးပေါ့ တောကျီးကန်းမဲ
ရယ်။

* * * *

(၅)

“ငါ့သား မင်းပြောပုံအရဆိုရင် ဟာဒွန်းဟာ
တောင်ကြီးမှာနေတာပဲ ဖြစ်ရမယ်။ ဒီတော့
မင်းရယ် ငါရယ် တောင်ကြီးကို ဆက်လိုက်ကြမယ်။
အရေးအကြောင်းဆိုရင် အကူအညီတောင်းလို့ရ
အောင် ရဲစခန်းကို အကူအညီတောင်းတာပေါ့
ကွာ။ မနက်ဖြန် ငါတို့ သားအဖ တောင်ကြီးကို
ဆက်လိုက်မယ်ကွာ”

အဖေက သူလုပ်လိုသည့် အစီအစဉ်ပြော
ပြီးနောက် သားအဖနှစ်ယောက် တောင်ကြီးသို့
ခရီးဆက်ခဲ့၏။

ကျွန်တော်တို့သားအဖ တောင်ကြီးရာသီ
ဥတုနှင့် ခပ်စိမ်းစိမ်းဖြစ်နေသည်။ ခပ်ရိုင်းရိုင်းအေး
နေသော တောင်ကြီးသည် ကျွန်တော့်တို့၏ အတွင်း
အပူကို မလွှမ်းခြုံနိုင်သေးပါ။

တောင်ကြီးမြို့မရဲစခန်း၏ အနီးရှိသော
မေကြူဟိုတယ်တွင် တည်းခိုပြီး မြို့မရပ်ကွက် တွင်း
သားအဖနှစ်ယောက် လျှောက်စနဲနာကြ၏။
ရောက်သည့်နေ့နောက်ရက်တွင် မြို့မရပ်ကွက်
အတွင်း အနံ့မရောက်ခဲ့။ ကွမ်းယာဆိုင်အချို့ကို
မေးကြည့်သောအခါ ခပ်ဝါးဝါးဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အဖေ့ကိုမခေါ်တော့ပဲ ကျွန်တော်တစ်ဦးတည်း လမ်းလျှောက်၍ ဗိုလ်ချုပ်ကြေးရုပ်ရှိသော ပန်းခြံမှ အနောက်ဖက်သို့ လျှောက်ခဲ့ရာ တောင်စောင်း၊ တောင်ခြေတံတားတစ်ခုကို ဖြတ်လိုက်စဉ် တောင်ခါးပန်းခြံဝန်းတစ်ခု၌ ( /၅၀၃၉) ကားဘော်ဒီအခွံကို ရုတ်တရက် အမှတ်မထင်တွေ့လိုက်မိသည်။

အစပထမ ကိုယ့်ကိုပင် မယုံမကြည် ဖြစ်လိုက်သေး၏။ ထိုကားကို အိပ်မက်ထဲတွင် သယ်ဆောင်ခဲ့ရသည့် ညပေါင်းများစွာကို ကျွန်တော် ကောင်းကောင်းမှတ်မိနေသည်။ ထိုကားဘော်ဒီ တွေ့ရသော ခြံဝင်းကို အသေအချာ မှတ်သား၍ အဖေကိုပြောပြရာ အဖေမည်သို့ ချဉ်းကပ်လိုက်သည်ကိုမူ မသိရ။ ( /၅၀၃၉) ကား ဘော်ဒီကိုချပြီး (င/၆၀၀၃)နံပါတ်တပ်သော ထိုကားမှာ ကုန်စည်အပြည့်နှင့် ရန်ကုန်သို့ ထွက်ခွာ မည်ဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်တို့ မေကြို့တွင် သုံးရက်မြော၍ အဖေစုံစမ်းခဲ့သော (င/၆၀၀၃)သည် တောင်ကြီးမှ ရန်ကုန်သို့ ခရီးစဉ်သစ် စတင်ထွက် ခွာပေတော့သည်။

ထိုစဉ်က ကျွန်တော်တို့သားအဖမှာ အရှေ့သားအနေဖြင့် လိုက်လံစုံစမ်းခဲ့ခြင်းဖြစ်၍ ထိုကားကို ဟန့်တားနိုင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

သို့မို့ကြောင့် ကျွန်တော်တို့ မန္တလေးသို့ အလျှင်အမြန် ပြန်ဆင်းလာခဲ့ကြပါတော့သည်။

မန္တလေးရောက်မှသာ ကျွန်တော်၏ ထိုင်ချက်ဖွင့်ထားသည့် အရှေ့မြောက်မြို့နယ် (ယခု ချမ်းအေးသာဇံမြို့နယ်)ရှိ အမှတ် ၈ ရဲစခန်းသို့ သုတ်ခြေတင်ရပါတော့သည်။

ကျွန်တော်တို့ဖွင့်ထားသော အမှုအား စစ်ဆေးသော ရဲအရာရှိ ဦးခင်မောင်လတ်ထံ ရရှိသော သတင်းအချက်အလက်များ ပေးပြီးနောက် ညီဖြစ်သူညိုသန်းနှင့်အတူ ရဲအရာရှိတို့ ရန်ကုန်သို့ ဆက်လက်လိုက်သွားကြတော့၏။

ဘယ်လောက်ထိများ ပြေးနိုင်ဦးမလဲ တောကျီးကန်းလေးရယ်။

* * * *

(၆)

ရန်ကုန်မြို့သို့ ရဲအရာရှိရောက်ပြီးသော အခါ (င/၆၀၀၃)ကားသည် မော်လမြိုင်

■■■■■■■■■■■■■■■


**အတိုင်းအဆမသိအောင်**
**ဝမ်းသာသွားမိတာပဲ**
**မျောက်နေတဲ့ခြေရာကို**
**ကောက်မိပြီမှတ်လား**
**ဝမ်းရွှေ့ဆရာကမူ . . .**



www.burmeseclassic.com

www.burmeseclassic.com





ထွက်ခွာရန် စဉ့်အိုးတန်းလမ်း၌ ကုန်များတင်နေစဉ် မှာပင် ဟာဒွန်းကို လက်ရဖမ်းဆီးလိုက်နိုင်ခဲ့ပြီး မန္တလေးသို့ပြန်လည်ခေါ်ဆောင်လာခဲ့ပါတော့သည်။

လက်ပြတ်ဟာဒွန်းကို စစ်ဆေးလိုက်သည် တွင် ယခုကဲ့သို့ ဗာန်ကားဖြင့် ကုန်တင်ပြီးနောက် လမ်းတစ်လျှောက်တွင် ရောင်းချစားခဲ့သည်မှာ ယခုအကြိမ်ပါဆိုလျှင် ခုနစ်ကြိမ်မြောက်ခဲ့ပြီး ယခုမှသာ အဖမ်းအဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဟာဒွန်းဖွင့်ပြောမှသာ သိရှိရပါတော့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်သည် ဤအမှု အခင်းကို ကျောင်းသားဘဝ၌ ခွင့်ရက်ရှည် ယူရင်း လိုက်ခဲ့ရကျိုးနပ်သည်သာ။

ယခုတော့ ရန်ကုန်မန္တလေး ဟိုက်ဝေးလမ်း ကြားတွင် တောကျီးကန်းများ တစာစာ အော်မြည် နိုင်တော့မည် မဟုတ်တော့ပါ။

မောင်သန်းဦး (မကွေး)

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၅)အဆန် ရန်ကုန်-မန္တလေး အမြန်ရထားကြီးမှာ ရန်ကုန်ဘူတာကြီးမှ ညနေ (၅)နာရီတိတိတွင် စတင်၍ ထွက်ခွာလာခဲ့ပါသည်။ ရထားမထွက်ခွာမီ အမှတ်(၁)စင်္ကြန်ပလက်ဖောင်းရှိ ဆိုင်းဘုတ်မှ 'ရထားထွက်ပြီ'ဟု စာတန်းပေါ်လာပြီး မီးမှာလည်း မှိတ်လိုက်ဖွင့် လိုက်ဖြစ်ခါ အချက်ပေး (သတိပေး) ခေါင်းလောင်းသံများ 'ဒင်.. ဒေါင်... ဒင်.. ဒေါင်' ဟု မြည်လာပါသည်။ ရထား ဥဩသံ 'ဘော်.. ဘူ..' ဟူ သော ဥဩဆွဲသံဆူညံစွာထွက် ပေါ်လာပြီး ရထားကြီးလည်း ဘီးလှိမ့်၍ စတင်ထွက်ခွာလာခဲ့ ပါသည်။



မောင်မောင်တစ်ယောက် ရိုးရိုးတန်းတွဲပြူတင်းပေါက်နားရှိ ထိုင်ခုံတွင် လိုက်ပါလာကာ အဝေးသို့ ငေးမျှော်ရင်း အမှတ်(၁) စင်္ကြန်ဘူတာပလက်ဖောင်းရှိ ခရီးသည်များအား လိုက်လံပို့ဆောင်နှုတ်ဆက်သူများ၊ တစ်ယောက်နှင့် တစ်ယောက် ခွဲခွာရတော့မည်မို့ မျက်ရည်ဝဲဝိုင်းယိုပြီး ကျန်ရစ်သူများ၊ ဝမ်းသာအားရလက်ပြနှုတ်ဆက် ခုန်ပေါက်မြူးတူးကျန်ရစ်သူများအား ကြည့်ရင်း ပင့်သက်ချမိပါတော့သည်။ ၎င်းအနေဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်သူ မရှိသဖြင့် ငေါင်စင်းစင်း ဖြစ်နေပါ သည်။ မောင်မောင်အနားတွင် ကပ်လျက် အမျိုးသမီးကြီးတစ်ဦး ထိုင်နေပြီး မျက်နှာချင်းဆိုင်တွင် အမျိုးသမီးငယ်တစ်ဦး ရှိနေပါသည်။ ၎င်းတို့မှာလည်း လိုက်လံပို့ဆောင်နှုတ်ဆက်သူ မရှိသဖြင့် ဆိတ်ငြိမ်စွာဖြင့် စီးနင်းလိုက်ပါလာပါသည်။

www.burmeseclassic.com



မောင်မောင် မျက်လုံး တစ်ချက်ဝေ့ကြည့်လိုက်ရာ မောင်မောင်ဘေးနားတွင်ရှိသော အမျိုးသမီးကြီးမှာ အသက် ၄၀-ခန့်သာရှိပြီး ဖြူဖွေးသော ကိုယ်လုံး၊ ဖြောင့်စင်းသော နှာတံ၊ နက်မှောင်သောဆံပင်၊ လှပသော မျက်လုံးဝိုင်းကြီးများနှင့် ရုပ်ရှင်သရုပ်ဆောင် ဒေစီကျော်ဝင်းတို့၏ ကိုယ်လုံးကိုယ်ပေါက်မျိုး၊ မာနမျက်လုံး အပြုံးမျက်နှာရှိပြီး ချောမောလှပသဖြင့် နှစ်ခါပြန်ကြည့်ရမည့် အလှမျိုး၊ ထိုအလှပိုင်ရှင် အမျိုးသမီးကြီး၏ကိုယ်မှ ရှယ်နယ်ရေမွှေးနံ့မှာလည်း သင်းပျံ့မွှေးကြိုင်နေပါတော့သည်။

"ဟင်း.." မောင်မောင်၏ မရှုနိုင်မကယ်နိုင် ပင့်သက်ချသံမှာ တိုးညှင်းလွန်းလှသည်။

ဟော- ရှေ့ခုံမှ အမျိုးသမီးငယ်လေးမှာလည်း အသက် ၂၀-ခန့်သာရှိပြီး ရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦးကဲ့သို့ အလှပိုင်ရှင်မျိုး၊ ဖြောင့်စင်းသော ကိုယ်လုံး၊ အရပ်အမြင့်၊ ကိုယ်လုံးကိုယ်ပေါက်မှာ လှယဉ်ကျေးမယ် ကိုယ်လုံးကိုယ်ပေါက်မျိုးမို့ မောင်မောင်တစ်ယောက် ပင့်သက်အခါခါချရင်း အနုလုံပဋိလုံဖြင့် အပုတ်ကောင်ရုပ်ဆောင်နေပါလားဟု ကမ္မဋ္ဌာန်းရှုရင်း လိုက်ပါလာခဲ့ပါသည်။

နှစ်ယောက်စလုံး လက်ဝတ်လက်စားအပြည့်အစုံ ဝတ်ဆင်ထားသည်မှာ ဝင်းထိန်နေသဖြင့် မက်မောစရာအတိ ဖြစ်နေပါသည်။ ရထားထွက်ခွာပြီး ရွာသာကြီးဘူတာသို့ အလွန်တွင် -

"ဒေါ်ဒေါ်ရေ- မန္တလေးရောက်ရင် မဟာမြတ်မုနိဘုရားကြီး သွားဖူးမယ်၊ မန္တလေးတောင်ပေါ်က ဘုရားတွေလဲဖူးမယ်၊ ရန်ကင်းတောင်ပေါ်က ဘုရားတွေလဲဖူးမယ်နော်.. နော်.."

"တူမကြီးကလည်း ကွယ်၊ ဒေါ်ဒေါ်တို့က ဘုရားဖူးဖို့ သက်သက်သွားတာပဲ၊ ဘုရားစုံအောင်ဖူးမှာပေါ့ကွဲ့၊ ဘုရားတွေ စုံအောင်ဖူးပြီးမှ ဈေးချိုထဲဝင်ပြီး ပစ္စည်းတွေ ဝယ်ပြန်ကြတာပေါ့"

"ဩော်.. အဒေါ်နဲ့ တူမက ညီအစ်မတွေကျနေတာပဲ၊ အရွယ်တင်လိုက်တာ"

မောင်မောင်စိတ်ထဲမှာ ရေရွတ်ရင်း ကြည်နူးဝမ်းသာနေမိပါသည်။ ဒီတစ်ခေါက် [illegible] သွားရသည်မှာ ပျော်ရွှင်ချမ်း[illegible] စရာကောင်းလှပေသည်။

တစ်ခါတစ်ခါ ခရီးသွား[illegible] ရသည်မှာ စိတ်ညစ်ညူး[illegible] ဖြစ်ခဲ့ရသည်။ တောသူတော[illegible] သားများနှင့်အတူတူ တစ်[illegible] ထဲကျလျှင် ငါးပိငါးခြောက် [illegible] ရွာသို့အပြန် ဝယ်လာခဲ့[illegible] သဖြင့် ရထားတွဲပေါ်တွင် ငါး[illegible] ငါးခြောက်နံ့များ ကြိုင်လှိုင်[illegible] နံစော်နေပါသည်။ ဒူးရင်းသီး[illegible] ကြိုက်သူများကြောင့် လည်း[illegible] ဒူးရင်းသီးမကြိုက်သူများ[illegible] ဒုက္ခရောက်ရပါသည်။ ဒူးရင်း[illegible] ၏ မွှေးရနံ့ကို မခံနိုင်ကြ၊ အ[illegible] ကြီး အဖွားကြီးများနှင့်အတူ[illegible] တစ်ခုံထဲကျလည်း ကိုယ်သင်း[illegible] ရနံ့ သင်းပျံ့ပျံ့မှာ မခံနိုင်[illegible] လူမမာပါလာလျှင် ပိုဆိုး[illegible] မောင်မောင်တို့ ထပြေးရသည်[illegible] ပိုက်ဆံအလိုက်ပေး၍ တွဲပြောင်း[illegible] ခုံပြောင်းစီးရသည်က များသည်[illegible] ယခုတော့ သည်သို့မဟုတ်[illegible] ပျော်စရာအတိ၊ မော်စရာအ[illegible] မွှေးလိုက်သည်မှာလည်း ကြိုင်[illegible] လှိုင်လို့။

"ဒီကမောင်လေး[illegible] ဘယ်မြို့ကို သွားမှာလဲဟင်[illegible]

မှောင်မောင်ရင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



းကနဲဖြစ်သွားပြီး ရင်ခုန်သွား
ည်။ လယ်ပိုင်ရှင်သူကြီးသမီး
း လက်ထပ်မင်္ဂလာပွဲတွင်
တ်ပုံအရိုက်ခံရသည့် လယ်သူ
င်ငှားသတို့သား၏ ပုံစံမျိုးဖြင့်-

"ဩော်- ကျွန်တော့်ကို
း၊ ကျွန်တော်က မန္တလေးကို
လုပ်ကိစ္စတစ်ခုနဲ့ သွားမလို့ပါ"

"အစ်မတို့ကော. . ."

အမျိုးသမီးကြီး သ
ာခွေ့သွား၏ အဒေါ်အစား
စ်မဟု သုံးနှုန်းလိုက်သဖြင့်
သက်ငယ်သွားသလိုဖြစ်၍
ဘော့ကျမည်မှာ အမှန်ပင်။

မောင်မောင်တို့က
ည်း ဒါမျိုးဆို နှုတ်သွက်လျှာ
တ်၊ ဘယ်သူ့ကိုဘယ်လိုဆက်
ရမည်ဆိုတာကို ချက်ဆို နား
က် မီးတောက်ပြီးသား။

"မမတို့က မန္တလေးကို
ရားဖူးသက်သက်ပါပဲကွယ်"

"အကိုက ဘယ်ဌာန
လုပ်သလဲဟင်"

ရှေ့ဆုံးခုံမှ အမျိုးသမီး
်က လှမ်းမေးလိုက်သဖြင့်
ာင်မောင်က-

"ဩော်. . . အစ်ကိုက
ဗ္ဗဏီတစ်ခုမှာလုပ်ပါတယ်၊
အခုကုမ္ပဏီမှာ လိုအပ်တဲ့ပစ္စည်း
တွေ သွားဝယ်ဖို့ မန္တလေးကို
သွားရမှာပါ"

မိန်းမချောလေးက
စကားစလာပါသည်။

"ကျွန်မနဲ့ ဒေါ်ဒေါ်က
ခရီးသွားရတာ သိပ်ကြောက်
တယ်၊ မိန်းမသားချည်းပဲလည်း
ဖြစ်ပြန်၊ ခရီးမှာ ခါးပိုက်နှိုက်ခံရ
ပြန်ပြီ၊ ဓားပြတိုက်ခံရပြန်ပြီ၊
ဆေးခပ်ပြီး ပစ္စည်းအလစ်သုတ်
ခံရပြန်ပြီဆိုတဲ့ အကြောင်းတွေ
ကြားဖူးထားတော့ ခရီးသွားရမှာ
ကြောက်လှတယ်၊ ဒါကြောင့်
အိမ်တွင်းပုန်းပဲလုပ်နေကြတယ်
လေ"

"ဟား-ဟား ဟား ဘာ
မှကြောက်စရာမလိုပါဘူး ညီမ
ရဲ့၊ တရားဥပဒေဆိုတာ ရှိနေ
တာပဲ၊ မင်းမဲ့စရိုက်ဆန်ဆန်
ဘယ်သူက လုပ်ဝံ့မှာလဲ"

"အခု အစ်ကို့လို လူ
ကောင်းသူကောင်းနဲ့ တစ်ခရီး
တည်းသွားရတာ ညီမတို့အ
တွက် ဘုရားမတာပဲ၊ တစ်ချို့ဆို
တစ်လမ်းလုံး အရက်သောက်ပြီး
မူးရမ်းနေတာနဲ့ ဆဲဆိုနေတာ
နားမခံနိုင်ဘူး၊ အံဖတ်စော်တွေနံ
လိုနံ လူကိုထိကပါးရိကပါးလုပ်
လိုလုပ်နဲ့ စိတ်ညစ်စရာပါပဲ
အစ်ကိုရယ်"

မောင်မောင်မှာ မိန်းမပျို
၏ သာယာနာပျော်ဖွယ် သူ၏
အသံကလေးကို နားထောင်ရင်း
ဝမ်းဆီထိပမာ ရွှန်းပီတိဖြာနေ
ပါတော့သည်။ နံဘေးခုံမှ
အဒေါ်ဆိုသူက စကားဖြတ်ည်း
သည်။ မျက်စိမှိတ်ပြီး မှေးစိပ်နေ

"ဘုရင်ကြီးဟာလည်း သူဌေးမယ်ကလေးကို
ချစ်တဲ့စိတ်၊ တမ်းတလွမ်းဆွတ်တဲ့စိတ်နဲ့
အောင်ပင်လယ်တောကြီးထဲမှာ . . ."

www.burmeseclassic.com



ပါသည်။ တစ်လမ်းလုံး မိန်းမချောလေးနှင့် အာလ္လပသလ္လာပစကားများ ပြောဆိုလာကြရင်းမှ ရင်းနှီးမှု ရှိလာပါသည်။ ဒါမောင်မောင်အတွက် 'အကွက်'-

"ဒီကညီမနာမည် ဘယ်လိုခေါ်သလဲဟင်"

"ကျွန်မနာမည် သီဂီမော်လို့ ခေါ်ပါတယ်၊ တစ်ချို့သူငယ်ချင်းတွေကတော့ မိမော်လို့ ခေါ်ပါတယ်၊ ဒေါ်ဒေါ်နာမည်က ဒေါ်သူဇာမြင့်လို့ ခေါ်ပါတယ်၊ ဒါနဲ့ အစ်ကို့နာမည်ကကော"

"အစ်ကို့ နာမည်က ကိုမောင်မောင်လို့ခေါ်ပါတယ်၊ မမော် အစ်ကို့ကို မိတ်ဆွေတစ်ယောက်လို ခင်မင်ပါလို့"

"ဟုတ်ကဲ့ပါရှင့်၊ အခုလို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ တစ်လှေထဲစီး တစ်ခရီးထဲသွားရမယ့် သူငယ်ချင်းမို့ ရင်းနှီးမှုနဲ့မေးတာ စိတ်မရှိပါနဲ့နော်"

"ဟာ- စိတ်မရှိပါဘူး မမော်၊ အစ်မမြင့်ကိုလည်း အစ်ကိုက ခင်ပါတယ်၊ ညီမကိုလည်း အစ်ကိုက . . . . "

ရုတ်တရက် စကားစဖြတ်ပြီး မိန်းမချောလေးကို ကြည့်လိုက်ရာ မျက်နှာတွင် ရှက်သွေးရောင်များ ရဲကနဲဖြစ်သွားပြီး မျက်လွှာချသွားပါသည်။

အစ်မမြင့်ကတော့ ဒါကို မသိလိုက် အရပ်. . ဗုဒ္ဓေါ၊ အရပ်. . ဗုဒ္ဓေါ ဟု နှုတ်မှ ရေရွတ်ရင်း ပုတီးစိပ်နေပါသည်။

မောင်မောင်စကားကို ရှေ့မဆက်ဘဲ မိန်းမချောလေး၏ ခြေဖမိုးကလေးကို ခပ်ဖွဖွကလေး သူ့ခြေဖဝါးနှင့် ဖိနင်းထားလိုက်ပါသည်။

မိန်းမချောလေးက မျက်တောင်နက်ကလေးလှန်ပြီး မောင်မောင့်ကို ကြည့်လိုက်သောအခါ မောင်မောင်က မျက်စိတစ်ဖက် မှိတ်ပြလိုက်ပါသည်။ မိန်းမချောလေး ပြုံးစစဖြစ်သွားပြီး မျက်နှာတစ်ဖက်သို့ လွှဲသွားပါသည်။

မောင်မောင်က ဂျင်ပေါ်ကထုံး၊ ပန်ကာပေါ်ကဝက်အူ၊ ဒါမျိုးတွေ ခဏခဏကြုံနေကျ၊ စားနေကျကြောင်ပါး၊ ကျောက်ဆောင်ကြားရွက်တိုက်ဝင်သည့် တံငါသည်မိုက်လို့ပဲဆိုချင်ဆို၊ မုန်တိုင်းကြားရွက်ဝင်သည့် လှေသူကြီးမိုက်လို့ပဲ ဆိုချင်[...] မောင်မောင်တို့မှူ အလုပ်[...] ကို အောင်မြင်အောင် လုပ်[...] သည်။

မောင်မောင့် ရင်[...] ကုလားဘုရားပွဲ လှည့်[...] မိန်းမချောလေးကလည်း [...] ချက်သားကောင်းနေသည်[...] ဘုတာသို့ ရထားဖြတ်သန်း[...] ချိန်တွင် -

"အစ်ကို- ကျွန်[...] အိတ်ကလေး ခဏကြည့်[...] ပေးပါ၊ ဒေါ်ဒေါ်နဲ့ကျွန်မ [...] မသေ ရေအိမ်ခဏသွားချင်[...]

"ဟုတ်ကဲ့ပါဗျာ၊ စိ[...] သွားပါ"

မောင်မောင်က [...] ပြောဆိုဆို ပြစ်မှုမဂ္ဂဇင်း[...] တစ်အုပ်ကို ဖတ်ရှုရင်း [...] တွင် ထိုင်နေခဲ့ပါသည်။ မ[...] တူဝရီးနှစ်ယောက် ပြန်[...] လာပြီး-

"အစ်ကိုလည်း [...] အပါးသွားချင် သွားလေ"

ဆိုကာ မောင်မောင်[...] အပေါ့သွားချင်နေသဖြင့်-

"အင်း- ခဏသွား[...] ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆို ထိုင်မှ ထပြီး ရထားတွဲပေါ်ရှိ အိမ်ရှိရာသို့ ထွက်ခွာသွားပါတော့သည်။

ရေအိမ်မှပြန်လာပြီး ်းမချောကလေးနှင့် မျက်နှာ င်းဆိုင် ပြန်ထိုင်မိချိန်တွင် မိန်းမချောလေး၏ ပြုံးစစမျက်နှာလေးကို မောင်မောင်မြင်တွေ့ က်ရသဖြင့် ရင်ခုန်သွားရပါ ည်။ ရေမွှေးနံ့မှာလည်း င်းထုံပျံ့မွှေးနေပါတော့သည်။

(အင်း- အိမ်ကမိန်းမနဲ့ စ်ခြားစီပါလား၊ အိမ်ကမိန်းမ တော့ ချမ်းလို့ မီးယပ်ချမ်းထလို့ဆိုပြီး အကြောင်းအမျိုးမျိုးပြပြီး ရေမချိုးဘဲ သုံးလေးရက်နေနိုင်လိုက်တာ. . . အိမ်ကမိန်းမအသံမှာလည်း ယခုမိန်းမချောကလေးကဲ့သို့ သာယာနာပျော်ဖွယ်အသံမရှိ. . . တွတ်ပီကာတွန်းစာအုပ်ထဲက မသေးမျှင်ကဲ့သို့ အသံမျိုးဖြင့် 'တော့ကတွတ်ပီ- ရှင်ဘာလုပ်နေတာတုန်း၊ မြန်မြန်လာခဲ့စမ်း' ဆိုသည့် အသံနှင့် သာသည့် အသံမျိုး. .

"အစ်ကို- ဘာတွေစဉ်းစားနေတာလဲ"

"အော်. . အင်းဟင်း၊ ဘာမှ မစဉ်းစားပါဘူး"



"အိမ်ကမိန်းမနဲ့ ကလေးတွေကို လွမ်းနေပြီလား"

"ဟာ- ကြံကြီးစည်ရာ၊ အကိုက လူပျိုပါ၊ အိမ်ထောင်ပြုဖို့ မစဉ်းစားရသေးပါဘူး၊ အစ်ကို့ကို ကြိုက်မယ့်သူလည်း မတွေ့သေးပါဘူး"

"ဟင်းနော်- ဒီလောက်ညောင်ပင်ကြီးတာတောင် ရုက္ခစိုး မရှိသေးဘူးလို့ ဆိုချင်တာလား အစ်ကို"

"မဟုတ်ပါဘူးကွာ၊ ဘုရားပေးပေး ကျမ်းပေးပေး အိမ်ထောင်မရှိပါဘူး၊ ဒါပေမယ့် ဖူးစာရေးနတ် (သတ္တဘာက) နတ်က တိုက်တွန်းရင်တော့ ဟဲ. . . ဟဲ. . . ဟဲ"

မိန်းမချောကလေး၏ မျက်နက်ကလေးထောင့်ကပ်ပြီး မျက်စောင်းထိုးသွားပုံ ပုလဲသွယ်လို သွားကလေးများပေါ်အောင် ပြုံးလိုက်ပုံမှာ ရင်ခုန်လှိုက်မောစရာပါလား။

စမ်းရေအိုင်ရေ သောက်ဆင်းလာသည့် မိဂသိရွှေသမင်မ မျက်လုံးကဲ့သို့ အဒေါ်ဖြစ်သူကို ခိုးကြည့်လိုက်၊ မောင်မောင့်ကို ခိုးကြည့်လိုက်နှင့် ဖြစ်နေပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ချစ်စရာ့ဟန်တစ်မျိုး ဖြစ်နေပါသည်။

မောင်မောင်က ရုတ်တရက် သူ့လက်ကလေးကို ဆုပ်ကိုင်လိုက်ရာ-

"အို-အမေ့"ဟု ယောင်၍ အော်မိသဖြင့်-

"ဟဲ့ ဘာဖြစ်တာလဲ၊ မိမော်"

အဒေါ်ဖြစ်သူက လှမ်းမေးလိုက်ရာ ဘာမှမဖြစ်ပါဘူး ဒေါ်ဒေါ်၊ ကိုယ်ပေါ်ကို အိမ်မြှောင်ပြုတ်ကျလို့ လန့်အော်မိတာပါ"

"တကတဲတော် လန့်ပဲလန့်တတ်ရန်ကော၊ ဒီမှာ အာရုံပြုနေတာတောင်ပျက်တယ်"

ညောင်လေးပင်ဘုတာသို့ ရထားဖြတ်ကျော်သွားစဉ် လမိုက်ညမို့ ရထားဝဲယာတစ်လျှောက် မှောင်မဲ၍ နေပါသည်။ မောင်မောင်နှင့်မမော်တို့၏ ကာမအမှောင်မှာလည်း နက်သည်ထက်နက်လာပါသည်။

"မင်းတို့မောင်နှမ မအိပ်ချင်သေးရင် စကားပြောနေကြ၊ ဒေါ်ဒေါ်တစ်ရေးအိပ်လိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ မမမြင့်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

မမမြင့်တစ်ယောက် ထိုင်ခုံအောက်တွင် ဖျာခင်း၍ ကွေးကွေးလေးအိပ်ပြီး လိုက်ပါလာရာ မကြာမီ အိပ်ပျော်သွားပါတော့သည်။

မောင်မောင်နှင့်မမော်ကတော့ လက်ချင်းဆုပ်ကိုင်၍ မျက်နှာချင်းဆိုင် အသည်းချင်းအမြှုပ်ပြိုင်နေကြပါသည်။

ဒေဝီမယ်လျှ၊ ရှုမဝနှင့်၊ နှိုင်းဆစရာ၊ ကျွန်းလေးဖြာကို၊ စကြာရှေ့တည်၊ ရှာတွေ့နည်းလည်း ပန်းမည်ရှိသာ၊ မရရာ၊ ဝါတာမိဂသမင်မသည် ကြောက်လှမချိတုန်လှုပ်ဘိလျက် မျက်စိတည့်တည့် ကြည့်သောခါဝယ် မျက်လုံးနှယ်သို့ ရှုဖွယ်စုံရှန်းသူ့ရယ်ပြုံးသည်။ တုန်လှုပ်နေသော သမင်မ၏ တောက်ပလှုပ်ရှားသောမျက်လုံးကဲ့သို့ လှပသည့်မျက်လုံးဖြင့် ရယ်ပြုံးနေရာမှ-

"အစ်ကို့မှာ တကယ်ပဲ မိန်းမ မရှိဘူးနော်"

"ဟုတ်ပါတယ် မရှိပါဘူး၊ တကယ်ပါ"

"ဘုရားစူး"

"ဘုရားစူး"

"မိုးကြိုးပစ်"

"မိုးကြိုး(၁၀)ကြိမ်ပစ်

"ဟင့် . ဟင့် .

မိုးကြိုးတစ်ကြိမ်ပစ်ရင် လောက်ပါပြီ အစ်ကို တစ်ကြိမ်ပစ်ရုံနဲ့ပဲ သေနိုင် တယ်"

"ဟင့်- သူတော် ကဲ၊ အို အစ်ကိုရယ် သူများ မြင်ကုန်မယ်"

"မကဲနဲ့ကွယ်၊ သူများ စိတ်ဆိုးပစ်လိုက်မ သိလား"

"ဟား-ဟား-ဟား စိတ်တော် မညိုလိုက်ပါနဲ့ အစ်ကိုက ချစ်လို့ ကျီစား ပါ"

မောင်မောင်၏စိတ် တွင် ခရီးသွားရသည်နှင့် ဇနီးမောင်နှံ ပျားရည်ဆမ်း ထွက်ရသည်နှင့် တူနေပေ သည်။

မောင်မောင်ကဖျ ရာမှာ ဘယ်သူမှလိုက်မမီ ရိုးရိုးဖျဲ့မဟုတ်၊ "မဟုတ်ရှ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ညီမ အချစ်ဆိုတာ ဝေဒနာဆိုလဲဟုတ်တယ်၊ ဆေးဝါးခါတ်စာဆိုလဲဟုတ်တယ်၊ သမားတော်ဆိုလဲ ဟုတ်တယ် နော်"

"ဟုတ်တော့ဘာဖြစ်သလဲ အစ်ကိုရဲ့"

"အစ်ကိုမှာ အချစ်ဝေဒနာဖြစ်နေပြီလေ၊ ဒီတော့ ညီမက အချစ်သမားတော်ကြီးအဖြစ်နဲ့ အချစ်ဆေးဝါးခါတ်စာက လေးနဲ့ ကုသပေးပါနော်. . နော်"

အစ်ကိုမကြောက်ဘူး၊ ဂြိုလ်သားတွေ ကမ္ဘာကို ဘယ်နေ့ ဝိုင်းပြီးတိုက်မယ်ဆိုလဲ အစ်ကိုမကြောက်ဘူး၊ ကမ္ဘာကြီးမှောင်အတိကျသွားမှာကိုလဲ မကြောက်ဘူး၊ နေခုနှစ်စင်းထွက်မှာကိုလဲ မကြောက်ဘူး၊ ညီမ အစ်ကို့ကို မုန်းသွားမှာကိုတော့ သိပ်ကြောက်မိပါတယ်ကွယ်"

"အို. . . အစ်ကိုရယ်"

(မိန်းမချောကလေး ခိုက်သွားပြီဟင့်. . ဟင့်. . . ဟင့်)

"အို. . အစ်ကိုရယ် မမြန်လွန်းဘူးလား၊ စဉ်းစားပါဦး၊ အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင်ခက် လိမ့်အမျိုးလို့ ဆိုထားတယ် မဟုတ်လား"

"အစ်ကိုကတော့ မြန်တာပဲကြိုက်တယ်၊ တော်ကြာ ဟိုပုံပြင်ထဲကလို အစ်ကို သွဲ့ကြွက်ခါရှူးသွားဦးမယ်"

"ဘယ်ပုံပြင်ထဲကလိုလဲ အစ်ကိုရဲ့"

"ညီမကြားချင်ရင် အစ်ကိုပြောပြမယ် နားထောင်၊ ဟိုးရှေးရှေးတုန်းက အောင်ပင်လယ်တောကြီးထဲမှာ ဘုရင်ကြီးတစ်ပါး တောကစားထွက်ခဲ့တယ်၊ တစ်နေ့တော့ မျက်စိလည်လမ်းမှားပြီး တောကြီးမျက်မည်းထဲ ယောင်လည်လည်ဖြစ်နေတုန်း ဇော်ဂျီတစ်ပါးဟာ ဆေးကြိမ်လုံးနဲ့ သူယောင်ပင်ကအသီးတွေကို ထိုးပြီး သူယောင်မယ်ကလေးအဖြစ် ဖန်ဆင်းပြီး ပျော်ပါးနေတာကို ဘုရင်ကြီးက တွေ့လိုက်ရသတဲ့၊ သိပ်ချော သိပ်လှတဲ့အတွက် ဘုရင်ကြီးဟာ နတ်မိမယ်က

## အစ်ကိုလည်း သူယောင်မယ်ကလေးနဲ့ မတွေ့ပေမယ့် ညီမနဲ့တွေ့ပြီး ချစ်လိုက်ရတာ ညီမသာအစ်ကို့နားက ပျောက်ကွယ်သွားရင် .

"အစ်ကိုနော်- သူတော်တော်စကားတတ်တယ်၊ သေလိုက်သေလိုက် ကုမပေးနိုင်ဘူး"

"ဒီမှာညီမ ကမ္ဘာကြီး ၂၃ ၁/၂ ဒီဂရီတိမ်းစောင်းပြီး လည်ပတ်နေရာက တိမ်းမှောက်သွားမှာကို အစ်ကိုမကြောက်ဘူး၊ အိုဇုန်းလွှာကြီးပေါက်သွားလဲ

(အိမ်က မိန်းမတုန်းက ဒီလောက်တောင် ရင်မဖွင့်ဂိုက် ရ၊ ခုမြင်ခုကြိုက်၊ ခုလိုက်၊ ရှမ်းကြိုက်တော့နွားချောသလိုပေါ့ နော်)

"မန္တလေးက ပြန်ရင် အစ်ကို ညီမကို လာတောင်းယူမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လေးများလားလို့တောင် ထင်ယောင်နေမိတယ်၊ ဒါနဲ့ ဘုရင်ကြီးလဲ ဇော်ဂျီနဲ့တွေ့ဆုံပြီး သူယောင်မယ်ကလေး တစ်ယောက်အဖြစ် ဖန်ဆင်းပေးပါလို့ ပြောတဲ့အခါ ဇော်ဂျီကလဲ ဘုရင်ကြီးမှာရှိတဲ့ သိကြားမင်းဆက်သထားတဲ့ လက်ျာရစ်ခရုသင်းကို လိုချင်တော့ လက်ျာရစ်ခရုသင်းနဲ့ လဲမလားလို့မေးတယ်"

(လက်ျာရစ် ခရုသင်းဟာ အလွန်အသံသာယာပြီး တစ်ခါမှုတ်လိုက်လျှင် (၇)ရက်တိတိ သာယာနာပျော်ဖွယ်အသံထွက်နေပါတယ်)

"ဘုရင်ကြီးကလဲ မိဖုရား ၅၀၀-ရှိပေမယ့် သူယောင်မယ်ကလေးတွေနဲ့ မတွေ့ဖူးသေးတော့ တွေ့ဖူးချင်တယ်၊ အတွေ့ထူးချင်တယ်၊ အတွေ့အထိနဲ့ သာယာမှုခံစားချင်တော့ လဲမယ်ဆိုပြီး လက်ျာရစ်ခရုသင်းနဲ့ သူယောင်မယ်ကလေးနဲ့ လဲလိုက်တယ်"

"၇-ရက်တိတိ သူယောင်မယ်ကလေးနဲ့ ဘုရင်ကြီးဟာ အောင်ပင်လယ်တောကြီးထဲမှာ ပျော်မြူးနေလာလိုက်တာ ဘုရင်ကြီးကလဲ မိဖုရားတွေထက် အချစ်ပိုသတဲ့ ၇-ရက်ပြည့်တော့ ဇော်ဂျီ ဖန်ဆင်းထားတဲ့ သူယောင်မယ်ဖြစ်လို့ ပြန်ပြီး ပျောက်ကွယ်သွားသတဲ့ကွယ်"

"ဘုရင်ကြီးဟာလည်း သူယောင်မယ်ကလေးကို ချစ်တဲ့စိတ် တမ်းတလွမ်းဆွတ်တဲ့စိတ်နဲ့ အောင်ပင်လယ်တောကြီးထဲမှာ အချစ်ရူးကြီးဖြစ်ပြီး သေသွားရှာသတဲ့ကွယ်"

"ဒီလိုပဲ အစ်ကိုလဲ သူယောင်မယ်ကလေးနဲ့ မတွေ့ပေမယ့် ညီမနဲ့တွေ့ပြီး ချစ်လိုက်ရတာ၊ ညီမသာအစ်ကို့နားက ပျောက်ကွယ်သွားရင် အစ်ကိုလဲ ဟောဒီရထားပေါ်မှာ ရူးပြီး သေရပါလိမ့်မယ်အချစ်ရယ်"

"ဟင့် . . ဟင့် . . ဟင့်"

မောင်မောင်၏ ပုံပြင်အဆုံးတွင် မိန်းမချောကလေး၏ ရှိုက်သံမှာ ပုခုံးအလှပ်တွင် စည်းချက်လိုက်သကဲ့သို့ ဖြစ်နေတော့သည်။

"ဟင်- မိမော် ငိုနေတယ်ဟုတ်လား၊ မငိုပါနဲ့ကွယ် တိတ်နော် တိတ် တိတ်"

"အစ်ကိုက ဝမ်းနည်းစရာတွေ ပြောနေတာကိုး ဟင့် . . ဟင့် . . ဟင့်"

"ကဲ-ကဲ အစ်ကို မပြောတော့ပါဘူးကွာ နောက်ကို ရယ်စရာမောစရာစကားတွေပဲ ပြောတော့မယ်နော်- နော်"

(ဟင့် . . ဟင့် . . ဟင့် အိမ်ကမိန်းမ ပိုပိုနဲ့ ကွာဝါ အသည်းငယ်လိုက်တဲ့ညီမရယ် ယုန်မလေးကျနေတာပဲ၊ အိမ်က မိန်းမကတော့ ဆူဆူဆဲဆဲ ရိုက်ရိုက် မာမာပဲ အသည်းတော် တော်မာတယ်၊ တစ်ချက်ကလေး မငိုဘူး၊ မျက်ရည်မကျဘူး ခုနှစ်သံချီနဲ့ တစ်ရပ်ကွက်လုံး ကြားအောင် ပြန်ပြီးအော်တာ များသည်)

မိန်းကလေးနဲ့ အတွေ့ နောက်ကျလိုက်တာကွယ်-

မောင်မောင်၏ စိတ်တွင် ရေရွတ်ရင်း မျက်နှာတွင် ကြည်နူးရိပ်များ ဖုံးလွှမ်းနေပါသည်။

"အစ်ကို ညီမအိပ်ချင်လာပြီကွယ် အစ်ကိုနဲ့လဲ တစ်ညလုံးမအိပ်ဘဲ စကားတွေပြောချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါညီမရယ် အစ်ကို မအိပ်ပဲ တစ်ညလုံး နားထောင်နေပါ့မယ်"

"ဒါဆို ညီမနဲ့အစ်ကို မအိပ်ချင်အောင် လက်ဖက်သုပ်ဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ် စားသောက်ထားမှဖြစ်မယ် ဒါမှ မအိပ်ချင်မှာ"

"ကောင်းသားပဲ"

(မောင်မောင်က ကောင်းသားပဲဟုသာ ပါးစပ်ကပြောသည်။ သူ့တွင် လက်ဖက်သုပ်လည်းမရှိ၊ လက်ဖက်ရည်လည်းမရှိ)

မိန်းမချောကလေးကသာ သူ့ပလပ်စတစ်ခြင်းအနီရောင်ထဲမှ ဓာတ်ဗူးနဲ့ထည့်ထားသော လက်ဖက်ရည်များကို ခွက်ဖြင့် ငှဲ့ထည့်နေပါသည်။ စေတနာကောင်းလိုက်သည့် မိန်းကလေးရယ်၊ သဘောဖြူအူစင်းကလေးရယ်-

"မမမြင့်ဖို့လဲ ချန်ထားဦးလေ"

"ရှိပါသေးတယ် အစ်ကိုရဲ့ အစ်ကိုသောက်မှာသာ အဝသောက်စမ်းပါ"

"အင်း-အင်း သောက်ရတာပေါ့လေ၊ သဒ္ဒါလို့ကျေး သေဆေးတောင်စားရတယ်တဲ့ ဟုတ်လား၊ ဟား-ဟား-ဟား"

"ဟုတ်တယ် အစ်ကို့ကို သေဆေးခပ်ထားတာ ကဲ-ကဲ သောက်တော်မူ"

မောင်မောင်နှင့် မိန်းမချောလေး ရယ်မောစရာပျော်ရွှင်စရာများ ပြောဆိုနေရာမှ မောင်မောင်တစ်ယောက် အရမ်းအိပ်ချင်လာသည်။ မျက်လုံးကို ဖြဲပြီး မအိပ်ချင်အောင် အားတင်းနေသော်လဲမရ၊ ယခုလို သာယာလှပသော ညမျိုးကို ခွဲမသွားချင် အိပ်နေခြင်းဖြင့် အကျိုးမရှိ။ လက်လွှတ်မခံနိုင်။

မောင်မောင် မအိပ်ဘူး၊ မအိပ်ဘူးဟုအားတင်းရင်း အတင်းတောင့်ခံနေရာမှ မိန်းကလေး၏ ဆွဲလွဲသံ လွင်လွင်ကလေးကို မကြားတစ်ချက် ကြားတစ်ချက်။

"အစ်ကို အိပ်ချင်အိပ်တော့လေ"

"အစ်ကို အိပ်ချင်အိပ်တော့လေ . . တဲ့"

မောင်မောင်၏ ကိုယ်လုံးကို ထိုင်ခုံပေါ်သို့ လှဲအိပ်လိုက်ပြီး ခေါင်းအောက်သို့ စောင်တစ်ထည်ခေါက်ပြီး ထိုးခံပေးလိုက်သောအခါ-

မောင်မောင်၏ အသ
အာရုံတို့သည် မရှိတော့၊ မသိ
တော့ နောက်ပြီး မပီပိုးတစ်ဝါ
မည်မျှကြာကြာအိပ်ပျော်သွာ
သည်မသိ။ နံနက် ၄-နာရီ ၅
နာရီခန့်တွင် သာစည်ဘူတာကို
ကျော်လာမှ မောင်မောင်နိုးလာ
ပါတော့သည်။

နိုးနိုးချင်း အလှနတ်သမီ
ကလေးကို ရှာဖွေမိပါသည်။

"မော်ရေ . . မော် . .
မော်"

"ဟင်-မော်လည်း မရှိ
တော့ဘူး၊ မမမြင့် . . မမမြင့်
ဟင်- မမမြင့်လဲ မရှိတော့ဘူး
ရေအိမ်များသွားနေကြတာလား
တစ်အောင့်လောက်စောင့်ကြည့်
ဦးမှ နာရီဝက်တစ်နာရီ ကြာသွား
သော်လည်း ပြန်မလာကြသဖြင့်
အနီးအနားရှိ ထိုင်ခုံတွင် ထိုင်နေ
ကြသော ခရီးသည်များကို
မေးမြန်းစုံစမ်းကြည့်ဦးမှ" ပဲဟု
ရေရွတ်ရင်း တစ်ဘက်ခြမ်းရှိ
ထိုင်ခုံတွင် ထိုင်နေသော
အသက် (၅၀-၆၀)ခန့်ရှိ ဦးလေး
ကြီးတစ်ဦးနှင့် အဒေါ်ကြီးတစ်ဦ
တို့အား-

www.burmeseclassic.com





"ဒီမှာ ဦးနဲ့ဒေါ်ဒေါ် ဒီခုံမှာထိုင်တဲ့ အမျိုးသမီးနှစ်ဦး ဘယ်များထွက်သွားတာ တွေ့လိုက်ပါသလဲခင်ဗျာ"

"ဪ. . . သူငယ်နဲ့ တစ်လမ်းလုံး စကားပြောလာတဲ့ အမျိုးသမီး နှစ်ယောက်လား၊ သူငယ်နဲ့ အတူတူ ခရီးသွားဖော် မဟုတ်ဘူးလား၊ သူတို့ ပျဉ်းမနားဘူတာမှာ ဆင်းသွားကြပြီကွဲ့"

"ရထားထွက်ကာနီးမှ ဘာစိတ်ကူးရတယ်မသိပါဘူး လက်ဆွဲအိတ်တွေ၊ ဆွဲခြင်းတွေဆွဲပြီး ကတိုက်ကရိုက် ဆင်းသွားကြတယ်၊ မင်းကိုတော့ နှုတ်ဆက်သွားတယ် ပြောလိုက်ပါလို့မှာသွားကြတယ်ကွဲ့"

မောင်မောင်လည်းမန္တလေးသို့ ဘုရားဖူးသွားမည်ပြောပြီးမှ ဘာကြောင့် ပျဉ်းမနားသို့ ဆင်းရ

သည်ကို မတွေးတတ်အောင် ရှိနေပါသည်။ မိမိကိုလည်းဘာ ကြောင့် မနိုးရသနည်း။ ဘာ ကြောင့် နှုတ်ဆက်မသွားရသ နည်းဆိုကာ ဒေါပွနေမိပါသည်

"မိမိအသည်းကို ခွဲသွား တာလား မိန်းကလေးရယ် ရက်စက်ပါပေ့ကွယ်"

မောင်မောင် လည် အသည်းနာနာဖြင့် မျက်န သွားတိုက်ရန်အတွက်လက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲရှိ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပုဝါတို့ကို ထုတ်ယူရန် လက်ဆွဲအိတ်ကို ရှာဖွေရာ. . .

“ဟာ. . မရှိတော့ဘူး၊ မရှိတော့ဘူး၊ ကုန်ပါပြီဗျာ- ကုန်ပါပြီ”

မောင်မောင်၏ထိုင်ခုံဘေးပတ်လည်ရှိ ခရီးသွားများ မောင်မောင်အလန့်တကြားအော်ဟစ်သံကြောင့် ဝိုင်းအုံလာပြီး သတင်းမေးကြပါသည်။

“ဘာဖြစ်တာလဲ”

“ဘာတွေမရှိတာလဲ”

“ဘာတွေပါသွားတာလဲ”

“ဘယ်လိုဖြစ်တာလဲ”

ဟု ဝိုင်းဝန်းမေးကြပါသည်။

“ကုန်ပါပြီဗျာ. . ကုန် ပါပြီဗျာ ကုမ္ပဏီက ပစ္စည်းဝယ်ဖို့ အတွက်ပေးလိုက်တဲ့ငွေ၁၀သိန်း ရော အဝတ်အစားတွေ ရော စာရွက်စာတမ်း တွေပါ၊ ပါသွားပြီဗျာ၊ လုပ်ကြပါဦးဗျာ”

“ကျွန်တော့် ထိုင်ခုံဘေးနားက အမျိုးသမီးနှစ်ယောက် ကျွန်တော့်ကို အိပ်ဆေးခပ်ပြီး လက်ဆွဲအိတ်မ,သွားပြီဗျာ၊ ရက်စက်လိုက်တာဗျာ၊ ရက်စက်လိုက်ကြတာ၊ ကျွန်တော်ဘယ်လိုလုပ်ရမလဲဟင်၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ. .”

“ရထားလုံခြုံရေးလိုက်ရဲတပ်ဖွဲ့ဝင်တွေကို သွားအကြောင်းကြားပါလား”

**မိန်းကလေးတိုင်းကို ငါကြုံရင် ရကိုရရမယ်လို့ နောက်ကို မထင်လိုက်နဲ့တော့နော်ကိုကို နော်. .**

“မန္တလေးရောက်ခါနီး ပြီ မန္တလေးကျမှ ရထားရဲစခန်းမှာ အမှုဖွင့်ပါလား”

“တွဲထိန်းကို အကြောင်းကြားမှပေါ့၊ အသိပေးထားမှပေါ့” စသည်ဖြင့် ဝိုင်းဝန်းအကြံပေးသံများကို မောင်မောင် မကြားနိုင်တော့ပါ၊ သမင်မလေး၊ ယုန်သူငယ်မလေးဟု မောင်မောင် ယူဆထားသူက ယခုတော့ ကျားမှကျား (၉) တောင်ကျား မုဆိုး၊ တောမုဆိုး ၂၄-ပေ အထုရှိသော ကျောက်ဖျာတစ်ချပ် မြေဝင် ၇-တောင် စိုက်စိုက် ပြင်းပေ့ထန်ပေ့ ဆိုသော လေမုန်တိုင်းတိုက်ချင် သည့်ဘက် ကတိုက် ကျောက်ဖျာ ကတော့ စိုးစဉ်းမျှ မတုန်လှုပ်သည့်နယ်ပင် မောင်မောင်တို့ စိတ်က ဆိုမှာသည်။ ယခုတော့ကျောက်ဖျာ လည်းကွဲပြီး တံငါသည်လည်း ရေနစ်ပြီ။

မဟူရာဖျံမင်း- ရေနစ်ခြင်းကိုန်းသို့ မောင်မောင် ဆိုက်ရောက်နေပါတော့သည်။ ခေါင်းအုံးအဖြစ် အုံးထားသော စောင်အား သိမ်းဆည်းရန်အယူလိုက်တွင် စောင်အောက်မှ အစိမ်းရောင်စာရွက်ကလေးတစ်ရွက် ထွက်ကျလာသဖြင့် မောင်မောင် ကောက်ယူဖတ်ကြည့်လိုက်ရာ-



www.burmeseclassic.com

www.burmeseclassic.com





(သေချင်တယ်ငွေခင်ရယ်၊ ငါ့ရင်ကို နင့်ဖနောင့်နဲ့ (၃)ချက်ပေါက်လိုက်ပါတော့ဟဲ့လို့ မောင်မောင်တစ်ယောက် အော်ဟစ်မိပါတော့သည်။)

သို့

မိမော်ရဲ့ ချစ်ကိုကို

မော် ပျောက်ကွယ်သွားလို့ အောင်ပင်လယ်တောကြီးထဲက ဘုရင်ကြီးလို ရွှးပြီး မသေလိုက် ပါနဲ့ ဦးကွယ် ကမ္ဘာကြီး ၂၃ ဒီဂရီ တိမ်းစောင်းပြီး လည်နေတာကို မကြောက်တဲ့ ကိုကိုရေ. . . မိမော်ရဲ့ လှည့်ပတ်မှုကိုတော့ ကြောက်သွားပြီလားဟင်. .

ကိုကိုက အချစ်ဝေဒနာသည်ဆို အချစ်သမားတော်ကြီး တစ်ဦးဦးဆီ သွားပြပါလားဟင်၊ မော် ကတော့ ဝေဒနာ ပျောက်အောင် မ... တတ်ဘူး၊ ဝေဒနာတိုးအောင် ကိုပဲ လုပ်တတ်တယ်

မိန်းကလေးတိုင်း... ငါကြံရင် ရကို ရ,ရမယ်... နောက်ကို မထင် လိုတ်... တော့နော် ကိုကို နော် ... နော်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မအိပ်ချင်သေးဘူးတဲ့၊ မော်နဲ့ သာယာချမ်းမြေ့လှတဲ့ ဒီလို မင်္ဂလာညချမ်းကလေးမှာ တစ်ညလုံး ထိုင်ပြီး ချစ်စကားတွေ ပြောနေချင်တယ်တဲ့ ဟုတ်လား ကိုကို. . .

ဘယ်ဖြစ်မလဲ ကိုကိုရယ်၊ မော်က ကိုကို့ကို အေးအေးဆေးဆေးလေး အိပ်စက် အနားယူစေချင်တာ၊ ဒါမှ မော်တို့လုပ်ငန်း စလို့ ရမယ် မဟုတ်လား၊ ခုတော့ ကိုကိုက သိပ်တဲ့တာပဲ တစ်ညလုံး မအိပ်ဘဲ ကိုကြီး သိပ်ခက်၊ ဦး သိပ်ခက် . . .

မော့်ကိုတော့ စိတ်မဆိုး လိုက်ပါနဲ့နော်၊ ကိုကို အေးအေးချမ်းချမ်းကလေး အိပ်စက်အနားယူပါစေဆိုတဲ့ စေတနာနဲ့ ကိုကိုသောက်မယ့် လက်ဖက်ရည်ထဲမှာ ဖီနိုအိပ်ဆေးပြားနဲ့ ဘာမီတွန် ဆေးတွေ ရောကြိုတ်ပြီး ခပ်ထည့် လိုက်ရပါတယ်. .

မောင်မောင်
အမြဲမော့ကြည့်ခဲ့ရသော
ကြယ်တွေလတွေ
နဒီမြစ်တွင်း
ရေသောက် ဆင်းကုန်ပါပကော
လှိုင်းကြက်ခွပ်ကလေးများက
ရယ်မောလှောင်ပြောင်လျက်
မောင်မောင်
တစ်ယောက်မှာတော့

နောက်နောင်လည်းဒီလို ဝေဿန္တရာကဲ့သို့ အလှူဒါနမျိုး လှူဒါန်းနိုင် ပါစေသို့ ဆုတောင်းလိုက်တယ်. . .

*ကိုကို့ရဲ့မော်*

ထပ်ပြီးပြန်ဆုံချင်သေးတယ် ကွယ်. . .

စာဆုံးသွားလျှင် ကြယ်တွေလတွေကို မော့မကြည့်ရဲသော်လည်း ခေါင်းမော့၍ ရင်ကော့ပြီး၊ လျှောက်တတ်သော မောင်မောင်တစ်ယောက် မမြင်ချင်အဆုံး အမြဲမြင်တွေ့ နေရပါသည်။ ယခုတော့ မောင်မောင် အမြဲမော့ကြည့်ခဲ့ရ သော ကြယ်တွေ၊ လတွေ နဒီမြစ်တွင်း ရေသောက် ဆင်းကုန် ပါပကော၊ လှိုင်းကြက်ခွပ်ကလေး များက ရယ်မောလှောင် ပြောင်လျက် မောင်မောင် တစ်ယောက်မှာတော့ ရွက်ကြွေတောတွင် ခေါင်း ငိုက်ပြီး လျှောက်လှမ်းလျက် ရင်တွင်း ဗုံလျှပ်၊ သူရှူးသဖွယ် မွတ်သိပ်ရာဂ၊ အဆိပ်သင့် ပျားဘဝဖြစ်ခဲ့ရပြီ မဟုတ်ပါ လား . . .။

တပ်ကြပ်ကြည်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



"တူ××တူ××တူ××"

"ဟလို··အမိန့်ရှိပါ ၊ ဂုဏ်ရတနာရောင်းဝယ်ရေးကပါ"

"ဟုတ်ကဲ့ ···ကျွန်တော်ကုမ္ပဏီမန်နေဂျာထိန်ဝင်းပါ"

"ကြော် ဟုတ်ကဲ့ပါ ဘာများအလိုရှိပါသလဲခင်ဗျာ"

"ဒီလိုပါ ကျွန်တော်တို့ကုမ္ပဏီကကွန်စထရပ်ရှင်းတစ်ခုမှာ ဘိလပ်မြေအိတ် ၂၀၀လောက်အရေးပေါ်လိုအပ်နေလို့ အဲဒါဈေးနှုန်းလေးသိချင်လို့ပါ"·····

# မောင်သက်နှင်း(မ/ဥ)

## မာစီဒီးနှင့်လူတစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com



တစ်အိတ်ကိုနှစ်ထောင့်ခုနှစ်ရာ
ျပါတယ်. . ခင်ဗျာ"
ါဆိုရင်. . . ဒီလိုလုပ်ပါ. . ကျွန်
တ်အခုကားနဲ့လာခဲ့ပါမယ်. ."
ကျွန်တော်စောင့်နေပါမယ်. . .
အာ်. . နေရာရောသိတယ်မဟုတ်
ား"
ုတ်ကဲ့. . သိပါတယ်အိုင်အယ်လ်
ီစီနားမှာ မဟုတ်လား"
ုတ်ပါတယ်. . တံတားအဆင်း
ပါ. . ဆိုင်းဘုတ်လဲချိတ်ထား
ါတယ်"

ဂုဏ်ရတနာရောင်းဝယ်
ရေးမန်နေဂျာ ကိုတင်ဆန်း ဖုန်း
က်ကိုပြန်ချလိုက်ပြီး စားပွဲပေါ်ရှိ
ာန်းပေါင်းစက်ကို ယူ၍
ိလပ်မြေ အိတ်အရောင်းအ
ယ်အတွက် ပြေစာရေးရန်စီစဉ်
ားလိုက်သည်။

"အင်း. . . တော်သေးတယ်
. ကွန်စထရပ်ရှင်းတွေရပ်ထားလို့
ရောင်းအဝယ်ပါးနေတာကြာ
. ဘိလပ်မြေအိတ်နှစ်ရာဆို
 မဆိုးသေးဘူးလို့ဆိုရမယ်"

ကိုတင်ဆန်းကတစ်ယောက်
ပြောလိုက်ရင်းကိုထိန်ဝင်းဆိုသူ
လာကို စောင့်နေလိုက်သည်။

xxxxxxxxxx

တာမွေမြို့နယ်ကျိုက္ကဆံ
လမ်းရှိ ဂုဏ်ရတနာရောင်းဝယ်
ရေးရုံးခန်းရှေ့သို့"ဒိုင်ဟပ်စု"အ
မျိုးအစားကားတစ်စီးရောက်ရှိလာ
သည်။မန်နေဂျာကိုတင်ဆန်းထို
ကားသည် ဘိလပ်မြေတင်မည့်
ကားဖြစ်မည်ဟုသိရှိ၍ ရုံးခန်းအ
ပြင်ဖက်ထွက်၍ကြည့်လိုက်သည်။

"ဆရာက ဂုဏ်ရတနာ
ရောင်းဝယ်ရေးကမန်နေဂျာလား"

"ကားပေါ်မှ လူတစ်
ယောက်ဆင်းလာ၍ မေးလိုက်
သည်။ထိုနောက်ဆိုင်အတွင်းသို့
ဟိုဟိုဒီဒီမျက်စေ့ကစားလိုက်သည်
ကို တွေ့လိုက်ရသည်။

"ဟုတ်ပါတယ်. . ကျွန်
တော်မန်နေဂျာတင်ဆန်းပါ. .
ခင်ဗျားက ကိုထိန်ဝင်းလား. . .
စောစောကဖုန်းဆက်ထားတာ
လေ"

"ကျွန်တော်တို့က ကိုထိန်ဝင်း
ဒီကိုလွှတ်လိုက်လို့လာခဲ့တာပါ. .
ဒါထက် ဘိလပ်မြေဘယ်နားမှာ
ထားတာလဲ"

စောစောကကားရှေ့ခန်းမှ
ဆင်းလာသူကထပ်မံ၍ ဟိုဟို ဒီ
ဒီမျက်စေ့ကစားရင်းမေးလိုက်သည်။
ထိုအခါမှ ကိုတင်ဆန်းက ထိုလူဟို
ကြည့်ဒီကြည့်လုပ်နေသည်ကို
သဘောပေါက်လိုက်တော့သည်။

"ဘိလပ်မြေတွေက ဒီ
မှာမထားဘူးဗျ. . ဒီမှာကရုံးခန်း
ပဲဖွင့်ထားတာ၊ကုန်ပစ္စည်းအားလုံး
ဒေါပုံက ဂိုဒေါင်မှာထားတာ. .
ဘိလပ်မြေကိုလဲအဲဒီမှာသွားတင်
ရမှာ. . ဒါနဲ့ခင်ဗျာတို့မန်နေဂျာ
ကိုထိန်ဝင်းက ဘယ်မှာလဲ. ."

"လာမယ်ပြောတယ်. .
ကိုထိန်ဝင်းက ကျွန်တော်တို့မန်
နေဂျာမဟုတ်ပါဘူး။ကျွန်တော်
တို့က. . အငှားကားဆွဲတာပါ. .
တာမွေကျောက်မြောင်းအာသော
ကဂိတ်မှာ ရပ်ထားတုန်းကိုထိန်
ဝင်းဆိုသူကဒီကိုလွှတ်လိုက်တာ
ပါ၊သူနောက်ကလိုက်လာမယ်
လို့ မှာလိုက်ပါတယ်"

ကားပေါ်မှပါလာသူက
သေချာရှင်းပြလိုက်သည်။

"အော်. . ကားတောင်
ရောက်နေပြီကိုး. . ."

ကိုတင်ဆန်းနှင့်ကားပေါ်
မှ လူတို့အပြန်အလှန်ပြောနေ
စဉ် မာစီဒီးအနက်ရောင်ကား
လေးတစ်စီးရောက်လာ၍ ကား
ပေါ်မှဆင်းလာပြီးလှမ်းပြောလိုက်
သည်။ထိုလူမှာ အသက်(၃၅)နှစ်

www.burmeseclassic.com



ခန့်ရှိပြီး ရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်နက်ပြာရောင်ကို ဝတ်ဆင်ထားသည်။လက်ထဲတွင်အတက်ချိကေ့စ်ကို ကိုင်၍ ဆင်းလာရင်းပြောလိုက်ခြင်းဖြစ်သည်။ထို့နောက် ဂုဏ်ရတနာရောင်းဝယ်ရေး ရုံးခန်းရှေ့သို့ ရောက်လျှင်မန်နေဂျာ ကိုတင်ဆန်းကိုလက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည် ကိုထိန်ဝင်းပါ. . ××ကုမ္ပဏီက မန်နေဂျာပါ"

"ကျွန်တော်ဒီရောင်းဝယ်ရေးက မန်နေဂျာတင်ဆန်းပါ"

"ကဲ. . ဒါဆို ဘိလပ်မြေတွေ တင်လိုက်ကြရအောင်"

"ဘိလပ်မြေကဒီမှာ တင်ရမှာမဟုတ်ဘူး"

"ဘယ်မှာ တင်ရမှာလဲ"

"ဒေါပုံကို သွားရမှာပါ အဲဒီမှာ ဘိလပ်မြေထားပါတယ်"

မန်နေဂျာကိုတင်ဆန်းက ပြောလိုက်လျှင် ကိုထိန်ဝင်းသည်ခေတ္တစဉ်းစားလိုက်ပြီးနောက် ခေါင်းကိုကုတ်လိုက်သည်။

"ကျွန်တော်က. . ဒီမှာရတယ်ထင်တာ. . ဒါဆိုကားခကိုဘယ်လိုရှင်းရမလဲ"

ကိုထိန်ဝင်းက ကားဆရာဘက်သို့လှည့်၍ ပြောလိုက်သည်။

"ကဲပါဗျာ. . ပထမဒီကနေပုဇွန်တောင်ကိုရှစ်ထောင်နဲ့ပြောထားတာအခုဒေါပုံကိုဆက်သွားရမယ်ဆိုတော့. . မထူးပါဘူးဗျာ. . . ဈေးပိုမယူတော့ပါဘူး. . ဆက်သာသွားကြရအောင်"

"ကဲဒါဆို. . ကိုတင်ဆန်းက ကျွန်တော့်ကားနဲ့ လိုက်ခဲ့ဗျာ. .

**ခင်ဗျားနဲ့ကျွန်တော်ရယ်**

**နယ်ထိန်းအဖွဲ့ရယ်**

**သူပြောတဲ့ပုဇွန်တောင်က**

**ကုမ္ပဏီကိုသွားကြည့်ကြတာပေါ့**

**ဒါပေမဲ့**

**ခင်ဗျားကျေနပ်အောင်သာ**

**သွားရမှာပါ. . . .**

**လိမ်တဲ့သူက**

**အဲဒီမှာ. . .**

ခင်ဗျားတို့အဖွဲ့ ကျွန်တော်တို့ကားနောက်က လိုက်ခဲ့ပေါ့"

ကိုထိန်ဝင်းကပြောပြော ဆိုဆိုကားပေါ်တက်လိုက်သည်။ ကိုတင်ဆန်းလည်းကားနောက်ခန်းက လိုက်တက်လိုက်သည်။ ထို့နောက် မာစီဒီးကားနက်တလေးသည်တာမွေကုန်းကျော်တံတား၊ထိုမှတစ်ဆင့်သုဝဏ္ဏတံတားကိုကျော်၍ ရွှေပုဇွန်မုန့်လုပ်ငန်းကိုကျော်၍မောင်းလာခဲ့သည်။ ဒိုင်ဟတ်စုကားလေးသည်လည်း ထိုကားနောက်မှထက်ကြပ်မကွာ လိုက်ခဲ့သည်။

ထိုကားနှစ်စီးသည် မင်းနန္ဒာလမ်းမကြီး၊ဗမာအေးရပ်ကွက်သို့ရောက်လျှင်ရပ်လိုက်ကြသည်။

"ကဲ. . မင်းတို့ဘိလပ်မြေအိတ်နှစ်ရာကို သေချာတင်ကွာ. . တို့လက်ဖက်ရည်သောက်လိုက်အုံးမယ်"

ကိုထိန်ဝင်းကပြောလည်းပြောသွားလည်းသွားမည်ပြုပြီး ကိုတင်ဆန်းကို လှမ်းခေါ်လိုက်သည်။ကိုတင်ဆန်းလည်း ဂုဏ်ရတနာရောင်းဝယ်ရေး ဆိုင်းဘုတ်တင်ထားသော အဆောက်အဦ အတွင်းသို့ဝင်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုး...ကျိုးအကြောင်းရှင်းပြနေသည်။ ...ပိုနောက် ကိုထိန်ဝင်းနှင့်အတူ ...က်ရှိလမ်းထိပ်ရှိ"ကျော်ကြား" ...လက်ဖက်ရည်ဆိုင်သို့နှစ်ယောက် ...ားထွက်ခဲ့ကြသည်။

"အားလုံးတင်ပြီးသွားပါပြီ ..ဘယ်ကိုမောင်းရမလဲ"

...စာစောကကားရှေ့ခန်းမှပါလာ ...သူက ကိုထိန်ဝင်းတို့ထံရောက် ...လာ၍ပြောလိုက်သည်။

"အေး..မင်းတို့အဖွဲ့ ...လက်ဖက်ရည် သောက်ကြဦး ...ကွာ.."

ကိုထိန်ဝင်းကပြော ...ပြောဆိုဆို အတက်ချီကျေ့စ်ကို ...ငင့်၍ကားခကိုရှင်းပေးသည်။ ...ထို့နောက် လက်ဖက်ရည် ...သောက်ကြပြီး ပြန်ထွက်လာ ...သည်။

"ကဲ..မင်းတို့ကားကို ...အတိုင်းဆက်မောင်းသွားပြီး ...နွှန်တောင်က ကုမ္ပဏီကို ...ရောက်ရင်..ငါလွှတ်လိုက်တယ် ...ပြောပြီး အဲဒီမှာ ဘိလပ်မြေအိတ် ...တွေချနှင့်ပါ..ကိုတင်ဆန်းက ...ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ.. ...ရွှေဂုံတိုင်မှာပိုက်ဆံ ရှင်းပေး ...မယ်"

ကိုထိန်ဝင်းလည်း ပြောပြောဆို ဆိုကားပေါ်သို့တက်လိုက်သည်။ ကိုတင်ဆန်းလည်းဘာမှပြောချိန် မရလိုက်ဘဲ ကိုထိန်ဝင်း၏ကား နောက်ခန်းမှတက်၍လိုက်ပါလာ ခဲ့သည်။မာစီးဒီးကားလေးသည် မင်းနန္ဒာလမ်းမအတိုင်းမောင်းလာ ခဲ့ပြီး ရွှေပုဇွန်မုန့်လုပ်ငန်း ရှေ့ မှ သာကေတတံတားဟောင်း(ယခု ငမိုးရိပ်သံပေါင်တံတား)မှဖြတ် ၍ပုသိမ်ညွန့်မှတစ်ဆင့်အာသော ကဂုံးကျော်တံတားကို ဖြတ်၍ တာမွေအဝိုင်းမှရွှေဂုံတိုင်ဘက် သို့မောင်းနှင်လာခဲ့တော့သည်။ ရွှေဂုံတိုင် အဝိုင်းအနီးသို့ ရောက် လျှင်ကားကိုရပ်၍ ကိုထိန်ဝင်း ကားပေါ်မှဆင်းလိုက်သည်။

"ကဲ..ကိုတင်ဆန်းခဏ စောင့်နေဦး..ကျွန်တော်အပေါ် တက်ပိုက်ဆံသွားယူလိုက်ဦးမယ်"

ကိုထိန်ဝင်းလည်း ကားပေါ်မှ ဆင်း၍ ပြောလိုက်ပြီး ကံထရိုက် တိုက်လှေခါးပေါ်သို့ ပြေးတက် သွားသည်။ ကိုတင်ဆန်းလည်း မည်သို့မျှ မပြောလိုက်နိုင်ပဲ ကို ထိန်ဝင်းပြော သည့်အတိုင်း ကားပေါ်မှ စောင့်နေလိုက် သည်။

"ဟေ့လူ..ခင်ဗျားလူ သွားတာ နာရီဝက်ရှိသွားပြီ.. ဟုတ်ကောဟုတ်သေးရဲ့လား" မာစီးဒီးကားမောင်းသူက ကို တင်ဆန်းကို လှည့်၍မေးလိုက် သည်။

"ဟာ..ခင်ဗျားကသူ့ ရဲ့ဒရိုင်ဘာ မဟုတ်ဘူးလား"

"ဘယ်ကဟုတ်ရမှာလဲ ကျွန်တော့်ကို သယ်န်းကျွန်းက ငှားစီးလာတာ ကားခကိုနောက် မှရှင်းပေးမယ် ခရီးကမုန်းဆလို့ မရဘူးဆိုတာနဲ့ လိုက်လာတာ ..ခင်ဗျားတို့က အရင်က အရောင်းဝယ်ကိစ္စနဲ့ သိနေတဲ့ မိတ်ဆွေတွေ မဟုတ်ဘူးလား"

"ဘယ်ကလာဟုတ်ရမှာ လဲ..ဒီနေ့မှ ဖုန်းဆက်ပြီး လာ ဝယ်တာဗျ"

"ဒါဆိုရင်တော့သေချာ ပြီ..ခင်ဗျားတို့အလိမ်ခံလိုက်ရ ပြီ"

*******

"သေချာတာပေါ့ဗျာ.. ခင်ဗျားအလိမ်ခံရတာမှ..ပေါ် တင်ကြီးကိုအလိမ်ခံလိုက်ရတာ"

ဒေါပုံရဲစခန်းမှူးမောင် မောင်သန်း စားပွဲရှေ့တွင် ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



နေသူ ကိုတင်ဆန်းအား စခန်းမှူး မောင်မောင်သန်းက ပြောလိုက်တော့သည်။

"လုပ်ပါဦးဗျာ. . ဆိုင်ကိုလှမ်းမပြောရဲသေးဘူး . . ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဦးတင်ဆန်း. . ကားဆရာက. . ကားခတောင်းနေတယ်"

စခန်းရှေ့တွင် စောင့်နေသောရဲတပ်သားတစ်ဦးမှ စခန်းမှူးရုံးခန်းရှိကိုတင်ဆန်းအားလှမ်းပြောလိုက်သည်။ ကိုတင်ဆန်းကစခန်းမှူးအားလှမ်းကြည့်လိုက်သည်။

"ကဲ. . ကိုယ့်လူ. . လောလောဆယ်. . အဲဒီကားခပေးလိုက်ပါဗျာ. . ပြီးတော့တာဝန်မှူးကိုသူ့ထွက်ဆိုချက်ယူခိုင်းလိုက်မယ် . . ခင်ဗျားနဲ့ကျွန်တော်ရယ်၊နယ်ထိန်းအဖွဲ့ရယ် . သူပြောတဲ့ပုဇွန်တောင် က ××××ကုမ္ပဏီကိုသွားကြည့်ကြတာပေါ့. . ဒါပေမဲ့ခင်ဗျားကျေနပ်အောင်သာ သွားရမှာပါ. . လိမ်တဲ့သူ့က အဲဒီမှာဘီလပ်မြေအိတ်တွေ ဘယ်ချမလဲ"

စခန်းမှူးမောင်မောင်သန်းကတွေးတွေးဆဆပြောလိုက်ရင်းကိုတင်ဆန်းနှင့်အတူ ဒုရဲအုပ်အေးလွင်၊ဒုရဲအုပ်သိန်းဆန်းဦးတို့ကိုပါ ခေါ်၍ ပုဇွန်တောင်သို့ထွက်ခွာသွားလေသည်။

"ကျွန်တော်တို့ ကုမ္ပဏီမှာကွန်စထရပ်ရှင်းမရှိပါဘူးအော် . . နေဦးဗျ လွန်ခဲ့တဲ့ တစ်နာရီလောက်က ဘီလပ်မြေကားတစ်စီးရောက်လာတယ်. . . ဒီကုမ္ပဏီကမှာထားလို့ လာချတာပါပြောလို့ ဒီက မမှာကြောင်းပြော နေတုန်းမှာ ရှပ်အင်္ကျီလက်ရှည်အဖြူ ဝတ်ထားတဲ့လူတစ်ယောက် အတော်ချိကျေစ်ဆွဲပြီး ရောက်လာတယ်. . ဒီမှာချရမှာ မဟုတ်ဘူး. . ကြည့်မြင်တိုင်မှာ ချရမှာလို့ပြောပြီး ကားကိုပြန်ခေါ်သွားတာတွေ့ရ ပါတယ်"

ကုမ္ပဏီမန်နေဂျာဖြစ်သူက သေသေချာချာရှင်းပြလိုက်သည်။

"အဲဒီ. . ဘီလပ်မြေချတဲ့ကား အမျိုးအစားကို မှတ်မိလိုက်သလား"

"အင်း. . မှတ်မိပါတယ် (က/---)ကားခေါင်းကအစိမ်း အဖြူရောင်မှာ အလယ်က အစိမ်းစင်း ပါပါတယ်. : ကားအမျိုးအစားက ဒိုင်ဟပ်စုပါ။နံပါတ်ကိုတော့ မမှတ်လိုက်မိဘူး"





www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက သူသိသမျှ
စခန်းမှူးမောင်မောင်သန်းကို
ရှင်းပြလိုက်သည်။ဒုရဲအုပ်
အေးလွင်နဲ့ ဒုရဲအုပ် သိန်းဆန်းဦး
တို့လည်း မန် နေဂျာ၏ အမည်
နေရပ်များကို မှတ်သား၍
ပြန်လာခဲ့ကြတော့ သည်။

*-*-*-*-*-*-*

"သဇင်လေးမှသဇင်. .
သဇင်. . မတစ်ရှစ်"

"သဇင်အကြောင်းပြန်
တယ်. . ရင်းပါ"

"မိုးသီးဆေးခန်းရှေ့မှာ
ဒီလပ်မြေလိုမ်တင်သွားတဲ့ကား
နံပါတ်၄က/××××တွေ့ပါတယ်"

"သဇင်လေးသုံးငါးလုပ်
ကားခုချက်ချင်းထန်းခွဲလာမယ်"

စခန်းမှူးမောင်မောင်သန်း၊
ဒုရဲအုပ်အေးလွင်နှင့်ဒုရဲအုပ်သိန်း
ဆန်းဦးတို့ ချက်ချင်းထွက်လာခဲ့
ကြသည်။မိုးသီးဆေးခန်းရှေ့တွင်
ကိုတင်ဆန်း၏ တိုင်ချက်တွင် ပါ
ဝင်သော ၄က/××× ရပ်ထား
သည်ကို တွေ့လိုက်ရသည်။
စခန်းမှူးမောင်မောင်သန်းတို့
အသေချာ ကြည့်သောအခါ
ကားခေါင်းသည် အစိမ်းမဟုတ်
ကားအမျိုးအစားမှာလည်း
တောင်းအေ့စ် ဖြစ်နေသည်။
ယင်းကားသည်×× ကုမ္ပဏီမှ
ရေသန့်ဖြန့်ချိသောကား ဖြစ်
ကြောင်း တွေ့လိုက်ရသည်။
စခန်းမှူးမောင်မောင်သန်းတို့အဖွဲ့
အကဲခတ်ကြည့်ရှုသာ ကြည့်၍
ပြန်လာခဲ့ကြသည်။

"နံပါတ်တော့ မှားနေပြီ
. . ကိုတင်ဆန်းကို ပြန်ခေါ်စစ်
ပါ"

"ကျွန်တော်တို့ဒီလိုလုပ်
မယ်. . . ဗိုလ်ကြီး"

"အေးပြော. . . လမ်းစ
တစ်ခုခုတော့ရမှဖြစ်မယ်ဒီကောင်
ဒီလိုပဲလျှောက်လိမ်နေဦးမှာ"

"အဲဒီကားကို အာသော
ကဂိတ်က ငှားလာတာဆိုတော့
. ."

ဒုရဲအုပ်အေးလွင်က
ကိုတင်ဆန်း၏ တိုင်ချက်တစ်ခု
ကို ထောက်ပြလိုက်သည်။

"ဟုတ်ပြီ. . သဘောပေါက်
ပြီ" မင်းနဲ့ သိန်းဆန်းဦးချက်ချင်း
သွားပေတော့"

× × × × × × ×

တာမွေမြို့နယ်ကျောက်
မြောင်းရပ်ကွက်ရှိ အာသောက
ဈေးသည် စည်ကားလျှက်ရှိသ
ကဲ့သို့ အာသောကဈေးဘေး
ရှိ အငှားကားများ အစီအရီရပ်
ထားလျှက်ရှိသည်။အငှားကား
ဟုဆိုရာတွင် ကုန်တင်သော
အငှားကားများသာဖြစ်သည်။
ဒေးဘီး၊ပါပလေကာ၊ဟိုင်းလက်၊
တောင်းအေ့၊လိုက်အေ့၊စသည့်
ယာဉ်များသာဖြစ်သည်။

ဒုရဲအုပ်အေးလွင်နှင့်
သိန်းဆန်းဦးတို့ ကားများကိုအ
ကဲခတ်ပြီး ကိုကိုညီညီဆိုင်တွင်
ထိုင်၍ အအေးသောက်နေ
လိုက်သည်။ကိုတင်ဆန်းသွား
ခေါ်သော်လည်း ခရီးထွက်၍မ
ပါလာသဖြင့် နှစ်ယောက်ထဲသာ
စောင့်နေလိုက်သည်။တစ်နာရီ
ခန့်စောင့်လိုက်သောအခါ ကား
ခေါင်းအစိမ်းနှင့်ဒိုင်ဟပ်စုကား
တွေ့လိုက်ရသည်။ဒုရဲအုပ်သိန်း
ဆန်းဦးမှာ တိုင်ချက်တွင်ပါသော
ကားနံပါတ်နှင့် တိုက်ဆိုင်ကြည့်
ရှုသောအခါ ရှေ့အက္ခရာ၄က/
×××××မှန်သော်လည်း နောက်မှ
နံပါတ်မှာ ရှေ့နောက်လွဲနေ
သည်ကို တွေ့လိုက်ရသည်။

"ဒီကကားဆရာ. . . ကား
ရှာချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုရဲအုပ်သိန်းဆန်းဦးမှ ဒိုင်ဟပ်စုကားအနီးသို့ ချဉ်းကပ်၍ ပြောလိုက်သည်။ထိုနောက် ဒုရဲအုပ်အေးလွင် ရောသိန်းဆန်းဦးပါ ကားရှေ့ခန်းပေါ်သို့တက်လိုက်သည်။

"ဆရာတို့. . ဘယ်သွားမှာလဲ. . ဘာတင်မှာလဲ"

"ဒေါပုံကိုမောင်းမယ်ကွာ . . တင်မှာက ဘိလပ်မြေအိတ်နှစ်ရာ"

"အော် . . ခင်ဗျားတို့က ကိုထိန်ဝင်းဆီကလား"

ယာဉ်မောင်းသူက ဒုရဲအုပ်အေးလွင်နှင့် သိန်းဆန်းဦးတို့ကို သေချာကြည့်၍မေးလိုက်သည်။

"မင်းကထိန်ဝင်းကိုသိလို့လား"

"သိတော့မသိဘူးဗျ. . ဟိုတစ်ခါ ကျွန်တော်တို့ ဒေါပုံမှာကိုထိန်ဝင်းဆိုတဲ့ လူငှားလို့ ဘိလပ်မြေအိတ်နှစ်ရာတင်ခဲ့ဘူးလို့ပါ"

"အေးဟုတ်ပါတယ်. . အဲဒါအမှန်ဘဲ. . အခုတို့လာတာအဲဒီကိစ္စပဲ. . တို့နှစ်ယောက်ကဒေါပုံရဲစခန်းက အရာရှိတွေပဲ။ဒေါပုံရဲစခန်းကိုမောင်းပါ"

ဒေါပုံရဲစခန်းအတွင်း ဒိုင်ဟပ်စုကားခေါင်းစိမ်းဝင်လာသည်ကို တပ်ဖွဲ့ဝင်များက တံခါးဖွင့်ပေးလိုက်သည်။စခန်းမှူးမောင်မောင်သန်းက ကျေနပ်အားရစွာ ကားလေးကိုကြည့်နေသည်။

"ဟုတ်တယ်. . ဟုတ်တယ်. . အဲဒီကားပါပဲ"

စခန်းတွင်ရောက်ရှိနေသူ မန်နေဂျာကိုတင်ဆန်းက လှမ်းပြောလိုက်သည်။ကားအားစခန်းရှေ့ကွက်လပ်တွင်ရပ်၍ကားပေါ်မှ ဒုရဲအုပ်အေးလွင်နှင့် ဒုရဲအုပ်သိန်းဆန်းဦးတို့ဆင်းလာပြီးစခန်းမှူးအား အကျိုးအကြောင်းသတင်းပို့လိုက်သည်။

"အဲဒီနေ့က. . မောင်းတဲ့သူနဲ့ပါလာတဲ့ သူဟာလဲ သူတို့နှစ်ယောက်ပါပဲ"

မန်နေဂျာကိုတင်ဆန်းက ကားပေါ်မှဆင်းလာသူယာဉ်မောင်းနှင့်ယာဉ်လိုက်နှစ်ယောက်အား လှမ်းပြောလိုက်သည်။

"ကဲ သူတို့နှစ်ယောက်ကို နယ်ထိန်းရုံးခန်းထဲခေါ်ပြီးစစ်ကြည့်ပါဦး"

စခန်းမှူးကပြော၍ န[illegible] ထိန်းရုံးခန်းအတွင်းဝင်သွားသ[illegible] ဒုရဲအုပ်အေးလွင်နှင့်သိန်းဆ[illegible] တို့လည်း ယာဉ်မောင်းနှင့်ယ[illegible] လိုက်နှစ်ယောက်ကိုခေါ်[illegible] နောက်မှလိုက်သွားသည်။

"ကဲ. . ပြောပါဦး. . မ[illegible] တို့နဲ့ထိန်ဝင်းနဲ့ ဘယ်လို[illegible] သက်သလဲ. ."

"ကျွန်တော်တို့ ထိန်[illegible] ကိုအဲဒီတစ်ခါပဲ တွေ့ဖူးတာ[illegible]

"မသိပါဘူး"

"ကဲ. . အဲဒီနေ့ကအ[illegible] အပျက်ကိုအစအဆုံးပြောပြ[illegible] . . ဘိလပ်မြေအိတ်တွေဘယ်[illegible] ချတယ်. . ဆိုတာအထိပေါ့[illegible]

ဒုရဲအုပ်အေးလွင်က သွယ်[illegible] မနေတော့ပဲ တိုက်ရိုက်ဝင်[illegible] လိုက်သည်။

"အဲဒီနေ့က ကိုထိန်[illegible] ရောက်လာပြီး ကျွန်တော်တို့[illegible] ကျိုက္ကဆံလမ်းကနေပုဇွန်[illegible] ကို ဘိလပ်မြေအိတ်နှစ်ရာ[illegible] ဖို့ငှားပါတယ်. . ."

ရှစ်ထောင်နဲ့ ဈေးတည့်ပြီး [illegible] တော်တို့ကို အရင်လွှတ်ပါ[illegible] . . ကျွန်တော်တို့ရော[illegible] မကြာခင်မှာဘဲကိုထိန်ဝင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ဘီလပ်မြေအိတ်က
ဒါပုံမှာသယ်ရမှာမို့ ဈေးပြန်ညှိ
တယ်။ ကျွန်တော်တို့ကလည်း
ရီးက သိပ်ပြီးမကွာတာမို့ ဈေး
မယူတော့ဘဲ လိုက်ခဲ့ကြတယ်"

"ဒေါပုံမှာ ဘီလပ်မြေ
တင်ပြီးပုဇွန်တောင်ကကုမ္ပဏီမှာ
သွားချဖို့ပြောတယ်. . သူနောက်
ကလိုက်ခဲ့မယ်လို့ပြောတယ်
ကျွန်တော်တို့လည်းဆက်မောင်း
လာခဲ့ပြီး . . ပုဇွန်တောင်ကxx
ကုမ္ပဏီကို ရောက်လို့ဘီလပ်မြေ
ဘယ်မှာချရမလဲလို့မန်နေဂျာကို
သွားမေးတော့ မန်နေဂျာက
ဘာမှမသိဘဲ သူမမှာကြောင်းနဲ့
ကုမ္ပဏီမှာလဲ ဆောက်လုပ်ဆဲ
အဆောက်အဦမရှိကြောင်းပြော
တဲ့အတွက် ကျွန်တော်တို့လဲ ဒီ
ဘီလပ်မြေကို ဘယ်မှာချရမှန်း မ
သိဘဲခေါင်းရှုပ်နေတုန်း ကိုထိန်ဝင်း
ရောက်လာတယ်. . သူ ဖုန်း
ဆက်မေးကြည့်တော့ ဒီမှာမချရ
ဘဲ ကြည့်မြင်တိုင်မှာ ဆက်
မောင်းဖို့ ပြောပြီး သူစီးလာတဲ့
အငှား ကားကို ပြန်လွှတ်ပြီး
ကျွန်တော်တို့ကားပေါ်တက်
လာပါတယ်"

"သူစီးလာတာ. . မာစီဒီး
ကားအနက်မဟုတ်လား"

ဒုရဲအုပ်သိန်းဆန်းဦးကမေးလိုက်
သည်။ကိုတင်ဆန်း၏ တိုင်ချက်
နှင့် ထွက်ဆိုချက်တွင် ပထမ
မာစီဒီးကား အနက်ကို စီးလာ
ကြောင်းနှင့်ရွှေဂုံတိုင်တာဝါအနီး
ရောက်မှ ကား ပြောင်းသွား
ကြောင်း သိလို၍ ထောက်မေး
လိုက်ခြင်းဖြစ် သည်။

"ကြည့်မြင်တိုင်ကမ်းနား
လမ်းရောက်တော့ ဘီလပ်မြေ
ရောင်းတဲ့ဆိုင် တစ်ဆိုင်မှာချ
ပေးရပါတယ်. . ကျွန်တော်တို့ကို
ကားခ ၃၀၀၀/-ထပ်ပေးတယ်"

"အဲဒီ ဆိုင်နာမည်သိ
လား. . နေရာကောမှတ်မိသလား"

"ဆိုင်နာမည်ရေးထား
တာမတွေ့ပါဘူး. . နေရာကိုသိ

## ယမန်နေ့က ညဆိုင်ပိတ်သည်အထိ မလာပုံထောက်လျှင်ယနေ့သေချာလာမည်ဟု တွက်ထားကြသည် .... ငွေတစ်သိန်းဟူသောအသပြာသည်

"ဟုတ်ပါတယ်
ပထမကားငှားစဉ် ကတော့
မာစီဒီး အနက်ကိုစီးလာတာပါ
. . ပုဇွန်တောင်ကို လာတော့
အငှားကား တစ်စီး နဲ့ပါ။ နံပါတ်
ကိုတော့ မမှတ်မိတော့ပါဘူး"

"အင်း. . . ဟုတပြီ. .
ကဲဆက်ပြောပြပါအုံး"

ပါတယ်လိုက်ပြပါမယ်"

ဒုရဲအုပ်အေးလွင်နှင့်ဒုရဲအုပ်
သိန်းဆန်းဦးတို့အချိန်ဆိုင်းမနေ
တော့ဘဲ ကြည့်မြင်တိုင်ဘက် ခရီး
ဆက်ခဲ့ကြပြန်သည်။

"ဟိုမြင်နေရတဲ့ဆိုင်ပါပဲ
. . ဟိုနေ့ကဝယ်တဲ့သူကလည်း
အခုထိုင်နေတဲ့သူပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. ကျွန်တော်ပါပဲ"

"ဒါဆိုရင်ဘိလပ် မြေအိတ်တွေလာချပေးတဲ့ ကားက. ဟောဒီလူနှစ်ယောက်နဲ့ ဟိုရပ်ထားတဲ့ကား ဟုတ်ပါသလား"

"ဒါဆိုရင်အဲဒီ ကိုထိန်ဝင်းဆိုတဲ့ သူ့ကို သိပါသလား၊ အရင်ကရော လာရောင်းဘူးသလား"

"ကိုထိန်ဝင်း ဆိုတာတော့ ဘောင်ချာ ဖြတ်လို့ သူပြောပြလို့ နာမည်သိပါတယ်။ အရင် ကတစ်ခါမှ မမြင်ဘူးပါဘူး. . ဘယ်မှာနေတယ် ဆိုတာလဲ မသိပါဘူး. . အရင်ကလည်း တစ်ခါမှလာ မရောင်းဘူးပါဘူး"

"သူကဘယ်လို ပြောပြီးရောင်းခဲ့တာလဲ"

"သူက ကုမ္ပဏီရဲ့ ကွန်စထရပ်ရှင်းက ဘိလပ်မြေပိုနေလို့ ရောင်းကြောင်းပြော ပြီးရောင်းတာပါ"

"ဘိလပ်မြေအိတ်ကိုဘယ်ဈေးနဲ့ ရောင်းသွားတာလဲ"

"တစ်အိတ်ကို နှစ်ထောင့်ငါးရာဈေးနဲ့ပါ. . ငွေကိုတောင် အကျေမယူသွားသေးဘူး. . တစ်သိန်းကျန်သေးတယ်"

"ဘာ. . ဘယ်လို"

ဆိုင်ရှင်၏ ပြောစကားကြောင့် ဒုရဲအုပ်အေးလွင်မှာ အံ့ဩသွားလျက်ထပ်မေးလိုက်သည်။

"ဟုတ်တယ်. . အဲဒီနေ့က ဆိုင်မှာ ငွေလေးသိန်းပဲရှိတာနဲ့ ကျွန်တော်ကအိမ်ပြန်ယူခိုင်းမယ်လုပ်တော့. . ကိစ္စမရှိပါဘူး နောက်နေ့မှလာယူမယ်လို့ ပြော ပြီးထွက်သွားပါတယ်"

ကြည့်မြင်တိုင် ကမ်းနား လမ်းသည် ရေပြင်မှ တိုက်ခတ်လာသော လေအေးကြောင့် အေးမြလျက်ရှိ သည်။လက်ရှိအ ခြေအနေမှာ ပတ်ဝန်းကျင်တစ် လုံးတိတ်ဆိတ်ငြိမ်သက်လျက် သည်။ နံနက် ၇ နာရီခန့်အချိန် ၏ နေသည် နေ့ကို အားယူလျ ပူလောင်သည်အထိ အပူမပြင်း သေးပေ။ ကမ်းနားလမ်းတစ်ဝိုက် ရှိ လက်ဖက်ရည်ဆိုင်များတွင် လူများစည်ကားနေပေပြီ။

ဒုရဲအုပ်အေးလွင်နှ ဒုရဲအုပ်သိန်းဆန်းဦးတို့နှစ်ယော လက်ဖက်ရည်ဆိုင်ရှိ အပြင်ဖ





www.burmeseclassic.com

www.burmeseclassic.com



းပွဲတစ်ခုတွင် ထိုင်ရင်းလက်
က်ရည်သောက်ရင်းတစ်ဖက်ရှိ
လပ်မြေအိတ် အရောင်းဆိုင်
းဖက်သို့ မကြာခဏအကဲ
တ်နေသည်။ယမန်နေ့ည(၈)
ရီမှငင်းတို့နှစ်ယောက်ဤဆိုင်
န်ထွက်လာခဲ့ခြင်း ဖြစ်သည်။
ထိန်ဝင်းဆိုသူ ယမန်နေ့က ည
င်ပိတ်သည်အထိ မလာပုံ
ာက်လျှင် ယနေ့သေချာလာ
ည်ဟု တွက်ထားကြသည်။ငွေ
စ်သိန်းဟူသောအသပြာသည်
ကိုလာအောင်မျှားခေါ်နိုင်သည်
ယူဆထားကြသည်။

ဆိုင်ရှင်နှင့်လည်း အ
က်အသွယ် လုပ်ထားသည်။
နေ့ငင်းဆိုင်သို့ လုံးဝမသွား
တယ်၍ရောက်လာပါက စား
င်ထားသော ပန်အိုးအား ယူ
နောက်ဖက်ရှိခုံတွင်ပြောင်းတင်
တ်ရန်ဖြစ်သည်။စားပွဲပေါ်
ပန်းအိုးမရှိသည်နှင့် ထိန်ဝင်း
ရောက်ပြီဟုသိနိုင်အောင်ဖြစ်
ည်။

နံနက်(၁၀)နာရီကျော်
ာ်အချိန်တွင် ဆိုင်ရှေ့သို့
ားကားတစ်စီးရောက်လာပြီး
းပေါ်မှ လူတစ်ဦးဆင်းလာ

သည်ကော်လာကတုံး၊အင်းလေး
လုံချည်နှင့်ဖြစ်သည်။ဒုရဲအုပ်
အေးလွင်နှင့်သိန်းဆန်းဦးတို့က
ထိန်ဝင်းကို မမြင်ဘူးသော်လည်း
ထိန်ဝင်းမှာ ဘောင်းဘီဝတ်လေ့
ရှိသူဟု ထင်ထားသဖြင့် ဂရုစိုက်
၍မကြည့်တော့။

"ဟော. . ပန်းအိုးမရှိ
တော့ဘူးဟေ့"

ဒုရဲအုပ်အေးလွင်နှင့်ဒုရဲ
အုပ်သိန်းဆန်းဦးတို့ လက်ဖက်
ရည်ဆိုင်မှ အမြန်ထ၍ တစ်ဖက်
ဆိုင်သို့မပြေးရုံတစ်မယ်သွားကြ
သည်။

"ကဲ. . . ကိုထိန်ဝင်းပိုက်
ဆံတွေ သေချာရေကြည့်ပါဦး"

ဒုရဲအုပ်အေးလွင်နှင့်ဒုရဲ
အုပ်သိန်းဆန်းဦးတို့ ဆိုင်ရှေ့
ရောက်လျှင် ဆိုင်ရှင်က သူတို့
သိအောင် ကိုထိန်ဝင်းဆိုသူအား
ပြောသလိုနှင့် ဒုရဲအုပ်အေးလွင်
တို့သိအောင် အသံကျယ်ကျယ်
နှင့်ပြောလိုက်သည်။

"အော်. . ဘိလပ်မြေလို
ချင်လို့လား"

ဆိုင်ထဲသို့ဝင်လာသော
ဒုရဲအုပ်အေးလွင်နှင့် ဒုရဲအုပ်
သိန်းဆန်းဦးတို့အား ဆိုင်ရှင်က

လှမ်းပြောလိုက်သည်။ထိန်ဝင်း
မှာ စားပွဲရှေ့ ကုလားထိုင်တွင်
ထိုင်ရင်း ပိုက်ဆံများကို ငုံ့၍
ရေတွက်နေသည်။

"ကိုထိန်ဝင်း. . နေကောင်း
တယ်နော်"

ဒုရဲအုပ်သိန်းဆန်းဦးက
ရုတ်တရက်လှမ်းပြောလိုက်သည်။

"ဗျာ. . ခင်ဗျားတို့က
ကျုပ်ကိုသိတယ်. . ခင်ဗျားတို့က
ဘယ်ကလဲ"

ထိန်ဝင်းမှာအံ့ဩသွားပြီး
ရုတ်တရက်ခေါင်းမော့ကြည့်လိုက်
သည်။

"သိတာပေါ့. . မင်းကတို့
ကိုမသိတာပါ. . . တို့က. . ဒေါ်ပုံ
ကပါ"

"ဗျာ"

"အေး ဟုတ်တယ်. .
ဒေါ်ပုံရဲတပ်ဖွဲ့စခန်းကအရာရှိ
တွေပဲ"

ဒုရဲအုပ်အေးလွင်ကပြော
ပြောဆိုဆို ထိန်ဝင်းအား လက်
ထိပ်ခတ်လိုက်လေသည်။

မောင်သက်နှင်း(မ/ဥ)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြာ ညအမှောင်ထဲမှအနီရောင်မီးကလေး တစ်လက်လက်အချက်ပြပြီး အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးစဉ်UB22လေယာဉ်သည် မင်္ဂလာဒုံလေယာဉ်ကွင်းထဲသို့ နိမ့်ဆင်းလာသည်။ လေယာဉ်ဘီးများပြေးလမ်းပေါ်ပြင်သာစွာ ကျဆင်းလာပြီး အရှိန်ဖြင့် ပြေးလာသော လေယာဉ်ကြီးသည် အရှိန်လျော့ကာ ရပ်သွားသည်။

ခရီးစဉ်ပါ ဧည့်သည်များကို လာကြိုသူများ လေဆိပ်အတွင်း လှုပ်ရှားသွားကြသည်။

ခရီးသွားလုပ်ငန်း၏ မန်နေဂျာတစ်ဦး ဖြစ်သူ ကိုမင်းမောင်သည် သူ၏ မတ်တူးကားပေါ်တွင်ထိုင်လျက် အေးအေးဆေးဆေးပင် လေဆိပ်ဂိတ်ပေါက်ကို ကြည့်နေသည်။ လေဆိပ်ထဲတွင် လူများများပန်းခပ်ရှုပ်ထွေးလာပြီးနောက် အချို့ဂိတ်ပေါက်မှ ထွက်လာကြသည်ကိုတွေ့ရ၏။

ခဏအတွင်း . . .

သူ့မိတ်ဆွေ ကိုလွင်နှင့် နိုင်ငံခြားသားလူမည်းအမျိုးသား နှစ်ဦး ကားနားသို့ ရောက်လာသည်။ထိုနိုင်ငံခြားသားများမှ အာဖရိကနိုင်ငံ တစ်နိုင်နိုင်ငံမှ ဖြစ်ဟန်တူသည်။ တစ်ဦးမှာ အသက် (၂၉)နှစ်ခန့်ရှိ အရပ်အမောင်းကောင်းကောင်း၊ဗလကောင်းကောင်းဖြစ်ပြီး နောက်တစ်ဦးမှာလည်း ပထမတစ်ယောက်နှင့် မတိမ်းမယိမ်းဖြစ်သည်။အသက်မှာမူ (၂၃/၂၄) နှစ်ခန့်သာရှိသည်။

ကိုလွင်မှာ သူတို့လုပ်ငန်းမှ နိုင်ငံခြားဧည့်သည် ကြိုဆိုစည်းရုံးရေးတာဝန်ရှိသူတစ်ဦးဖြစ်သည်။

ကိုလွင်က. .

"သူတို့ကို တည်းခိုခန်းတစ်ခုခုကို ပို့ရမယ်" ဟုပြောသည်။ကိုမင်းမောင်က ခေါင်းညိတ်လိုက်ပြီး

"အိုကေ. . ကားပေါ်တက်" ဟု ဆိုလိုက်သည်။ ကိုလွင်က နိုင်ငံခြားသား လူမည်းနှစ်ဦးကို ကားနောက်ဘက်တံခါးဖွင့်ပေးပြီး တက်ရန် ညွှန်ပြပြောဆိုသည်။၎င်းတို့၏အိတ်များကို ကားနောက်ဘက်အဖုံးထဲသို့ကိုလွင်ကသွား၍ထည့်သည်။

ကားထွက်လာသောအခါ. .

"မိတ်ဆွေတို့က ဘယ်နိုင်ငံက လာတာလဲ" ဟု ကိုမင်းမောင်က စကားစလိုက်သည်။ အင်္ဂလိပ်စကားကို ရေလည်စွာပြောနိုင်သော ကိုမင်းမောင်ကို ထိုနိုင်ငံခြားသားများက အထင်ကြီးစွာ လှမ်းကြည့်ပြီး တစ်ယောက်က

"ကင်မရွန်းက လာတာ" ဟုဖြေသည်။

"အလည်ပဲပေါ့"

"ဟုတ်ပါတယ်. . ."

ကိုမင်းမောင်က ကားကို ကျင်လည်စွာမောင်းရင်း နောက်ဘက်ခန်းမှ တစ်ဆင့် မသိမသာအကဲခတ်ကြည့်၏။ လူမည်းများမှာ လူရွယ်များဖြစ်ပြီးအဆင့်အတန်းမြင့်သော ပုံပန်းလက္ခဏာမရှိ၊ချမ်းသာကြွယ်ဝသော သူဌေးသားများ၏ ဟန်ပန်မတွေ့ရ။

လူမည်းနှစ်ဦးကမူ ကားလမ်းဘေးတစ်ဘက်တစ်ချက်ဆီသို့ ငေးရင်းပါလာကြသည်။ တစ်ခါတစ်ရံ သူတို့နှစ်ဦးချင်းသာ နားလည်မည့် သူတို့ဘာသာ စကားများဖြင့် ပြောကြ

www.burmeseclassic.com



သည်။

ကိုမင်းမောင်သည် ကားကလေးကို **MOTHER LAND** ဟိုတယ်တွင်းသို့ ချိုးကွေ့ဝင်လိုက်သည်။

ဟိုတယ်ဧည့်ကြိုဌာနမှ တာဝန်ရှိသူများကို အကျိုးအကြောင်း ပြောပြပြီး အခန်းများကို ပြသပေးရန် မေတ္တာရပ်ခံလိုက်သည်။ ဧည့်ကြိုမန်နေဂျာက အခန်းများကို လိုက်လံပြသရာ လူမည်းနှစ်ဦးက နှစ်သက်လေဟန်မရှိကြောင်းတွေ့ရသည်။

"အခန်းထဲမှာ တယ်လီဖုန်း လည်းမရှိဘူး၊ အနေအထားလည်း မကြိုက်ဘူး၊တခြား ဒီထက်ကောင်းတဲ့ ဟိုတယ်ကို ပို့ပေးပါလား"

လူမည်းတစ်ဦးက ပြောသည်။

"ဒီထက်ကောင်းတဲ့ ဟိုတယ်တွေရှိပါတယ်၊ ဒါပေမယ့် ဈေးတော့ ပိုကြီးမယ်၊ တည်းခိုခန်းခ ၃၅ ဒေါ်လာဝန်းကျင်ရှိမယ်"

ကိုမင်းမောင်က ဖြေလိုက်သည်။

"ကိစ္စမရှိဘူး၊ ရပါတယ် အဲဒီကိုပဲ ပို့ပေးပါ"

သို့ဖြင့် ကိုမင်းမော[င်] နှင့် ကိုလွင်သည် လူမည်းနိုင်[ငံ] ခြားသားနှစ်ဦးအား **MOTHER LAND** မှ ပြန်ခေါ်လာ[ပြီး] **ACADEMY** ဟိုတယ်သို[့] ပို့ပေးလိုက်သည်။

"ဘယ်လိုလဲ. . . သဘော[ကျ]ကျလား"

"ကျပါတယ်"

တည်းခိုခန်း က တ[စ်] ရက် လျှင် ၃၀ ဒေါ်လာ [...] ၃ရက်စာ ကြိုတင်ပေးချေ[...] ပစ္စည်းများကို သူတို့နေရာ[...]



ယွန်းဘီထံမှသိမ်းဆည်းရမိသောပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



အခန်းကို သယ်ယူသွားကြသည်။

"ကျွန်တော်တို့ကို ခဏစောင့်ပါ၊ ပြီးရင် မြို့ထဲကို လိုက်ပြပါ"

လူမည်းတစ်ဦးက ကိုမင်းမောင်ကို ပြောသည်။ ထိုသူ၏စကားအရကိုမင်းမောင်နှင့် ကိုလွင်တို့ နှစ်ယောက်သည် ဧည့်ခန်းမှာ ထိုင်စောင့်နေရသည်။ခဏကြာလျှင် ထိုလူမည်းနှစ်ဦး ပြန်ဆင်းလာသည်။

တစ်ယောက်က ကောင်တာရှိ တယ်လီဖုန်းမှ ဖုန်းဆက်ရန် ကြိုးစားရာ ကိုမင်းမောင်က ကူညီပြီး ဖုန်းကို ခေါ်ပေးရသည်။ သူတို့ဆက်သောဖုန်းမှာ DECEMBER ဟိုတယ်ရှိ အခန်းတစ်ခန်းသို့ဖြစ်သည်။ သို့သော် ဖုန်းကိုင်မည့်သူမရှိ။

"သွားကြရအောင်"

ကိုမင်းမောင်က ကားဖြင့် ထိုလူမည်းနှစ်ဦးအား သိမ်ကြီးဈေးရှိ စားသောက်ဆိုင်နှင့် ကာရာအိုကေခန်းမသို့ ပို့ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် . . ရှော့ခင်ဗျားတို့ ကားခ" တစ်ယောက်က ကားခကို ထုတ်ပေးသည်။

"ကျွန်တော့်နာမည်က မိုက်ကယ်ယွန်ဘီ၊သူက ဘာဘိုအူလင်၊ ခင်ဗျားတို့နာမည်က. ."

"ကျွန်တော်က မင်းမောင်ပါ၊ သူက ကိုလွင်ပါ"

"ကိုမင်းမောင်. . မနက်ဖြန်နေ့လည် ၁၂ နာရီလောက် ကျွန်တော်တို့ ဟိုတယ်ကို လာခဲ့ပေးပါလား . . . . ."

"ကောင်းပါပြီ . ."

ကိုမင်းမောင် ကားကို ပြန်မောင်း၍ထွက်လာခဲ့သည်၊ ဘေးတွင်ပါလာသူကိုလွင်က. "ဒီကောင်တွေကြည့်ရတာ သူဌေးရုပ်တော့ မပေါက်ဘူး၊ ငရှုပ်ရုပ်တွေပဲ ပေါက်တယ်" ဟုဝေဖန်သည်။ ကိုမင်းမောင်က ပြုံးသည်။

"ကျွန်တော်တို့ဆီကိုလာလည်ကြတဲ့ နိုင်ငံခြားသားတိုင်းဟာ ချမ်းသာကြွယ်ဝလို့ ကမ္ဘာလှည့်ပြီး ဒေသန္တရဗဟုသုတ ရှာကြတယ် မထင်နဲ့လေဗျာ၊ အကြောင်းအမျိုးမျိုးနဲ့ လာကြတာပဲ၊အခု ကပ္ပလီနှစ်ယောက်လည်း ဘာအကြောင်းရှိမလဲ မသိဘူး၊တစ်ခုခုတော့ တစ်ခုခုပဲ. ."

ကိုမင်းမောင် စကားထဲမှပင် နောက်ဖြစ်လာမည့် အကြောင်းကို စွမျးအတွက် သံသယပါနေကြောင်း သူ့ဘာသာ သတိပြုလိုက်မိသည်။

xxxxxxx

နောက်တစ်နေ့ နေ့လည်တွင် ကိုမင်းမောင်နှင့် အတူ ဝန်ထမ်းတစ်ဦးဖြစ်သူ မောင်ပိုင်တို့ ACADEMY ဟိုတယ်သို့ ရောက်သွားသည်။ တစ်နာရီခန့်ကြာမှ လူမည်းနှစ်ဦး ဆင်းလာသည်။

"ယူနီဆက်ကို သွားချင်တယ်"

မိုက်ကယ်ယွန်ဘီက ပြောသည်။

"ဟုတ်ကဲ့ ပို့ပေးပါမယ်"

ကားနှင့်ထွက်လာပြီး လမ်းရောက်တော့မှ. .

"ဟာ. . ဟိုတယ်မှာ လိပ်စာကတ်တွေ ကျန်နေပြီ၊ ဟိုတယ်ကိုပဲ ပြန်ပို့ပေးပါ"


"ကဲ. . ဒါဆို မောင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com





ရေ. . မင်းပဲ ဒီနေ့ သူတို့ခရီး စဉ်ကို လိုက်ပို့ပေးလိုက်ပါ၊ ငါ. . ပြန်မယ်"

ကိုမင်းမောင်က မောင်ပိုင်ကိုတာဝန်လွှဲပေးပြီး MOTHER LAND INN သို့ မောင်းကာ ဆင်းနေခဲ့သည်။ အရပ်ပုပုနှင့်လူမည်း ဘာဘို အူလင်က

"ညကျရင် ခင်ဗျားနဲ့ တွေ့ချင်တယ်"

"ဟုတ်ကဲ့. . ရပါတယ်"

သူတို့မှာ ရည်ရွယ်ချက် တစ်ခုရှိနေကြောင်းကိုမင်းမောင် သတိပြုလိုက်မိသည်။

သူတို့ ကားနှင့်ထွက် သွားကြသည်။

ည ဆယ်နာရီခွဲခန့်တွင် သူတို့၏ ခရီးသွားလုပ်ငန်းမှ ကားဖြင့်ပင် ဘာဘိုအူလင် ရောက်လာသည်။

"ကျွန်တော်တို့ဟိုတယ်ကို ခဏလောက်လိုက်ခဲ့ပါ၊ ခင်ဗျားနဲ့ ပြောစရာတိုင်ပင်စရာ လေးရှိလို့"

ကိုမင်းမောင်က ဘာဘိုအူလင်၏ မျက်နှာကို အကဲခတ်လိုက်သည်။

"ကောင်းပြီလေ . . လိုက်ခဲ့ပါ့မယ်"

ကိုမင်းမောင်က အဖော်အဖြစ် ကိုလွင်ကိုခေါ်ပြီး ACADEMYဟိုတယ်သို့လိုက် သွားသည်။ဟိုတယ်သို့ရောက် သောအခါ. .

"အဲဒီမှာ ခဏလေး စောင့်နေ"ဟု သူတို့ကို ဧည့်ခန်း မှာထိုင်နေစေပြီး ဘာဘိုအူလင် အပေါ်သို့ တက်သွား သည်။ ဆယ်ငါးမိနစ်ခန့် ကြာမှ ပြန် ဆင်းလာသည်။

"ကျွန်တော်တို့ အခန်း ကိုလိုက်ခဲ့ပါ. . "

ကိုမင်းမောင်တို့နှစ် ယောက် ဘာဘိုအူလင်နှင့်အ တူ လိုက်သွားသည်။အခန်းအ မှတ် ၁၀၇ ဖြစ်သည်။အခန်း မှ ယွန်ဘီရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ နေရာယူထိုင်ကြပြီးပြီးချင်းဘာဘိုအူလင်က

"ကျွန်တော်တို့က ခင်ဗျားနဲ့ အတူ စီးပွားရေးလုပ်ချင်တယ်" ဟုပြောသည်။

ကိုမင်းမောင် ကြောင်သွားသည်။ရုတ်တရက် နားမလည်။ဘာစီးပွားရေးလဲ၊ ဘာလုပ်မှာလဲ၊ ကိုမင်းမောင် အဖြေပြန်မပေးနိုင်မီ..

"ကျွန်တော်တို့ ဘာစီးပွားရေးလုပ်တယ်လို့ ခင်ဗျားထင်လဲ" ဟု ဘာဘိုအူလင်က ထပ်မေးသည်။

"မသိဘူးလေဗျာ.."

ယွန်ဘီက ဝင်၍

"ကျွန်တော်တို့က ဒေါ်လာနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်တာ"ဟုဝင်ပြောသည်။ ကိုမင်းမောင်ရောကိုလွင်ပါ စိတ်ဝင်စားသွားကြသည်။

"ဒေါ်လာ အရောင်းအဝယ်လား"

"မဟုတ်ဘူး..ဒေါ်လာအတုတွေ လုပ်တာ"

'ဒေါ်လာအတုဟုတ်လား'

"ဟုတ်တယ်..အစစ်ကိုပွားယူတာ၊အစစ်တစ်ရွက်ကို အတုနှစ်ရွက်ရမယ်၊ အဲဒီအတုက အသုံးခံရမယ်၊အစစ်နဲ့ခွဲမရအောင် တူရမယ်၊ကြိုက်တဲ့နေရာမှ သုံးကြည့်ပြဿနာ မရှိစေရဘူး.."

ကိုမင်းမောင်နှင့်ကိုလွင် ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်နေမိကြသည်။

" ခင်ဗျားတို့ကို ကျွန်တော် နမူနာတစ်ခုလုပ်ပြမယ်"

ဘာဘိုအူလင်က ပြောပြောဆိုဆို ထိုင်ရာမှထကာ ခြေရင်းရှိ ဘီရိုပေါ်မှ စာအိတ်ဖြူကြီးတစ်လုံးကို ယူလိုက်သည်။ ထို့နောက် စာအိတ်ကိုဖွင့်ပြီး စာအိတ်ထဲမှ ဒေါ်လာငွေစက္ကူအရွယ်ဖြတ်ထားသော စက္ကူဖြူနှစ်ရွက်ကို ထုတ်ယူလိုက်သည်။ ထိုစက္ကူများမှ စူးရှသော အနံ့များကို ကိုမင်းမောင်ရလိုက်သည်။ပေါင်ဒါမှုန့် ဖြူဖြူများကိုလည်း တွေ့ရသည်။

ထိုစက္ကူဖြူနှစ်ရွက်ကို အနီးရှိစားပွဲငယ်ပေါ်တင်လိုက်ကာ ဘာဘိုအူလင်က "ကိုင်ကြည့်လေ"ဟုပြောသည်။

ကိုမင်းမောင်က ကိုင်ကြည့်ရန် လက်လှမ်းလိုက်ရာ "နေဦး.. လက်ကိုပေါင်ဒါမှုန့်လိမ်းပြီးမှ ကိုင်ပါ" ဟု ဘာဘိုအူလင်က သတိပေးသည်။

စက္ကူအိတ်ထဲတွင် ပေါင်ဒါမှုန့်များကို ထုတ်ပြီး စက္ကူများကို ကိုင်ကြည့်ရာ ဒေါ်လာ စက္ကူကဲ့သို့ စက္ကူသားများ ဖြစ်ကြောင်းတွေ့ရ၏။

"ခင်ဗျားမှာ ဒေါ်လာပါလား"

"မပါဘူး.. F.E.Cပဲပါတယ်"

"ကဲ..ပေး..အဲဒါကို ဒေါ်လာလဲပြီး ကျွန်တော်လုပ်ပြမယ်"

ကိုမင်းမောင်ကF.E.C တစ်ဆယ်ကို ထုတ်ပေးရာ ဘာဘိုအူလင်က ယူပြီး အခန်းပြင် ထွက်သွားသည်။ ကိုမင်းမောင်နှင့် ကိုလွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကျန်ခဲ့သည်။

ယွန်ဘီက..

"အစစ်ကို အတုနှစ်ရွက် လုပ်လို့ရတဲ့ စက္ကူတွေ ကျွန်တော်တို့မှာ အများကြီးရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ခေါင်ဗျားတို့နဲ့ အဆင်ပြေရင် ပူးပေါင်းလုပ်ချင်တယ်"ဟု ဆိုသည်။ ကိုမင်းမောင်နှင့် ကိုလွင် ဘာမှပြန်မပြောနိုင်သေး။

ထိုစဉ် ဘဘိုအူလင် ပြန်ဝင်လာသည်။

"အဲဒါ ဒေါ်လာ အစစ်နော်"

သူလဲလှယ်လာသော ဒေါ်လာ၁၀တန်ကိုကိုမင်းမောင်ကိုပြသည်။ ကိုမင်းမောင်က ယူပြီးကိုင်ကြည့်ရာ အစစ်ဖြစ်ကြောင်းသိရ၏။

ဘဘိုအူလင်သည် ကိုမင်းမောင်လက်ထဲမှဒေါ်လာ ၁၀တန်ကို ပြန်ယူပြီး စောစောက ငွေစက္ကူဖြူနှစ်ရွက်ဘေးသို့ညှပ်လိုက်သည်။ထို့နောက် စားပွဲပေါ်ရှိ ပလပ်စတစ် ဗူးငယ်ထဲရှိ အရည်တစ်ချို့ကို ဂွမ်းစဖြင့် ထိုအရည်ကို ဆွတ်ပြီးနောက် စက္ကူဖြူပေါ်တွင် သုတ်လိမ်းလိုက်ရာ အဖြူရောင်စက္ကူသည် အမည်းရောင်အဖြစ် ပြောင်းသွားတော့သည်။

ထို့နောက် ငွေစက္ကူဖြူကို ခွာလှန်ပြီး အတွင်းမှ ဒေါ်လာစက္ကူအစစ်ကို လည်း ယင်းနီညိုရောင်ဖြင့် သုတ်လိုက်ပြန်သည်။အားလုံး သုတ်လိမ်းပြီးသောအခါ ဒေါ်လာငွေစက္ကူကို အမည်းရောင်ပြောင်းသွားသော စက္ကူနှစ်ရွက်ဖြင့် ပြန်ကပ်လိုက်သည်။ထို့နောက် ယင်းစက္ကူထပ်အား စောစောက စက္ကူဖြူနှစ်ရွက်ထုတ်ယူခဲ့သော အိတ်အတွင်းသို့ ထည့်လိုက်ပြီး ခေါက်ချိုး ချိုးလိုက်သည်။

" ကဲ . . ဒါဆို ခြေထောက်နဲ့ ခဏနင်းပေးထားပါ"

ဘဘိုအူလင်က ပြောသဖြင့် ကိုလွင်က သူ၏ခြေထောက်ဖြင့် ယင်းစာအိတ်ကို နင်းထားလိုက်သည်။

"ဘယ်လောက်ကြာကြာ နင်းထားရမှာလဲ"

"ငါးမိနစ်လောက်ပါ"

အမှန်ပင်၊ ငါးမိနစ်ခန့် အကြာတွင် ဘဘိုအူလင်က စက္ကူအိတ်ကို ပြန်ယူပြီး အိတ်ထဲမှ ငွေစက္ကူနှင့် စက္ကူနှစ်ရွက်ကို အဖြူရောင်ပေါင်ဒါမှုန့်များ ထည့်ထားသော အိတ်အတွင်းသို့ ထည့်၍ နှံ့စပ်အောင် သုတ်လိမ်းသည်။၅မိနစ်ခန့်ကြာလျှင် ထိုအိတ်အတွင်းမှ စက္ကူများကို ပြန်ထုတ်ပြီး စက္ကူမည်းနှစ်ရွက်ကြားတွင် ညှပ်ထားသည့် ၁၀ ဒေါ်လာ ငွေစက္ကူကို ထုတ်ယူ၍ ကိုမင်းမောင်အား ပြန်ပေးသည်။

စက္ကူအိတ်ကို ကိုလွင် နင်းထားစဉ်က ဘဘိုအူလင်သည် ရေချိုးခန်းမှ ဖိုင်ဘာဖန်ခွက်တစ်လုံးကို သွားယူထားခဲ့ရာ ထိုဖိုင်ဘာခွက်တွင် ရေထည့်ပြီး ထိုရေထဲသို့ ဆပ်ပြာမှုန့်နှင့်တူပြီး အစိမ်းရောင်အမှုန့် အနည်းငယ် ရောနေသည့် အဖြူမှုန့်များကို ဘူးအစိမ်းတစ်ခုထဲမှ ထုတ်ယူ လောင်းထည့်လိုက်သည်။ပြီးလက်နှင့်မွှေလိုက်သည်။

ခဏနေလျှင် ထိုဖိုင်ဘာခွက်ထဲ သို့အနီးရှိ ဘူးအဖြူလေးထဲမှ အရောင်ကြည်နေသည့် ရေအနည်းငယ် ထပ်၍ထည့်ကာ မွှေပေးပြန်ပါသည်။ ထိုအရည်ထဲသို့ အမည်းရောင်စက္ကူနှစ်ချပ်ကပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျူထပ်ကို ထည့်လိုက်ပါ သည်။

ကိုမင်းမောင်က သူ၏ သက်ထဲမှ ဒေါ်လာငွေစက္ကူ ၁၀ ာန်ကို ကြည့်ရာ အစိမ်းရောင် န့်ဖန့် ပြောင်းနေသဖြင့် မီး ရောင်တွင် ထောင်ကြည့်ရာ ဘာဘိုအူလင်က. . .

"ခင်ဗျား ဒေါ်လာငွေ ကျူ အရောင်ပြောင်းသွားတာ ကျွတ်မှာ စိုးလို့လား"ဟု မေး သည်။ကိုမင်းမောင် ခေါင်းညိတ် တော့ ဘာဘိုအူလင်က ယူပြီး ငွေစက္ကူကို စားပွဲပေါ်တင်ကာ လတ်စတစ်ဘူးထဲမှ အရည် ကြည်အစက် အချို့ကို ချ၍ လက်နှင့် ပွတ်ပြသည်။ ဒေါ်လာငွေစက္ကူမှာ အစိမ်းရောင် ပျောက်သွားပြီး မူလငွေစက္ကူ အရောင် ပြန်ပေါ်လာတော့ သည်။

ထို ဒေါ်လာငွေစက္ကူကို ပါ ဖန်ခွက်ထဲသို့ ထည့်လိုက် သည်။ခဏအကြာတွင် ဖိုင်ဘာ ခွက်ထဲ၌ စိမ်ထားသောအမည်း ရောင်စက္ကူနှစ်ချပ်ကို ထုတ်ယူ လိုက်ရာ ၁၀ ဒေါ်လာစက္ကူသုံး ရွက်ဖြစ်သွားသည်ကို တွေ့ လိုက်ရ၏။ကိုမင်းမောင်နှင့် ကိုလွင်တို့ အံ့အားသင့်သွားကြ သည်။ ငွေစက္ကူများကို ဘာဘိုအူလင်က ကိုမင်းမောင် အား လှမ်းပေးပြီး

"နည်းနည်း ချွဲချွဲကျိကျိ နေတာတွေကို ရေနဲ့ဆေးလိုက် ဗျာ"ဟုပြောသည်။ကိုမင်းမောင် က ၎င်းပြောသည့်အတိုင်း ရေ နှင့်ဆေးလိုက်ရာ ချွဲကျိကျိအ နေအထားများပြောင်းပြီး ၁၀ ဒေါ်လာငွေစက္ကူအစစ်သဏ္ဍာန် ပေါ်လာတော့သည်။

၎င်းငွေစက္ကူများကို ဘာဘိုအူလင်က အိပ်ရာခင်း ပေါ်တင်၍ မျက်နှာသုတ်ပုဝါ ဖြင့်ဖုံးကာ မီးပြင်းဖြင့် တိုက်၍ ခြောက်သွေ့စေသည်။ပြီးလျှင် ငွေစက္ကူများကို ကိုမင်းမောင် အားလှမ်းပေးလိုက်သည်။



လုံဂျီတနော်ဂန်အခန်းမှ သိမ်းဆည်းရမိသောပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ခင်ဗျား ပေးတဲ့ ငွေစက္ကူကဘယ်ဟာလဲ"

ကိုမင်းမောင်က ငွေစက္ကူထောင့်တွင် အမည်းစက်ကလေးပါသော မူလငွေစက္ကူကို ရွေးပြလိုက်သည်။

"ဒါတွေဟာ အခုလုပ်တဲ့ ငွေစက္ကူနှစ်ရွက်ပဲ၊ ရော့. . ခင်ဗျားတို့ တစ်ရွက်ယူသွားပြီး သုံးကြည့်ပါ၊ ကျွန်တော်တို့က တစ်ရွက်ယူမယ်"

ငွေစက္ကူတစ်ရွက်ကို လှမ်းပေးသဖြင့် ကိုမင်းမောင် လှမ်းယူလိုက်သည်။တစ်ချိန်လုံး ငြိမ်နေသည့် ယွန်ဘီက. . .

"အဲဒါ လက်တွေ့ပြတာပဲ၊ဒီစာရွက်တွေက တကယ်တော့ နဂ္ဂတစ်ဖလင်သဘောမျိုးတွေပါ၊ဒါတွေကို အမေရိကန်အစိုးရကိုယ်တိုင်က အခြားနိုင်ငံတွေကို သယ်ယူရာမှ သုံးနိုင်ဖို့ ဖန်တီးထားတာပါ၊ကျွန်တော်တို့မှာ အဲဒီလို စက္ကူမျိုး ၁ သန်း ရှိတယ်၊ဒေါ်လာ အစစ်ကို တစ်ကြိမ်အသုံးပြုပြီး အတုနှစ်ရွက် လုပ်လို့ရတယ်ဆိုတော့ အခု ကျွန်တော်တို့ဆီမှာရှိတဲ့ ရွက်ရေ တစ်သန်းက အတုနှစ်သန်းလုပ်လို့ရတယ်၊ခင်ဗျားတို့က အစစ် ၁ သန်းယူလာရင် အတု ၂သန်း လုပ်ပြီး ခင်ဗျားတို့က အစစ်နဲ့ အတု(၁)သန်းကိုယူ၊ ကျွန်တော် အတု (၁) သန်းကိုယူမယ်" ဟု ဝင်၍ပြောသည်။

ကိုမင်းမောင်က ခေါင်းခါပြီး

"ကျွန်တော်တို့မှာ အဲဒီ လောက်များတဲ့ငွေ ဘယ်ရှိမှာလဲ"

"ငွေရှိတဲ့လူကို ရှာပေါ့ဗျာ၊ ကျွန်တော်တို့က ခင်ဗျားကို ၁၀ % ပေးမယ်၊ အစစ်ပိုင်ရှင်ဆီကလည်း ၁၀% ယူပေါ့၊ မကောင်းဘူးလား"

ကိုမင်းမောင်က ကိုလွင်ကို လှည့်ကြည့်သည်။ ကိုလွင်ကလည်း သူ့ကို ပြန်ကြည့်နေသည်။

"ကောင်းပြီလေ. . အဆင်ပြေရင်ခင်ဗျားတို့နဲ့ ဆက်သွယ်မယ်"

xxxxxxx

ကပ္ပလီလူမည်းနှစ်ဦးက ဖုန်းဆက်ခေါ်သဖြင့် ကိုမင်းမောင်နှင့် ကိုလွင်တို့ အီကွေတိုယိုယား ဟိုတယ်အနီး ရှိ SNACK BAR သို့သွား ရောက်ပြီး ဘာဘိုအူလင်၊ ယွန်ဘီ တို့နှင့်တွေ့ရာ အခြား ကပ္ပလီ တစ်ဦးပါ ရှိနေသည်ကို တွေ့ရ သည်။

"ကျွန်တော် တို့တို EASTEN HOTEL ကိုလိုက်ပို့ ပေးပါ"

ယွန်ဘီကတောင်းဆိုသဖြင့် ကိုမင်းမောင်တို့က ၄င်းတို့အား EASTEN HOTELလိုက်ပို့ ရသည်။ဟိုတယ်သို့ ရောက် လျှင် နောက် တွေ့ရသော ...ညှိသည် ကပ္ပလီ က နေခဲ့ပြီး ယွန်ဘီနှင့် ဘာဘို အူလင် ... အားACADEMY ဟိုတယ်... ပြန်လည်ပို့ပေးရ ပြန်သည်။

ကားပေါ်တွင်"ကျွန်တော်... မှာဒေါ်လာ၁၀၀တန် တစ်ရွက် နဲ့၅၀ တန်တစ်ရွက်ရှိတယ်၊အဲဒါ ခင်ဗျားတို့ လုပ်ပေးလို့ရမလား" ဟု ကိုမင်းမောင်က ... လိုက်သည်။

ယွန်ဘီက ပြုံး၍. .

"ဆေးရည်တွေက ... ကြီးတယ်ဗျ၊ အခုလို မေတ္တာ... ချည်းတော့ လုပ်မပေးနိုင်ဘူး...



www.burmeseclassic.com

www.burmeseclassic.com





တန်ဘီချက်မှစတ္တုအမည်းရောင်ကတ်ပြားအရှည်များပြသစဉ်

"အလုပ်သဘော လုပ်ပေါ့ဗျာ"

"အလုပ်သဘောဆိုရင် ျားများယူလာခဲ့လေ၊ နည်း ည်းချင်း ခဏခဏလုပ်ပေးရ င် မကိုက်ဘူး၊ ခင်ဗျားရော ျွန်တော်တို့ရော အလုပ်ဖြစ် အာင် တစ်ခါတည်း များများ ားစား လုပ်နိုင်ရင် ပိုကောင်း ယ်၊ များများရအောင် ရှာခဲ့ လား. . ."

(၂)

ဝေါ. . .

မှုခင်းတပ်ဖွဲ့မှူးရုံး ခင်းစိန် C.I.D)အပေါ်တည့် ည့်မှ ခပ်နိမ့်နိမ့် ပျံသန်းသွားသည့် ပြည်ပခရီးစဉ်သွား ဘိုးအင်းဂျက်လေယာဉ်ပျံကြီး၏ ဆူညံသည့် အင်ဂျင်သံကြောင့် ပြောလက်စ စကားကိုတပ်ဖွဲ့မှူး ကခဏနားသည်။ထို့ နောက် ပြတင်းတံခါးမှ မြင်ရ သည့် ကောင်းကင်ပြာပြာကို လှမ်း ကြည့်သည်၊ အခြေအနေ ပြန် လည်တိတ်ဆိတ်သွားမှ ပြော လက်စ စကားကို ခဏနား သည်။ထို့နောက် ပြတင်းတံခါး မှ မြင်ရသည့် ကောင်းကင်ပြာ ပြာကို လှမ်းကြည့်သည်။အခြေ အနေ ပြန်လည်တိတ်ဆိတ်သွား မှ ပြောလက်စ စကားကိုဆက် သည်။

"အဲဒီဖြစ်စဉ်နဲ့ အတူတူပဲ အခြားဖြစ်စဉ်တစ်ခုလဲရှိ သေးတယ်၊ အခုဖြစ်စဉ်ထက် ရက်အနည်းငယ်စောတယ်၊အဖွဲ့ ကတော့ တစ်ဖွဲ့တည်းပဲ၊ ၃-၆-၉၇ နေ့လယ် ၁၁ နာရီခွဲခန့် အချိန် (UB 226)လေယာဉ်နဲ့ ကင်မရွန်းနိုင်ငံသား ကပ္ပလီနှစ် ဦး ရောက်လာတယ်၊သူတို့ နာမည်က မစ္စတာတန်ဘီချက် နဲ့ လုံဂျီတနော်ဂန်တို့ ဖြစ်တယ်၊ သူတို့ကို လေဆိပ်မှာ ဧည့်ကြို နှစ်ဦးက ကားနဲ့ Beauty Land Hotel ကိုလိုက်ပို့ရတယ်၊ညကျ တော့ လာခဲ့ပါဦးဆိုတာနဲ့ ဧည့် ကြိုကိုအောင်က အဲဒီည ၈နာရီ

www.burmeseclassic.com



လောက်မှာ ဟိုတယ်ကိုသွား တယ်၊ တန်ဘီတို့က အခန်းထဲ ထိခေါ်ပြီး စကားပြောတယ်၊ ကိုအောင်ကို ရဲဘက်က ဟုတ် မဟုတ် သူတို့က စူးစမ်းသေး တယ်၊ အဲဒီနောက် စီးပွားရေး သမားတွေနဲ့ တွေ့ချင်တယ်လို့ စကားစတယ်၊ တစ်ဆက်တည်း မှာပဲမြန်မာပြည်မှာ ဒေါ်လာ အတုရှိမရှိလည်း မေးတယ်"

"ညဉ့်ကြို ကိုအောင်က နောက်တစ်နေ့ညနေမှာ သူတို့ ချိန်းထားတဲ့အတိုင်း ဟိုတယ်ကို သွားတော့ တန်ဘီက ဒေါ်လာ အတုတစ်ရွက် သူလုပ်ပြမယ် လို့ ပြောတယ်၊သူ့ဆီမှာရှိတဲ့ ဒေါ်လာအစစ် ၁၀တန်တစ်ရွက် ပြပြီး အဲဒီကနေ အတုနှစ်ရွက် ပွားပြမယ်လို့ ပြောတယ်၊ တန်ဘီလုပ်ပြတာကတော့ စော စောကပြောခဲ့တဲ့ ဖြစ်စဉ်အတိုင်း ပါပဲ၊ ဒေါ်လာအစစ်နဲ့ ရှယ်တူ စက္ကူနှစ်ရွက်ကို ဆေးသုတ် လိုက်တော့ သံချေးရောင်ထွက် လာတယ်၊ဒေါ်လာအစစ်ကိုလည်း ဆေးသုတ်လိုက်တယ်၊ပြီးတော့ ဒေါ်လာအစစ်ကို အလယ်က ထား၊ စက္ကူနှစ်ရွက်ကို ဘေးက ညှပ်၊စာအိတ်တစ်အိတ်ထဲထည့် ထားပြီး ခေါက်ချိုးချိုး၊ အဲဒီ စာအိတ်ခေါက်ကိုခြေထောက်နဲ့ ငါးမိနစ်လောက် နင်းထား၊ငါး မိနစ်ပြည့်တော့ စက္ကူကိုထုတ်၊ ပေါင်ဒါမှုန့်တွေထည့်ထားတဲ့ အိတ်ထဲထည့်ပြီးမွှေ၊အဲဒီနောက် စက္ကူခေါက်ကို ပြန်ထုတ်ပြီး ရေ ရောထားတဲ့ ဆေးရေခွက်ထဲကို ထည့်ပြီးလှုပ်ပြီးတော့ ဆေးရည် စိမ်ထားတဲ့စက္ကူတွေကို ထုတ်ယူ ပြီး ဆပ်ပြာရေနဲ့ဆေး၊ စက္ကူတွေ ကိုမျက်နှာသုတ်ပုဝါနဲ့ သုတ်ပြီး ခြောက်အောင်လုပ်၊အဲဒါ သူတို့ လုပ်ပြတဲ့နည်းပဲ၊အစစ်နဲ့အတု တစ်ရွက်ကို ကိုအောင့်ကိုပေး တယ်၊ကြိုက်တဲ့နေရာမှာ သုံး ကြည့်လို့ ပြောတယ်၊နောက် တစ်နေ့မှာ စီးပွားရေးသမား ရှာ လာဖို့လည်း မှာတယ်"

"နောက်တစ်နေ့မှာ ကိုအောင်က လေဆိပ်က သူ့ မိတ်ဆွေတစ်ယောက်ကို သူ့ သူဌေး မစ္စတာအလီဆိုပြီး ခေါ်သွားတယ်၊ တန်ဘီတို့နဲ့ မစ္စတာအလီကို မိတ်ဆက်ပေး တယ်၊ တန်ဘီတို့က အရင်နေ့ ကအတိုင်းပဲဒေါ်လာစက္ကူအတု ၁၀ တန်လုပ်ပြပြီး မစ္စတာအလီ ကို ပေးတယ်၊ကိုအောင်က သူ့ မှာပါလာတဲ့ ၁၀၀တန် ဒေါ်လာ ငွေစက္ကူကိုပေးပြီးအတုလုပ်ပေး ဖို့ ပြောတော့ လုပ်ပေးမယ်ဆို ပြီး နောက်တစ်နေ့ကိုချိန်းတယ် ဒါပေမယ့် ကိုအောင်တို့ တန်ဘီ တို့ကို ထပ်မတွေ့ရတော့ဘူး Beauty Land Hotel ကနေ ပျောက်သွားတယ်"

"တကယ်တော့ တန်ဘီ တို့ဟာ ဒေါ်လာငွေစက္ကူအတု လုပ်တာ မဟုတ်ဘူး၊ လိမ်တာ ဖြစ်တယ်၊ တစ်နည်းအားဖြင့် ပြောရရင် လက်လှည့်နည်းနဲ့ လိမ်တာ၊ သူတို့က အတုလု ပေးလိုက်တယ်ဆိုတဲ့ ငွေစက္ကူ တွေဟာ တကယ်တော့ အစ တွေပဲ၊ ငွေစက္ကူအစစ် သုံးရွက် ကို ကြိုတင်ခေါက်ပြီး ပေါင်ဒါ မှုန့်တွေ ထည့်ထားတဲ့အိတ်ထဲ မှာ ထည့်ထားတာ ဖြစ်တယ် ကိုအောင်တို့ရှေ့မှာ ဆေးသုတ် ပြတဲ့ စက္ကူတွေက ဘာမှဖြ မလာဘူး၊ ပေါင်ဒါမှုန့် အိတ်ထဲ မှာ ရောမွှေရင်း မူလထည့်ထား တဲ့ အစစ်ကိုထုတ်ပြီး ရေထဲ တာဖြစ်တယ်၊ ဒါကြောင့် သူ



www.burmeseclassic.com

www.burmeseclassic.com



အတုလုပ်ပေး လိုက်တယ်ဆိုတဲ့ စက္ကူဟာ အစစ်ပဲဖြစ်လို့ ဘယ်မှာသုံးသုံး သုံးလို့ ရတာပေါ့၊ အဲဒီတော့ သူတို့ ရည်ရွယ်ချက်က ဘာလဲ အစစ်နဲ့ လုံးဝမခြားတဲ့ Negative ဖလင်စက္ကူချပ်တွေ သူတို့မှာ ရှိနေတယ်၊ လုပ်ပေးနိုင်တယ်ဆိုပြီး သူတို့ဖြတ်တဲ့ သူကို အယုံသွင်း၊ လောဘတက်အောင် လုပ်တဲ့နည်းဖြစ်တယ်၊ ဒီလိုနဲ့ သူတို့ကို အတုလုပ်ပေးဖို့ ဒေါ်လာငွေစက္ကူတွေအပ်လာရင် အလစ်သုတ်ပြီးပြေးဖို့ပဲ"

"ဒါဟာ တို့နိုင်ငံရဲ့ စီးပွားရေးကို အများကြီး ကမောက်ကမ ဖြစ်သွားစေနိုင်တယ်၊ အန္တရာယ်လည်း အလွန်ကြီးတယ်၊ အခုထက်ထိတော့ သူတို့ဟာ အကြီးအကျယ် လိမ်တဲ့စခန်းကို မရောက်သေးဘူး၊ တို့ရဲ့ သတင်းပေးတွေက တစ်ဆင့် ရရှိထားတဲ့ သတင်းကတော့ အခိုင်အမာဖြစ်တယ်၊ဒါကြောင့် အစစ်ကို အတုဆိုပြီး လိမ်လည်ဖို့ကြိုးစားနေတဲ့ ကင်မရွန်းနိုင်ငံသားလေးဦးကို ရှာဖွေဖမ်းဆီးဖော်ထုတ်ဖို့ မင်းတို့ပူးပေါင်းအဖွဲ့ကို ခေါ်ပြီး တာဝန်ပေးခြင်းဖြစ်တယ်၊ ဒါကြောင့် ပူးပေါင်းအဖွဲ့အနေနဲ့ အမြန်ဆုံး လှုပ်ရှားဆောင်ရွက်ပါ"

(၃)

ပူးပေါင်း အဖွဲ့သည် ထိုနေ့ ၃ နာရီခွဲအချိန်တွင် Yoma Hotel သို့ရောက်ရှိလာ၏။ ဟိုတယ်မန်နေဂျာ၊ သက်သေများ နှင့်အတူ ကင်မရွန်းနိုင်ငံသားနှစ်ဦး တည်းခိုနေသည့် အခန်းသို့ ရုတ်တရက် ဝင်ရောက်စီးနင်းရှာဖွေကြသည်။ အခန်းတွင် မစ္စတာတန်ဘီချက်အတု စက္ကူကတ်ပြားအရှည် အမဲရောင် ၆၀၀ ရွက်၊ တိတ်ခွေကြီး (၂) ခွေ၊ နို့ဆီဘူးဖြင့်ထည့်လျက် ဝိုင်အိုလက်ပေါင်ဒါမှုန့်တစ်အိတ်CONDITIONAL စာတမ်းပါ ပလတ်စတစ်ဗူးဖြင့် ထည့်လျက် အနီရည်ပါတစ်ဗူး HAIR DRYERအခြောက်ခံလျှပ်စစ်ပစ္စည်း (၁)ခု၊ စက္ကူအဖြူချော ၉၀ ရွက်၊စက္ကူဖြတ်ဓားတစ်ချောင်း၊ ကော်ပေတံ တစ်ချောင်း၊ ကတ်ကြေးတစ်လက်၊ ကော်ဘူးတစ်ဘူး၊ CANNON အော်တိုမက်တစ် ကင်မရာတစ်လုံး၊ ဆေးရည်အနည်းငယ်ပါ ပလတ်စတစ်ဘူး တစ်ဘူးတို့ကို သိမ်းဆည်းရမိသည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် နောက်တစ်နေ့ နံနက် ၃ နာရီ အချိန်တွင်. . . .



လုံဂျီတနော်ဂန်ထံမှ သိမ်းဆည်းရမိသောဆေးရည်ပုံး

www.burmeseclassic.com



ORCHID HOTEL သို့ဝင်ရောက်၍ ကင်မရွန်းနိုင်ငံသားများ တည်းခိုသည့် အခန်းအား စီးနင်းရှာဖွေရာ လုံဂျီတနော်ဂံနှင့်အတူ အမေရိကန်ဒေါ်လာ ၁၀၀တန် နှစ်ရွက်၊ ၂၀ တန် တစ်ရွက်၊ ၅ ဒေါ်လာတန် တစ်ရွက်၊ ၁ ဒေါ်လာတစ်ရွက်၊ ကျွတ်ကျွတ်အိတ်ဖြင့်ထည့်လျက် ဒေါ်လာငွေစက္ကူအရွယ် ဖြတ်ထားသော အမဲရောင်စက္ကူပြား ၄၀၀ ရွက်၊ ပလတ်စတစ် ၁ ဂါလံ ပုံးဖြင့်ထည့်လျက် အိုင်အိုဒင်းဆေးရည် ၄ ပုလင်းခန့် KING KONG တံဆိပ်ပါ ပလတ်စတစ်ပုံစံ တစ်ခု၊ C20 ဆေးဘူးငယ် အခွံနှစ်ခု၊ MISCHIEF ကိုယ်လိမ်းပေါင်ဒါဘူးခွံ သုံးခု၊ ဂွမ်ဆင်ဘောဘီပေါင်ဒါ ပလတ်စတစ်ဘူးခွံ ငါးခု၊ LESCENT ပေါင်ဒါဘူးနှစ်ဘူး၊ ပုလင်းဖြူ အလွတ်တစ်လုံး၊ ဆေးအဖြူမှုန့် တစ်ထုပ်၊ကတ်ကြေးငယ်တစ်လက်၊ ဆေးမည်းများ စွန်းထင်နေသော မျက်နှာသုတ်ပုဝါ အဝါရောင်တစ်ထည်၊ တိပ်ခွေ အဖြူရောင်တစ်ခု၊ တိပ်ခွေ နက်ပြာရောင်တစ်ခွေတို့ကို သိမ်းဆည်းရမိသည်။

(၄)

"ကျွန်တော်ဟာ ကင်မရွန်းကနေ ထွက်လာပြီး ဟောင်ကောင်ကနေဘန်ကောက်ကို ရောက်ပါတယ်၊ ဘန်ကောက်မှာ တန်ဘီနဲ့တွေ့ဆုံပြီး အမေရိကန်ဒေါ်လာငွေအစစ်ကို အတုလုပ်ပြီး လိမ်လည်မယ့်ကိစ္စတွေကို ဆွေးနွေးကြပါတယ်၊ ပစ်မှတ်က မြန်မာနိုင်ငံပါ၊ တန်ဘီက မြန်မာနိုင်ငံကို အရင်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံရောက်မှ သူနဲ့တွေ့ဆုံဖို့စီစဉ်ကြပါတယ်။ ကျွန်တော်က ဘာဘိုအူလင်နဲ့ မြန်မာနိုင်ငံကို လာခဲ့ ကြတာပါ"

ကင်မရွန်းနိုင်ငံသား မစ္စတာယွန်ဘီက ဤသို့ ဝန်ခံဖြောင့်ချက်ပေးသည်။

ဆက်လက်၍ အမှုစစ်အဖွဲ့က ဘာဘိုအူလင်ကို စစ်ဆေးသည်။

"ကျွန်တော်ကစင်ကာပူကနေဘန်ကောက်ကို ရောက်လာပြီး၊ကျွန်တော်နဲ့ ယွန်ဘီတို့က တန်ဘီချက်နဲ့ တွေ့ဆုံပါတယ်၊အစစ်ကို အတုလုပ်လိမ်လည်ဖို့ ကိစ္စပါ၊ အစီအစဉ်ဆွဲပြီး တန်ဘီချက်က မြန်မာနိုင်ငံကို အရင်သွားပါတယ်၊ ကျွန်တော်နဲ့ ယွန်ဘီက UB-၂၂၂ နဲ့ လာပြီးACADEMY ဟိုတယ် မှာတည်းခိုပါတယ်၊ တက္ကစီမောင်း သူနဲ့ အဖော်နှစ်ဦးကို စည်းရုံးပြီးအမေရိကန်ဒေါ်လာအစစ်ကို အတုပွားတဲ့နည်းကိုလိမ်လည်ပြသခဲ့ပါတယ်။ ကျွန်တော်တို့က အစစ်တစ်ရွက်ကိုအတုနှစ်ရွက်ပွားလို့ရကြောင်း စည်းရုံးတာပါ။ တက္ကစီကားသမားက ဒေါ်လာ ၁၀၀တန်ပေးပြီး အတုလုပ်ခိုင်းပါတယ်၊တန်ဘီချက်နဲ့လည်း တွေ့ဆုံမိပြီး စီးပွားရေးအချိုးတွေရှာနေတုန်း အခုလိုဖမ်းဆီးခံရခြင်း ဖြစ်ပါတယ်"ဟု ဝန်ခံထွက်ဆိုသည်။

"ကျွန်တော်ဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ခန့်က ကင်မရွန်းနိုင်ငံကနေတစ်ဦးတည်း ထွက်လာတာပါ၊ပထမဆုံး အီသီယိုးပီးယားကို ရောက်ပါတယ်၊ တစ်လခန့် ကြာပြီး ဘယ်သူနဲ့မှ အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com





*လိမ်လည်သည့်ကင်မရွန်းနိုင်ငံသားတရားခံများအားသက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်*

မရပါ။အဲဒီကနေ ယူဂန္ဒာနိုင်ငံကို ကူးပါတယ်၊ ယူဂန္ဒာက တစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို သွားပါတယ်၊ ဘန်ကောက်မှာလေးလလောက် နေပါတယ်၊အဲဒီမှာပဲအာဖရိကသား ကပ္ပလီတွေနဲ့ တွေ့ဆုံပါတယ်၊လုံဂျီတနော်ဂန်နဲ့ တွေ့ဆုံပါတယ်၊မြန်မာနိုင်ငံကို ဝင်ရောက်ပြီးလိမ်လည်ဖို့အစီအစဉ်ဆွဲခဲ့ကြတာပါ။လိုအပ်တဲ့ပစ္စည်းတွေကို ဘန်ကောက်မှာပဲ ဝယ်ယူ စုဆောင်းပါတယ်"

မစ္စတာ တန်ဘီချက် ဖြောင့်ချက်စကား။

နောက်ဆုံးစစ်ဆေးရန် တစ်ယောက်သာကျန်သည်။သူသည်လည်း ကင်မရွန်းနိုင်ငံသား လုံဂျီတနော် ဆိုသူဖြစ်၏။ အမှုစစ်အဖွဲ့ကသူ့ကို အင်္ဂလိပ်ဘာသာစကားဖြင့် စစ်ဆေးရာတွင် သူကလည်းအင်္ဂလိပ်ဘာသာ စကားကို ပီပီသသပင် ပြန်လည်ပြော၍ ဖြေကြားခဲ့သည်။

BURMESE CLASSIC

"ကျွန်တော်တို့က မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို အဓိကထား လိမ်လည်ဖို့ မရည်ရွယ်ပါဘူး၊မြန်မာနိုင်ငံကို ရောက်နေတဲ့ နိုင်ငံခြားသားတရုတ်၊ကုလား၊ စီးပွားရေးသမားတွေ ကိုပစ်မှတ်ထား တာပါ၊သူတို့မှာပဲ ဒေါ်လာငွေကများများရှိမှာလေ ၊ကျွန်တော်နဲ့ တန်ဘီချက်တို့ ရန်ကုန်ကို ရောက်ပြီး အဲဒီလို စီးပွားရေးသမားတွေကို ရှာဖွေခဲ့တာပါ။ ကျွန်တော်တို့က အမေရိကန်ငွေစက္ကူအတု မလုပ်တတ်ပါ၊ အရောင်အမည်းဆိုးထားတဲ့ ငွေစက္ကူကြားထဲမှာ အစစ်ကို ညှပ်ပြီး လိမ်လည်တာပါ။



www.burmeseclassic.com

www.burmeseclassic.com





လိမ်လည်ပုံကိုပြသစဉ်

ပြီးတော့ ကျွန်တော်သွားလာခဲ့တဲ့ နိုင်ငံတွေမှာ အမေရိကန်ဒေါ်လာကို အစစ်အဆေးများပြီး ကန့်သတ်ချက်တွေရှိတော့ ငွေစက္ကူအစစ်တွေကို အဲဒီအမည်းရောင်စက္ကူတွေကြားညှပ်ပြီး အနားတစ်ဖက်ဆီမှတိပ်များကပ်၊သယ်ဆောင်ရပါတယ်။လေဆိပ်အဝင်အထွက်မှာ ရှာဖွေသိမ်းဆည်းခြင်း မခံရဖို့ပါ"

လုံဂျီတာနော်ဂန်၏ ဝန်ခံချက်စကား။

အမှုအား စုံစမ်းစစ်ဆေးခဲ့သော မှုခင်းတပ်ဖွဲ့သည် ဤမှုခင်းကို ရုံးတင်တရားစွဲဆိုဖို့ ပြင်ဆင်ကြရတော့သည်။

(၅)

နိုင်ငံခြားသားကင်မရွန်း (၄)ဦးတို့က ၎င်းတို့၏လိမ်လည်နည်းကိုပါ ဝန်ခံပြသခဲ့ကြသည်။ပိပိရိရိ သဘာဝကျကျ လိမ်တတ်ကြောင်းလည်း တွေ့ရသည်။သို့သော် မည်သည့်မကောင်းမှုမှာမဆို ဟာကွက်များရှိနေသည်သာ ဖြစ်၏။ဆိတ်ကွယ်ရာဟူ၍လည်း မရှိနိုင်။

ယခု ကင်မရွန်းများ၏ လိမ်လည်မှုကိုပဲ ကြည့်ပါ။

ငွေစက္ကူအစစ်တစ်ရွက် အတုနှစ်ရွက်ပွားနိုင်သည်ဟုဆို၍ အတုများကို အလိမ်ခံရမည့်သူ့အား လက်တွေ့လုပ်ပြခဲ့သည်။အစစ်တစ်ရွက်နှင့်အတုနှစ်ရွက် ထွက်လာသည်။စင်စစ်ယင်းတို့လုပ်ခဲ့သည်မှာ အတုမဟုတ်၊မူလက ဒေါ်လာငွေစက္ကူအစစ်များသာဖြစ်၏။

"စုံထောက်အမြင်နဲ့ ကြည့်ရင်သူတို့လိမ်နေကြောင်း ထင်ထင်ရှားရှားသိနိုင်ပါတယ်၊ကြည့်လေဗျာ.. သူတို့ပြောသလို အစစ်တစ်ရွက်ကို အတုနှစ်ရွက် လုပ်နိုင်တယ်ဆိုရင် အဲဒီငွေစက္ကူ သုံးရွက်စလုံးဟာ နံပါတ်တွေ ဘယ်ကွဲနေပါမလဲ၊ဒါကိုသတင်း ပေးဆီကနေ အတုနဲ့အစစ်ဆိုတာကိုယူပြီး ယှဉ်ကြည့်လိုက်တဲ့အခါ ဒီအချက်က ထင်းခနဲပေါ်လာတာပဲလေ.."

တပ်ဖွဲ့မှူး၏ စုံထောက်ပညာဖြင့် ပြောသောစကားကတော့ မှတ်သားစရာပင်ဖြစ်ပါတော့သည်။

သီဟထိပ်တင်စော



www.burmeseclassic.com